# သော်တာဆွေရဲ့

# လမှိုပွင့်လေး ဝတ္ထုတိုများ



**ပုံနှိပ်မှတ်တမ်း**

**ထုတ်ဝေသူ** - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ (၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
**ပထမအကြိမ်** - ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ၊ ကံ့ကော်ဝတ်ရည်။
**အုပ်ရေ** - ၁၀၀၀
**မျက်နှာဖုံးပုံနှိပ်** - အောင်သိန်းသန်းပုံနှိပ်တိုက် (၀၀၄၃၅)
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
**အတွင်းပုံနှိပ်** - မျိုးမျိုး ပုံနှိပ်တိုက် (၀၁၅၃၃)
အမှတ်-၁၁၊ ၅၆-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
**မျက်နှာဖုံးသရုပ်ဖော်** - မုတ်သုံ
**တန်ဖိုး** - ၂၈၀၀ ကျပ်

# လဲမှို့ပွင့်လေး ဝတ္ထုတိုများ

သော်တာအေးလှဲ



## မာတိကာ


| | |
|---|---|
| ၁။ လဲမို့ပွင့်လေး | ၉ |
| ၂။ ရန်မျှသာ | ၁၉ |
| ၃။ သရက်ပွင့်ချိန် | ၂၈ |
| ၄။ အညတရ မမထွေး | ၃၉ |
| ၅။ မြနဲ့ မောင် | ၅၁ |
| ၆။ မဖြူတဖြူ | ၆၁ |
| ၇။ ထိုက္ကတ္တိယ | ၇၃ |
| ၈။ တောင်တက်သူများအကြောင်း | ၈၅ |
| ၉။ ပါးလျှလျှမိုးတိမ် | ၁၀၀ |
| ၁၀။ တေးသီကြိုး | ၁၂၀ |
| ၁၁။ အခန်းထောင့်က ကြည်ပြာရောင်စာအုပ် | ၁၃၉ |
| ၁၂။ ပြတင်းတံခါး အပြင်ဘက်က မိုးစက်များ | ၁၄၉ |
| ၁၃။ လက်ခုပ်ပန်း | ၁၅၈ |

## လွမ်းရပါသော'မျက်ရှု'

သည် "လဲမို့ပွင့်လေး ဝတ္ထုတိုများ" စာအုပ်ကို စီစဉ်နေရချိန် တစ်လျှောက်လုံး ကျွန်မ စိတ်အလျဉ်မှာ ကျန်ခဲ့သော မိုင်တိုင်များဆီသို့ တရိပ်ရိပ် နောက်ပြန် လှည့်ပြေးနေခဲ့ပါသည်။ ကျွန်မ၏ ပထမဆုံး ဝတ္ထုရှည်ဖြစ်သည့် "လရိပ်ပိုးမျှင်" စာအုပ်ထွက်စဉ်က "သော်တာအေးလှဲ့" ကို ကလောင်အသစ်တစ်ဦးအဖြစ် အားပေးလက်ခံ၊ ကြိုဆိုခဲ့ကြသည်။ အများသိကြသလို "သော်တာအေးလှဲ့" သည် ကလောင်အသစ်ဖြစ်သော်လည်း ကျွန်မမှာ ၂၀၁၃ ခုနှစ်ကတည်းက "မျက်ရှု" ကလောင်နာမည်ဖြင့် စာပေသန္ဓေတည်ထားခဲ့ပြီး ဖြစ်ပါသည်။ ထိုစဉ်ကတည်း က "မျက်ရှု" နာမည်နှင့်ပင် ဝတ္ထုတိုအချို့ကို ကြိုကြားကြိုကြား ရေးခဲ့ဖူးပါသည်။ နည်းပညာ အကူအညီဖြင့် အင်တာနက်စာမျက်နှာများပေါ်၌ ကလောင် သွေးနိုင် သည့် အခွင့်အရေး ရလာသောအခါ www.myatshu.com ဟူ၍ "မျက်ရှု" အွန်လိုင်း မဂ္ဂဇင်းဝက်ဘ် စာမျက်နှာဖွင့်ပြီး ကိုယ်တိုင်ရေးသည့် စာရော၊ ကိုယ် ကြိုက်သည့် စာရော၊ အခြားကလောင်ရှင်တို့၏ စာများကိုပါ အပတ်စဉ်၊ လစဉ် တင်ပေးခဲ့သည် (ယခုအခါမှာတော့ ထို ဝက်ဘ်ဆိုက် မရှိတော့ပါ)။ အွန်လိုင်း မဂ္ဂဇင်းမှာ ရေးပြီးသားဝတ္ထုတချို့ကို မဂ္ဂဇင်းတိုက်များသို့ ပို့ဖြစ်သည့်အခါလည်း ရှိသည်။ ၂၀၁၂ မှ ၂၀၁၆ အထိ ပြည်ပတွင် ကျွန်မ ပညာသင်ကြားနေရချိန်တုန်း ကတော့ အီးမေးလ်လိပ်စာဖြင့် စာမူလက်ခံသော မဂ္ဂဇင်းတိုက်များသို့သာ စာမူ ပေးပို့နိုင်ခဲ့ပါသည်။ အခုတော့ မျက်ရှုကလောင်အမည်ဖြင့် ရေးသားခဲ့သော ဝတ္ထုတိုများအပါအဝင် ၁၃ ပုဒ်ကို ရွေးချယ်၍ ပထမဆုံးအကြိမ် ဝတ္ထုတို စုစည်းမှုအဖြစ် "လဲမို့ပွင့်လေး" စာအုပ်ကို စာရှုသူများထံသို့ အပ်နှံလိုပါသည်။

ဝတ္ထုရှည်ဖြင့် သော်တာအေးလှဲ့ ကလောင် ကို စတင်ခဲ့သော်လည်း ငယ်ကမွေးမြ "မျက်ရှု" ၏ အရေးအသားကိုလည်း စာဖတ်သူတို့နှင့် မိတ်ဆက်ပေးလိုလှသည်။ ကျွန်မအဖို့မှာမူ ထုနှင့်ထည်နှင့် တည်ဆောက်ရသော ဇာတ်လမ်းထက်၊ ဘဝထိုထို၏ လျှပ်တပြက်ဖြစ်ရပ်၊ တကွေ့ကွေ့တွင် ကြုံရသော တိုးတိုက်မှုတို့ကို မှတ်တမ်းတင် စာဖွဲ့ရသည်က ပို၍ ခက်ခဲပါသည်။

ကျွန်မတွင် စာဖတ်သူတို့ကို ပြောပြလိုသော မှတ်တမ်းအပိုင်းအစများစွာ ရှိပါသည်။ စာဖတ်သူတို့ကလည်း ကျွန်မဆီသို့ ပြန်ကြားလိုသော တုန့်ပြန်ချက်များ ရှိကောင်းရှိနိုင်ပါသည်။ ဝတ္ထုတိုဟူသည် ဘဝထဲက ဘဝများ အကြောင်းပင် မဟုတ်ပါလား။

ချစ်ခင်စွာဖြင့်
သော်တာအေးလှဲ့(ခ)မျက်ရှု

# လဲမှိုပွင့်လေး

(၁)

နေရောင်ဖျော့သွားပြီ။ နေချိုလေပြီပေါ့။ အရီးမြ၏ အသံတစာစာမှာ ရွာထဲတွင် လွှင်စည်နေသည်။ 'သူဇာသန်း လာပါဟဲ့။ ရွှေပိုးအိမ်ဖူးကိုလည်း ခေါ်ခဲ့ပါဟဲ့' နှင့် သူနှင့် နီးစပ်ရာ၊ လက်လှမ်းမီရာ အပျိုတစ်သိုက်ကို နှုတ်မောင်းထု၍ ဆင့်သည်။ တလင်းပြင်ဝယ် ပုံချ ဖြန့်ခင်းထားသော သဘော်လက်ပံသီးခြောက်များ မာကျစ် နေနှင့်ပြီ။ တချို့များဆို ပပ်ကြားအက်လုလု။ လက်ပံမှို့ထုတ်ရန် အချိန်အခါ ကောင်းဖြစ်သည်။ မကြာမီပင် အရီးမြတို့အိမ်တွင် လူတထွေးထွေးနှင့် စည်လာ သည်။ အပျိုတွေသာမက၊ အရီးမြ၏ အိမ်နီးချင်း မိန်းမဖော်တို့သည်လည်း စုရုန်း စုရုန်း လာကူကြသည်။ ကလေးအမေများ လာတော့ ကလေးများလည်း ပါလာ သည်ပေါ့။ ကလေးများပါလာတော့ သူတို့အဖော် ခွေးများသည်လည်း တတွဲတွဲ တန်းလန်း လိုက်လာကြပြန်သည်ပေါ့။ လဲမှို့ထုတ်ရင်း လေထဲသို့ လွင့်ပျံ့ကုန်သော မှို့များကို ကလေးများက ပြေးကာ လွှားကာ၊ မှုတ်ကာ ဖမ်းကာ ကစားကြသည်။

ခွေးများသည်လည်း ကလေးများ ပြေးရာသို့ မော့တော့မော့တော့နှင့် လိုက်ကြသည်။ သဘော်လက်ပံပွင့်ချိန်၊ သီးချိန်တွင် လဲမှို့နှင့် ဆော့ကစားရခြင်းသည် ရွာက ကလေးများအဖို့ ရာသီပေါ် ကစားနည်းတစ်ခု ဖြစ်သည်။

ဖိုးပုမှာတော့ တခြားကလေးများကဲ့သို့ လဲမှို့ပွင့်များကို မဖမ်းနိုင်ပါချေ။ နှစ်ခါလည်သား ဖိုးပုလေးသည် ကလေးတစ်သိုက်တွင် ကြက်ဥ၊ ဘဲဥ အဆင့်သာရှိလေသည်။ ဒေါင်ဒေါင်တို့၊ ဒင်ဒင်တို့၊ ပူစူးတို့ ပြေးရာနောက်ကိုသာ တောက်တဲ့တောက်တဲ့ လိုက်ရသည်။ သူတို့ အော်လျှင် ဖိုးပုလည်း အော်သည်။ သူတို့ရယ်လျှင် ဖိုးပုလည်း ရယ်သည်။ သူတို့ လက်ခုပ်တီးတော့ ဖိုးပုလည်း မနေ၊ လက်ခုပ်လိုက်တီးပြန်၏။ သူတို့တစ်တွေက မြေပြင်ထက်ဝယ် ဝဲပျံနေသော လဲမှို့ပွင့်များကို အောက်သို့ မကျစေရန် တဖူးဖူးနှင့် မှုတ်တော့ ဖိုးပုခမျာ မမီတမီ ရောယောင်ကာ လေမှုတ်ရပြန်လေသည်။

လဲမှို့ပွင့်များသည် လေထုထဲတွင် ဖြည်းဖြည်းညင်းညင်း ပျံသန်းနေသော အတောင်ပါသည့် အဖြူရောင်ပန်းပွင့်များနှင့် ဆင်ဆင်တူလေသည်။ တစ်ရွာလုံးတွင် ထိုပန်းပွင့်ဖြူများ ရစ်သိုင်းခြုံလွှမ်းနေသည်။ ဒေါင်ဒေါင်၊ ဒင်ဒင်တို့ အုပ်စုက သူတို့အာရုံနှင့် သူတို့ လဲမှို့ပွင့်များ ရွေ့ရာ နောက်သို့ ခုန်ဆွ ခုန်ဆွ လိုက်ကြသည်မှာ အရှိန်ရလာသည်နှင့်အမျှ ဖိုးပုမှာ နောက်တွင် ပြတ်ကျန်ရစ်ခဲ့သည်။ ဖိုးပုသည် အဖော်များကို ငေးကြည့်ရင်း သူ့ အမေ မကြာဥကို တိုင်တောလိုဟန်နှင့် ဒေါင်ဒေါင်၊ ဒင်ဒင်တို့ ပြေးသွားရာသို့ လက်ညှိုးထိုး၍ မျက်နှာလေးမဲ့ကာ ငိုတော့မယောင် ပြုသည်။

'မေ...မေး... မေ့... အဟင့် ဟင့်...'

အမိကို တရင်း တပြိုင်နက်တည်းမှာပင် တရှုပ်ရှုပ်ဖြစ်နေသော ကျလုကျခင် နှပ်ကို သမ္မာနှင့် ထိန်းရှုရသည်။ ပြူတစ်တစ်နှပ်ကို သူ၏ ဘူမိနက်သန် ဌာနေရင်းထဲသို့ ရှူသွင်းရင်း ခေါင်းမော့ကြည့်မိတော့ ဖိုးပု အာရုံပြောင်းသွားရသည်။ သူ့ထံသို့ သက်ဆင်းလာသည့် လဲမှို့ပွင့်လေး တစ်ပွင့်ရယ်လေ။ ဖိုးပုမျက်နှာလေး ရုတ်ခြည်း လင်းလာသည်။ ပြုံးယောင် သန်းလာသည်။ မျက်လုံးများ အရောင်စိုလာသည်။ လဲမှို့ပွင့်လေးကို သူ့လက် ညစ်ထပ်ထပ်လေးနှင့် ဆတ်ခနဲ ဆွဲယူလိုက်သည်။ ထို့နောက် သူသည် လဲမှို့ပွင့်ကို အထူးအဆန်းသတ္တဝါနယ် ကသိဏ်းရှုသကဲ့သို့ မမှိတ်မသုန် အသေအချာကြည့်သည်။ ပါးလွှာသေးမျှင်လွန်းလှသော အမွေးဖြူလေးများသည် နူးညံ့လွန်းလှပါဘိ။

ဖိုးပုမှာ အသက်ရှူရန်ပင် မေ့လျော့နေသည့်အလား အသည်းအသန် စိတ်ဝင်စားနေသည်။ လဲမှို့ပွင့်လေးမှာလည်း ဖိုးပု၏ အထိအတွေ့ကြောင့် ဝံ့ဝံ့စားစား လှုပ်ရှားဝံ့သည် မဟုတ်။ ဘယ်အချိန်တွင်များ သူ့ဇီဝိန်ကို ခြွေချပါလိမ့် မလဲ ဟူသော အတွေးဖြင့် ရင် မ နေရှာသည်။

ဖိုးပုသည် ပန်းဖွားထိပ်မှ အညိုရောင် အစေ့လေးကို ကိုင်ရင်း မှို့ပွင့်ကို လက်နှင့် ဘယ်ညာ အသာလေး ယမ်းကြည့်သည်။ အဖြူရောင်အမွေးများ ဘယ်သို့ တစ်ခါ၊ ညာသို့တစ်လှည့် ယိမ်းနွဲ့ကြလေသည်။ ထိုမျှနှင့် အားမရသေး။ ဖိုးပုသည် ညာဘက်လက်က လက်ညှိုးနှင့် လက်မကို စု၍ အမွေးဖြူများကို ဆွဲကိုင်ကာ ဘယ်ဘက်လက်က ပန်းဖွား၏ ခေါင်းကို ဖိလျက် လဲမှို့ပွင့်လေး၏ ခန္ဓာကို အိုးစား ကွဲအောင် ပြုမည် ကြံသည်။ ထိုစဉ် လေက ခပ်မြူးမြူးလေး ဆော်တော့ သူ့လက် နှစ်ချောင်းနှင့် ဖိထားသည့်နေရာမှ လွတ်နေသော အောက်ဖျားပိုင်းသည် တလွင့်လွင့် လူးနေသည်။

သည်တော့ ဖိုးပု စိတ်ကူးပြောင်းသွားပြီး လဲမှို့ပွင့်ကို လွတ်ရာကျွတ်ရာ သို့ စေလွှတ်လိုက်သည်။ တဖူးဖူးနှင့် လေကူမှုတ်ပေးသေး၏။ သူ့လေအား နှင့် လဲမှို့ခမျာ အထူးမရွေ့လျားသော်လည်း နောက်တစ်ချီ လေအသွေးတွင် ခြောက်ဆယ် ဒီဂရီခန့်အထက်သို့ မြောက်တက်သွားသည်။ ဝဲပျံနေသော လဲမှို့လေး ကို ကြည့်ရင်း ဖိုးပု ပျော်လာသည်။ ခြေဖျားထောက်ကာ နောက်တစ်ကြိမ် ဆွဲယူဖို့ ကြိုးစားသေးသည်။ သို့သော် သူ မမီတော့။ ဒါကိုပင် ဖိုးပု ကျေနပ်ဟန် ရှိသည်။ ခိုးခိုးခစ်ခစ် ရယ်လျက် လက်ခုပ်လက်ဝါးတီးသည်။ ဒူးကလေးကို ညွတ်ကာ ညွတ်ကာနှင့် ကတော့မယောင် ပြုသည်။ သခင် အူမြူးနေမှန်း ရိပ်စားမိသည့် ဖိုးပု၏ ခွေးလေး ဂျူမုံကလည်း တအုအု အသံပေးကာ သခင်နှင့်အတူ ပျော်ရှာသည်။

လဲမှို့ပွင့်လေးသည် အစတွင် မည်သည့်အရပ်သို့ မျောလွင့်ရမည်မှန်း မသိ။ ငှက်လျောင်အိမ်က လွတ်ခါစ ငှက်လို ယောင်နနနှင့် လျောင်အိမ်တစ်ဝိုက် တွင်သာ ဝေ့လည်လည် ပျံသန်းနေသကဲ့သို့ပင် ဦးတည်ရာ ပျောက်နေသည်။ ထိုနည်းနှင်နှင် လဲမှို့ပွင့်ခမျာ ခပ်ဝေးဝေးသို့ မရွေ့နိုင်။ လေငြိမ်သွားတော့ တအိအိ အောက်သို့ ကျလာပြန်သည်။ သူသည် သဘော်လက်ပံသီး အခွံထဲတွင် အောင်းနေ စဉ်က ငှက်ဆိတ်ခြင်း၏ ဒဏ်ကလည်း ကင်းဝေးခဲ့သည်။ သူ့ကို မှို့အဖြစ် ထုတ်ကုန် ထုတ်ယူသည့်အဖြစ်ကလည်း ဝေးအောင် ပြေးနိုင်ခဲ့သည်။ မသိနိုးနား ကလေးငယ် ၏

လက်တွင် တစ်စစီ ချိုးဖျက်ခံရမည့် ဘေးကလည်း လွတ်လာခဲ့သည်။ ဆန္ဒများက စေသလို ဝေးရာအရပ်သို့ သူ နှင်သင့်ပြီ မဟုတ်ပါလား။ တောင်အရပ်ကိုလား၊ မြောက်အရပ်ကိုလား။ ဖြစ်နိုင်လျှင်တော့ အရပ်ရှစ်မျက်နှာစလုံးသို့ ခြေစကြာ ဖြန့်လိုက်ချင်ပါသည်။ သို့ပေမဲ့ လေက အားဖြည့်မကူလျှင် အဝေးသို့ ပြေးခြင်းသည် စိတ်၏ အဝေးသာလျှင် ဖြစ်လိမ့်မည်။ ကာယကိုယ်သည် မည်မျှပင် ပေါ့ပါးစေကာမူ အကြောင်းတရား မပြည့်စုံလျှင် တစ်နေ့နေ့ တစ်ချိန်ချိန် တစ်နေရာရာတွင် ကြွေကာ ကျ၍ မြေမှုန်ဖြစ်ရချေဦးမည်။

(၂)

ယခုတော့ လဲမို့ပွင့်လေး သူ့အရောင် သူ့အသွေးနှင့် ကြွကြွရွရွ လူးလွန့်နိုင်ပြီ။ ဆည်းဆာနေရောင်အောက်တွင် သူ လှပုံက အဖြူရောင်မီးလုံးလေး တောက်နေသည့်နှယ်။ လွတ်မြောက်ခွင့် နယ်စပ်မျဉ်းပေါ်တွင် မတိမ်းမစောင်း လျှောက်လှမ်းနိုင်သရွေ့ လှနိုင်ပါပေ၏။ အစိမ်းရောင်များ စိုရွှဲနေသော အရပ်ဆီသို့ သူ ရောက်လိုလှသည်။

ပထမတော့ မြောက်ယွန်းယွန်းကို သူ ရွေ့ခဲ့ရသည်။ လေရူးပွေသည့် လရာသီမို့ ထိုမှတစ်ဖန် အရှေ့၊ ထိုမှတစ်ဖန် အနောက်မြောက် သည်လိုနှင့် ရွာ သုံးရွာ ကျော်လွန်ခဲ့ပြီ။ ကလေးတို့ ရယ်သံနှင့်လည်း ဝေးခဲ့ရပြီ။ ထန်းတောအုပ် သည်လည်း ကျန်ရစ်ခဲ့ပြီ။ သို့နှင့်တိုင် အစိမ်းက မစွေသေး။ ယာခင်းများကို ဖြတ်တော့ မြရည်စိမ်းလဲ့ကို မမြင်ရဘဲ မွမွကျဲနှင့်သော မြေစာထက်ဝယ် အပူငွေ့ကို ပွတ်ကာ သီကာ လူးခဲ့ရသေးသည်။ ညနေစောင်းလာသည်နှင့်အမျှ ဆောင်းကြွင်း၏ မြူမှုန်လား၊ သို့မဟုတ် ဖုန်မှုန့်လား မသဲကွဲဘဲ မှိုင်းရီသော လောကဝယ် သူ၏ ခရီးမှာ ဇဝေဇဝါ နိုင်သည်ထက် နိုင်လာသည်။ လွင်တီးခေါင်တွင် သစ်ပင်ယောင် ဆောင်ထားသော မိုးတိုးမတ်တတ် အရိုးစုများတွင် သူ့ကိုယ်ကို မစွန်းငြိမိစေရန် တတ်အားသရွေ့ တိမ်းရှောင်ခဲ့ရသေးသည်။

ငံ့လင့်ခြင်း၊ ဖွေရှာခြင်းနှင့် ရှင်သန်ခြင်းသည် အပြန်အလှန် ကျေးဇူးပြုကြသည်။ တစ်ချီတစ်ချီ လေက တွန်းကန်ပေးလျှင် လွင့်ခဲ့ရသည်။ လေငြိမ်ခိုက်တော့ မျောရသည်ပေ့ါ။ အလိုက်သင့် အလျားသင့်ပါပဲ။ လေသယ်ဆောင်သည့် အတိုင်း ပါလာရသည့် အဖြစ်ကို သက်သောင့်သက်သာ ရှိလှသည်ဟု တချို့က

ထင်ကောင်း ထင်မည်။ အလိုက်သင့် ငြိမ်ဝပ်နေရချိန်တိုင်းမှာ အစွမ်းတွတ္တထဲ စီးချင်း ထိုးနေရသည့် အဖြစ်ကိုတော့ သိမြင်ကြလိမ့်မည် မဟုတ်ပေ။ နုနယ်လှသည့် အရာဝတ္ထုလေးသည် သူ့ရှင်သန်မှုအတွက် ခတ်ကြီးလေးပါးကို ကလန်ကဆန် မပြုစကောင်း၊ အချိန်မရွေး ပျောက်ကွယ်ချုပ်ငြိမ်းသွားနိုင်သော မီးဖြူပွင့်လေး အလင်းရှိန် မလျော့စေရန် မှော်ရုံတောကိုလည်း ဖန်တီးပေးရမည်။ သမမျှတစွာ လွင့်မျောခြင်း အတတ်ပညာကိုလည်း ဖြည့်ဆည်းပေးရမည်။

သည်နည်းနှင့်ပင် လဲမှို့ပွင့်လေးသည် သူ၏ ပကတိ ဖြစ်တည်မှုကို မပျက်ယွင်းအောင် ကျားကန်ခဲ့သည်။ မကြာမီမှာတော့ အစိမ်းဥသော တောကို ရောက်လိမ့်ဟု အားတင်းရသည်။ လမ်းခုလတ်တွင် ကြေမွ ပျက်သုဉ်းသွားမည် ကိုတော့ စိုးလှသည်။ သည်လိုသာ လွယ်လွယ်နှင့် အရိုးကျကြေးဆိုလျှင် ခရီး မစမီကတည်းက ခြေမွခံလိုက်ရတာကမှ တော်ပါလိမ့်ဦးမည်။ သည်အထိ ခရီး ရောက်ပြီးမှတော့ နောက်ပြန်မလှည့်လိုတော့။ နောက်ဆုတ်လိုလှသည့်တိုင် ခြေရာစွတ်ကြောင်းသည် လေတွင် မကျန်ရစ်၊ ရွှေ့ခဲ့ရသည့် ဆံခြည်မျှင်အကွာ အဝေးတစ်ခုစီတိုင်း တဖြုတ်ဖြုတ် ပျောက်ကွယ်နှင့်ပြီ။

တစ်ခါတစ်ရံ နောက်သို့ စောင်းငဲ့ကြည့်ရန် အားထုတ်စဉ်မှာပင် လက်ရှိ တည်နေရာသည် တစ်ခဏအတွင်း လွန်ခဲ့ပြီးသော ခရီးဖြစ်သွားပြန်သည်ကို တွေ့ရသည်။ လျှပ်ပြက်ချိန်ကမှ ကြာပါလိမ့်ဦးမည်။ သူ ရပ်နားလို့မရ၊ ရှေ့သို့ တိုး၍ ရွှေ့မလား၊ အောက်သို့ ပြုတ်ကျခံမလား သည်နှစ်ခုထဲက တစ်ခုကိုသာ ရွေးစရာ ရှိသည်။ မြေပြင်ကိုသာ သူ ရွေးချယ်ခဲ့လျှင် လေနှင့်အတူ ပါလာသည့် ဖုန်မှုန့်၊ သဲမှုန့်များက သူ့ကို ဝါးမျိုဖုံးလွှမ်းကာ လက်စတုံး ဖျောက်ပစ်ကြမည် သာ။ လဲမှို့ပွင့် တစ်ပွင့် ထာဝရတည်တံ့နေစရာ မည်သည့်အကြောင်းမျှ မရှိပေ။

သူသည် သဘော်လက်ပံသီးထဲက အညိုရောင် အဆန်ပေါင်းများစွာထဲ က အဆန်တစ်ခုမျှသာ ဖြစ်သည်။ ထိုအဆန်မှာ လက်ပံသီးများစွာထဲက လက်ပံသီး တစ်ခုဆီက လွင့်ထွက်လာရသည်။ ထိုလက်ပံသီးကို ရွာဝန်းကျင် လက်ပံပင်ပေါင်း များစွာထဲကမှ လက်ပံပင် တစ်ပင်ဆီက ရခဲ့သည်။ လက်ပံပွင့်သော ထိုရွာသည် လက်ပံပင်တန်း ပိုင်ဆိုင်သော ရွာများထဲက တစ်ခု၊ ထိုရွာများစွာသည် တစ်နိုင်ငံ ထဲတွင် ရှိပြီး ထိုနိုင်ငံသည် ဒေသတစ်ခုထဲတွင် အခြားနိုင်ငံများနှင့်အတူ ပါဝင်ကာ ထိုဒေသသည် ကမ္ဘာမြေ၏ အစိတ်အပိုင်း တစ်ခု။ သည်တော့ လဲမှို့ပွင့်လေး သည် လေဟာနယ်တွင် မြင်နိုင်စွမ်း မရှိလောက်အောင် သေးငယ်သော အဏုမြူမှုန် သာသာ။

လွင့်သည်။ လွင့်ပြီးရင်း လွင့်ခဲ့ရသည်။ မေးငိုက်စက်ပျော်ခွင့် မပေးဘဲ လွင့်ခဲ့သည်။ ကြာရှည်မရပ်နားနိုင်ဘဲ လွင့်ခဲ့သည်။ မည်သည့်အရပ်ကို ဦးတည်နေမှန်း မသိဘဲ လွင့်ခဲ့သည်။ မည်သူကမျှ ပြေးမလိုက်ပါဘဲလျက် လွင့်ခဲ့သည်။ မည်သည့်အတွက်ကြောင့် လွင့်ရမည်မှန်း မသိဘဲ လွင့်ခဲ့ရသည်။ လွင့်သည့်အခိုက် တောင့်တမိသည့် စိမ့်၍ စိမ်းသော အရပ်သို့ ရောက်မည်၊ မရောက်မည် မမှန်းဆနိုင်ဘဲ လွင့်ခဲ့သည်။ သူ့ဒြပ်ပေါင်းစု မပြိုကွဲမီအထိ လွင့်ခဲ့သည်။

(၃)

အစကတော့ ဟုတ်သယောင်ယောင် ရှိသည်။ တပြွတ်တခဲ လဲမှို့အုပ်ကြားကနေ တိုးထွက်ကာ ဟင်းလင်းပြင်ထဲ တစ်ကိုယ်တော် ရွက်လွင့်ရသည်က ကျယ်ပြန့်ဆန့်ပြောလွန်းလှသည်။ သူ့အတွက် နေရာကား တောင်းတစ်တောင်းစာလည်း မဟုတ်၊ လက်တစ်ဆန့်စာလည်း မဟုတ်၊ အိမ်တစ်လုံးမျှသာလည်း မဟုတ်ပေ။ သွားသလောက် အလျားရော အနံပါ ဆန့်ကားထွက်လာသည့် အဆုံးမဲ့ခရီး၏ ထပ်တိုးမိုင်တိုင်များပေမို့ အနားသတ်ကို ကြိုမြင်နိုင်စွမ်း မရှိပါ။ မိုင်တိုင်များစွာ လွန်မြောက်လာသည့်အခါ တစ်ပွင့်တည်းသော အဖြစ်သည် အကာအကွယ်မဲ့မှန်း ရိပ်စားမိလာသည်။ သည်အချိန်တွင် ခရီးလည်း ပန်းပြီမို့ လဲမှို့ပွင့်လေး နားလိုလှပြီ။ နားခိုခြင်းနှင့် ရပ်တန့်ခြင်း သဘောချင်း မတူညီကြောင်း ကွဲပြားစေရန် သူ အနေမှန်ဖို့တော့ လိုပါလိမ့်မည်။ သူသည် မြေဩဇာဖြစ်လိုသူ မဟုတ်၊ တစ်စုံတစ်ရာတွင် ရစ်ပတ်တွယ်ကပ်၍ သူ့နောက်ဆုံးခွန်အားကို ထုမတ်လိုခြင်းမျှသာ။

တစ်နေရာရာတွင် ခိုဝင်နားတော့မည်ဟု ဆုံးဖြတ်လိုက်တော့မှ ခရီးပန်းသည့် ဒဏ်က တရိပ်ရိပ်သာ ကဲ၍ ပြလာသည်။ အားလျော့စိတ်ကလည်း တစ်စတစ်စ အလေးသာလာသည်။ သို့ပေမဲ့ တွေ့မြင်ရသမျှကမူ တစ်စက်မျှ ရှုပျော်စရာ မရှိလှချေ။ ဖုန်အလိမ်းလိမ်းနှင့် မွဲခြောက်ညစ်ထေးနေသော အပင်အိုများ၊ အရိုးတံငေါငေါ သစ်ကိုင်းခြောက်များ၊ ဆူးချုံတောများ၊ ခြေရာလက်ရာ ပျက်နေသော မြေကမူများ၊ ခင်တန်းတစ်လျှောက် ကျွမ်းလောင်နေသော မီးရောင်စဉ်တန်း၊ အမှောင် မချည်းမီ အမည်းဖုံးသော မီးခိုးတန်းများ၊ အပူတချောင်းချောင်း မှုတ်ထုတ်နေသော သဲဆန်သော မြေ၊ ပိန်လှီနေသော နွားတစ်အုပ်၊ ငိုက်စင်းစင်း နေကြာခင်းနှင့်၊ ဖြစ်ထွန်းဟန် မရှိသည့် ညှိုးရော်နေသော ပဲခင်းများ၊ အသီးများ ခြောက်

နှင့်နေပြီ ဖြစ်သော ဘောစကိုင်းပင်တန်း၊ 'ထနောင်းခေါက် မခွာရ' ဟူသော ဆိုင်းဘုတ် ချိတ်ဆွဲထားသော်လည်း အခေါက်ပြောင်ချောနေသော ထနောင်းပင်များ၊ မိုးရာသီတွင် ချောင်းဖြစ်ခဲ့ဟန်ရှိသည်ဟု မှန်းဆနိုင်သော အလယ်တွင် ချိုင့်ဝင်ကာ ဘေးတစ်ဖက်တစ်ချက်တွင် ကျောက်စရစ်ကာရံပေးထားသော သေးမြောင်သည့် လမ်းကြောင်းငယ်တစ်ခု၊ စေတီဟောင်းအဖြစ်သာ မည်ကာမတ္တရှိတော့သော ပြိုကျလုနီး အုတ်ပုံကြီး၊ ထိုးထိုးထောင်ထောင် တံမြက်စည်းပင်များ၊ ခြောက်ကပ်ရုံမက ပြားဝပ်နေပြီ ဖြစ်သော မြက်တော။ ထိုလွင်ပြင်ကို ဖြတ်ခိုက် လဲမို့ပွင့်သည် သူ့ပန်းဖွားဖြူများကို တတ်နိုင်သမျှ စုစည်းထားသည်။ တိုက်စားစွန်းထင်း မခံလိုပေ။ ညိုရင့်မှိုင်းပျသော နယ်မြေသည် နားခိုကာ အားမွေးလိုသူသူ့အတွက် မလာကောင်းသော အရပ်သာ ဖြစ်၏။ လေကလည်း အရှိန်မလျော့၍သာ တော်တော့သည်။ အသက်ရှူသွင်းလိုက်တိုင်း ဖုန်မှုန့်သာ ပါလာဖွယ်ရှိသော ကန္တာရတောကနေ သူ မြန်မြန်ထွက်မှ တော်ကာကျမည်။

သို့သော် ပူသော လေသည် နွေးသောအဆင့်ကို တဖြည်းဖြည်းလျှော့ချကာ ရေငွေ့နှင့်အတူ အစိုဓာတ်ပါလာပြီမို့ ခိုနားရာကို ကြာရှည်ရွေးချယ်လို့ မရ၊ တစ်နေရာရာတွင် ဝင်အောင်းမှရတော့မည်ကို သူ ရိပ်စားမိလိုက်သည်။ လေသည် သုန်လာရာမှ မှုန်လာသည်။ မကြာမီ ထန်ချေရေ့ာမည်။

ပထမအချီ 'ဝူး' ခနဲ လေကြမ်းက ဆောင့်တွန်းလိုက်တော့ ဝန်းကျင်တွင်ရှိသော သစ်ရွက်ခြောက်များနှင့်အတူ လဲမို့ပွင့်လေးခမျာ အလဲလဲအပြိုပြိုအရောရော အထွေးထွေး ဟိုတိုက် သည်ဆောင့်၊ ဟိုပွတ် သည်တိုးနှင့် နောက်ဆုံးညောင်ပင် တစ်ပင်တွင် သူ ခိုကပ်မိသည်။ ညောင်ပင်မှန်းသိတော့ ဝမ်းသာလိုက်သည့် ဖြစ်ချင်း။

အကြောစိမ်းမျှသော အရွက်များ မရှိသော်ငြား တောင့်တင်းသော ပင်စည်နှင့် အရွက်ချင်းထပ်လုနီးပါး ယှက်ဖြာသော အကိုင်းအခက်များက လဲမို့ပွင့်လေးအတွက် အရိပ်ပေးပါလိမ့်မည်။ အရွက်သုံးရွက်ကြားတွင် သူ ပိနေသည်။ အစပိုင်းမှာ သူ တုန်ရင်ဟိုက်မောနေသေးသည်။ လွတ်ဟာနေသည့် အချို့သော အဖြူရောင်အမွေးနုများက လှုပ်ခတ်နေဆဲ၊ တလွင့်လွင့် အမျှင်များကို ချွန်းအုပ်ရန် သူ အားထုတ်သေးသည်။ အရွက် အကြိုအကြားမှ ပြုတ်ကျကာ တစ်ဖန်မျောလွင့်ရမည်ကို ကြောက်၍ ဖြစ်သည်။

အရိပ်ကောင်းသော်လည်း ဆိတ်ငြိမ်ခြင်းမရှိ။ အထူးသဖြင့် ညောင်သီးလာစားသော ငှက်အုပ် အော်မြည်သံက စူးရှလွန်းသည်။ နေဝင်သွားလျှင်တော့ ရပ်နားကောင်းရဲ့ဟု သူ မျှော်လင့်မိသည်။

ထိုစဉ် ငှက်တစ်ကောင်က လဲမို့ပွင့်လေးကို မမိုတ်မသုန် ကြည့်နေသည်။ သူ့အစာမှတ်၍ ထင်သည်။ လဲမို့ပွင့်၏ အမွေးဖြူများ လှုပ်နေသည့်အတွက် သတိကြီးကြီးထားကာ စောင့်ကြည့်နေပုံ ရသည်။ လဲမို့ပွင့်လေးသည် ပန်းဖွားများကို ထိန်းချုပ်ရန် ကြိုးစားသည်။ သူ မလှုပ်ရဲတော့။ တုတ်တုတ်မျှ သူ မလှုပ်ရဲတော့။ ငှက်၏ ချွန်မြသော နှုတ်သီးထက်ဝယ် သူ ဘဝပျက်တော့မည်လား။ ခေါင်းဟု သတ်မှတ်ထားသော အညိုရောင်အဆန်နှင့် ပန်းဖွားကို တသီးတခြား ခွဲထုတ်လိုက်လျှင်သော် လည်းကောင်း၊ သူ့ ပန်းဖွားများကို တစ်ဖွဲ့စီ ဆွဲခွာလိုက်လျှင် သော်လည်းကောင်း သူ ကြေပြုန်းရပါလိမ့်မည်။

ငှက်သည် ကိုင်းထက်ကနေ လဲမို့ပွင့် ကပ်ငြိရာ ကိုင်းဖျားသို့ တဖြည်းဖြည်း ဆင်းလာသည်။ သည်တော့ လဲမို့ပွင့်သည် သူ့ပန်းဖွားများကို နဂိုစုစည်းထိန်းချုပ်ကာ ငြိမ်ဝပ်ဟန်ဆောင်နေရာက အခြေမဟန်တော့ပြီမို့ အတင်း ရုန်းထွက်ရန် ကြိုးစားသည်။ ခွန်အားရှိသမျှ သူ လူးလွန့်သည်။ သူ့အပေါ် ပိကျနေသော ညောင်ရွက်များကို တွန်းလှန်သည်။ မရ။ သူ့အတွက် လေးလံလွန်းနေသည်။ ငှက်က သူ့အနား နီးကပ်လာတော့ လဲမို့ပွင့်လေး တုန်ယင်လာသည်။ ကြောက်အားလန့်အား ဖြစ်လာသည်။ သည်အခါမှ တကယ့်ကို ကူကယ်ရာမဲ့လေပြီ။ ငှက်က သူ့နှုတ်သီးဖြင့် လဲမို့ပွင့်ကို ဆွဲယူရန် ဟန်ပြင်လိုက်စဉ်မှာပင် မိုးခြိမ်းသံနှင့်အတူ ညောင်ပင်ထဲရှိ ငှက်အုပ်သည် ဝေါခနဲ အုံနှင့်ကျင်းနှင့် ထပျံကြသည်။ သစ်ကိုင်းသည် ခါ၍ ကျန်ခဲ့သည်။ လဲမို့ပွင့်လေး သေတွင်းမှ လွတ်ခဲ့ပြီ။

(၄)

သို့သော် နောက်တစ်ချီ လာပြန်ပြီဟေ့ဟု ဆိုရဦးမည်။ လေကြောင်းက သူ့ကို မြစ်ဆီသို့ သယ်ဆောင်နေပြီ။ သည်တစ်ခါတော့ဖြင့် သူ တကယ် နစ်မြုပ်ရတော့မည်လား။ သည်ကြားထဲ သူ့ အမွေးဖြူများ တချို့လည်း ပျောက်ရှခဲ့ရပြီ။ သူ့ပုံပန်းလည်း မမှန်ချင်တော့။ လေက အထက်သို့ပင့်ကာ မတိုက်ဘဲ မြစ်လယ်ရောက်မှ

အရှိန်လျှော့လျှင် သည်တစ်ခါ သူ ရုန်းကန်နိုင်တော့မည် မဟုတ်။ ချည့်နဲ့နေပြီ ဖြစ်သော သူ့အတွက် ရေတစ်စက်စိုရုံမျှနှင့် ရုန်းမကြွနိုင်တော့။ လဲမို့ပွင့်လေးတွင် ကြောက်လန့်အားငယ်စိတ်သာ ရှိသည်။ စိမ်းသော တောဆီကိုလည်း စိတ်မရောက်နိုင်တော့၊ မာန်သွေးလည်း မကြွတော့၊ မည်သည့်အရာကိုမှလည်း တောင့်မခံနိုင်တော့၊ တောင့်မခံလိုတော့။ အဆုံးသတ်ပြီဆိုပါက အမှန်တကယ် နားရမည်ဆိုပါလျှင် မျှောပါရသည့် ဘဝကို သူ အဆုံးသတ်လိုက်ချင်ပါပြီ။

သို့ပေမဲ့ သည်တစ်ခါလည်း ကံကြမ္မာက သူ့ကို အလှည့်ပေးပြန်သည်။ မြစ်သို့ မရောက်မီ ကမ်းပါးပေါ်က လက်ပံပင် အကိုင်းအဖျားတွင် လဲမို့လေး ကပ်ငြိနေရစ်ခဲ့သည်။ အပင်တွင် ကျန်ရစ်သော အချို့သော လက်ပံပွင့်ဖတ်များကြားက လက်ပံပွင့်တစ်ပွင့်၏ ဝတ်ဆံများကြား အတွင်းသို့ လဲမို့ပွင့်လေး ရောက်ခဲ့ရသည်။ သည်လက်ပံပင်ကလည်း သည်နယ်ထဲက လက်ပံပင်ပေါင်းများစွာထဲက တစ်ပင်။ နယ်မြေကွာသော်လည်း သည်လက်ပံပင်မှာ လဲမို့ပွင့်၏ မိခင်ရင်းဖြစ်သော လဲမို့ပင်ဟုခေါ်သည့် သဘော်လက်ပံနှင့် ဆွေမျိုးစပ်သည်။ သူ့အတွက် စိတ်လုံခြုံသွားရသည်မှာ ဆိုဖွယ် မရှိတော့။ ရဲစို၍ ငွားစွင့်နေသော လက်ပံပွင့်ဖတ်များက လဲမို့ပွင့်လေးကို အကာအကွယ် ပေးပါလိမ့်မည်။ မည်သို့ပင်ဖြစ်စေ အဆုံးမတော့ မိခင်ထံပါး ပြန်လည်ရောက်ရှိရသလို ကျေနပ်လှပါပြီ။ လဲမို့ပွင့်လေး အလဲထိုး မခံရသေး။ သူ စိတ်တုံးတုံး ချလိုက်သည်။ အားရပါးရ နားတော့မည်။

လဲမို့ပွင့်လေး တဖြည်းဖြည်း ငြိမ်သက်ခါနီးမှ လေသည် ဒေါသမာန်ဟုန် တကြီး ခပ်ပြင်းပြင်း ဆွဲမွှေယမ်းလိုက်သည်။ လေကြီးနှင့်အတူ မိုးကြီးလည်း လိုက်လာလေပြီ။ ရေစက်မှုန်များသည် ကောင်းကင်ယံကနေ တဖြုန်းဖြုန်း တဖြင်းဖြင်း အရှိန်နှင့် လိမ့်ကျလာသည်။ လဲမို့ပွင့်လေး ခိုအောင်းနေသော လက်ပံပွင့်အပါအဝင် လက်ပံပွင့်တော်တော်များများ ကြွေကျရလေပြီ။ မိုးသည် တစ်ညလုံး သဲကြီးမဲကြီး ရွာလေသည်။ လက်ပံပွင့်များသည် ရွရွလေး ကြွေကျရသည် မဟုတ်ဘဲ မိုးလေအရှိန်နှင့် အခြွေခံခဲ့ရသည်ဖြစ်၍ နောက်တစ်နေ့ မိုးလင်းတော့ ရိန္နမ်းဖပ်လေပြီ။ သည်ဘက်သည် လူအရောက်အပေါက်နည်းသဖြင့် သူတို့ကို ကောက်ယူမည့်သူ တစ်ဦးမျှ မရှိပေ။ မကြာမီ ထိုလက်ပံပွင့်များသည် နေရောင်ရလာလျှင်တောင် တဖြည်းဖြည်း ညှိမည်းတွန့်လိမ်ကာ နောင်လပိုင်းမျှ ကြာလျှင် မြေသြဇာ ဖြစ်ရမည်သာ။

လဲမို့ပွင့်လေးသည် ညို့မောင်းရည်မြသော တောသို့ မရောက်မီ သူ အင်မတန်ကြောက်လှသော မြေမှုန့်ဘဝသို့ ရောက်လေပြီ။ သို့သော် အဆုံးသည် အစ ဖြစ်ပါ၏။

(မိုးမခ၊ မတ်၊ ၂၀၁၆)

✿

# ရန်နံ့မျှသာ

(၁)

ဖိုးညီရေ.. ဒီနေ့ နင့်ကို အထူးလွမ်းပါလှတယ်။ လေယာဉ်ထွက်ခွာရာ ဂိတ်ကို လျှောက်လာရင်း မျက်လုံးထောင့်စွန်းမှာ ဖျတ်ခနဲမြင်မိတဲ့ ကြိမ်နဲ့ရက်ဖျာပြီး သိုင်းအုပ်ထားတဲ့ ပုလင်းဝိုင်းဝိုင်းလေးဟာ ငါ့ကို နောက်ကြောင်း ပြန်လှည့်စေတာ ကိုး။ အဆန်းသားနော်။

တကယ်ဆို Charles de Gaulle လေဆိပ်ဟာ အကျယ်ကြီးပါ။ Terminal 2 ဟာလည်း လေဆိပ်မှာ လူစည်ကားတဲ့ ရပ်ဝန်းပါ။ အဲဒီအထဲကမှ Fragonard လို အမွှေးနံ့သာ ရောင်းတဲ့ ဆိုင်သေးသေးလေးရဲ့ မှန်ပြတင်းတွေကမှ တစ်ဆင့် ငါဟာ အဲဒီရေမွှေးပုလင်းလေးကို မြင်ဖြစ်အောင် မြင်တယ်။

ငါ့ကိုယ်ငါ သတိထားမိတဲ့ အချိန်ကျတော့ အဲဒီဆိုင်ထဲကို ရောက်နှင့် နေပြီ။ John Varvatos ရဲ့ Artisan ပုလင်းပုဝိုင်းဝိုင်းလေးကို လက်နဲ့ခပ်ဆဆ

ကိုင်ပြီး မမိုတ်မသုန်ကြည့်နေတဲ့ ငါ့ကို အရောင်းစာရေး ကောင်မလေးက သူ့အနံ့ကို စမ်းပြီး ဆွတ်ပြထားတဲ့ ကတ်ပြားလေး တစ်ခု ပေးတယ်။ ကတ်ပြားပေါ်က မွှေးရနံ့ဟာ နည်းနည်းတော့ မှိန်ဖျော့နေပြီ။ ဒါပေမဲ့ တစ်ချက်နမ်းရှိုက်မိတော့ ငါဟာ အလိုလိုနေရင်း ကမ္ဘာတစ်ခြမ်းကို ရောက်သွားသလို ခံစားရတယ်။

ဟုတ်တယ်။ လက်ရှိမတ်မတ်ရပ်နေတဲ့ ဝသုန္ဒြေမြေထုဟာ နိမ့်ချည် မြင့်ချည်နဲ့ ရေလှိုင်းလိုပဲ ငါ့ကို အဲဒီကမ္ဘာခြမ်းဆီ ခေါ်ဆောင်သွားတယ်။ လျှံကျလာတဲ့ ဝမ်းနည်းစိတ်ဟာ ငွေ့ရည်တော့ မဖွဲ့ဖြစ်ခဲ့ဘူး ဖိုးညီ။ ငါက ဆို့နင့်ရတဲ့ ခံစားချက်ကို မသိစိတ်က ငြိတွယ်မိပြီကိုး။ ဒါပေမဲ့ တင်းကျပ်နေတဲ့ ဒီအစိုင်အခဲကို တဖြည်းဖြည်းချင်းတော့ ခြေဖျက်ရလိမ့်မယ်။ ဆည်မကျိုးအောင် ဆည်ရေတွေကို အတိုင်းအဆနဲ့ အချိန်အခါအလျောက် နည်းနည်းချင်းစီ ဖောက်ထုတ်ဖို့လိုတယ်မလား။ အဲဒီစိတ်ကြောင့်ပဲ ငါဟာ Artisan ရေမွှေးကို ဝယ်ခဲ့လိုက်တယ်။

တကယ်ဆို ဆယ့်ငါးနှစ် ရှိခဲ့ပြီ ဖိုးညီ။ နင်ဟာ ဩဂုတ်လရဲ့ တစ်ရက်သောမိုးဖွဲဖွဲရွာတဲ့ ညနေခင်းမှာ ငါ့ကို နှုတ်ဆက်သွားခဲ့တယ်။ ရန်ကုန်လေဆိပ်မှာ တရွေ့ရွေ့ ထွက်ခွာသွားတဲ့ နင့်ကျောပြင်ကို ကြည့်ပြီး ဝေးကြပြီလား ဆိုတဲ့ အတွေးကို တွေးမိတော့ ငါ့ကိုယ်ငါတောင် လှောင်ရယ်မိတော့မလိုပဲ။ တကယ်ဆို ဘယ်တုန်းကမှ မနီးစပ်ခဲ့ကြတာပဲဟာ၊ နော်။ မျက်လုံးနဲ့ စိတ်နှလုံးကိုသာလျှင် ရွှေ့ခွင့်ပြုခဲ့ရင်းနဲ့ ငါဟာ ကျောက်သားထုလို ခိုင်မာတဲ့ ခြေအစုံပေါ်မှာ ရပ်လို့သာ နင့်ကို ကြည့်နေခဲ့ရတယ်။ ဒါပေမဲ့ သက်ပြင်းတော့ မချရဲခဲ့ဘူး။ နင့်ဆီက ရခဲ့တဲ့ နောက်ဆုံးမွှေးရနံ့လေး ပျောက်ရှသွားမှာစိုးလွန်းလို့ပါ။ ယောက်ျားလေးတော်တော်များများ သုံးကြတဲ့ စန္ဒကူးနံ့လိုလို၊ ဆေးပြင်းနံ့လိုလို ရမ္မက် ပြင်းပြစေတဲ့ ရနံ့မျိုးတွေနဲ့ ကွဲပြားစွာ လိမ္မော်ရနံ့လိုလို၊ သံပရာနံ့လိုလို၊ ပန်းပေါင်း ရနံ့လိုလို သင်းခနဲ အိပြီး ကျန်ခဲ့တဲ့ အဲဒီရနံ့ကို နင့်ကို လွမ်းတိုင်း ငါ တခဲ့ရပါတယ်။ ဘာရေမွှေး အမျိုးအစားမှန်း သိတော့ သူ့ကို ဝယ်နိုင်ဖို့ရာ တစ်လ လစာသုံးသောင်းသာရတဲ့ ငါ့အဖို့ ခြောက်လလုံးလုံး အငတ်ခံပြီး စုခဲ့ရတယ်လေ။

ငါ့ကို သိပ်မိုက်မဲတယ်လို့များ ဆိုမလား ဟင်။ ငါ သိမ်းထားတဲ့ ခဲဆံကျိုးလေးတွေကို တွေ့ရင်ရော ရှုံးတယ်၊ မိုက်တယ်ပဲ ဆိုဦးမှာလား။ ငယ်ငယ်က ငါ့ခဲတံကို နင်က အမြဲချွန်ပေးနေကျ။ တို့တစ်တန်းလုံးမှာ ခဲတံချွန်စက်ဆိုတာ နင်ကစ်ယောက်သာလျှင် ကိုင်နိုင်ခဲ့တာကိုး။ အဲ့ဒီလို ခဲတံချွန်ပေးတိုင်း ပထမ

အကြိမ်တိုင်းမှာ ခဲသားကျိုးခဲ့တာချည်းပဲ။ ခဲဆံကျိုးသွားရင် အပေါစား ခဲတံသုံးလို့ ခဲသားမကောင်းလို့ ဖြစ်ရတာလို့ နင်က ဆင်ခြေပေးစမြဲ။ ငါက ပြုံးပြီး နင့်ကို ကြည့်မြဲ။ ပြီးတော့ အဲဒီခဲဆံကျိုးလေးကို နင်မသိအောင် အသာဝှက်ယူပြီး သိမ်းစမြဲပဲ။ သံချေးတက်နေတဲ့ ငါးလေးနှစ်ကောင်ပါတဲ့ သံကွန်ပါဘူးထဲမှာ အဲဒီ ခဲဆံကျိုးလေးတွေ လဲလျောင်းနေခဲ့တာ ဆယ်စုနှစ် သုံးခါပြန် ရှိတော့မယ် ဖိုးညီရယ်။

(၂)

ဆွေရိပ်မျိုးရိပ် မကင်းတဲ့ နင်တို့အိမ်က ဂျုံစက်မှာ အမေဟာ စာရင်းကိုင်လိုလို ဆိုပေမယ့် တကယ်တော့ အိမ်တော်ပါ ငယ်ကျွန်သဘောမျိုးပါပဲ။ ဒါပေမဲ့ ငါတို့အပေါ် ဘယ်သောအခါမှ နင်တို့မိဘတွေ နိုင့်ထက်စီးနင်းပြုမူ ပြောဆိုဆက်ဆံတာမျိုး မရှိခဲ့တာ ဝမ်းသာစရာပဲ။ အထူးသဖြင့် နင့်အဒေါ် ကြီးတော်ဥဆိုရင် ငါ့ကို အတော်လေး ယုယုယယရှိတယ်။ အုတ်သမံတလင်းခင်းထားတဲ့ နင်တို့ရဲ့ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးဟာ ငါ့ရဲ့ စားအိမ် သောက်အိမ်ဆိုရင် မမှားဘူးပေါ့။

တစ်ခါတလေ ကြီးတော်ဥက အဖော်သဟဲရအောင် ငါ့ကို အိမ်ခေါ် အိပ်နိုင်းတတ်တဲ့ ညတွေဆိုရင် ငါ သိပ်ပျော်တာပဲ ဖိုးညီရဲ့။ ပြာသိုလလိုအခါမျိုးဆို နင်တို့ အိမ်ဝင်းထဲမှာ ခွာညိုတွေ၊ ဂေါ်သဇင်တွေ လှိုင်နေအောင် ပွင့်တတ်ပြီ။ ချမ်းချမ်းစီးစီး မနက်ဝေလီဝေလင်းအချိန် အိပ်ရာက နိုးထလို့ အိမ်အပေါ်ထပ်ကနေမျှား မျှော်ကြည့်လိုက်ရင် ပန်းချီပေါ်ကို ခုန်ချချင်စရာပဲ။ အဆုပ်လိုက်အခဲလိုက် ပွင့်နေတဲ့ ဂေါ်သဇင်တွေဟာ နှင်းပွင့်တွေနဲ့ သိပ်တူတယ်။ အနားတိုးကပ်သွားရင် ယဉ်မြတဲ့ ရနံ့ဟာ နှာသီးနနား ဝေ့ဝဲပြီး လှပ်လှပ်လေး သင်းနေတတ်တယ်။ ရနံ့တွေဟာ နီးလိုက် ဝေးလိုက်ပါပဲ ဖိုးညီ။ သိပ်မွှေးလွန်းတယ် ဆိုပြီး အားပါးတရ နမ်းရှိုက် လိုက်ပြန်ရင်လည်း မှန်းထားသလောက် လှိုက်ခနဲ မတက်လာပြန်ဘူး။ ဝဲလှည့် ကာလျှင် ပေါ်လိုက် ပျောက်လိုက်ဖြစ်နေတဲ့ ရနံ့ပါတဲ့ လေကိုသာ အာရုံသိနဲ့ တွယ်ငြိရတာပါ။ နှင်းရည်စက်လက် တွဲခိုနေတဲ့ ပွင့်ခါနီး

ခွာညိုပန်းတွေကို မြင်ရင်တော့ နာနာကျင်ကျင် ပြုံးရပြန်တယ်။ နွယ်လိုရစ်၍ ပွင့်သည်ကိုး။

နောက်တော့လည်း ခွာညိုတွေ၊ သရဖီတွေ၊ ဂေါ်သဇင်တွေ ပွင့်တဲ့ ရာသီဟာ အလွမ်းကို အစပျိုးဖို့ ဖြစ်လာတယ်။ တစ်ခုသော နံနက်ခင်း အိမ်အောက်ထပ်မှာ တို့တွေ အတူတူ မီးလှုံနေတုန်း ဒီနှစ်နွေကျရင် နင့်ကို အင်္ဂလိပ်စာ သင်တန်းတက်ဖို့ တစ်မြို့ဆီကို စေလွှတ်မယ်လို့ နင့်အဖေ ဘဘထွန်းက ပြောတာကို ကြားလိုက်တော့ ငါ့ကမ္ဘာငယ်လေးဟာ ရုတ်တရက် မှောင်ကျသွားခဲ့တယ်။

ဘဘထွန်းက တစ်ဦးတည်းသော သားအတွက် သိပ်ရည်မှန်းချက်ကြီးတယ်။ နင်ကတော့ ပျော်နေခဲ့တာပေါ့ ဖိုးညီရယ်။ ခုန်ပေါက်ပြီး ထွက်သွားလိုက်တာများ။ ငါ့မှာသာ မီးဖိုချောင်ထဲက တန်းလျားခုံပေါ်မှာ ငူငူကြီး ကျန်ခဲ့ရတယ်။

ဒီလိုနဲ့ နွေရာသီတွေမှာ နင့်ကို လွမ်းလို့ လမ်းမဘက်ကို မျှော်ကြည့်လေတိုင်း အလွမ်းနဲ့အတူ တမာပွင့်ရနံ့က ရင်ထဲကို စိမ့်ပြီး ဝင်လာတယ်။ တမာပွင့်ရနံ့ကို တချို့တွေက သင်းတယ်လို့ ဆိုကြပေတဲ့ ငါ့အတွက်တော့ အနံ့က အီလွန်းတယ်။ ပြီးတော့ ရင်ထဲမှာလည်း ခါးလှပါတယ်။ ဒီနေ့ဒီအချိန်အထိလည်း တမာပွင့်ရနံ့ရရင် စိတ်တွေလည်ပြီး မျက်ရည်ဝိုင်းရပါရောလား။ နင် ထွက်သွားကတည်းက ငါဟာ အိမ်အပေါ်ထပ်ကနေ နေ့ရှိသရွေ့ လမ်းမပေါ် ငေးပြီးသာ မျှော်မိတော့တယ်။ ရှေးအိမ်ကြီးမို့ အိမ်အပေါ်ထပ်မှာ ပြတင်းပေါက်က နှစ်ဆင့်ပါတယ်။ အပေါ်ပြတင်းရော၊ အောက်ပြတင်းရော ဖွင့်ထားတဲ့အခါ လေရူးတွေဟာ မွှေ့ချင်သလို မွှေ့နေတာပဲ။ ငါ့စိတ်တွေဟာလည်း မထူးလှပါဘူး။ ဟိုရောက်လိုက်၊ ဒီရောက်လိုက်ပေါ့။

ကြီးတော်ဥကတော့ ငြိမ်သက်လွန်းသွားတဲ့ ငါ့ကို အားငယ်နေတယ် အထင်နဲ့ နှစ်သိမ့်ရှာတယ်။ ဖိုးညီက သူ့အဖေ ပိုက်ဆံရှိလို့ မြို့ကြီးပြကြီးမှာ ကျောင်းသွားတက်ပေမယ့် သမီးကမှ တကယ် စာတော်တာ၊ ဖိုးညီထက်တောင် သာဦးမှာတဲ့။ ငါ့မှာ ယဲ့ယဲ့ပဲ ပြုံးနိုင်စွမ်းရှိတယ်။ ဒါပေမဲ့ မြင်းလှည်း အသံကြားရင်တော့ ငါ့မျက်လုံးတွေ အရောင်လက်လာတတ်တယ်။ နင်များ ပြန်လာပြီလားလို့ပေါ့လေ။

ဇွန်တွေ ပွင့်တော့မယ်လို့ ကြီးတော်ဥက တပ်လှန့်လိုက်ရင်တော့ ငါ မသိမသာ ရင်ခုန်ရပြီ။ မိုးတစ်ပြိုက်လောက် ကျပြီးရင် ဖွေးဖွေးလှုပ်နေတဲ့

ဖွန်ပန်းရုံကြီးကို တွေ့ရတတ်ပြီ။ နင်လည်း ပြန်လာပြီ။ ရနံ့တွေဟာ ချိုသင်း လှိုက်မောရပြန်ပြီပေါ့။ ငါ ဘယ်လောက် အစွဲအလမ်းကြီးခဲ့သလဲဆိုရင် ချင်းတွင်း မြစ်ရေလျှံတဲ့ သတင်းကြားရင်တောင် နားဝင်ချိုနေတာ။ ဟုတ်တယ်လေ။ နင် မရှိတဲ့ ရက်တွေမှာ မြစ်ဘေးကို တစ်ယောက်တည်း သွားထိုင်နေရတိုင်း ထီးထီး တည်း ထွန်းနေတဲ့ သောင်တွေဟာ သိပ်အကျည်းတန်လွန်းခဲ့တယ်။

ဒါပေမဲ့ ဖိုးညီရယ်...။ ခွဲခွာခြင်းတွေဟာ ရေစီးကမ်းပြို လိုက်တတ် သလား မသိပါဘူး။ ဘဘထွန်းက နင့်ကို နွေရာသီတိုင်းမှာ နေ့တဝက်ကျိုးအောင် သွားရတဲ့ မြို့ကို ပို့ခဲ့ရုံတင်မကဘူး။ ၁၀တန်း အောင်ပြန်တော့လည်း တစ်ည အိပ်မှ ရောက်နိုင်မယ့် မြို့တော်ဆီကို စေလွှတ်ပြန်တယ်။ အဲ့ဒီနောက်တော့... ဟိုး တစ်နယ်တစ်ကျေးကို၊ တစ်မြေခြားကို၊ ဟိုး အဝေးကြီးကိုပေါ့၊ ၁၀ တန်း အောင်ရင်မြို့ကတက္ကသိုလ်ကိုလာတက်နိုင်ရင် နင်နဲ့ပြန်နီးမှာပဲဆိုတဲ့တိတ်တခိုး မျှော်လင့်ချက်ကလေးဟာ လူမသိသူမသိ ပြာကျသွားရှာတယ်။ အဆုံးတော့ ငါ့မှာ ခဲဆံကျိုးလေးတွေသာ ကျန်ရစ်ခဲ့တာပဲ။

နင့်မှာ ချစ်သူဆီရှိနေပြီဆိုတဲ့ သတင်းကြားတဲ့နေ့ကတော့ ငါ့မှာ ဆောက်တည်ရာမရဖြစ်ပြီး၊ မျက်ရည်တွေနဲ့ ခဲဆံကျိုးလေးတွေကို ရေတွက်ခဲ့ ဖူးပါရဲ့။ အားလုံးပေါင်း ခုနစ်ဆယ့်ရှစ်ခုတောင်မှုပဲ ဖိုးညီရယ်။ ငါဟာ တကယ်ပဲ သိဂ္ဂုက်တတ်လွန်းခဲ့ပါတယ်။ အများအမြင်မှာ မာနကြီးလှချည်ရဲ့ ထင်ကောင်း ထင်စရာ ရှိပေမယ့် အမှန်မှာတော့ သဘာဝအတိုင်း စီးဆင်းမယ့်အရာကိုသာ အသာတကြည် အလိုက်တသင့် ခံယူလိုသူပါ။ စိတ်ချင်းမနီးခဲ့လို့ ထွင်းဖောက် မသိခဲ့လေသူကို အရိပ်ပြဖို့ဆိုတာ မလိုအပ်တော့ပါဘူး။ ဒါပေမဲ့ မသိစိတ်မှာတော့ တိုးကပ်ဖို့ကြိုးစားခဲ့ဖူးတယ်။ ဘဝမှာ တစ်ဦးတည်းသော သွေးရင်းဖြစ်တဲ့ မိခင် ကွယ်လွန်ပြီးနောက်မှာ ဘဘထွန်းတို့တစ်တွေ တားတဲ့ကြားက ခေါင်းမာစွာ နဲ့ပဲ အိမ်ကိုရောင်းပြီး ရန်ကုန်ပြောင်းဖို့ ကြိုးစားခဲ့တယ်။ ငါ ရန်ကုန်ရောက်ခါမှ နင်ဟာ ဒီ့ထက် ဝေးတဲ့နေရာကို ရွှေ့ဖို့ ခြေလှမ်းပြင်နေပြီဆိုတာ သိလိုက်ရတာ။ ဒီတစ်ခါတော့ ဘယ်လိုနည်းနဲ့မှ ငါ လိုက်လို့ မရတော့ဘူးပေါ့။ မကျွမ်းခင်က လွမ်းနှင့်ပါရောလား။

ဘဝမှာ တစ်စုံတစ်ခုကို ရဖို့ တစ်စုံတရာကိုတော့ဖြင့် အရင်းအနှီးပြု ပြီး လဲ့လနဲ့ အားထုတ်ရတာချည်းပဲ။ တမင်မကြိုးစားပါပဲလျက် တနင့်တပိုး ရတတ်တာဆိုလို့ အလွမ်းပဲ ရှိမယ်ထင်ပါရဲ့။ လွမ်းမယ်ဆိုမှဖြင့်ကွယ်...။ နေဝင်

ချိန်အထိလည်း စောင့်စရာ မလိုပါဘူး။ ချိုးမလည်း ကူစရာ မလိုပါဘူး။ ကြယ်တာရာကိုလည်း မော့ကြည့်စရာ မလိုပါဘူး။ ရာသီစာလည်း ဖြည့်စွက်စရာ မလိုပါဘူး။

အလွမ်းဆိုတာ တိုက်ဆိုင်သွားတဲ့ ခဏတာသော စက္ကန့်တိုင်းမှာ ကျဉ်ရိသွားတတ်တဲ့ အပူအအေးမမျှတဲ့ ခံစားမှုမျိုးပါ။ ခြေထောက်မှာ ရွှံ့လေးပေသွားတာတောင်မှ အတိတ်ရှိခဲ့ရင် မောသစရာပါ။ ပိုးမျှင်အိမ်ကလေးတွေ တွေ့ရင်တောင် တွေတွေစိုက်ကြည့်ရင်း နှုတ်ခမ်းတွေ တဆတ်ဆတ် တုန်လာစေတဲ့ လှိုက်မောခြင်းမျိုးပါ။ လွမ်းစရာရှိရင် နာစရာနဲ့ဖြေတယ်။ ငါ့မှာတော့ နာစရာကို စဉ်းစားရင် လွမ်းစရာတွေသာ ပိုလာတယ်။ သက်ပြင်းကို ခပ်မှျဉ်းမှျဉ်း ချရင်း ငေးကြည့်ခဲ့ရတဲ့ အဖြစ်တွေက များလွန်းလှပါပြီ။ အဆင်ပြေလား၊ နေကောင်းလားဆိုတဲ့ အမေးတွေကို 'ဒီလိုပါပဲ' လို့ မရေမရာ ဖြေရင်း ဆွေးဆွေးမြည့်မြည့် ပြုံးပြတတ်ပြီ။ ဒါပေမဲ့ အဲ့ဒီ 'ဒီလိုပါပဲ' လို့ အထစ်အငေါ့ အတုန်အယင်မရှိ ဖြေသားကျနိုင်ဖို့ကိုပဲ ငါ အတော်လေး အားထုတ်ခဲ့ရတာ ဖိုးညီ။

အမွှေးနံ့သာ အထူးတလည် မကြိုက်နှစ်သက်သူ နင်က တစ်နယ်ခြားကို သွားမယ့်နေ့ကျတော့ နင့်ကောင်မလေး ပေးထားတဲ့ ရေမွှေးကို ဆွတ်လို့ပေါ့။ ငါ ကျေနပ်ပါတယ်ဟယ်။ ငါ့အတွက် အနည်းဆုံးတော့ ဖြေသိမ့်စရာတစ်ခု နင် ချန်ထားပေးခဲ့လို့ပေါ့။ ငါ့ တူရူရာကနေ တရွေ့ရွေ့ ထွက်ခွာသွားတဲ့ နင့်ခြေလှမ်းတွေကို စိတ်မှတ်နဲ့ ရေတွက်ရင်း သစ်ရွက်ခြောက်တွေ တဖျောဖျောကြွေတတ်တဲ့ နွေဦးပေါက်ကို သတိရမိတယ်။

ကြည့်နေရင်းမှာပဲ တချို့သော ရွက်ဝါတွေဟာ လေနှင်ရာကို အလိုက်သင့် စီးမျောရင်း မြင်ကွင်းကနေ တဖြည်းဖြည်း ဝေဝါး ပျောက်ကွယ်သွားတယ်။ ဝေးလွင့်သွားတဲ့ သစ်ရွက်လေးဟာ အစတုန်းကတော့ ဘယ်နေရာညှိပြီး၊ ဘယ်နေရာ ရော်နေသလဲ ဆိုတာကိုတောင် သိနိုင်တဲ့ ပေါ့ပါးသော အစိုင်အခဲငယ်တစ်ခု၊ နောက်တော့ အဝိုင်းလိုလို၊ ဘဲဥပုံ ရှည်မျောမျော လေးလိုလို ပုံသဏ္ဍာန်တစ်ခု၊ နောက်ထပ် လေတစ်ချက်ဝှေ့လိုက်တော့ ပုံပန်းကိုတောင် အတိအကျ မမြင်နိုင်တော့တဲ့ အနေအထားကနေ အစက်အပြောက်ကလေးမျှသာ၊ အဲဒီကမှ တစ်ဆင့် အမှုန်လေးတမျှသာ၊ နောက်တော့သည်အရပ်မှာ ဘယ်တုန်းကမှ မရှိခဲ့ဖူးလေဟန် လက်စတုံး ကိုယ်ယောင်ပျောက်သွားလိုက်တာများ၊ အဆုံးမတော့ ပင်အို၊ ကိုင်းခြောက်နဲ့ ရော်ရွက်ဝါဟာ ဘယ်တော့မှ ပြန်လည် မဆုံဆည်းနိုင်တော့ဘူးတဲ့။

ခြေလှမ်းလေးဆယ့်ရှစ်လှမ်းမြောက်မှာ နင် ငါ့မြင်ကွင်းကနေ ပျောက်ကွယ် သွားခဲ့တယ်။

(၃)

နှစ်တွေ ကြာခဲ့ပြီ ဖိုးညီ။

ဒီကြားထဲမှာ နင့်ကိုလည်း အဆက်အသွယ် မလုပ်ဖြစ်ခဲ့ဘူး။ နင် စာရေးတာ၊ ဖုန်းဆက်တာကိုတောင် မပြန်ကြားခဲ့ဘူး။ နင့်မိသားစုနဲ့ ရွာက အမျိုးတွေဆီကနေလည်း ဝေးရာကို ငါ ပြေးခဲ့တယ်။ ငါ အိပ်မက်ကနေ နိုးထချင်ခဲ့ပြီလေ။ ဒါပေမဲ့ ကိုယ့်ဆူးနဲ့ ကိုယ့်ကြိုး တစ်ဖက်သတ် ငြိနေတဲ့ အဖြစ်မှာ ငါဟာ ဘယ်သင်းကို အရင်ဖြုတ်ထုတ်ရမယ်မှန်း ဝေခွဲမရခဲ့ဘူး။ ခါးတဲ့အရသာဟာ လျှာယဉ်သွားရင် ချိုတတ်သလားဟင်။ ချိုတဲ့အရသာအထိ မရောက်သေးပေမယ့် အလွမ်းက ဆိမ့်တယ်လို့တော့ ခံစားတတ်လာပြီ။

လမ်းမကြီးပေါ်မှာ ဥဒဟိုဖြတ်သန်းနေတဲ့ ရောင်စုံကားလိုင်းတွေကို ကြည့်ရင်း၊ ခုံတိုင်ပေါ်မှာ နားနေတဲ့ ခိုတွေကို ငေးရင်း၊ မိုးရွာတိုင်း အဆောင်ရှေ့ မြေနီလမ်းသွယ်ပေါ်က ချိုင့်ခွက်လေးထဲ ရေတွေ တပေါက်ပေါက် ကျတာကို ရှုရင်း အလွမ်းခုံက အလစ်အငိုက် ရင်ကို ဝင်ဆောင့်တတ်တယ်။ အဲ့ဒီလို အခါမျိုးတိုင်းမယ် တစ်လောကလုံးမှာ ကိုယ်တစ်ယောက်တည်းပဲ ရှိတော့သလို အရာအားလုံးကို မေ့မောပြီး ရောက်ရာအရပ်မှာ ငူငူကြီးရပ်၊ ရီရီကလေး ကြည့်၊ ပြီးတော့ မပွင့်တပွင့်အပြုံးလေး နှုတ်ခမ်းဖျားမှာ တွဲခိုလို့၊ မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်ရတဲ့ ခံစားချက်ကို ငါ မက်မောတတ်လာပြီ။

အဖန်ဖန်သေခြင်းဆိုတာ အဖန်ဖန် ရှင်ခြင်းရှိမှသာ ဖြစ်ပေါ်ရတာပါ ဖိုးညီရဲ့။ ဘယ်လိုအဓိပ္ပာယ်ဖွင့်တယ် ဆိုတာကတော့ ခံယူတဲ့သူရဲ့ ရှုထောင့်နဲ့သာ ဆိုင်ပါတယ်။ ငါဟာ သေခြင်းဆိုတာကို မေ့လျော့ထားပြီး အကြိမ်ကြိမ်ကျော့ပြီး ရှင်သန်အောင် အားထုတ်ခဲ့တယ်။ ဘဝလက်တွဲဖော်ရယ်လို့ ပထမဆုံး ရည်စူးထားခဲ့ဖူးသူကို Artisan ရေမွှေး အမြဲမပြတ် လက်ဆောင် ပေးခဲ့ဖူးတယ်။ နင့်ကို လွမ်းတိုင်း ရင်ခွင်တုတစ်ခုကို ငါ ဖန်တီးနေကျပဲ။ စိတ်နှလုံးဟာ ပြေးတုန်းကတော့ သံခြေချင်းခတ်ထားသလို တစ်လံလောက် ရောက်အောင်ကို အတော်ပြေးယူရတယ်။ ဒါပေသိ ဝေးသွားပြီးခါမှ သူ စိတ်အလိုရှိတော့လည်း မူရင်း

အရပ်ကို ပြန်ရောက်လာဖို့ဆိုတာ တစ်စက္ကန့်တောင် မကြာချင်ဘူး။ အလင်းထက်လည်း မြန်တယ်။ အသံထက်လည်း မြန်တယ်။ တောင်ပံလည်း ခတ်စရာမလိုဘူး၊ အမြီးနဲ့လည်း ပဲ့ထိန်းစရာမလိုဘူး၊ ယာဉ်ရထားလည်း မလိုဘူး။ စိတ်နှလုံးကို စိတ်နှလုံးကပဲ ဆောင်ကြဉ်းခဲ့တယ်။

နင်နဲ့ ဝေးခဲ့ရတဲ့ ကာလတစ်လျှောက်လုံး အဲဒီစိတ်နှလုံးကို တောင်ယဉ်စွန်းတန်းနဲ့ မြောက်ယဉ်စွန်းတန်းကြားမှာ မျက်စိတစ်မှိတ်အတွင်း နှင်လွှတ်လိုက်၊ ဆွဲယူလိုက်နဲ့ နေ့ရက်တွေကို မောပန်းစွာ ဖြတ်သန်းခဲ့ရတယ်။ အခုဆို ငါဟာ စိတ်ရှိရုံတင် မဟုတ်ဘူး၊ ဆန္ဒအလျောက် နင်ရှိရာ အရပ်ကို လာနိုင်တဲ့ အကွာအဝေးကို ရောက်နှင့်နေပြီ။

ဒါပေမဲ့ ငါ နင့်ဆီကို မလာခဲ့ဘူး။ လာဖို့ အား မထုတ်ခဲ့ဘူး။ လာဖို့ ဆန္ဒမရှိခဲ့ဘူး။ လာလည်း လာလိမ့်မယ် မဟုတ်တော့ဘူး။ ချင်းတွင်းမြစ်ကမ်းဘေးမှာ ထိုင်နေတတ်တဲ့၊ ကြီးတော်ဉရဲ့ ဖွန်ပန်းရုံနားမှာ ငိုနေတတ်တဲ့၊ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးပေါ်ကနေ ရွာလမ်းပေါ် မျှော်ရည် ကြည့်တတ်တဲ့ ဆယ်ကျော်သက်လေး မဟုတ်တော့ဘူးပဲလေ။ မသိစိတ်နဲ့ နင့်ဆီကို ရွေ့ခဲ့တယ်ဆိုသော်ငြား လက်တစ်ကမ်းအကွာတိုင်းမှာ ငါ ရပ်ခဲ့ရတာ ချည်းပဲ။ ကိုယ်ငွေ့ကလေး ရသွားရင်၊ အသက်ရှူသံ မာသွားရင်၊ ခြေသံပြင်းသွားရင်၊ လက်လေးနဲ့ ဖွဖွလေးတို့ထိမိလိုက်ရင်ကိုပဲ ကွဲကျသွားတော့မလောက် ထင်ပြီး ငါ စိုးရိမ်မိတယ်။ ငါ့ဘာသာ ဆပ်ပြာပူဖောင်းလေးတွေ သူ့သဘောနဲ့သူ ပေါက်ကွဲသွားတာကိုပဲ နှစ်နှစ်ခြိုက်ခြိုက်ကြည့်ရင်း နောက်ထပ် ပူဖောင်းလေးတွေကို စိတ်လိုတိုင်း လွှင့်ထုတ်ပါရစေ။

ငါ တစ်ယောက်တည်း ဖြတ်သန်းလာခဲ့တဲ့ ဘဝဟာ နေသားတကျရှိခဲ့ပါပြီ။ ပန်းလျှတာတော့ အမှန်ပဲ ဖိုးညီရဲ့။ ငါနေတဲ့ မြို့မှာ ညနေ နေသာတိုင်း ကောင်းကင်ယံမှာ ဖြတ်သန်းသွားတဲ့ လေယာဉ်ပျံတွေကို မြင်ရလေ့ ရှိတယ်။ လေယာဉ်တွေ များပြားလွန်းလှတယ်။ သွားတာလား၊ ပြန်တာလားတော့ မသိဘူး။ ကျန်ခဲ့တဲ့ မီးခိုးတန်းဟာ တော်တော်နဲ့ မပျောက်ဘူး။ အဲ့လိုအခါမယ်နောက်လေယာဉ်တစ်စီးက လာပြန်ရော။ ဒီလိုနဲ့ ပြာလွင်နေတဲ့ ကောင်းကင်မှာ မီးခိုးတန်းတွေဟာ မျဉ်းဖြတ်တွေလို ဖြစ်လာပြီး တစ်ခါတလေ ပင့်ကူအိမ်လိုလို ပုံပေါ်လာတတ်တယ်။ နောက်တော့လည်း အဲဒါဟာ ပျောက်သွားတာပါပဲလေ။ လေကြောင့်ဖြစ်စေ၊ နေရောင်မှိန်သွားလို့ ဖြစ်စေ၊ မိုးအုံ့လို့ဖြစ်စေ နောက်ဆုံးတော့ ပျောက်သွားရတာပါပဲ။ ငါ မမြင်ရတော့ဘူးပဲ။ ငါ့အတွက် သူတို့ မတည်တံ့တော့

ဘူးပဲ။ အဲလိုအခါမျိုးမယ် အူလှိုက်သည်းလှိုက် ဝမ်းနည်းမိတယ်။ တစ်နေ့နေ့တော့ အငွေ့အဖြစ် အဆုံးသတ်ရမယ့် နှောင်ထုံးဖွဲ့မှုတွေဟာ ငါ့နှလုံးကို ပြည့်စေတယ်။

တစ်ခါတလေ အလုပ်မှာ သိပ်ပင်ပန်းလာရင်၊ ဒါမှမဟုတ် ဘဝမှာ ကူကယ်ရာမရှိ ထွက်ပေါက်မဲ့တယ်လို့ ခံစားမိရင် ငါဟာ နင်ချန်ရစ်ခဲ့တဲ့ ရေမွှေးရနံ့နဲ့ စိတ်ကို ကုရတော့တာပဲ။ စုထားခဲ့၊ အောင်းထားခဲ့ရတဲ့ မျက်ရည်တွေဟာ ယဉ်ပါးနေတဲ့ မွှေးရနံ့ကို ရပြီးတဲ့နောက်မှာ သူတို့ကို ဖွင့်ထုတ်ချလိုက်သလို ပိုးပိုးပေါက်ပေါက် တိုးလျှိုပေါက် ဒလဟော ကျဆင်းလာပြီ။ ဒီလိုနဲ့ ငါဟာ တစ်ညလုံး ငိုလေမိပြီပေါ့။ ဒါပေမဲ့ နောက်တစ်ရက် နံနက် မိုးလင်းလာရင်တော့ ငါ့ခန္ဓာကိုယ်ဟာ အင်နဲ့အားနဲ့ ပြည့်မောက် လန်းဆန်းနေနှင့်ပြီ။ ငိုကြွေးခြင်းနဲ့ ခွန်အားကို တည်ဆောက်ယူရတယ်။ ဒီအဖြစ်ကိုတော့ နင်နားလည်လိမ့်မယ် မထင်ဘူး။

အခု အချိန်မှာ နင် တစ်ယောက်တည်းပဲဆိုတာလည်း ငါ သိတယ်၊ နင် ငါ့ကို လိုက်ရှာနေတယ် ဆိုတာလည်း ငါ ကြားတယ်။ ဒါပေမဲ့ နင်ဟာ ငါ့အတွက် မလိုအပ်တော့ဘူး။ တစ်ခါတလေ နင့်ရုပ်ပုံကိုတောင် ငါ ဖမ်းဆုပ်မမိချင်ဘူး။ ဘယ်လိုလေးပါလိမ့်လို့ စဉ်းစားမိရင် အာရုံမှာ ခပ်ရေးရေးမျှသာပဲ။ ဒါပေမဲ့ အဖြစ်အပျက်တွေ၊ အတိတ်ခြေရာတွေ၊ ခဲဆံကျိုးလေးတွေ ဒါတွေကိုဖြင့် ငါ မခြွင်းမချန် မှတ်မိတယ်၊ အောက်မေ့တယ်။

နင် ရှိခြင်း၊ မရှိခြင်းဟာ ငါ့အတွက် အရေးမကြီးတော့ဘူး ဖိုးညီ။ ဝေဒနာတွေကို တသသမွှေးယူပြီး စိတ်ဆာလေတိုင်း တစ်ဖွဲ့ချင်းဆီ ခြွေယူမယ်လေ။ ပြီးတော့လည်း နောက်တစ်ခါ ပြန်ပျိုးရဦးမှာပေါ့။ နင်ဟာ ငါ့အတွက် ဒြပ်ထု တစ်ခု ဆိုတာထက် မပိုတော့ဘူး။

ဖိုးညီရေ... ဒီနေ့ နင့်ကို အထူးလွမ်းပါလှတယ်။

(ရတီ၊ ဧပြီ၊ ၂၀၁၆)

✿

# သရက်ပွင့်ချိန်

(၁)

သည်နေ့ ပြာသိုလပြည့်နေ့ ဖြစ်သည်။ မကြာခင် ဆောင်းကုန်ရှော့မည်။ ရာသီဥတု ဖောက်ပြန်မှုကြောင့်ပေလား မသိ။ အနွေးထည် ခပ်ပါးပါး တစ်ထည်တောင် ဝတ်ထားစရာ မလိုလောက်အောင် အချမ်းပေ့ါလွန်းနေသည်။ လွန်ခဲ့သော ဆယ်စုနှစ်များစွာတုန်းက ပြာသို၊ တပို့တွဲ၊ တပေါင်းဆိုလျှင် အအေးဓာတ် မကုန်စင်သေး၊ နှင်းမြူခပ်ပါးပါး ကျနေဆဲ အချိန်ဖြစ်၍ ခိုက်ခိုက်တုန်အောင် ချမ်းနေဆဲမို့ အညာစောင်ကို လွှမ်းလျက် ရွာလမ်းထိပ်မှာ မီးလှုံထွက်ခဲ့ကြရဖူးသည်ကို အမှတ်ရမိသည်။

သည်တုန်းက သမီးက အတန်းတင်စာမေးပွဲ ဖြေဆိုရမည့် အချိန်နှင့် နီးကပ်နေချိန်မို့ သမီး စာကျက်ပြီးသည့် အချိန်အထိ အဖေက မီးလှုံရင်း စောင့်ခဲ့ရပါသည်။ အခုနေ ပြန်စဉ်းစားကြည့်ပြန်တော့လည်း ထိုနှစ်ကာလများသည်

မနေ့တစ်နေ့ကလိုပင်။ သမီးသည် မူလတန်း၊ အလယ်တန်း၊ အထက်တန်း စသည်ဖြင့် သည်လို အဆင့်ဆင့် အောင်မြင်ခဲ့ပြီး တက္ကသိုလ်တက်၊ ဘွဲ့ရပြီးလို့ တစ်နယ်တစ်ကျေးသို့ သွားရောက် အလုပ်လုပ်ပါရစေဟု ခွင့်ပန်လာတော့မှ အဖေသည် သူ ထွေးပွေ့ခဲ့ရသော နီတာရဲ သားတစ်ငယ်လေးသည် တကယ့် အရွယ်ရောက် သမီးပျိုတစ်ဦး ဖြစ်နေပြီမှန်း သတိထားမိတော့သည်။ အဝေးပျံငှက်သည် အသိုက်ကို သူ စွန့်ခွာလာခဲ့ရသည့် နေ့ရက်များကို ရေတွက်မိချင်မှ ရေတွက်မိပါလိမ့်မည်။ သို့သော် အဖေကတော့ မမေ့။ တိတိကျကျဆိုရလျှင် မွေးရပ်မြေကို စွန့်ပြီး ရန်ကုန်သို့ သမီးထွက်သွားခဲ့သည်မှာ ကိုးနှစ်နှင့် သုံးလကို ရက်စွန်းပြီဟု ရေရေရာရာ မှတ်မိနေသည်။

တိမ်သလ္လာကင်းစင်ပြီး ရာသီဥတုကလည်း သာတောင့်သာယာညမို့ သည်ညတော့ ခြံထဲသို့ အဖေ ဆင်းဖြစ်ခဲ့သည်။ ခြံဟုဆိုသော်လည်း ကျယ်ကျယ်ဝန်းဝန်း မဟုတ်လှ။ ပေလေးဆယ်၊ ပေခြောက်ဆယ် မြေကွက်ပေါ်တွင် သုံးပင်နှစ်ခန်းတွဲ အိမ်ကြီး ဆောက်ပြီး ရှေ့တွင် ပိုနေသော မြေကွက်လပ်လေးသာ ဖြစ်ပါသည်။ ခြံထဲသို့ ရောက်လျှင်ရောက်ချင်း အဖေ သတိပြုလိုက်မိသည်က လေနှင့်အတူ ဝေ့ဝဲပါလာသည့် ယဉ်ယဉ်လေးနှင့် သင်းနေသော အနံ့တစ်မျိုးကို ဖြစ်သည်။ ဘာအနံ့ဟု သိလိုက်သည်နှင့်တစ်ပြိုင်နက် အဖေ အားပါးတရ ပြုံးမိသည်။

သရက်တွေ ပွင့်ပြီပဲ။ သည်လိုအခါမျိုးဆိုလျှင် အဖေသည် သမီးကို အနားမှာ ရှိနှင့်စေချင်သည်။ အဆုပ်လိုက်၊ အအုံလိုက် ခဲနေအောင် ပွင့်နေသော သရက်ခိုင်များကို ကြည့်ပြီး သမီးနှင့်အတူ ပီတိခံစားလိုလှ၏။ သမီးငယ်ငယ်ကတော့ သရက်ပွင့်ချိန်ဆိုလျှင် သရက်ပင်ကိုင်းကို လှမ်းကိုင်မိနိုင်ဖို့ အဖေသည် သမီးငယ်ကို ချီပိုးပေးရပါသည်။ ကိုင်းအနိမ့်များတွင် စီရရီပွင့်နေသော သရက်ပွင့်များကို သမီးက အနီးကပ် မြင်လိုသတဲ့။ သမီးငယ် တဖြည်းဖြည်းကြီးလာတော့ သူ ချီပိုးစရာ မလိုတော့။ သရက်မပွင့်မီ သရက်ဖူးဘဝကတည်းက အဖူး စထွက်သည်ကို မြင်လိုက်သည်နှင့် အရင်မြင်သော သူက အိမ်တွင် ဦးအောင် သတင်းကြေညာမောင်းခတ်ရသည်။

"အဖေရေ.. သရက်တွေ ဖူးနေပြီ နောက်လဆိုရင် ပွင့်တော့မှာပဲ"

သမီးက ကဆုန်ပေါက်လျက် အိမ်ထဲသို့ ဝမ်းသာအားရ ဒရောသောပါး ဝင်လာပြီး ပြောလျှင် အဖေသည်လည်း လုပ်လက်စ အလုပ်ကို ပစ်ချထားခဲ့ကာ သမီးနဲ့အတူ အိမ်ရှေ့ အပင်ကို ထွက်ကြည့်ကြသည်။ ထို့နေ့လိုမျိုးဆိုလျှင် သူတို့ သားအဖ အလိုလိုနေရင်း မြူးနေတော့သည်။

ထိုသို့ အဖူးစထွက်ပြီဆိုသည်နှင့် အဖေနှင့် သမီးမှာ နေ့လည်း နေ့မို့၊ ညလည်း ညမို့ သည်သရက်ပင်ကို ငှက်၊ ယင်၊ ရှဉ့် မနားလေအောင်၊ မစားလေအောင် အရိပ်တကြည့်ကြည့် ရှိရတော့သည်။ သည်သရက်ပင်က နယ်နယ်ရရမျိုးတော့ မဟုတ်။ အသီးမှာ သရက်ဆိုသည့် ဂုဏ်အင်ကို အပြည့်အဝ ပေးနိုင်သည့် စိန်တစ်လုံးမျိုး ဖြစ်သည်။ အပွင့်ဘဝမှာကတည်းက တခြားသရက်မျိုးများ၏ အပွင့်လို အနံ့က စူးရဲခြင်း မရှိ၊ သင်းသင်းလေးနှင့် ယဉ်သည့် အနံ့မျိုး ဖြစ်သည်။ သီးပြန်တော့လည်း အလုံးလှ၏။ အသားထူ၏။ ချိုမြ၏။ အရည်ရွှမ်း၏။ အမျှင်ဟူ၍ မပါ။

သီးကင်းဘဝမှသည် ခူးချိန်ရောက်သည်အထိ အပင်ပေါ်တွင် သူ မင်းမူနေသည့် ကာလပတ်လုံး လေတိုက်လိုက်တိုင်း ရှစ်ခွင်တိုင်းဝယ် ချိုအီသည့် သူ့ရနံ့က တစ်မူထူးလှသည်။ အဖေတို့ အိမ်တွင် သူသည် တစ်ပင်တည်းသော သရက်ပင်။ ပြီးတော့ ကိုင်းကူး၍ စိုက်သော အပင်မဟုတ်ဘဲ အစေ့ဘဝကပင် ပျိုးယူလာခဲ့ရသော အပင်မို့ ဂရုတစိုက်ပြုစုလျှင် နှစ်ရှည်ခံနိုင်ပါသည်။ ထူးခြားသည်က သည်သရက်ပင်ကို သမီး မူကြိုကျောင်း စတက်သည့် နေ့တွင် အမှတ်တရအဖြစ် အဖေက စိုက်ခဲ့ခြင်း ဖြစ်ပါသည်။ ဒါကြောင့်လည်း သမီးရော အဖေပါ သည်သရက်ပင်ကို တွယ်တာလှပါသည်။

တကယ်တော့ သည်သရက်ပင်သာ မဟုတ်။ သတ္တလောကနှင့် သဘာဝအလှအပအပေါ် သမီးက စိတ်ဝင်တစား ရှိတတ်သည်၊ ခုံမင်ယစ်မူးတတ်သည်ကို အဖေ သတိထားမိသည်။ တစ်ခါတစ်ရံ 'ကြယ် ကြည့်ချင်တယ် ဖေဖေ။ သမီးကို ပုံပြောပြနော်' ဟု ဆိုလာလျှင် ညဥ့်နက်သန်းခေါင်လည်း အဖေသည် တစ်ဦးတည်းသော ရှုမငြီးသည့် သမီး၏ အလိုလိုက်လျက် ခြံထဲ ဆင်းကြသည်။ ကွပ်ပျစ်ပေါ်တွင် ခြေပစ်လက်ပစ်လှဲနေသည့် သမီးကို အသာအယာ ပြုံးကြည့်လျက် သမီး၏ နဖူးစပ်မှ ဆံယဉ်စများကို အသာပွတ်သပ်ကာ ကြယ်ညီလာခံ ခင်းနေကြသော ကြယ်တာရာစုံအကြောင်းကို ပုံပြင်လုပ် ပြောရလေသည်။

သမီး ကြီးလာတော့ ကြယ်ကြည့်ဖို့ရာ အဖေ့ကို တကူးတက မခေါ်တော့။ သူတစ်ယောက်တည်း တိတ်တဆိတ် ကြယ်ကြည့်ပြီး အကြည်ဓာတ် ယူရတာကို ပိုသဘောကျသည် ထင်သည်။ ကြယ်လည်း ကြယ်၊ ပန်းလည်း ပန်းမို့ သမီးသည် အလိုက်သည်းလှိုက် ခံစားတတ်လွန်းသူ ဖြစ်သည်။ သမီး တက္ကသိုလ်တက်တော့

သူ့ကျောင်းစာအုပ် နောက်ကျောပိုင်းတွင် တစ်ပိုင်းတစ်စ ရေးဖွဲ့ထားသော ကဗျာများကို ဖတ်ပြီး အသည်းနုလွန်းသော သမီးအတွက် အဖေ စိုးရိမ်ခဲ့ရသေးသည်။ သည်လို အသည်းနုပြီး မိဘရင်ခွင်အောက်က တစ်ရက်သော်မှ မခွဲဖူးသည့် သမီးသည် ရပ်ဝေးကို သွားမည်ဟု ဆုံးဖြတ်သည့်အခါ နိုင်မာပြတ်သားလွန်း နေပြန်သည်။ ဘယ်တတ်နိုင်မှာတဲ့လဲ။ သမီးကို ကျောင်းထားစဉ်ကတည်းက သူ့ကို ဝေးဝေးမြင့်မြင့် ပျံလို့ရအောင် အတောင်စတပ် ပေးလိုက်ပြီ ဖြစ်ကြောင်း အဖေ သတိပြုနှင့်ခဲ့ပါသည်။

"အလုပ်က မပိတ်ဘူး အဖေရယ်၊ ခွင့်ယူလို့ရတယ် ဆိုပေမယ့် ခွင့်အစား သမီးက ဘောနပ်စ်လိုချင်တာကိုး၊ သင်္ကြန်ရုံးပိတ်မှပဲ သမီး ပြန်လာတော့မယ်"

သမီးက ထိုသို့ ဆိုလာလေတိုင်း အဖေသည် ဘာမှ အတွန့်တက်မနေတော့ဘဲ သမီးကို လွမ်းသည့် စိတ်ကိုသာ အခါခါ ချိုးနှိမ်၍ ကြိုးစားမျိုသိပ်ရတော့သည်။ ဒါကြောင့် သရက်ပွင့်ပြီဆိုလျှင် အဖေ ထပ်တိုး ပျော်ရတော့သည်။ သရက်ပွင့်မည့် အချိန်ကို အဖေ မျှော်ရတော့သည်။ သရက်ပွင့်ချိန်ရောက်လာလျှင် သမီး ပြန်လာခါနီးပြီ။ ဘာလိုလိုနှင့် အခုတင်ပဲ သရက်ပွင့်သည့် ရာသီ တစ်ပတ်ပြန်ကျော့ လာချေပြန်ပြီ။

"ပြာသို၊ တပို့တွဲ၊ တပေါင်း၊ အခု ပြာသိုလဆိုတော့ နောက်နှစ်လခွဲ၊ သုံးလဆိုရင်ပဲ တန်ခူးရောက်တော့မယ်"

အဖေသည် လက်ချိုးရေတွက်ရင်း မျက်လုံးတွေ အရောင်လက်လာသည်။

"မမြင့်ရေ... မင်း သမီး ပြန်လာမှာက သင်္ကြန်ကျမှလား၊ ရက်စောပြီး ပြန်လာမှာလား"

အဖေသည် နှစ်စဉ် မေးနေကျ အမေးစကားကိုပဲ မရိုးတမ်း ထပ်မေးပြန်သည်။

'သင်္ကြန်မှပဲ ရုံးပိတ်တာကို... သင်္ကြန်မှပဲ ပြန်လာမှာပေါ့"

အမေကလည်း ဖြေနေကျ စကားကိုပဲ ဖြေသည်။ သို့ပေမဲ့ အဖေ စိတ်ခတ်မကျ။ တပြုံးပြုံးနှင့် ပြုံး၍သာ နေတော့သည်။

သည်လိုတော့လည်း အဖေသည် သူ့အမေကို သတိရမိသွားပြန်သည်။

"အမေကလေ... သားပြောတဲ့ အင်္ဂလိပ်တွေကို မသိပါဘူး၊ မမှတ်လည်း မမှတ်တတ်ပါဘူး သားရယ်... ဒါပေမဲ့ ကျွန်းတွေ ပွင့်တဲ့ ရာသီရောက်ရင် ငါ့သား ပြန်လာတော့မှာလို့ အမေ အမြဲမှတ်ထားတယ်"

အခုမှပဲ အဖေသည် မိခင်၏ အလွမ်းစိတ်ကို စာနာနိုင်တော့သည်။ အဖေက ဝန်းသိုဇာတိ၊ ကျောင်းတက်တော့ ရန်ကုန်တက္ကသိုလ်မှာ။ စက်တင်ဘာ လဆိုလျှင် သူတို့ ဝန်းသိုဝန်းကျင်ရှိ မိုင်းသုံ့တောင်ကြောတစ်လျှောက် ကျွန်းတော ကြီးတွင် ဝါထိန်ဝင်းတောက်နေအောင် ကျွန်းပွင့်များ ပွင့်ကြလေပြီ။ စိမ်းညို့နေ သော ကျွန်းတောများကြားတွင် ရွှေပွင့်လွှာများသဖွယ် ဝင်းခနဲလက်ခနဲ တောက်ပ နေသော ကျွန်းပွင့်များလိုပင် နွေကျောင်းပိတ်ရက်ထက် နှစ်လယ်စာမေးပွဲ အပြီး တခုတ်တရ ပြန်လာတတ်သော သူ့ကို ဆီးကြိုထွေးပွေ့တတ်သည့် အမေ့ အပြုံးများသည်လည်း လင်းလက်လွန်းလှပါဘိ။

ကျွန်းပွင့်များသည် အမေ့အတွက် ခွန်အားများ၊ ပီတိများ၊ မျှော်လင့်ချက် များကို ဆောင်ယူပေးလာ တတ်ကြသည်။ ထို့ကြောင့်ပင် ကျွန်းများ ပွင့်သည့် ရာသီ ရောက်လျှင် အမေသည် သူ့သား ကြိုက်တတ်သော ဆတ်သားခြောက်များ၊ ခရမ်းသီးခြောက်များ စတင် စုဆောင်းယူသည်။ သူ့သားငယ် စက်တော်ခေါ်ရာ ဗိမာန် အခန်းကျဉ်းလေးကို ရှင်းလင်းတော့သည်။ ခန်းဆီးများ အသစ် လဲသည်။ စောင်၊ ခေါင်းအုံးစွပ်ကို ထပ်ခါ လျှော်ဖွပ်သည်။ အမေသည် ထိုထိုသော ဝတ္တရား တို့ကို ဘုရားပေးသည့် ဆုလာဘ်သဖွယ် နှစ်သက်စွာ ခံယူဆောင်ရွက်တတ်ပါ သည်။ အမေ့လိုပင် သူသည်လည်း ယခုအခါ သမီးအတွက် ပြင်ဆင်ရပေတော့မည်။ သမီး... ထို့အပြင် နောက်ထပ် ပွားစီးလာသည့် သူ့မြေးလေးများ။ ဇာတိမြေသို့ အလည်လာခိုက် မိဘအိမ်တွင် သူတို့လေးတွေ ပျော်ရွှင် ချမ်းမြေ့အောင် အဖေ စီမံပေးရတော့မည်။

(၂)

ရန်ကုန်လို မြို့တော်ကြီး ဆိုသည်မှာ အဖေတို့ တောရွာလို မဟုတ်။ အစစ အရာရာ တိုရှေ့ရှားရှေ့ ရှိပါဘိ။ ကလေးများ ရောက်ခိုက်တွင် အသီးအနှံ လတ်လတ် ဆတ်ဆတ်၊ ဟင်းသီးဟင်းရွက် စိမ်းစိမ်းစိုစို၊ သားငါး ပုစွန် ပေါပေါများများ

အဖေ ကျွေးမွေးလိုလှသည်။ လယ်ကွင်းများကို ဖြတ်သန်းတိုက်ခတ်လာသည့် စပါးရနံ့သင်းသော လေကို ကလေးများ အားပါးတရ ရှူရှိုက်စေလိုသည်။ နေပူစပ်ခါး ကိုးကျင်း ကိုးကြောင်း လျှောက်၍ လည်ပတ်လို့ အားရပြီးခါမှ အိမ်သို့ ပြန်လာသူတို့ကို သဲစိုတွင် နှစ်ထားသော ပြာသိုအိုးထဲက အေးမြသန့်စင်သည့် ရေကြည်တို့နှင့် အဖေ ဧည့်ခံလိုလှသည်။ သည်လို သဘာဝနှင့် တစ်သားတည်း ကျသည့် နေထိုင်မှုမျိုးကို သူ့သမီး အဘယ်မျှလောက် နှစ်ခြိုက်သည်ကို အဖေ ကောင်းစွာ သိထားပါသည်။ ထို့ကြောင့် သရက်ပွင့်တို့သည် အဖေ့ကို ဧည့်သည်များအတွက် ပြင်ဆင်စရာ ရှိသည်များ ကြိုတင်ပြင်ဆင်ရန်၊ စုဆောင်းရန် တပ်လှန့်သည့် ရှေ့ပြေးနိမိတ် ဖြစ်သည်။ တပ်လှန့်ခံရသည့် နောက်ဆက်တွဲက အဖေ့မှာ သရက်သီးနှင့် ပတ်သက်လျှင် စိုးရိမ်သောကပိုရခြင်း ဖြစ်သည်။

သရက်ဖူးစတွင် အဖူးငယ်လေးများကို ထိုးဆိတ်စားသောက်ကြသော ငှက်များနှင့် အဖေ ရန်ဖြစ်ရသည်။ သရက်ကင်းဘဝသို့ ရောက်ပြန်တော့လည်း ထိုငှက်များ၏ ရန်က မအေးပြန်သေး။ သရက်သီး အလောတော် အရွယ်ရောက်ပြန်တော့ ရှဥ့်ကိုက်မှာ ကြောက်ရ၊ ဆိတ်ကျောင်းသားများ၏ လောက်လေးခွဒဏ်ကို လန့်ရနှင့် အဖေ့မှာ စိုးထိတ်နေရသည်။ ရာသီဥတု အပြောင်းအလဲကို ကြည့်၍ လည်းကောင်း၊ သူ့လို သရက်ပင် ကိုယ်ပိုင်ရှိသော မိတ်ဆွေများနှင့် စကားစပ်မိရာမှ သူတို့သရက်ပင်များ၏ အရိပ်အခြည်ကို စနည်းနာခြင်းဖြင့် လည်းကောင်း သည်နှစ် သရက်သီးအထွက်နှုန်း မည်သို့ ရှိနိုင်မည်ကို ခန့်မှန်းတွက်ချက်ရသော အလုပ် အဖေ့တွင် ပိုလာပြန်သည်။

သရက်သီးကို ရှဥ့်မကိုက်၊ ယင်မနားဘဲ အလုံးလှစေလိုလျှင် ခြင်းစွပ်ငယ်များ အုပ်ရသည် ဆိုကြ၍ အဖေ့မှာ လုပ်ရပြန်သည်။ အားဆေးကျွေးလျှင် သရက်သီး အထွက်နှုန်း တိုးသည်ဟု ဆိုကြပြန်လျှင်လည်း အဖေ့မှာ စိုက်ပျိုးရေးပစ္စည်း အရောင်းဆိုင်တွင် မေးမြန်း၍ စမ်းလုပ်ကြည့်ရသည်။ သရက်ကိုင်းကို ချိုင်လျှင် အချိုင်မတော်ပါက သရက်မျိုး ကန်းသွားတတ်သည်ဟု ကြားဖူးနားဝ ရှိသဖြင့် သည်သရက်ပင်နှင့် ပတ်သက်လျှင် အဖေ့မှာ သတိကြီးစွာ ထားရသည်။ ထို့ကြောင့် ပိုးမွေးသလို မွေး၍ ပျိုးယူခဲ့ရသော သရက်ပင်လေးမှ သရက်သီးများအတွက် အဖေ့မှာ အာမခံချက် ကောင်းကောင်း ရှိပါသည်။

"သမီးတို့ ရန်ကုန်မှာ စိန်တစ်လုံးဆိုရင် ဘယ်လောက် ပေးရလဲ။ ငါးရာလား၊ တစ်ထောင်လား သူတို့တွေ ဘယ်လောက်ချိုချို အဖေ့ သရက်သီးလောက်ကောင်းမယ် မထင်ပါဘူး အဖေက ပိုးသတ်ဆေး မဖျန်းဘူး၊ အသီးမှည့်စေတဲ့ဆေးတွေ မအုပ်ဘူး ဒါ့အပြင် ငါ့သမီးအတွက် အဖေ ရည်မှန်းပြီး မေတ္တာနဲ့စောင့်ရှောက်ခဲ့ရတဲ့ အပင်မို့ ဉပါဒ်ကင်းတယ် သမီးရေ... အသီး ချိုပုံမွှေးပုံက တခြား သရက်သီးထက် အပုံကြီး ကွာပါတယ်"

တန်ခူးနှောင်းပိုင်းတွင် အသီးဆွတ်ပြီး၍ ရန်ကုန်သို့ ကားဂိတ်ကတင်ပို့ပြီးလေတိုင်း သမီးနှင့် ဖုန်းပြောကြလျှင် အဖေသည် သည်စကားကိုဂုဏ်ယူစွာဖြင့် ဆိုတတ်ပါသည်။ 'အဖေကတော့လေ... ကိုယ့်ငါးချဉ်ကိုယ်ချဉ်တယ်ဆိုသလို ကိုယ့်သရက်သီး ကိုယ်ချိုနေပြန်ပါပြီ' ဟု သမီးကတောင် သတိပေးယူရသည်။ သို့ပေမဲ့ ပြောလို့ ပြောတာမဟုတ်။ အဖေ့သရက်သီးကလည်းညွှန်းရလောက်အောင်ပင် ထူးခြားကောင်းမွန်လှ၏။ တစ်ပင်တည်းရှိသော သရက်ပင်ဟု ဆိုလင့်ကစား နှစ်စဉ် အလုံးတစ်ရာကျော် သီးတတ်သည်။ တမြန်နှစ်က အလုံး ၇၀ လောက်သာ သီးတော့ သူ့အပင် သေတော့မည်ထင်ပြီး အဖေ့မှာထိတ်ထိတ်ပျာပျာ ဖြစ်ရသေးသည်။ နောက်နှစ်တွင် အသီးအထွက်နှုန်း ပုံမှန်အနေအထားပြန်ရောက်တော့မှ စိတ်သက်သာရာ ရတော့သည်။

အသီးဘယ်လောက်ရှိပါစေ အဖေသည် သမီးထံသို့ သုံးပုံနှစ်ပုံလောက်ပို့ပေးတတ်ပြီး ကျန်သရက်သီးများကို ဘုရားဆွမ်းတော်တင်ရန်နှင့် သူတို့အဘိုးကြီး၊ အဘွားကြီး နှစ်ဦးစာအတွက် စားရန် ချန်ထားတတ်ပါသည်။ သရက်သီးကြိုက်ပုံက သူနှင့် သမီး တူလှသည်။ သရက်သီးသည့် ရာသီဆိုလျှင် တခြား ဟင်းရဲ၊အသားဟင်း မလိုအပ်။ သရက်သီးနှင့်သာ ထမင်းစား မြိန်လှသည်။

'သရက်သီးက အသီးတင် အရသာရှိတာ မဟုတ်ဘူး သမီးရဲ့။ ကျန်းမာရေးအတွက်လည်း ကောင်းတယ်။ အာဟာရဓာတ်ပါတယ်။ ဝမ်းအေးတယ်၊ ရင်ချောင်တယ်' ဟု အဖေက အမြဲဆိုတတ်သည်။ ကိုယ်တိုင်ကလည်း သရက်သီးကိုခုံမင်လှသည်က တစ်ကြောင်း၊ အဖေကလည်း သူ့သရက်ပင်ကို တန်ဖိုးထားလွန်းသည်က တစ်ကြောင်း ရန်ကုန်သို့ သရက်သီးများ ရောက်လာလျှင် သမီးသည် အဖေ့သရက်သီးကို အစဉ်အလာမပြတ် ဘယ်လိုကောင်းကြောင်း ချီးမွမ်းခန်း ဖွင့်ပေးရသည်။ ပိုပိုသာသာဆိုသည့် စကားများ ဖြစ်လင့်ကစား သည်ဟာကိုပင် အဖေ့မှာ

ကျေနပ် လို့မဆုံးတော့။ တကယ်တော့ သရက်ပင်သည် သရက်ပင် သက်သက်သာ မဟုတ်။ သမီးနှင့် အဖေတို့အကြား နှောင်ကြိုး ဖြစ်ပါသည်။ ဆယ်စုနှစ် နှစ်ခုကျော် စာ လေဒဏ်၊ မိုးဒဏ် ကြံ့ကြံ့ခံခဲ့သော ထိုသရက်ပင်သည် သူတို့မိသားစုဘဝ ဖြတ်သန်းမှု၏ တစ်စိတ်တစ်ပိုင်းဟုဆိုလျှင်လည်း မမှားပေ။

(၃)

သို့သော် သည်နှစ်တော့ သည်သရက်ပင် ထင်တိုင်း မပေါက်နိုင်တော့။ ပြာသို လအတွင်း လှိုင်လှိုင်ပွင့်ခဲ့သော သရက်ပွင့်များသည် လေပြင်းကြောင့်တစ်ဖုံ၊ ပိုးကိုက်၍ တစ်မျိုး၊ ငှက်ခြေသဖြင့် တစ်နည်း ကြွေကျခဲ့ရသည်။ သည်တော့ သရက်ပွင့်မှ သရက်ကင်းဘဝသို့ ရှောရှောရှူရှူရောက်လာသော သီးကင်းများ အနည်းငယ်သာ ရှိသည်။ သီးကင်းဘဝတွင် အကြွေစောသည်များ ရှိပြန်တော့ အလုံးငါးဆယ်လောက်တောင် ကျန်ပါ့မလားဟု စိုးရိမ်ရပြန်သည်။

မျှော်မှန်းသည့်အတိုင်း သရက်သီး မသီးနိုင်ခဲ့သလို သည်နှစ်တွင် သမီး သည်လည်း အဖေ မျှော်လင့်သလို ပြန်မလာနိုင်ခဲ့ချေ။ နှစ်ကူးတော့ ပြန်လာမြဲ အတိုင်း လာလေမလားဟု သမီးကို အဖေ မျှော်လင့်ခဲ့သေးသည်။ 'သိပ်မအားလှ ဘူး အဖေရယ်' ဟူသော တုံ့ပြန်စကားမှအပ ဘာမျှ သိခွင့်မရခဲ့ပေ။ သို့သော် သူ သမီး၏ စကားလုံးအလုံးတိုင်းနှင့် အသံအဖြတ်အတောက်၊ သက်ပြင်း အရှိုက်အချ တို့ကို ဂရုတစိုက် နားထောင်တတ်သော အဖေသည် သမီး၏ ရင်တွင်းအပူများကို အလုံးစုံ မသိသော်ငြား ကူးစက်ခံစားမိပါသည်။

သမီး မလာနိုင်သော်လည်း ဝတ္တရားမပျက် သမီးအတွက် သရက်သီး များကိုမူ ပို့ပေးရချေဦးတော့မည်။ ညနေခင်းက သရက်သီးများ အားလုံးကို အပင်ပေါ်ကနေ ဆွတ်ယူလိုက်တော့ အဖေ အားလျော့စွာ တွက်ထားခဲ့သည့် အတိုင်း စုစုပေါင်း ငါးဆယ့်လေးလုံးသာ ရသည်။ မနက်ဖြန်မနက် ကားနှင့် သမီး ထံသို့ ပို့ရန်အတွက် လှပေ့ကောင်းပေ့ဆိုသော အလုံးလေးဆယ်ကို သီးသန့် ရွေးထုတ်ထားပြီး ဖြစ်သည်။

သည်လိုအချိန်မှ သမီးထံက စာကို လူကြုံထံမှတစ်ဆင့် လက်ခံရရှိ သည်။ ဖုန်းနဲ့ အမြဲဆက်သွယ်နေတတ်သော သမီးသည် သည်လို စာတစ်တန်

ပေတစ်ဖွဲ့ ရေးလာသည်ကို ထောက်ချင့်၍ အဖေ့မှာ စိတ်ထင့်ရသည်။ စာအိတ်ကို လက်ဖြင့် ဆကြည့်တော့ ထူထူထဲထဲ ရှိသည်။ အဖေ့မှာ အသက်ရှူသံပင် မမှန်ချင်တော့။ စာကို ဖွင့်၍ ဖတ်တော့ စာ၏ နိဒါန်းပိုင်းသည် အဖေတို့၊ အမေတို့ အဆင်ပြေသလား၊ နေကောင်းလား၊ သမီးတို့ မိသားစုလည်း ကျန်းမာကြပါတယ် စသည်ဖြင့် ရေးရိုးရေးစဉ်အတိုင်းမို့ ထူးခြားမှု မရှိ။ သည့်နောက်တွင်တော့ သမီး၏ စကားလုံးများသည် လှိုင်းတံပိုးများသဖွယ် နိမ့်ချည် မြင့်ချည် လူးခပ်နေသည်။ စာလုံးများအစား သူ့သမီးက သူ့အနားဝယ် ဆောင့်ကြောင့်ထိုင်ကာ ပြောပြနေသည့်အလား သမီး၏ ညှိုးငယ်သော အသွင်နှင့် အသံများကိုသာ ကြားယောင်လာပါ တော့သည်။

"အဖေ... လူ့လောက ရလာတာဟာ ကျွဲလို၊ နွားလိုရုန်းပြီး အချိန်တန်ရင် သေရတာကလွဲလို့ ဘာမှ အဓိပ္ပာယ်မရှိပါဘူး၊ ဒီရက်ပိုင်းမှာ လူဖြစ်ကျိုးနပ်တယ် ဆိုတဲ့ စကားကို သမီးစဉ်းစားမိတိုင်း သိပ်ဝမ်းနည်းတာပဲ၊ အဖေတို့၊ အမေတို့က သမ္မာအာဇီဝနဲ့ ရှာဖွေပြီး ခြစ်ခြစ်ခြုတ်ခြုတ်စုပြီး သမီးကို ပညာသင်ကြားပေးခဲ့ပေမယ့် အဲ့ဒီပညာနဲ့ သမီး လူတန်းစေ့အောင် မနေနိုင်တာကို တွေးလိုက်တိုင်း သိပ်ရှက်တာပဲ၊ ရတဲ့ ဘွဲ့လေးနဲ့ စာရေးစာချီ ကုမ္ပဏီဝန်ထမ်းလုပ်ပြီး လခလေး တစ်လ တစ်သိန်းခွဲစွန်းစွန်းလောက်သာရတာ... ဝမ်းဝဖို့ မပြောနဲ့ အဖေရယ်၊ မသေရုံတစ်မည် ထမင်းနပ်မှန်ဖို့ မနည်းကို ရုန်းကန်နေရတာပါ"

အဖေ့ အသည်းနှလုံးသည် ကျဉ်ခနဲ ဖြစ်သွားသည်။ ဟုတ်တာပေါ့။ သူတို့တောင် ပင်စင်လစာလေး၊ ငွေတိုးပေးလေးနှင့်ပေမယ့် တောနေတောထိုင်မို့လို့သာ စရိတ်စက မကြီးမားခြင်းကြောင့် လောက်ငရုံရှိသည်။ သမီးတို့လို မြို့ကြီးပြကြီး နေသူများအဖို့တော့ ခက်ခဲပေတော့မပေါ့။

"အဖေ့သမက်နဲ့ သမီး နှစ်ယောက်ပေါင်းမှ ရတဲ့လစာက သုံးသိန်းကျော်လောက်၊ ခုနစ်ထပ်တိုက်ရဲ့ အခန်းကျဉ်းလေး တစ်ခန်း ငှားခကိုက တစ်လတစ်သိန်းနီးပါး ဖြစ်နေတာ၊ ကိုယ်ပိုင်အခန်း ဝယ်နိုင်ဖို့ဆိုတာ ဝေးလို့ အဖေရယ်၊ ခြောက်လ တစ်ခါ အခန်းငှားသက်တမ်းပြည့်ရင် အသိုက်ပျောက်ငှက်တွေလိုပဲ ဘယ်ဆီဘယ်ဝယ် လွင့်ရမှန်း မသိဘူး၊ အဖေ သတိထားမိမှာပေါ့၊ သမီးလေ အဖေတို့ကို တစ်လတစ်ကြိမ် လှမ်းကန်တော့ဖို့ နေနေသာသာ အဖေတို့ဆီကို တစ်နှစ်တစ်ခေါက် ပြန်လာရင်တောင် သမီး ဘယ်မှာ ကန်တော့နိုင်လို့လဲ၊ အဖေက

မသိချင်ယောင်ဆောင်နေပေမယ့် သမီး စိတ်မလုံပါဘူး အဖေရယ်၊ သမီး သားလေး နှစ်ယောက်ကို ကြည့်လိုက်ပြန်တော့လည်း ပိုးဟပ်ဖြူလေးတွေလိုပဲ၊ သူတို့အတွက် ကဗျာတေးတွေ သမီး မသီကြွေးပြနိုင်ဘူး၊ ကစားဖို့ အိမ်ရှေ့တလင်းကိုလည်း မဖန်တီးပေးနိုင်ဘူး၊ အာဟာရ တင်းပြည့်နေအောင်လည်း သမီးမကျွေးနိုင်ဘူး အဖေရယ်၊ သမီးဟာ ကြွေးဟောင်းကိုလည်း မကျေ၊ ကြွေးသစ်ကိုလည်း မချနိုင်သူ ဖြစ်နေပါပြီ၊ ည လူခြေတိတ်ချိန်ဆိုရင် ဘာအပူအပင်မှမရှိဘဲ အိပ်နေတဲ့ ကလေး တွေ မျက်နှာကို ကြည့်တိုင်း သမီး အော်ဟစ်ပြီး ငိုပစ်လိုက်ချင်တယ်၊ ဒီလကုန်ရင် အခန်းလခက ဈေးတက်ပြန်ပြီ၊ တစ်သိန်းနှစ်သောင်းတဲ့၊ ဒါ နေဖို့သက်သက်ပဲ ရှိသေးတယ်၊ နေ့စဉ်နဲ့အမျှ စားသောက်ရတာ၊ သွားလာရတာတွေမှာ ကျပ်တည်း တာတွေကိုများ ထည့်ပြောမယ်ဆိုရင် သမီး ရင်ထဲမှာ တစ်ဆို့နေတာပဲ၊ သမီးလေ... အဲ့ဒီလိုအခါမျိုးဆိုရင် အဖေ့ကို တအားဖက်ထားပြီး အရမ်းငိုပစ်လိုက်ချင်တဲ့ စိတ်မျိုး ဖြစ်မိတယ်၊ လွန်ခဲ့တဲ့ နှစ်နှစ်ကျော်ကတည်းက အဖေ့ဆီ ပြန်လာတိုင်း သမီးမှာ ရင်ဖွင့် ငိုချလိုက်ချင်တဲ့ စိတ်တွေက ထိန်းမနိုင်သိမ်းမရပဲ၊ ဒါပေမဲ့ တောင်မင်းကို မြောက်မင်း မကယ်နိုင်တဲ့ အခြေအနေမှာ သမီး အံကြိတ်ထားရမယ် မလား၊ အခုတော့ သမီး မခံစားနိုင်တော့ဘူး အဖေရယ်၊ သမီး ငိုပါရစေတော့"

သမီးသည် စာရေးနေရင်း မျက်ရည်ကျနေခဲ့သည်ထင့်။ စာရွက်ပေါ် တွင် မင်များ ပြန့်နေသည်။ အဖေ၏ နှုတ်ခမ်းများ တုန်ယင်လာသည်။ မျက်နှာ အိုကျသွားသည်။ 'ဩော်.. သမီးလေး.. တစ်သက်လုံး ကလေးတစ်ယောက်လို မိဘရင်ငွေ့အောက်မှာ သောကကင်းကင်း လွတ်လွတ်လပ်လပ် ကြီးပြင်းခဲ့ရတဲ့ ကလေး၊ ခံစားလွယ်တတ်တဲ့ ငါ့သမီးလေးကျမှ ဆင်းရဲဒုက္ခကြီးလိုက်တာ' ဟု ကရုဏာသက်မိသည်။

"သမီးရဲ့ စိတ်တွေဟာ တစ်နေ့တစ်ခြား ခက်ထန်လာတယ် အဖေရယ်။ ဘာသာရေး အဆုံးအမနဲ့ အမြဲနေလာတဲ့ သမီးဟာ ခုဆိုရင် ခြွေတာချင်ဖေနဲ့ ဘုရားပန်းတင်ဖို့တောင် မသိချင်ယောင်ဆောင်နေတတ်ပြီ၊ ပညာရဲ့ တန်ဖိုးတို့၊ လူသားဂုဏ်ရည်တို့ ကံ ကံ၏ အကျိုးတို့ အဖေ ဆိုဆုံးမခဲ့တာတွေဟာ တစ်ခါတစ်ရံ မှာ သမီးအတွက် ဟာသတွေ ဖြစ်နေပြီလေ၊ သမီး ဘာကိုမှ မယုံကြည်တော့ဘူး၊ တစ်ခါတစ်လေ စိတ်သက်သာရာရမလားလို့ ညကျရင် တိုက်ခေါင်မိုးပေါ်တက်ပြီး ကြယ်တွေ ကြည့်ဖို့သမီး ကြိုးစားပါသေးတယ် အဖေရယ်၊ ကြယ်တွေကို ကြည့်တော့ ကြည့်တာပဲ၊ ဒါပေမဲ့ သူတို့ကို သမီး မမြင်ရတော့ဘူး၊ 'မနက်ဖြန်ကျရင်' ဆိုတဲ့

အတွေးတွေ ဝင်လာတာနဲ့ သမီးမှာ ယောက်ယက်ခတ်ပြီး သောကပွေရတော့တာပဲ၊ အဲဒါနဲ့ပဲ သမီး မြင်ကွင်းထဲမှာ ကြယ်တွေ ပျောက်ကုန်တယ်၊ ဒါမှမဟုတ် သမီး မျက်လုံးမှာ ကြယ်တွေ ကန်းကုန်ပြီထင်ပါရဲ့ အဖေရယ်၊ သမီးတို့တွေဟာ ဘာအတွက် လူဖြစ်လာကြရတာလဲ အဖေရယ်.. ဘာအတွက် လူဖြစ်လာကြရတာလဲ"

အဖေသည် စာကို ဆက်ဖတ်နိုင်စွမ်း မရှိတော့။ တုန်ချည့်စွာနှင့် စာကို ခေါက်လျက် စားပွဲပေါ်သို့ တင်လိုက်သည်။ သက်ပြင်းပူများ မှုတ်ထုတ်ကာ အိမ်ထဲတွင် လူးလာခေါက်တုံ့ပြန် လျှောက်လျက် သမီးကို ထောက်ပံ့နိုင်မည့် နည်းလမ်းကို ကြံဆတော့သည်။ ဖြစ်နိုင်လျှင် သူ့သမီးလေးရှိရာသို့ အခုချက်ချင်း အပြေးလိုက်သွားပြီး နှစ်သိမ့်လိုက်ချင်သည်။ သို့ပေမဲ့ ဒါကလည်း လက်တွေ့မကျသေး။ နှစ်သိမ့်လိုက်လို့လည်း သမီး၏ ဝေဒနာသည် လျော့ပါးသွားဖွယ် မရှိ။ သည်အိမ်နဲ့ခြံဝိုင်းကို ရောင်းလိုက်ရမလား၊ သို့မဟုတ် သမီးတို့ကို ရွာသို့ ပြန်ခေါ်ရမလား။ အဖေ အကြံအိုက်လျက် ရှိသည်။ ချွေးစေးများပြန်ပြီး မောဟိုက်နေသော အဖေ့ကို အမေက ခပ်လှမ်းလှမ်းကနေ ကြည့်ပြီး အကဲခတ်နေသည်။ တစ်အောင့်နေတော့ အဖေသည် အမေ့ဘက်သို့ လှည့်ကာ တုန်ယင်စွာ ပြောလိုက်သည်။

"မမြင့်ရေ… မနက်ဖြန်ကျရင် ဘုရားဆွမ်းတော်တင်ဖို့ သရက်သီး သုံးလုံးလောက် ချန်တာကလွဲလို့ ကျန်တာတွေ အကုန်လုံး သမီးတို့ဆီ ပို့လိုက်ပါကွယ်"

ကြယ်ကိုတောင် မြင်နိုင်စွမ်း မရှိတော့သော သူ့သမီးလေးသည် အဖေ၏ မေတ္တာစာတ်ဖြင့် လွှမ်းခြုံထားသော သရက်သီး၏ အရသာကိုတော့ ခံစားနိုင်စွမ်း ရှိပါစေဟု အဖေ မျှော်လင့်မိသည်။ အဖေ့ထံတွင် သမီးအတွက် ဆန္ဒ ဆုတောင်း၊ မေတ္တာနှင့် သရက်သီးသာလျှင် ပေးရန် စွမ်းသာပါသည်။

ကလျာ၊ မတ်လ၊ ၂၀၁၆ ခုနှစ်

✿

# အညတရ မမထွေး

ကျွန်မမှာ မမထွေးအကြောင်းကို စဉ်းစားမိလျှင် မသိမသာ မျက်မှောင်ကြုတ်ကာ လေးနက်သော ဟန်ပန်မျိုးလည်း ဖြစ်သွားရတတ်သည်။ တစ်ခါတစ်ရံတွင်မူ သက်ပြင်း ဖြည်းညင်းစွာ ချမိသလို ခပ်တွေတွေ ဖြစ်သွားရသော အခိုက်အတန့်များလည်း ရှိတတ်ပါသည်။ ပြတင်းတံခါးမှ လိုက်ကာ ခန်းဆီးအစများကို ဘေးဖယ်တွန်းလျက် ဝန်းကျင်ရှိ လေနုအေး၏ အရသာကို တစိမ့်စိမ့်ခံစားရင်း မမထွေးကို တမ်းတမိသည့် အခါမျိုးတွင်မူ လေဟာနယ်ထဲတွင် လွင့်မျောသွားသည့်အလားနှလုံးဝိညာဉ်လေး ပေါ့ပါးလွတ်လပ်သွားသယောင် အကြည်ဓာတ်ကို ဖမ်းယူခံစားမိသည်။ တကယ်တော့ မမထွေးကို ကျွန်မ စိတ်ဝင်စားမိသည်မှာ သူ လူဝင်စားဖြစ်သည်ဆိုသော အချက်နှင့်လည်း သက်ဆိုင်ပါသည်။

မမထွေးဟာ တစ်မိတည်း၏ ဝမ်းတွင် သုံးဘဝဆက်တိုက် သန္ဓေတည်ကာ လူ့ဘဝကို အလည်လာခဲ့သူ တဲ့။ ထိုယုံတမ်းစကားသည် မမထွေး အပေါ်ကျွန်မ၏အာရုံပိုမို တိမ်းညွတ်ရန် အကြောင်းရင်းခံ ဖြစ်ခဲ့သည်။ ဤသို့ဖြင့် ကျွန်မ

ကလေးဘဝတွင် မမထွေးအကြောင်းသည် အိပ်ရာဝင်ပုံပြင် ဖြစ်ခဲ့ရသည်။ ဘာကြောင့်ရယ်တော့ မသိ။ မမထွေးနှင့် ဆုံလေတိုင်း အလွမ်းမိုးခံထားရသလို ခံစားမိသည်။ မမထွေးနှင့် စကားလက်ဆုံကျဖို့မပြောနှင့်၊ သူ့မျက်နှာကို မော်ကြည့်ရန်ပင် ကျွန်မမှာ မဝံ့မရဲ။ သူ့မျက်စိရှေ့အောက်ကနေ ဖြတ်လျှောက်ရမည် ဆိုလျှင် လူက အလိုလိုနေရင်း ရှိန်နေသည်။ တစ်ခါတလေတော့လည်း အမှုမဲ့အမှတ်မဲ့ သဘောဖြင့် မမထွေးကို ကျွန်မ ငေးကြည့်နေမိတတ်သည်။ ထိုအခိုက် မမထွေးက ဖျတ်ခနဲ မျက်လုံးဝင့်ကြည့်လိုက်လျှင်မူ ကျွန်မမှာ ကပျာကယာ မျက်လွှာချကာ သူခိုး လူမိသလို အရှက်ကြီးရှက်မိကာ သူနှင့်ဝေးရာကိုသာ ထွက်ပြေးလိုလှသည်။ သို့ပေမဲ့ ကွယ်ရာမှာတော့ စကားကြုံလေတိုင်း မေမေ့ကို မမထွေးအကြောင်း ပြောပြဖို့ရာ အကြိမ်ကြိမ် ပူဆာမိသည်။

မမထွေးသည် ဘဘလှနှင့် မေမေရီတို့၏ သမီးအငယ်ဆုံး ဖြစ်သည်။ သမီးမိန်းကလေးချည်း သုံးယောက်ရှိနှင့်ပြီးရာ နို့ညှာနှင့် ငါးနှစ်ခြားကာ မွေးမည့်ကလေးကို ဘဘလှတို့က ယောကျ်ားလေးဖြစ်ရန် မျှော်မှန်းခဲ့ကြသည်။ သို့သော် သမီးလေး ဆိုတော့လည်း အချစ်ပိုရသည်ပဲ။ ဖြစ်ချင်တော့ ကလေးခမျာ အဖျား ကြီးကာ သုံးလသာ အသက်ရှင်ခွင့် ရခဲ့သည်။ ကလေးငယ်ကို သုသာန်တွင် သင်္ဂြိုဟ်ပြီး ပြန်လာတော့ မေမေရီဟာ တစ်ပတ်ခြားတစ်ခါလောက် တစ်လခန့် အိပ်မက်မက်သတဲ့။

သူ့အိပ်မက်တွင် ဂါဝန်ဖြူဝတ်ထားသည့်သမီးငယ်လေးခမျာ အိမ်တံခါး ကို နာနာခေါက်ကာ အိမ်ထဲသို့ ဝင်ခွင့်တောင်းသည်။ မိုးကလည်း ခပ်သည်းသည်း ရွာနေသဖြင့် နောက်ဆုံး မေမေရီက တံခါးဖွင့်ပေးခဲ့ရသည်တဲ့။ ဒါကတော့ လူဝင်စား ဇာတ်လမ်းတော်တော်များများတွင် ကြားရလေ့ရှိသော ဇာတ်အဖွင့်မျိုး ဖြစ်နေ သဖြင့် ထူးဆန်းလှသည် မထင်မိ။ သည်လိုနှင့် မေမေရီမှာ နောက်တစ်ကြိမ် ကိုယ်ဝန်ဆောင်ပြီး မွေးရပြန်တော့လည်း သမီးလေးပဲ ဖြစ်နေခဲ့သည်။ သည် ကလေးကတော့ လူ့လောကတွင် နှစ်ခါလည်လောက် နေခွင့်ရခဲ့သည်။ အခါလည်၌ ခြေမခိုင်သေးသော်လည်း တတောက်တောက်နှင့် ပြေးတတ်သောအရွယ်တွင် ထိုသမီးငယ်သည် ဆန်အိတ်ပိ၍ သေရပြန်သည်။ မေမေရီတို့၏ မိတ်ဆွေ ဆန်ကုန်သည်တစ်ဦးက ဂိုထောင်အခက်အခဲဖြစ်နေခိုက် မေမေရီတို့ထံတွင် ဆန်အိတ်များလာထားစဉ် ကလေးခမျာ ကံဆိုးခဲ့ရခြင်း ဖြစ်သည်။ နောက်ဆုံး

အကြိမ် နှင်းထွေးသီအဖြစ် လူ့လောကကို ပြန်လည် ရောက်ရှိချိန်ကတော့ ကာလအနည်းငယ် ခြားပါသည်။ ဒုတိယအကြိမ် ကလေးငယ် ဆုံးပါးပြီး သုံးနှစ်နေမှ မမထွေးကို မွေးဖွားခဲ့သည်။ မေမေရီ့အတွက်မူ အမျိုးသမီးတစ်ဦးအတွက် ကလေးယူရန်ပင် မသင့်တော့သော အချိန်ဖြစ်သည်။ သည်အချိန် တွင် နို့ညှာသမီးငယ်နှင့် မမထွေးမှာ ဆယ်နှစ်ခန့်ကွာလှသည်ဖြစ်၍ အစ်မတွေကလည်း တုန်နေအောင် ချစ်ကြသည်။

ချစ်မည်ဆိုလည်း ချစ်စရာပင်။ မမထွေးသည် ငယ်ကတည်းက အလွန်အေးသည်တဲ့။ တခြား ကလေးတွေလို ဂျီကျတတ်တာမျိုးလည်း မရှိ၊ ဘဘလှကရုံးသွား၊ မေမေရီနှင့် ကျန်အစ်မတွေက ကျောင်းသွားသည့် အချိန်တွင် အစ်မအကြီးဆုံး၏ လက်ပေါ်တွင် ငြိမ်ငြိမ်သက်သက်နေသူ၊ နို့ဆာလျှင်တောင် မငိုဘဲအိပ်တတ်သူ၊ ထို့ကြောင့် ဘဘလှတို့က ဘုရားပေးသောလက်ဆောင်ဟု မမထွေးကို တင်စားကြသည်။ ဘဘလှနှင့် မေမေရီတို့သည် အင်မတန် ရှေးရိုးဆန်ကာ အရှက်အကြောက်ကြီးသော သူများဖြစ်သည်။ စကားပင်ကျယ်ကျယ် မပြောကြသလို ထွေလီကာလီ စကားတန်ဆာဆင် ပြောတတ်သူများလည်း မဟုတ်ကြပါ။ မိမိ၏ အမျက်ဒေါသကိုလည်းကောင်း၊ အလိုဆန္ဒကိုလည်းကောင်း လူသိရှင်ကြား ထုတ်ပြရမှာကို ရှက်ရွံ့သူများ ဖြစ်ကြသည်။

တစ်နေ့တော့ ဘာကို အလိုမကျ သည် မသိ၊ မမထွေးကို တစ်ချက်ရိုက်မိလိုက်သတဲ့။ သည်တော့မှ စကားလည်းနည်းသော ကလေးငယ်က ရှိုက်ကြီးတငင်ငိုကာ 'မေမေ့ကို ချစ်လွန်း လို့ သမီးက မေမေ့ဆီ သုံးခါတောင် ပြန်လာတာ' ဟု ပြောတော့သည်။ သည်တုန်းက မမထွေးသည် လေးနှစ်လောက်ရှိပြီဟု မေမေက ပြောပါသည်။ ယခင် ကလေးငယ်နှစ်ယောက် ဆုံးပါးသွားခဲ့သည်ကို မိဘများကိုယ်တိုင်က မေ့လျော့ထားပြီး စကားပင် မစခဲ့ထားခဲ့ရာ သမီးငယ်က သူ့ဘာသာထိုသို့ပြောလာသဖြင့် မမထွေးကို လူဝင်စားဖြစ်သည်ဟု ရပ်ကွက်ထဲတွင် ချက်ချင်းသတင်းပျံ့တော့သည်။

သာမန်အားဖြင့် ကြည့်လျှင်မူ မမထွေး လူဝင်စား ဖြစ်သည်၊ မဖြစ်သည်မှာ မေမေရီတို့၏ ပယောဂမကင်း၊ သို့မဟုတ် သမီးအငယ်ဆုံးမို့ အချစ်ဆုံးဖြစ်ရခြင်းကြောင့် ထိုသို့သတင်းစကား လွင့်ရခြင်းလားဟု ထင်စရာရှိပါသည်။ အမှန်တော့ ထိုသို့မဟုတ်ရပြန်။ မမထွေးက အမေရိုက်သည့် တစ်ခဏ

ပြောလိုက် စကားအဖြစ်သာ သူ့မိသားစုက အမှတ်တရ ရှိသည်။ ကျန်တာက ပတ်ဝန်းကျင်၏ ချဲ့ကားစကား။

ထိုစကားကြောင့်ပင် အတော်များများက နှင်းထွေးသီကို လူဝင်စားဖြစ်သည်ဟု အခိုင်အမာ ဆုံးဖြတ်ကြသည်။ ထို့ပြင်မက သိုက်က လာသူဟုပင် ပြောကြသည်။ သိုက်ကလည်း စစ်ကိုင်းတောင် စနေထောင့်တွင်ရှိသော သိုက်တဲ့။ သိုက်မောင်နှမတွင်လည်း အထွေးဆုံး နှမလေး ဖြစ်ပြန်သတဲ့။ ဒုတိယအကြိမ် လူ့ပြည်သို့ ပြန်လာပြီး ဆန်အိတ်ပိ၍ သေသွားပြီးနောက် တတိယအကြိမ် ပြန်လည်မဝင်စားမီ မမထွေးဟာ သိုက်နန်းမှာပဲ ပျော်ပျော်ရွှင်ရွှင် ပြန်နေခဲ့သတဲ့။ မေမေရီတို့ အဘိုး၊ အဘွားများ စစ်ကိုင်းတောင်ရိုးတွင် စေတီငယ်တစ်ဆူ တည်ထားခဲ့ရာ သည်ကျေးဇူးကို ပြန်လည်ဆပ်ရန်နှင့် သာသနာပြုရန်တို့အတွက် သိုက်နန်းချုပ်က မမထွေးကို လူ့ပြည်သို့ စေလွှတ်သတဲ့။ မမထွေးက ငိုယိုပြီး ထွက်ကျလာသည့် စကားတစ်ခွန်းကို အကြောင်းပြု၍ တစ်ပတ်အတွင်း သူ့ အတိတ်ဘဝကို ဇာတ်အိမ်နိုင်နိုင်မာမာဖြင့် ဇာတ်ညွှန်း ရေးသားကြလေသည်။ ထိုသို့ဖြင့် ကာလရှည်ကြာလာသောအခါ မမထွေး၏ သိုက်နန်းက လူဝင်စား ဇာတ်လမ်းသည် အခိုင်အမာ ဖြစ်လာတော့သည်။

"မေမေရီ.. မမထွေးက လူဝင်စားတဲ့ ဆို" ဟု မေးလျှင်တော့ မေမေရီသည် "မသိပါဘူးကွယ်၊ ပြောနေကြတာပဲ' ဆိုသော စကားမျိုးကိုသာ စိတ်ရှုပ်ထွေးဟန်နှင့် ပြန်ကြားတတ်လေ့ ရှိသည်၊ သည်တော့လည်း အားနာစရာ ကောင်းလှသဖြင့် အထွေအထူး ဆက်ပြီး မစပ်စုမိတော့၊ သို့သော် ကျွန်မတို့ ဈေးဆိုင်သို့ မမထွေးတို့ သားအမိတစ်တွေ ဈေးလာဝယ်လျှင်တော့ ကျွန်မသည် ချောင်ကွယ်ရာကနေပြီး မမထွေးကို မသိမသာ ချောင်းကြည့်မိတတ်သည်။ ကျွန်မ စတုတ္ထတန်းစတက်သည့် နှစ်တွင် မမထွေး၏ အစ်မများက ကျောင်းဆရာမများပင်မို့ သူတို့အိမ်မှာပဲ ကျူရှင်တက်ရပါသည်။ ထိုအချိန်ကျမှသာ မမထွေးကို အနီးကပ်မြင်နိုင်ဖို့ အကြောင်းဖန်လာသည်။ မမထွေးသည် ရယ်ဖို့မပြောနှင့်၊ တော်တန်ရုံနှင့်ပင် မပြုံးပြတတ်။ သို့သော် မျက်နှာထား တင်းသည်လည်း မဟုတ်၊ သူ့ဟန်ပန်က ခပ်အေးအေးသာ။ ပြုံးမပြတတ်သည်ကလွဲလို့ တစ်ပါးသူကို ကြည့်လျှင် သူ့အကြည့်က ကရုဏာမကင်းသည့် အကြည့်မျိုး။ သိမ်မွေ့လွန်းလှပါသည်။

ထို့ပြင်မက မမထွေးတို့အိမ်တွင် ကျယ်လောင်လောင် စကားပြောသံမျိုး

တစ်ရံဆစ်မျှ ကျွန်မ မကြားခဲ့ရဖူးပေ။ ည စာသင်ချိန်ပြီး၍ ကလေးများ ပြန်သွားပြီဆိုလျှင် မမထွေးတို့ ညီအစ်မတစ်တွေမှာ တံမြက်စည်းလှည်းသူက လှည်း၊ အိုးခွက် ပန်းကန်ဆေးသူက ဆေး၊ မီးပူတိုက်သူက တိုက်နှင့် တာဝန် ကိုယ်စီနှင့် မအားမလပ် ရှိတတ်သည်။ သိမ်းဆည်း ဆေးကြော၍ ပြီးပြီဆိုလျှင် မိသားစု တက်ညီလက်ညီ ဘုရားခန်းဝင်၍ ဘုရားရှိခိုးကြသည်။ ပြီးလျှင်တော့ မိအို၊ ဖအို နှစ်ပါးဘေးတွင် သမီးများ ရံလျက် နင်းနှိပ်ပေးနေသည်မျိုး၊ အဆာပြေ အသီး တစ်ခုခု ကျွေးနေသည်မျိုးကို သူတို့အိမ်ရှေ့ခန်းတွင် ထွန်းထားသော မီးရောင် မှိန်မှိန်လေးအောက်တွင် ခပ်ပျပျလေး တွေ့ရတတ်ပါသည်။ ထို့ကြောင့် ည အိပ်ချိန် နှင့် အရဏ်တက်ချိန် ဝတ်ရွတ်သည်မှအပ မမထွေးတို့ အိမ်ဆီမှ မည်သည့် အသံမျှ မကြားခဲ့ရပါ။ သည်မိသားစုလောက် ပျင်းခြောက်ခြောက်နိုင်သည် မရှိဟုပင် တစ်ခါတစ်ရံ တွေးမိသည်။

ထိုမျှမက မမထွေးတို့ညီအစ်မ ဝတ်ပုံစားပုံကလည်း စည်းကမ်းရှိလှသည်။ သူတို့ အိမ်နေရင်း အဝတ်၊ ကျောင်းသွားကျောင်းပြန် အဝတ်နှင့် အလှူ၊ မင်္ဂလာဆောင်သွားသည့် ဝတ်စုံတို့မှာ အနည်းအကျဉ်းသာ ရှိသည်မို့ မှတ်မိလွယ်ပါသည်။ ရှိတာလေးကို သပ်သပ်ရပ်ရပ် ကြော့ကြော့ရှင်းရှင်း ဝတ်နိုင်ရန် တရိုတသေ ထုပ်ပိုးသိမ်းဆည်းကြဟန် ရှိသည်။ အသစ်ပေါ်တိုင်းလည်း ကိုယ်ပေါ် မဆင်တတ်။ ဝန်ထမ်းမိသားစုမို့ ခြိုးခြံလေသလားဟု တွေးမိပြန်တော့ တချို့က မဟုတ်ဟု ဆိုကြသည်။ မမထွေးတို့တွင် အမွေရသော မြေကွက်များ ရှိသတဲ့။ သူခိုး၊ ဓားပြရန် ကြောက်လို့သာ မရှိဟန်ဆောင်ကြတာဟု ခန့်မှန်း ပြောဆိုကြပြန်သည်။

ပတ်ဝန်းကျင်ကသာ မမထွေးတို့အကြောင်း အမျိုးမျိုး မှန်းဆပြောနေကြတာ၊ တကယ်တော့ သူတို့မိသားစုကမူ ပတ်ဝန်းကျင်ကို သိပ်စိတ်ဝင်စားလှဟန် မပြ။ ကလေးမိဘများက ကျောင်းလာကြိုသည့် အချိန် အခွင့်ရလျှင် သူတို့မိသားစု အကြောင်းဖြစ်ဖြစ်၊ ရပ်ကွက်ထဲက သတင်းတချို့ကိုပဲဖြစ်ဖြစ် သတင်းဆင့်ကမ်းလျှင် 'ဩော်...' ဟု တစ်လုံးတည်း အသံရှည်ရှည်ဆွဲကာ ခေါင်းတဆတ်ဆတ်နှင့် နားထောင်ရုံမှအပ မည်သည့် မှတ်ချက်မျိုးမှ မချတတ်ပုံမှာ အမေဖြစ်သူ မေမေရီနှင့် မမထွေးတို့ ညီအစ်မတစ်တွေ အားလုံး တစ်ပုံစံတည်း ဖြစ်သည်။ လူ့သဘောကလည်း ဆန်းကြယ်ပါသည်၊ ထည်ဝါတောက်ပခြင်း မရှိသည့် သာမန်

မိသားစုငယ်လေးဖြစ်သော်လည်း သာရေး နာရေးမှအပ ပတ်ဝန်းကျင်နှင့်လည်း စပ်စပ်ယှက်ယှက် မနေဘဲ သီးသန့်နေရုံဖြင့် အဘယ်ကြောင့် သူတို့မိသားစုအပေါ် လူတွေစိတ်ဝင်စားကြမှန်း မခန့်မှန်းတတ်ပါ။ သူတို့ညီအစ်မတစ်တွေ အဝတ်အစား အသစ်တစ်စုံ ဝယ်ရုံဖြင့် ရပ်ကွက်ကတန်းသိပြီး ဒါကို သတင်း လုပ်၍ ပြောကြသည်ကို အံ့ဩမဆုံး ဖြစ်ရသည်။

မမထွေးနှင့် ပတ်သက်လျှင် ကျွန်မ၏ ခံစားချက်ကမူ အခြားသော သူများနှင့် ခြားနားပါလိမ့်မည်။ သူ့အကြောင်းကို သတင်း၊ သို့မဟုတ် အတင်း လုပ်၍ ပြောဖို့နေနေသာသာ၊ သူနှင့် မျက်နှာချင်းဆိုင် စကားပြောရမည်ကိုပင် ဝန်လေးလှသည်။ သို့သော် မမထွေးတို့ အသုံးချစိတ်ပညာဌာနတွင် လက်ထောက် နည်းပြအဖြစ် ကျွန်မ အလုပ်စဝင်ချိန်ကစပြီး ထိုသို့သော ကြီးစွာသော ဝန်လေးမှု ကို ရှောင်လွှဲ၍ မရနိုင်ဘဲ တည့်တည့်ရင်ဆိုင်ခဲ့ရသည်။

"အထွေးက ဆယ်တန်းကို ဂုဏ်ထူး သုံးဘာသာနဲ့တောင် အောင်တာ၊ ဘယ်လောက်တော်လဲနော်၊ သမီး မမထွေးလို ကြိုးစားရမယ်နော်"

မမထွေး ဆယ်တန်းအောင်စဉ်က သူ့အိမ်ကို မေမေနှင့်အတူ ဂုဏ်ပြု စကား သွားပြောချိန်တွင် ကျွန်မတို့ သားအမိကို ယောင်ယောင်လေး ပြုံးပြသော မမထွေး၏ ရှားပါးလှသော အပြုံးကို ကျွန်မ တစ်သက် မမေ့။ ထို အပြုံးတစ်ပွင့်က လွဲပြီး မည်သည့်စကားမှ မဆိုလေသော မမထွေးကို ကျွန်မ မည်သို့ နားလည် သင့်ပါသလဲ။ မေမေကတော့ ဘာမှ မဖြစ်သည့်နှယ်၊ မေမေရီနှင့် ဆက်ပြီး စကား ကောင်းနေသည်။ လူကြီးစကားဝိုင်းဘေးတွင် မျက်လွှာချကာ ကျုံ့ကျုံ့လေး ထိုင်နေသော မမထွေး၏ ရှေ့တည့်တည့်တွင် နေရသည့် ကျွန်မမှာသာ မွန်းကျပ် လာပြီး အလျင်အမြန် ထွက်ပြေးလိုလှသည်။ သည်အဖြစ်အပျက်ကို ပြန်တွေး မိတိုင်း သိပ်ကြောင်တောင်တောင်နိုင်တာပဲဟု ခံစားရမြဲ ဖြစ်သည်။

အနီပုဂ္ဂိုလ်သည် နောင်အခါ ကျွန်မ၏ အကြီးတန်းအရာရှိဖြစ်ပြီး တစ်ဌာနတည်း အလုပ်အတူ လုပ်ရမတဲ့၊ လူချင်း ဂဃဏန မဆုံမီကတည်းက အထွေးနှင့်ပင် စိတ်ရှုပ်ထွေးမှု စတင်ခဲ့ရသည်။ တကယ်လက်တွေ့ အတူတကွ အလုပ် လုပ်ကြသည့် အခါတွင်လည်း မမထွေးကို နားလည်နိုင်ရန် အချိန်အတော် လေး ယူ၍ ကြိုးပမ်းခဲ့ရပါသည်။ ဒါတောင် အပြည့်အဝ သူ့သဘောကို မစော ကြောနိုင်သေး။ သူ့ကို ဘာအကြောင်းအရာပဲ ပြောပြော ငြိမ်ငြိမ်သက်သက်သာ နားထောင်တတ်ပြီး ချီးမွမ်းခြင်း၊ ခြေကျောက်ခြင်း အစရှိသည့် သဘောတစ်မျိုးမျိုး

သက်ရောက်စေနိုင်သော မည်သည့် မှတ်ချက်မျိုးမှ မပေးတတ်သူ၊ သူ့ကို စကားပြောနေသူကို ကရုဏာသက်သည့်ဟန်မျိုးနှင့် ကြည့်တတ်သူ၊ ပြုံးနိုင်ခဲ့သူကို ကျွန်မ မည်သို့ ဆက်ဆံရမည်လဲ။ တည်ငြိမ်သော ရေပြင်၏ အနက်ကို မှန်းဆရခက်သတဲ့။

ထိုသဘောအတိုင်းပင် လှုပ်ခတ်မှုကင်းသော၊ စကားနည်းသော မမထွေး ၏ အကဲကို ဖမ်းရခက်လှသည်။ ကျွန်မက ပွင့်ပွင့်လင်းလင်း ဟောဟောဒိုင်းဒိုင်းသမား။ ငိုစရာရှိလျှင် လူရှေ့သူရှေ့မရှောင် မျက်ရည်တွေတွေကျပြီး ငိုရန် မရှက်သလို ရယ်စရာရှိလျှင်လည်း အသံကျယ်ကျယ် ရယ်တတ်သည်။ စိတ်မကျေနပ်လျှင်လည်း ချက်ချင်းဆိုသလို ကျယ်လောင်လောင်နှင့် ရန်စွာတတ်ပြန်သူ။ ကျွန်မက ကိုယ့်စိတ်လွတ်လပ်သလို နေသည့်အချိန်တွင် ကျွန်မ၏ အပြုအမူများကို မမထွေးက တိတ်တဆိတ် အကဲဖြတ်နေမလား၊ အတွင်းစိတ်ကနေ ရှုတ်ချနေမလား၊ သို့မဟုတ် မရင့်ကျက်သေးသည့် သနားစရာ သတ္တဝါအဖြစ် ရှုမြင်နေမလား၊ ထိုသို့ တွေးမိသည်နှင့် မမထွေး၏ ရှေ့မှောက်တွင် စိတ်ထင်သည့်အတိုင်း ကျွန်မ ဘယ်မှာ နေဝံ့ပါတော့မလဲ။

"မမထွေးပုံစံက သိပ်ပညာတတ်ဆန်လွန်းနေတယ် မေမေ၊ သူ့ရှေ့မှာ အလုပ်လုပ်ရတာ သမီး ဘယ်လိုမှ မပျော်တော့ဘူး" ထိုသို့ဖွင့်ဟလျှင် ကျွန်မ အပြောကို မေမေ့မှာ နားမလည်နိုင်အောင် ဖြစ်ရသည်။

"သူ့ဘာသာသူ နေတာပဲ သမီးရယ်၊ သမီးလည်း သမီး လွတ်လပ်သလို နေပေါ့၊ ခုက သူကမှ ဘာမှ ပြောမနေတာပဲ၊ တစ်ချို့တွေဆို ရှေ့မှာ ကောင်းတယ် ပြောပြီး ကွယ်ရာကျမှ မကောင်းပြောတာတွေ တစ်ပုံကြီး၊ အဲလိုဆို သမီး ဘယ်လို လုပ်မလဲ"

"ဟင့်အင်း၊ မဟုတ်ဘူး မေမေ၊ သမီးရှေ့မှာ အကောင်းပြောလည်း သမီးက မြောက်တတ်တဲ့ လူစားမျိုးမှ မဟုတ်တာ၊ ခုလို ချီးသည် အေးသည် မွေးသည် ဘာမှမပြောဘဲ နှုတ်ဆိတ်ပြီးနေတာ ပိုဆိုးတယ်၊ သမီးမှာ သူနဲ့ စကားပြောရတိုင်း မလွတ်လပ်ဘူး၊ ထိန်းချုပ်နေရတယ်"

တကယ်ဆို ကျွန်မ ခံစားချက်က သည့်ထက် ပိုပါသည်။ တစ်ဖက်သားအပေါ် ကရုဏာသက်သည့် မျက်ဝန်းမျိုးနှင့် ကြည့်တတ်သော မမထွေး၏ အကြည့်ကိုပင် ကြာတော့ မနှစ်မြို့သလို ဖြစ်လာသည်။ မမထွေးနှင့်အတူ ရပ်ရှင်တစ်ခါတစ်ရံ ကြည့်ဖူးသည်။ အလွမ်းကားရော၊ ဟာသကားရော။ ထိုစဉ်အခါ

ကလည်း ငိုသည်၊ ရယ်သည် ခွဲခြားနိုင်သော တိတိပပ ခံစားချက်မျိုး သူ့မျက်နှာတွင် မပေါ်ခဲ့။

မမထွေးမှာ မည်သည့်ခံစားချက်မျှ အမှန်တကယ်ပင် မရှိလေဘူးလား၊ သို့မဟုတ် သူ တမင်ထိန်းထားခြင်းလား၊ ထိန်းထားသည် ဆိုဦးတော့ ဘယ့်အတွက်ကြောင့် သည်လောက် အပင်ပန်းခံပြီး စိတ်ကို ချိုးနှိမ်ထားရတာပါလိမ့်။ တစ်ခုတော့ ရှိသည်။ မမထွေးတို့အိမ်နှင့် ခေါင်းလွယ်ခုတ်နေရာတွင် အနှစ်သုံးဆယ်ပတ်လုံး နေထိုင်ခဲ့ရသည့် ကာလတစ်လျှောက် သူတို့မိသားစုတွင် ကြီးကြီးမားမား လောကဓံ ခံခဲ့သည်မျိုးတော့ မတွေ့ခဲ့စဖူး။ ဝုန်းခနဲ တက်သွားသည်လည်း မရှိ၊ ဟုတ်ခနဲ ငြိမ်းသွားသည်လည်း မရှိ။ အငို၊ အရယ် ကင်းသော သူများဆိုသော်လည်း သူတို့ မိသားစုကို မည်သည့်အချိန်ကြည့်ကြည့် ကြည်ကြည်လင်လင် တွေ့ရတတ်သည်။ သို့ပေမဲ့ မမထွေးဟာ သူ့ခံစားချက်ကို ဟန်ဆောင် ထိမ်ချန်ဖုံးကွယ်ထားခြင်းလား၊ သို့မဟုတ် ပကတိစိတ် အသွင်ပဲလား ဆိုတာကို တစ်နေ့တော့ သိခွင့်ရခဲ့ပါသည်။

ထိုနေ့က ရာထူးတိုး အမိန့်ကြော်ငြာစာ ထွက်သောနေ့ ဖြစ်သည်။ ကျောင်းသူ၊ ကျောင်းသားများ၏ စာတမ်းများကို အများဆုံး ကူညီကြီးကြပ်ပေးသော၊ ဌာနအတွင်း တာဝန်မှန်သမျှကိုလည်း မညည်းမညူ ကျေပွန်ခဲ့သော မမထွေး ရာထူးတိုးလိမ့်မည်ဟု အများက ခန့်မှန်းထားသော်လည်း မမထွေး အစား သူ့ထက်များစွာ လုပ်သက်နုပြီး အထက်လူကြီးများနှင့် ပလဲနံပသင့်သော သူ တစ်ယောက်သာလျှင် ရာထူးတိုးခဲ့သည်။ သည်တော့လည်း အောင့်အည်းထားသည့်ကြားက ကျွန်မမှာ မနေနိုင်မထိုင်နိုင် မမထွေးအတွက် ပေါက်ကွဲရပြန်သည်။ မမထွေး၏ အပြောကတော့ ရှင်းသည်။

"မမထွေး အခုလည်း အသက်ရှူချောင်နေတာပဲ အငယ်လေးရယ်၊ ဒါကြီးကို ရဖို့ ဆိုပြီး အသည်းအသန် အားထုတ်ရ၊ စိတ်မောရ ဖြစ်တဲ့အခါကျမှ အသက်ရှူကျပ်မှာ၊ ကမ္ဘာမြေဟာ အကျယ်ကြီးပါကွယ်၊ လူတစ်ကိုယ် ရပ်တည်နိုင်ဖို့အတွက် လုံလောက်ပြီးသားပါ"

သည်လိုဆိုပြန်တော့လည်း မမထွေးကို အကြီးအကျယ် စိတ်ပျက်ရပြန်သည်။ သည်အမျိုးသမီးဟာ ဘယ့်နှယ်ကြောင့် သီလရှင်ကျောင်း မရောက်သေးပါလိမ့်ဟု စိတ်အချဉ်ပေါက်မိသည်။

မကြာပါ။ မမထွေး အိမ်ထောင်ပြုသည်။ သည့်နောက် သူ အလုပ်ထွက်သွားသည်။ အေးဆေးတည်ငြိမ်သည့် မမထွေး၏ အိမ်ထောင်ဘက်က စီးပွားရေးသမားတစ်ဦး။ မင်္ဂလာဆောင်ကို အကျဉ်းရုံးပြီးပဲ ကျင်းပသည်။

"အထွေးတို့များ ဒီလောက်ချမ်းသာတဲ့သူကို ရထားတာတောင် ဖြစ်သလို မင်္ဂလာဆောင်တယ်" ဆိုသော အားမရသလို၊ မလိုလားသလို အသံများ ထွက်လာခဲ့သလို အိုဟောင်းယိုင်နဲ့နေသော ဘဘလုတို့၏ အိမ်ကြီးပဲ နေ့ချင်းညချင်း တိုက် ဆောက်တော့မလိုလို သတင်းစကားများလည်း လွင့်ပျံ့လာသည်။

သို့သော် "အထွေးတစ်ယောက် လင်ရကံကောင်းလိုက်တာ" ဆိုသော အားကျသံသည် ကြာရှည်မခံလှ။ မမထွေး အမျိုးသားခမျာ ကျောက်စိမ်းများ နယ်စပ်သို့ တရားမဝင် ခိုးထုတ်မှုနှင့် အဖမ်းခံရသည် ဆိုသော သတင်းသည် ရပ်ကွက်ထဲသို့ တမုဟုတ်ချင်း ပျံ့နှံ့သွားသည်။ သည်တော့ "အထွေးခမျာ အဟုတ်မှတ်လို့ ယူလိုက်ကာမှ ထိုင်နေ အကောင်းသား၊ ထသွားမှ ကျိုးမှန်းသိ ဆိုသလို ဖြစ်နေပြီ" ဟူ၍ တစ်ဆောင်း မသစ်မီပင် လေသံပြောင်းကုန်ကြပြန်သည်။

အဝေးကနေတစ်မျိုး၊ အနီးကပ်တစ်ဖုံ၊ ကွယ်ရာကရော ပေါ်ပေါ်ထင်ထင်ပါ မမထွေး၏ အရိပ်အခြည်ကို အကဲခတ်ကြသော်လည်း မမထွေး၏ ဟန်ပန်မှာ ဆံခြည်တစ်မျှင်မျှပင် ပြောင်းလဲရွေ့လျားခြင်း မရှိပါ။ မမထွေးတို့ အိမ်ကြီးသည်လည်း ခေါင်မိုးမှ ဟောင်းမြည့်သော သွပ်များကို အစားထိုး လဲလှယ်သည်မှအပ ဘာမှ ပြောင်းလဲခြင်း မရှိ၊ မမထွေး၏ ဝတ်စားဆင်ယင်ပုံကလည်း အထူးပြောင်းလဲမလာ။ ယခင်နှင့် မတူတာဆိုလို့ ကိုယ်ဝန်ဆောင်ထားရ၍ မပေါ့မပါး ဖြစ်နေသည်နှင့် တစ်ခါတစ်ရံ ဒရိုင်ဘာမောင်းပို့ပေး၍ မိဘအိမ်သို့ ကားနှင့် လာတတ်သည်သာ ရှိသည်။

ကလေးငယ် သုံးနှစ်သားလောက် ရှိတော့ မမထွေး အမျိုးသား ထောင်က လွတ်လာသည်ဟု ကြားသည်။ သည်ကြားထဲမှာ ကျွန်မလည်း နယ်ပြောင်းရသဖြင့် သူတို့မိသားစုနှင့် အဆက်အဆံ ကျဲသွားသည်။ ပြီးခဲ့သည့် သင်္ကြန်က ကျွန်မ အိမ်ကိုပြန်တော့ ဘာရယ်မဟုတ်... မမထွေးတို့ အိမ်ဘက်ဆီသို့ လှမ်းကြည့်မိသည့်အခါ အိမ်ထဲမှ ထွက်လာသော ပိန်ချည့်ချည့် ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦး ကို လှမ်းမြင်ရသည်။

"ဩော်.. သမီး၊ ကြုံရင် အထွေးတို့အိမ်ဘက်ကို သွားပြီး အထွေးကို စကားလေးဘာလေး သွားပြောပါဦး၊ ခမျာ ခုတစ်လော သိပ်အဆင်မပြေဘူး

ကြားတယ်၊ အခု ဒုတိယ ကိုယ်ဝန်ဆောင်ထားတာ၊ ကျန်းမာရေးလည်း သိပ် မကောင်းဘူးတဲ့"

မေမေက ကျွန်မကို သတိပေးသည်။ သည်တော့မှ လတ်တလော ကျွန်မမြင်လိုက်ရသည့် သူက မမထွေးမှန်း ရိပ်စားမိသည်။ မမထွေးသည်လည်း မေမေရီလို အသက်ကြီးမှ ကိုယ်ဝန်ထပ်ဆောင်နေသေးသည်။ တကယ်ဆို မသင့်တော့။ မမထွေး အဆင်မပြေ ဆိုသည့် စကားကို ကျွန်မမှာ ချက်ချင်း နားမလည်နိုင်သေး။ မမထွေး အမျိုးသား ထောင်က လွတ်လာပြီးမှ စီးပွား ပိုတက်လာသည်ကိုလည်း ကြားနေရသည် မဟုတ်လား။ နောက်တော့မှသာ မမထွေးအမျိုးသား၏ အိမ်ထောင်ရေးဖြေရှုပ်မှုကို တစ်စတစ်စ သိလာရသည်။ မမထွေးကိုလည်း ရိုက်လားနှက်လား လုပ်သတဲ့။

သည်လိုဆိုလျှင်ဖြင့် လောကဓံကို မမထွေး စပြီး ကြုံတွေ့ရပြီလို့ ဆိုနိုင်ပြီလား။ အမျက်ဒေါသနှင့် နာကျင်ဝမ်းနည်းမှုကို မမထွေး ခံစားတတ်လာ ပြီလား။ ကျွန်မ သိချင်လွန်းလှပါသည်။ တစ်ဖက်ကလည်း စိတ်မကောင်းရပြန်။ တစ်သက်လုံး အေးချမ်းစွာ၊ အပူအပင်ကင်းစွာ၊ ကြည်လင်စွာ နေထိုင်ရှင်သန် လာသူ မမထွေး ဘယ်လောက်တောင်များ စိတ်ပင်ပန်းရှာမလဲနော်။ မေမေက သတင်းမေး စကားသွားပြောဦးဟု တိုက်တွန်းသော်လည်း ကျွန်မက ဘယ်လို အကြောင်းအရာနှင့် အစချီပြီး မမထွေးနှင့် စကားလက်ဆုံ ကျရမည်မှန်း မသိပါ။ စပ်စုလှသည်ဟုလည်း အထင်မခံလိုပါ။ အားပေးနှစ်သိမ့်မှုဆိုတာကရကော မမထွေးအတွက် လိုအပ်နိုင် ပါ့မလား။ မသိမသာ စကားရောဖောရောနှင့် သူ့ကို စိတ်ပျော်ရွှင်အောင် လုပ်ပေးနိုင်သည့် အတတ်ပညာမျိုးကိုလည်း ကျွန်မ မတတ် မြောက်။ မေမေကတော့ ကျွန်မက အလွန်အတွေးခေါင်သူ ဖြစ်သည်ဟု ဆိုသည်။

ရှောင်နေကာမှ တစ်နေ့တော့ တည့်တည့်တိုးတော့သည်။ နှစ်ဆန်း တစ်ရက်နေ့ မေမေ နေမကောင်းသဖြင့် တစ်လမ်းကျော်က ဆေးခန်းသို့ သွားရာ ဆရာဝန်အလာကို ထိုင်စောင့်နေသော မမထွေးနှင့် ဆုံဖြစ်သည်။ မျက်နှာတစ်ခုလုံး ဖူးရောင်နေပြီး လူလည်း နွမ်းဖပ်ဖပ်နှင့် ဖျော့တော့လွန်းလှသည်။ ကျွန်မကို မြင်တော့ သိသိသာသာ ဝင်းပသွားသော မမထွေး၏ မျက်နှာတွင် အပျော်အရိပ် တွေနှင့်။

"အငယ်လေး ဘယ်တုန်းက ရောက်နေတာလဲ၊ နယ်မှာ အဆင်ပြေရဲ့ လားဟင်၊ ဝမ်းသာလိုက်တာကွယ်၊ ရောက်တုန်းရောက်ခိုက် အိမ်ကို ထမင်းစား လာခဲ့ဦးနော်"

မမထွေးက လှိုက်လှိုက်လှဲလှဲ ဖိတ်သည်။ စကားနည်းလွန်းလှသော မမထွေးသည် သည်တစ်ခေါက် ငေးယူရလောက်အောင် သူချည်း ဒိုင်ခံပြောသည်။ ဌာနက လုပ်ဖော်ကိုင်ဖက်များကို သတိရကြောင်း၊ ယခုမွေးမည့် ကလေးလက်လွှတ်လို့ ရလျှင်တော့ သူလည်း အလုပ်တစ်ခုခု ရှာဦးမည် ဖြစ်ကြောင်း၊ သရက်သီးစိမ်းပေါ်ချိန်ရောက်လျှင် ကျွန်မ နှစ်သက်ဘတ်၍ ကျွန်မကို အထူးသတိရကြောင်း ဝေဝေဆာဆာ ပြောသည်။ ကျွန်မ လက်နှစ်ဖက်ကို တယုတယဆုပ်ကိုင်လျက် ကရားရေလွှတ် တတွတ်တွတ် စကားဖောင်ဖွဲ့နေသည့် မမထွေး၏ ပုံစံမှာ ကလေးငယ်တစ်ဦး၏ သွင်ပြင်နှင့် တူလွန်းလှသည်။ ပြန်ခါနီးတွင် "အငယ်လေး မပြန်ခင် အိမ်ကို လာခဲ့ဦးနော်။ မမထွေး နေ့တိုင်းလိုလို အမေတို့အိမ်ကို လာဖြစ်တယ်။ ထပ်ပြီး စကားပြောချင်သေးတယ်ကွယ်" ဟု ဆိုသည်။ မမထွေးက ဆက်ဆက်လာဖို့ရာ ဖိတ်သော်လည်း ကျွန်မ မရောက်ဖြစ်ခဲ့ပါ။

အကယ်၍ထိုတစ်ခေါက်က မမထွေးနှင့် တွေ့ဆုံခြင်းသည် နောက်ဆုံးအကြိမ် ဖြစ်သည်ကို ကြိုတင်သိခဲ့လျှင် ကျွန်မ သူ့ဆီသို့ အသေအချာ သွားခဲ့ပါလိမ့်မည်။ အထူးသဖြင့် ချစ်ခင်သူတို့နှင့် အတူတကွ ယှဉ်တွဲရှိနေခြင်းမှာ အချိန်မရွေးစည်းခြားသွားနိုင်သည်ကို စောစောစီးစီး သတိမူခဲ့မိလျှင်ပေါ့။

ကျွန်မနှင့် တွေ့ပြီး မကြာမီပင် မမထွေး ကိုယ်ဝန်ပျက်ကျသည်။ နဂိုကိုယ်ခံအားနည်းတာရောကြောင့် မမထွေးမှာ တော်တော်နှင့် နာလန်မထူနိုင်တော့။ သူ့နောက်ဆုံးထွက်သက်မတိုင်မီ ဆေးရုံသို့ အရေးပေါ် သုံးခေါက် ပြေးခဲ့ရသေးသည်ဟု သိရသည်။ အသက်ရှင်လျက်နှင့် မဆုံလိုက်ရသော်လည်း မမထွေး၏ နာရေးနေ့တွင် အလုပ်ကိစ္စဖြင့် အိမ်သို့ ကျွန်မ ပြန်ရသည့်အခေါက်နှင့် ကြုံမိသည်။ မိဘအိမ်တွင်ပဲ ခေါင်းချသည်မို့ သူ့နာရေးကို သွားမေးခဲ့သည်။ မှန်ခေါင်းထဲတွင် လဲလျောင်းနေသည့် မမထွေး၏ အသက်မဲ့မျက်နှာမှာ ဝင်းပကြည်လင်လွန်းလှသည်။ သူ့နှုတ်ခမ်းလေး အနည်းငယ်ဖြူဖျော့နေသော်လည်း ပြုံးယောင်သန်းနေသည်။ အသုဘအိမ်တွင် အော်ဟစ်ငိုယိုသံများ မည်သလို၊ တိတ်တိတ်ဆိတ်ဆိတ် ငိုကြွေးသူများလည်း မရှိ၍ မမထွေး နာရေးမှာ အနည်းငယ် ဆန်းသယောင်ဖြစ်နေသည်။

မိသားစုဝင်များက နာရေး လာမေးသည့် ဧည့်သည်ကို ဧည့်ခံပုံကတည်ငြိမ်လွန်းလှသည်။ သူတို့မိသားစုက လျှပ်ခတ်မှု နည်းလွန်းသဖြင့် ဧည့်သည်

ခမျှာ အားပေးစကားတောင် ပြောစရာ မလိုတော့ပေ။ အလိုက်ကမ်းဆိုး မသိသော တချို့သူများက မမထွေး၏ ခင်ပွန်းသည်ကို စနည်းနာကြသည်။ မမထွေး တစ်ယောက် ပရုတ်လုံးလို လုံးပါးပါးပြီး မြန်မြန် အသက်တိုရတာ သူ့ပယောဂ မကင်းဟု ယူဆကြသည်။ အလောင်းမြေမကျသေးမီပင် နောက်အိမ်ထောင်က အိမ်ကြီးပေါ်သို့ ရောက်နှင့်ပြီဟုလည်း ပြောကြပြန်သည်။ တချို့ကတော့ မမထွေး ကို သိုက်က ပြန်ခေါ်သည်ဟု ဆိုသည်။ သာသနာပြုရန် လူ့ပြည်သို့ စေလွှတ်လိုက် သော သိုက်နန်းချုပ်သည် သူတစ်ပါး မိသားစု၏ ပျော်ရွှင်မှုကို လုယက် ဖျက်ဆီး ကာ အဘယ့်ကြောင့် မမထွေးကို ပြန်ခေါ်ရသည်ကို ကျွန်မ နားမလည်နိုင်ပါ။ သည်ကြားထဲ မေမေရီက –

"သမီး မရှိတော့ပေမယ့် မြေးလေး ကျန်ခဲ့တော့ ဖြေသိမ့်စရာပေါ့၊ နောက်ပြီး သမီးဟာ သူ့အစား သားတစ်ယောက်ကို ကျွန်မတို့အတွက် ထားပေး သွားတယ် မလား" ဟု မမထွေး၏ ခင်ပွန်းသည်ကို ရည်ညွှန်းပြောဆိုလာတော့ ကျွန်မမှာ အံ့သြရပြန်ပါသည်။

အသုဘကိုတော့ ကျွန်မ လိုက်မပို့ဖြစ်တော့ပါ။ ရေအိုးခွဲသည်။ ကြေးစည် ထုသည်။ သံဝေဂအလင်္ကာများ ရွတ်ဖတ်ကြသည်။ လိုက်ပို့သူကလည်း ရပ်ကွက် ထဲက အုပ်စုသာရှိ၍ လူအုပ် အသင့်အတင့်သာ ရှိသည်။ သက်သောင့်သက်သာ ဖြစ်နေသော နာရေးရှင်များကို မည်သူကမျှ ဖေးမစရာ မလို။ သည်လိုနှင့် အသုဘ ယာဉ်တန်းသည် တဖြည်းဖြည်း တလိမ့်လိမ့် ထွက်ခွာသွားသည်။ မမထွေးသည် လောကကို ပြုပြင်ပြောင်းလဲခဲ့သူ မဟုတ်၊ သို့သော် သူ့ကြောင့် လောက မပျက်စီး ခဲ့ရပေ။ သူရှိလို့ ရှိနှင့်မှန်းပင် မသိအောင် နေထိုင်နိုင်သူ၊ ထို့ကြောင့်လည်း သူသည် လွတ်လပ်စွာ ပျံသန်းနိုင်ခဲ့သည်။

မမထွေးရေ… ဝေးဝေးမြင့်မြင့် ပျံပါလေ။

Idea Magazine၊ ဇန်နဝါရီ၊ ၂၀၁၆

✿

# မြနဲ့ မောင်

(၁)

သည်နေ့ညကျမှ မြကို ထူးထူးခြားခြား သူ သတိရမိနေသည်။ အဝေးဆီမှ သဲ့သဲ့ပျံ့လွင့်လာသော အငြိမ့်ဆိုင်းကြောင့် ဖြစ်မည် ထင်သည်။ တကယ်တော့ သည်ညမှ မဟုတ်။ ယခုလို အကြောင်းတိုက်ဆိုင်တိုင်း မြကို လွမ်းရပါသည်။ အကြောင်းတိုက်ဆိုင်မှုတွေကလည်း ရံဖန်ရံခါ ရှိနေတတ်ပြန်တော့ မြကိုအောက်မေ့သည့် စိတ်က လောင်စာနှင့် မပြတ်သော မီးပမာ တညီးညီး တောက်လောင်လွန်းလှသည်။ ညင်းသွဲ့သွဲ့မြူးနေသော ဆောင်းမပို့တပီ လေစိမ့်စိမ့်နှင့်အတူ မြ ခေါင်းမှ စံပယ်ပန်းရနံ့များကို ခုတမုဟုတ်ချင်း နမ်းရှိုက်လိုက်ရသလိုလို၊ စည်းဝါးတကျ ချိုအေးစွာ သီဆိုလိုက်သော သီချင်းသံသည်ပင်လျှင် မြ နှုတ်ဖျားမှ ထွက်ကျလာသလိုလို မရေရာသော စိတ်အစဉ်သည် သူ့ကို လှည့်စားလျက်ရှိသည်။

လွန်ခဲ့သည့် ၁၅ နှစ်က မြနှင့် သူ တရားဝင်နှုတ်ဆက် လမ်းခွဲခဲ့ကြသည်။ အင်း... သည်လိုတော့လည်း မဟုတ်သေး။ တရားဝင်နှုတ်ဆက်သည်ဟု သုံးနှုန်းရန်အတွက် သူသည် မြ၏ တရားဝင်ချစ်သူလား ဆိုတာ ဖြေဖို့ခက်သည်။ သေချာ

သည်က မြဟာ သူ၏ သည်းဦးပန်း ဖြစ်သည်။ မြဟာ သူ့နတ်သမီး။ မြ၏ ပြုံးဟန်၊ ပြောဟန်၊ ဆိုဟန်၊ ကဟန်၊ ဆံနွယ်လေးများကို လက်နှင့် သပ်လိုက်သည်ကစလို့ မျက်လုံးလေးဝင့်ကာ ကြည့်လိုက်သည်အဆုံး မြနှင့်ပတ်သက်သမျှ သူ့အတွက် ကဗျာဆန်ခဲ့သည်။

မြကို လှသည်ဟု သူ မဆိုလို၊ သို့ပေမဲ့ မြမှာ ညို့ဓာတ် ရှိသည်။ ထို ညို့ဓာတ်သည် ပုရိသအများအပြားကို ဝပ်ဆင်းလာနိုင်အောင် စွမ်းအား ရှိသည်။ သူကကော... မြထံက ဘယ်အရာကို စွဲလမ်းခဲ့မိပါသလဲ။ တံကောက်ကွေးကျော် ခန့် ရှည်လျားပြီး စံပယ်နှစ်ခက် အမြဲလိုလို ပန်ဆင်ထားတတ်သည့် မြ၏ကေသာ နုထွေးနက်ကိုလား၊ အသားညိုစိမ့်စိမ့်ပေမယ့် ကိုယ်ဟန်ကြော့ရှင်းပြီး သွဲ့သွဲ့နွဲ့နွဲ့ လေး၊ မမီသလို မီသလိုလေး ရပ်တတ်သည့် မြ၏ ကောက်ကြောင်းများကိုလား၊ သနပ်ခါးရေကျဲ လိမ်းထားပြီး နှုတ်ခမ်းဆိုးဆေး ခပ်ဖျော့ဖျော့ ဆိုးကာ ပြုံးယောင် ယောင် ရှိနေတတ်သည့် မြ၏ မျက်နှာထားကိုလား ဘယ်အတွက်ကြောင့်ရယ် မဆိုသာ။ မြကို ချစ်ခဲ့သည့်အတွက် စွဲလမ်းခဲ့တာလား၊ စွဲလမ်းရာမှ ချစ်ခဲ့တာ လား သေချာမဝေခွဲနိုင်သော်လည်း မြသည် တစ်ချိန်က သူ့ကမ္ဘာ ဖြစ်ခဲ့သည်မှာ ငြင်းမရ။

၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလ၏ ဆောင်းတစ်ညတွင် သူ မြကို စတင် စွဲလမ်း ခဲ့သည်။ အရိုးထဲ စိမ့်အောင် အေးသော မန္တလေးဆောင်း၏ အအေးဓာတ်သည် ပွဲခင်းထဲတွင် မြ၏ အက၊ အလှအောက်၌ နစ်မြောစီးဝင်နေသော သူ့ကို တုန်ခိုက် နေအောင် မစွမ်းဆောင်နိုင်။ သို့ပေမဲ့ ဆိုင်းသံ ဗုံသံများနှင့်အတူ သူ့နှလုံးသား တဒိတ်ဒိတ် ခုန်နေသည်။ ဗလောင်ဆူ ခြောင်းဆန်နေသည်။ မျက်ခွံ တစ်ဝက် ပိတ်ထားသော မျက်ဝန်းအောက်မှ ခပ်မှေးမှေးလေးထားကာ ကြည့်လိုက်သော စင်ပေါ်မှ အကြည့်စူးစူးတစ်ချက်နှင့် ဇာတ်စင်အောက်မှ သူ၏ အကြည့်တို့ တိုးတိုက် လိုက်မိချိန်တွင် ဥက္ကာပျံတစ်စင်း သူ့နှလုံးသားထဲသို့ ရုတ်တရက် ဝင်ဆောင့်လိုက် သည့်ပမာ တုန်ခါကျဉ်တက်သွားသည်။ ထိုအခိုက် မြ၏ သီချင်းကလည်း သူ့ကို သရိုးသရီ ဖြစ်စေပြန်သည်။

"မြနဲ့မောင်နဲ့ အခုမှ တွေ့တာ... လူပါးမဝခင်တုန်းက ပြောပြတော့ ရယ်စရာပါ...ထဘီလေးတိုတိုဝတ်ကာ..မြငယ်စဉ်မှာ..လူထဲမဝင်ခင်သေးတော့ အလှပြင်ဆင်ရှာ..မယ်ရင် ကုန်ကုန်ပြောမယ်.. တောသက်သက်မို့ ဘယက်ဒွါဒရာ.. နွံ့တွေကတ်စီ.. ကတ်စီ.. ပုတီးလုပ်ကာ ဆွဲရပါတယ်... အုန်းမှုတ်ပုံ့ကို ရှာရှာ..

ဒိုလာပြားကြီး ဆယ့်ငါးပြားလောက် ဆွဲရတာ…ကိုကိုများက မြှောက်စားပေမယ့် ဟိုတုန်းကလို မပျော်ပါ… မောင်မောင်တို့က မြှောက်စားပေမယ့် အရင်တုန်းက လောက် မပျော်ပါ”

“မြယမုန်” အငြိမ့်ဆိုသည့် နဖူးစည်းအောက်တွင် မြသည် ယမင်းရုပ် လေးတစ်ရုပ်နှယ် ပျော့ပျော့ပျောင်းပျောင်းလေး ကနေသည်။ သူ ပြုံးမိသည်။ မြကို သူ ချစ်မိနေပြီဟု သူ့ကိုယ်သူ ဝန်ခံမိသဖြင့် ပြုံးခြင်း ဖြစ်သည်။ သည်တုန်းက သူက ဒုသာနိက ဒုတိယနှစ်။ မြက သူ့ထက် ငါးနှစ်ကြီးသူမို့ ကျောင်းပြီးနှင့်ပြီ။ တက္ကသိုလ်ကျောင်းသူ ဦးဆောင်ပြီး ကသည့် အငြိမ့်မို့ မြ၏ အငြိမ့်က သဘင် အနုပညာ နှင့် ပတ်သက်လျှင် ထိတ်ထိတ်ကြဲကျော်ကြားသော မန္တလေးတွင် သာ၍ ထင်ရှားသည်။

(၂)

မြနှင့်သူ အတူရှိခဲ့သည့်အချိန်တစ်လျှောက်လုံးတွင် မြသည် သူနှင့် နီးသလိုလို၊ ဝေးသလိုလို၊ သူကလည်း မြကို နားလည်သလိုလို၊ နားမလည်သလိုလို၊ မြက လည်း သူ့ကို အထာပေးသလိုလို၊ မပေးသလိုလို မရေမရာ မသဲမကွဲ မှုန်ရီရီ ဝိုးတဝါးနှင့် သူတို့ဇာတ်လမ်းက ပုံဖမ်းရ ခက်လှသည်။ အလွန်ဝေးလံ ခေါင်ပါး လှသော အညာရွာလေးတစ်ရွာမှ တက္ကသိုလ်တက်နိုင်သည်အထိ ထွန်းပေါက် ခဲ့သော မြသည် သူ့ရွာ၏ အိပ်မက်၊ သူ့မိသားစု၏ ရတနာ။ တောပန်းလေးပေ မယ့် ရနံ့ကြူတော့ ချူချင်သူ များခဲ့သည်။ သည်တော့ ဒုတိယနှစ်တွင် မြ မေတ္တာ မျှရမည့်သူ ရှိလာသည်။ ထိုသူကြောင့်ပင် မြ ဘဝပျက်ခဲ့ရသည်တဲ့။ နောက်တော့ သူဌေးတစ်ယောက်၏ အပျော်မယားလိုလို၊ နောက်တစ်ဖန် တစ်ခုလပ် အမျိုးသား တစ်ယောက်နှင့်လည်း တိတ်တိတ်ပုန်း ညားသလိုလို မသေချာသော သတင်း စကားများမှာ တက္ကသိုလ် ညနေခင်းများတွင် လက်ဖက်ရည်ဆိုင်၌ အပျင်းပြေ ပြောစရာ ပုံပမာ ဖြစ်ခဲ့ရသည်။ ကျောင်းပြီးတော့ မြမြဝေ ဆိုသော ဘဝကို ကန့်လန့် ကာချပြီးနောက် မြယမုံ နာမည်နှင့် အငြိမ့်စင်ပေါ် ရောက်သည်။

မြမြဝေဘဝ မည်သို့ ရှိခဲ့သည် ဖြစ်စေ၊ သူ ချစ်သည်က မြယမုံကိုလေ။ မြသည် စကားတတ်လွန်းသည်။ အငြင်းမသန်ဘဲ တစ်ခွန်းတည်းနှင့် ချက်ကောင်း မိအောင် ပြောကာ အနိုင်ပိုင်းတတ်သည်။ သူက ပြန်၍ နှုတ်လှန်ထိုးမည် ကြံတိုင်း

ပြုံးထေ့ထေ့နှင့် မေးစင်းကာ ကြည့်လိုက်သော အကြည့်ကြောင့် သက်ပြင်းပူတွေကိုသာ သူ မှုတ်ထုတ်လိုက်ရသည်။ ထိုသို့ မျက်ဝန်းများကို မေးစင်းကာ ကလူ၏သို့ မြူ၏သို့ မျက်နှာထားနှင့် နှုတ်ခမ်းထောင့်စွန်းလေး တွန့်ရုံမျှ ပြုံးသော ဟန်သည် မြ၏ ကိုယ်ပိုင်ဟန် ဖြစ်လိမ့်မည်။ သူကြားဖူးသော ဥက္ကလာ မအေးကြည်၏ အပြုံးမျိုးသည်လည်း ထိုသို့ ဖြစ်လိမ့်မည် ထင်သည်။

"မြကို ချစ်တယ်၊ သိပ်ချစ်တာပဲ" မြနှင့် တွေ့တိုင်း သူက ဆီမန်းရွတ်သလို တတွတ်တွတ် ပြောတတ်သည်။

"မြကတော့ ကိုယ့်ကိုယ်ကိုယ်ပဲ ချစ်တယ်၊ ဒီလိုကြားလိုက်ရလို့ နားခါးကောင်း ခါးမယ်၊ ဒါပေမဲ့ ဒါဟာ အမှန်တရားပဲ၊ မြက အမှန်တရားကို သစ္စာလို ထားပြီး ဆိုတယ်၊ ဒါပေမဲ့ လူတွေ တော်တော်များများကတော့ ညာနေကြတယ်၊ ကဲ.. မောင်မောင့်ကို မေးမယ်၊ မောင်မောင် ကိုယ့်ကိုယ်ကိုယ်ထက် သူများကို ချစ်တာ သေချာလား" သည်တစ်ခွန်းတည်းနဲ့တင် သူ ဘာဆက်ပြောရမည်မှန်း မသိတော့။

"မြဟာ သိပ်စကားကတ်တာပဲ၊ သတ္တဝါမှန်သမျှ အတ္တမကင်းနိုင်ကြဘူးလေ၊ ဒါပေမဲ့ ဒီအတ္တတွေကိုပဲ အလျှင်တော့ အတင်းလုပ်၊ အပေးအယူပြုပြီး ဘဝကို ရှင်သန်နေရတာပဲ၊ မြ တွေးတာတွေဟာ သိပ်တစ်ဖက်သတ်ဆန်လွန်းတယ်"

သူဟာ မြကို ချစ်တာမဟုတ်၊ စွဲလမ်းရုံသက်သက်ဟု မြက စွပ်စွဲသည်။ စိတ်ကူးယဉ်ဆန်လွန်းသူ၊ ခံစားတတ်လွန်းသူ၊ အိပ်မက် မက်ရတာ မွေ့လျော်လွန်း သူ တဲ့။

မြကို ပိုးပန်းကြသူ အများစုလိုတော့ သူ ခနအင်အား မတောင့်တင်းပါ။ သို့ပေမဲ့ မြသည် သူ့စက်ဘီးထိုင်ခုံနောက်ကနေ ပျော်ပျော်ရွှင်ရွှင် လိုက်ပါပြီး သူနှင့်အတူ တစ်မြို့လုံး ခြေဆန့်ရသည်ကို ရွှင်မြူးနေတတ်သည်။ သူတို့နှစ်ဦး ကျုံးဘေးတွင် စက်ဘီးရပ်ပြီး လမ်းလျှောက်ကြသည်။ ညဈေးတန်းတွင် စာအုပ်မွှေကြသည်။ လမ်း ၃၀ ပေါ်က အလင်းဖွင့်သော လက်ဖက်ရည်ဆိုင် တစ်ဆိုင်ပြီး တစ်ဆိုင် ပြောင်းထိုင်ကြသည်။ ဒါကို ဘဝအရသာဟု သူက ထင်သည်။

မြနှင့် သူနှင့် အိမ်ထောင်ထူထောင်ကြပြီးလျှင်လည်း သူက သီချင်းဆိုလိုက်၊ မြက ကလိုက်၊ သူက အာရုံတွေ စက်ကုန်ဖွင့်ပြီး အတွေးပင်လယ်ထဲတွင် မျောလွင့်ကာ စာတိုပေစ ရေးနေချိန်တွင် မြက ကော်ဖီပူတစ်ခွက် ဖျော်ပေးလိမ့်

မည်။ ထိုအချိန်တွင် လရောင်က သစ်ရွက်ကြို သစ်ရွက်ကြားမှတစ်ဆင့် သူတို့ အခန်းအတွင်းသို့ လဲ့လဲ့ကလေး ဖြာကျသက်ဆင်းနေလိမ့်မည်။ မြ ကြိုက်သော စံပယ်ပန်းရနံ့များက လေဝေ့တိုင်း သင်းထုံလို့ပေါ့။ ညဦးသန်းခေါင်ချိန်မို့ လေကလည်း တဖြူးဖြူး ရှိနှင့်နေမည်။ သူ အင်မတန် မြတ်နိုးလှသည့် မြ၏ မဟူရာ ကေသာ ကြော့ကိုလည်း ဖွဖွ နမ်းလို့ပေါ့။ သူက သူ့စိတ်ကူးကို ထိုမျှလောက် ပြောပြလိုက်ရုံနှင့် မြက "ဒါက ဘဝမှ မဟုတ်ဘဲကွယ်၊ မောင်မောင်က သိပ်ရိုးတာပဲ" ဟု သူ့ကို စတင် ထိုးနှက်တော့သည်။ သူက သူ့ကို ထိုးနှက်သည်ဟု မြင်သော်လည်း မြက သူ့ကို တကယ့်ဘဝထဲသို့ တွန်းပို့နေခြင်းဟု ခံယူသတဲ့။ သူ လိုက်မမီတော့ပါ။

"ယောကျ်ားတွေဟာ မိန်းမတွေထက် ပိုပြီး စိတ်ကူးယဉ်တတ်ကြတယ်၊ ခံစားလွယ်တတ်ကြတယ်" "မဟုတ်တာ" ဆိုကာ သူ ငြင်းမည်အပြုတွင် မြကာ လက်ကာပြပြီး ဆက်ပြောသည်။

"လက်တွေ့ဆန်ချင်ပြန်တော့လည်း သူတို့အပြင် နှစ်ယောက် မရှိဘူး၊ ဘာလို့လဲဆိုတော့ စိတ်ကူးယဉ်ခြင်းဟာ မိန်းမအလုပ်၊ လက်တွေ့ဆန်မှုဟာ ယောကျ်ားတို့ရဲ့ သရုပ်သကန်လို့ ယူဆထားကြတာကိုး၊ ဒီလိုဖြစ်တာဟာ မြထင်တာ ပြောရမယ်ဆိုရင် ကလေးသဘာဝအရ မိခင်ရဲ့ အထိအတွေ့ကြောင့် နူးညံ့သိမ်မွေ့တဲ့ စိတ်ကလေးဟာ ဒါဟာ ယောကျ်ား၊ ဒါဟာ မိန်းမ စသဖြင့် ခွဲခြားပေါင်ခတ်ပြီး ပုံစံသွင်းလိုက်တဲ့ ပတ်ဝန်းကျင်၊ အထူးသဖြင့် သူတို့နဲ့ အနီးကပ်ဖြစ်တဲ့ အဖေတို့၊ အစ်ကိုတို့ကြောင့် တချို့လည်း ရုတ်ခြည်းဖြစ်ချင်ဖြစ်မယ်၊ တချို့လည်း တဖြည်းဖြည်းနဲ့ ဖြစ်ချင်ဖြစ်မယ်၊ ကျားဗီဇဆိုတာကို သူတို့ ပျိုးထောင်လိုက်ရတယ်၊ တစ်ခါတလေ သူတို့ငယ်စဉ်က မိခင်နဲ့အတူရှိခဲ့ဖူးတဲ့ နူးညံ့မှုတွေကို မသိစိတ်ကနေ ပြင်းပြင်းထန်ထန် တောင့်တမိတဲ့အခါ နှစ်သိမ့်ယုယမှု၊ အေးငြိမ်းမှုတွေကို လိုချင်လာပြန်ရော၊ အဲဒီမှာ သူတို့ကပဲ ဦးဆောင်ရမယ်ဆိုတဲ့ ပတ်ဝန်းကျင်က ရိုက်သွင်းလိုက်တဲ့ မာနတရားနဲ့ ပဋိပက္ခဖြစ်ကြတော့တာပဲ၊ သူတို့ ဝိရောဓိနဲ့ သူတို့ ဝိတ်လျောင်မိနေတော့တာပဲလေ၊ သိပ်စိတ်နတဲ့ ယောကျ်ားမျိုးဆိုရင် အစွန်းနှစ်ဖက် ကူးလူးရတာနဲ့ ပင်ပန်းနုံးချည့်ကြရတယ်"

မြကို သူ ငေးကြည့်နေမိသည်။ မြသည်လည်း လူသားတစ်ဦး၏ ဂုဏ်ရည်နှင့်အညီ လွတ်လပ်စွာ တွေးခေါ်ပိုင်ခွင့် ရှိသည်။ သို့သော် သဘင်သုခမအနုပညာနှင့် အသက်မွေးနေသူတစ်ဦး၏ စကားလုံးများသည် ကဗျာမဆန်လိုက်တာဟု သူက အထင်ရောက်နေဆဲ။

"မြ ပြောတာတွေအတွက် ခေါင်းရှုပ်သွားလားဟင်၊ မြကို လိုက်မမီဘူး၊ မြဟာ မောင်မောင့်ကို နားမလည်ပါဘူးလို့များ တွေးကော တွေးနေမိသလား" သည်လိုကျပြန်တော့လည်း သူ ရှက်သွားမိသည်၊ မြဟာ လူကဲခတ်တော်တာကို တော့ ဝန်ခံရလိမ့်မည်။ သူ့အတွေးတွေကို ချက်ချင်း ဖမ်းဆုပ်မိသည်။

"လူတွေဟာလေ မင်းကို ကိုယ်နားမလည်ဘူးတို့၊ ကိုယ့်ကို ဘယ်သူ ကမှ နားမလည်ပါဘူးတို့ ပြောရင် မြ သိပ်ရယ်ချင်တာပဲ သိလား၊ တကယ်က သူများကို ကိုယ်က နားလည်ဖို့ဆိုတာရော၊ ကိုယ့်ကိုလည်း သူများတွေက နားလည် ဖို့ဆိုတာတွေရောက ကျော်ပြီး စဉ်းစားလိုက်တာပဲ၊ ဒီမှာတင် သူတို့ရဲ့ အတ္တက ပေါ်လွင်လာတယ်။ ဘာလို့ ကိုယ့်ကိုယ်ကိုယ် အရင်နားလည်ဖို့ မကြိုးစားတာလဲ၊ ငါဟာ ဘာလဲ၊ ငါဟာ ဘာလိုချင်တာလဲ၊ ဘာဖြစ်ချင်တာလဲ၊ ဘယ်လိုလူလဲ ဆိုတာ အရင် နားလည်အောင် ဂဃနဏ အားမနာတမ်း ဆန်းစစ်မိတဲ့သူ ဘယ် နှယောက်များ ရှိလို့လဲ"

ထိုနေ့ကစပြီး မြနှင့် ဘာသဘောတရားရေးရာမှ မဆွေးနွေးတော့ ဟု သူ ဆုံးဖြတ်လိုက်သည်။ သူသည် မြ ပြောသလို ရိုးကောင်း ရိုး၊ အ ကောင်း အ၊ အသက်အရွယ်၊ အတွေ့အကြုံ နုငယ်နေသေးကောင်း နုငယ်နေလိမ့်မည်။ သို့ပေမဲ့ သူ့ အိပ်မက်ကား ရိုးရှင်းပါသည်။ ကဗျာတွေ ရွတ်ရင်း၊ သီချင်းတွေ ဆိုရင်း သာ သူတို့၏ ဆည်းဆာကို လှပစေလိုပါသည်။ သို့မဟုတ်က မြ၏ ဘဝနှင့် ယှဉ်ကာ ပေါက်ဖွားလာသော အတွေးအမြင်များကြောင့် သူ့အာရုံနောက်ကျို ရှုပ်ထွေးသွားလိမ့်မည်။

ဒါတောင် မြက ပြောသေးသည်။ "ထမင်းဝထားနှင့်မှ စိတ်ကူးယဉ်လို့ ကောင်းတာပါ ဆရာကြီးရယ်" တဲ့။ ကဲ… ဘယ်လောက်များ အနုပညာမဆန် လိုက်လေသလဲ။

"ညနေတိုင်း လက်ဖက်ရည်ဆိုင်မှာ ထိုင်ပြီး အာဘောင်အာရင်းသန်သန် နဲ့ မောင်မောင် ငြင်းခုံနေတဲ့အတွေးအခေါ်ပညာရပ်တွေ၊ ကမ္ဘာကျော်ဒဿန ပညာရှင် တွေရဲ့ အဆိုအမိန့်တွေဆိုတာကလည်း စာအုပ်ဖတ်ပြီးမှ မောင်မောင် သိလာရတာ တွေပါ၊ ဘဝရဲ့ အဓိပ္ပာယ်စစ်စစ်က တကယ့်ဘဝထဲမှာပဲ ရှိပါတယ် မောင်မောင်ရယ်၊ ဒါကိုမြင်အောင် မကြည့်နိုင်သရွေ့ မောင်မောင်ဟာ ဘောင်တွေထဲက ဘယ်တော့မှ ရုန်းထွက်နိုင်မှာ မဟုတ်ဘူး"

သည်တော့လည်း သူ ငေါ့မိသည်။

"မြကတော့ ကြည့်တတ်ပြီပေါ့လေ၊ ဆိုစမ်းပါဦး...၊ မီးရောင်အောက်ကို ဝင် လူပြက်တွေနဲ့တွဲပြီး အသုံးတော် မခံချင်လည်း ကပြ၊ ဆိုပြရတာတွေဟာ ဘဝ၊ အငြိမ့်မန်နေဂျာက ထိပ်ပုတ်ခေါင်းပုတ်လုပ်တာကို မကြည်သာလည်းပဲ ရယ်ပြ၊ ပြုံးပြရတာတွေဟာ ဘဝလို့၊ ဒါတွေအားလုံး ကျွန်တော် သိပါတယ်၊ မြပြောတဲ့ မြရဲ့ ဘဝဒဿနက မြဘဝနဲ့ပဲ ယှဉ်ပြီး ကွက်ကွက်လေးပဲ သိလာရတာတွေလေ၊ ကျွန်တော်တို့ ဆွေးနွေးငြင်းခုံတယ်ဆိုတာ ဒီ့ထက်မက ပိုကျယ်ပြန့်တယ်"

သူ့စကားဆုံးတော့ မြက ပခုံးတွန့်သည်။ သူ၏ မူပိုင်အပြုံးဖြစ်သော နှုတ်ခမ်းထောင့်စွန်းလေး ကွေးရုံမျှ ယဲ့ယဲ့ပြုံးသည်။ မျက်လုံးလေး မှေးစင်းကြည့်သည်။ ထို့နောက် သိမ်မွေ့စွာ သက်ပြင်းချလျက် အဝေးသို့ ဆွေးရီရီလေး ငေးပြန်သည်။

"နောက်လကျရင် မြ လက်ထပ်တော့မယ်"

ထိုခဏ။ တစ်စက္ကန့်၏ သုံးပုံတစ်ပုံမျှသာ ကြာညောင်းသော အချိန်တို လေးဖြစ်ပါသည်။ သို့သော် သူ ဘယ်လိုအသည်းကွဲပြရမည်မသိလောက်အောင်ပင် ကမ္ဘာပျက်သွားခဲ့သည်။

(၃)

မြဟာ တကယ်တော့ မြပါပဲလေ။ သူကသာ ပိုးဖလံမျိုးပီပီ မီးကို တိုးခဲ့တာပါ။ အဆက်ဖြတ်ချင်တော့လည်း လွယ်လိုက်တာ။ "ရှင့်ကို ကျွန်မ အလိုမရှိတော့ဘူး" ဟု ပစ်ပစ်ခါခါ မပြောရုံတစ်မည် စိမ်းကားသွား၏။ မသက်ဆိုင်တော့ပါကြောင်း တစ်ဦးနှင့်တစ်ဦး တရားဝင် မကြေညာတော့သော်ငြား သူကလည်း သူ့မာနနှင့်သူမို့ နေစိမ့်ခဲ့ပါသည်။ မြကတော့ သူ ပြောခဲ့သည့် စကားအတိုင်း မုဆိုးဖိုတရားသူကြီး တစ်ယောက်နှင့် ရုံးတက် လက်မှတ်ထိုးကာ နှစ်ဖြာရွှေလက် ဂဟေဆက်သွားခဲ့ သည်၊သည်အကြောင်းကိုသိရပြန်တော့လည်း "ဩော်....တော်တော်ဘဝဆန်သူကြီး ပေကိုး" ဟု သရော်တော်တော်တွေးကာ သူ နာကျင်နေမိသည်။

အိမ်ထောင်ကျပြီးသည့်နောက် မြ အငြိမ့်ဆက်မကတော့ပါ။ မြကို စိတ်နာသည့်အရှိန်ဖြင့် သူကလည်း အငြိမ့်ပွဲ၊ ဇာတ်ပွဲများဘက်သို့ ခြေဦးမလှည့် ဖြစ်တော့ပါ။ယခင်လက်ဖက်ရည်ဆိုင်ထိုင်ရာကနေ မြလက်ထပ်ပြီးသည့်နောက်

တွင်တော့ ဗောဓိကုန်းဝန်းကျင်တစ်ဝိုက်ရှိ ဖယောင်းတိုင် မှိန်ဖျော့ဖျော့ ထွန်းထားသော ဘီအီးဆိုင်များဘက်သို့ အရောက်များခဲ့သည်။ ငွေစကြေးစရှင်လျှင်တော့ အမြည်း ကောင်းကောင်းရနိုင်သော စားသောက်ဆိုင်များဘက်သို့ပေါ့။ ထိုနေရာများသည် သူတို့အပေါင်းအသင်းတစ်စု လှေ့လာခဲ့သော၊ ကောက်ချက်ချမိသော အတွေးအခေါ်ပညာများ ဖလှယ်ရာ ဘူမိနက်သန်ဖြစ်လာခဲ့သည်။

သည်ကြားထဲ အကြောင်းတိုက်ဆိုင်လျှင် တိုက်ဆိုင်သလို "မြကို လွမ်းလှချည့်" ဟူ၍ သူ မျက်ရည်ကျဖြစ်ခဲ့သည်။ သူ့ဟာသူ မျက်ရည်ကျရုံမက၊ သူနှင့်ဆက်နွယ်လာသော နှုတ်ခမ်းနီမလေးများကိုလည်း မြကို သူ ဘယ်လောက်ချစ်ကြောင်း၊ လွမ်းရကြောင်း စာဖွဲ့ပြတတ်သေးသည်။ သည်လိုနှင့် သူက မြ ဟု ယူဆသော မြပေါင်းများစွာနှင့် နှစ်ပါးသွားဇာတ်ကခဲ့သည်။ ထို့နောက် ထိုသူတို့ကို မြ မဟုတ်ဟုဆိုကာ အိပ်မက်ထဲတွင် ထားရစ်ခဲ့သော မြကို ဆက်လက်အရှာထွက်ခဲ့သည်။ ဆယ်စုနှစ် တစ်ခုကျော်တိုင်သည်အထိ မြ ဘယ်ရောက်နေသည်၊ မြ ဘဝ ဘယ်လိုနေသည် သူ မသိသော်လည်း မြကို တမ်းတပြီး လွမ်းရတာကို သူ နှစ်ခြိုက်လာသည်။ မြအကြောင်း ပြောပြီး အချစ်ရှုံးသမားဘဝ ခံယူရသည်ကို သူသဘောတွေ့လာသည်။

သို့သော် ဆယ်နှစ်ကြာပြီးမှ မထင်မှတ်သော ဆောင်းတွင်း နံနက်ခင်းတစ်ခုတွင် သူ့ဘဝထဲသို့ မြ ပြန်ဝင်လာသည်။ သူ့ကြီးတော်ကြီးက ဖုန်းလာနေတယ်ဟု ဆို၍ အိမ်အောက်ထပ်သို့ ဆင်းကာ သူ ဖုန်းကိုင်မိသည်။

ထိုနေ့သည် ကဗျာဖွဲ့ကောင်းလောက်အောင် လှပမနေပါ။ နေလည်း မသာ၊ ပန်းလည်း မမွှေး၊ လေလည်း မအေးပါဘဲနှင့် သူ့အတွက်တော့ အမှတ်တရဖြစ်ခဲ့သည်။

"မောင်မောင်လားဟင်၊ မြ… အဲလေ ကျွန်မ မြမြဝေပါ"

"မြ" ဟု နောက်ဆက်တွဲစကားကို ကြားလိုက်ရမှ အသံကို သူ ကျက်မိတော့သည်။ တကယ်ဆို မောင်မောင် ဟုခေါ်ကတည်းက သူ သိသင့်ခဲ့ပါသည်။ မြတစ်ယောက်ကလွဲ၍ သူ့ကို မည်သူကမျှ ထိုနာမ်စား မသုံးစဖူး။ မနှင်ဘဲ ထွက်၊ မခေါ်ဘဲ ရောက်လာသူကို သူ ဘယ်လို ဆီးကြိုရမည်မှန်း မသိပါ။ ဆယ်နှစ်ကျော်တ ပြီး ငိုခဲ့ရသည့် မိန်းမတစ်ယောက်က သူ့ထံကို ဖုန်းခေါ် နှုတ်ခွန်းဆက်သည်ကို သူ နည်းနည်းတော့ ရင်ခုန်သင့်သည်ဟု ထင်ပါသည်။ သို့ပေမဲ့ အသက်ရှူသံတို့ နွေးထွေးနေရမည်ထက် ဘာရယ်မသိသော ခံစားချက်ဖြင့် သူ စိတ်ရှုပ်ထွေးနေမိသည်။ မြ ကို သူက အိပ်မက်ထဲမှာသာ နေစေချင်သည်လေ။

တစ်ခုခုတော့ သူ ပြောမှ ဖြစ်မည်။

"ဟုတ်ကဲ့၊ ကျွန်တော် မှတ်မိပါတယ်၊ နေကောင်းတယ် မဟုတ်လားဟင်"

"နေကောင်းလားဆိုတော့ .... အင်း ထားပါလေ၊ ကျွန်မ ရက်တရက်ကြီး ဖုန်းဆက်လိုက်လို့များ အံ့ဩသွားမလား မသိဘူး၊ မနက် ၁၀ နာရီမှာ ကျွန်မ အော်ပရေးရှင်း နောက်တစ်ကြိမ် ထပ်ဝင်ဖို့ရှိတယ်၊ ဒါပေမဲ့ အခြေအနေအရ ကျွန်မကို ဆံပင်တွေ ဖြတ်ပစ်ဖို့ ပြောနေကြလို့၊ အဲ့ဒါလေ..."

မြ ပြောနေသည့်စကားတွေကို သူ နည်းနည်းမှ ဆက်စပ်လို့မရပါ။ ခွဲစိတ်ခန်းဝင်ရမယ်၊ ဆံပင်ဖြတ်ရမယ်၊ ဒါနဲ့ သူ့ဆီ ဖုန်းဆက်တာ ဘာဆိုင်လို့လဲ... သူ တရစပ်တွေးရင်း အဖြေရှာသော်လည်း ဝေခွဲမရသေး။ မြကတော့ သူ ပြောချင်တာ ပြောပြီးသည့်နောက် ရှိုက်ငိုနေသည်။ သူ၏ ဆို့နင့်နေသော အသံကို ဖုန်းလိုင်းမှတစ်ဆင့် အတိုင်းသားကြားနေရသည်။

"ဒီတော့ ကျွန်တော် ဘယ်လို ကူညီပေးရမှာလဲ" မဝံ့မရဲနှင့် သူ မေးလိုက်မိသည်။

"ကျွန်မလေ ဒီဆံပင်တွေကို ဆယ်နှစ်ကျော်လုံးလုံး ဒူးအထက် တစ်ခါမှ မညှပ်ခဲ့ဖူးဘူး၊ ဒီအတိုင်း ထိန်းသိမ်းထားခဲ့တယ်၊ ခုလေ... ခု... ခုတော့ ဖြတ်ပစ်ရတော့မယ်တဲ့၊ မောင်မောင် ချစ်တယ်ဆိုတဲ့ ဆံပင်တွေကို ဖြတ်ပစ်ရတော့မယ်တဲ့၊ အဲဒါ စိတ်မကောင်းဘူး မောင်မောင်ရယ်" ပြောရင်းနှင့် မြသည် တသိမ့်သိမ့် ရှိုက်ငိုတော့သည်။

သည်တစ်ခါမှ သူသည် ကမ္ဘာပျက်ရုံမက ကမ္ဘာပျက်စဉ်က ကျန်ခဲ့သော ဒြပ်ထုပင်လျှင် ခုတော့ မှုန့်မှုန့်ကြေလေပြီ။ ဟိုတစ်ချိန်က မြနှင့်သူ တွေ့စဉ်တိုင်း မြ ပေးသည့် အကြီးမားဆုံး အခွင့်အရေးမှာ သူ့ဆံနွယ်လေးတွေကို နမ်းရှိုက်ခွင့်သာ ဖြစ်သည်။ ထိုသို့ နမ်းရှိုက်ခွင့်ရတိုင်းလည်း "မြက သိပ်ကုသိုလ် ကံကောင်းတာပဲ။ မြနဲ့သာ လက်ထပ်ခွင့်ရရင် နေ့တိုင်း ခေါင်းဖြီးပေးချင်တယ်" ဟု ပြောခဲ့ သည်ကိုလည်း အမှတ်ရသည်။ ဆံပင်ညှပ်မည်ဆိုတိုင်းလည်း သူ့ကို တိုင်ပင်မှ ကျေနပ်ခဲ့သည်။

တစ်ကျော့ပြန်၍ မြသည် အိပ်မက်မှ သူ့ကို နှိုးလိုက်ပြန်ပါပြီ။ ဖုန်းချပြီးနောက် သူသည် မျက်ရည်တွေတွေကျခဲ့သည်။ သို့ပေမဲ့ သည်မျက်ရည်သည် မြအတွက် သူ ကျခဲ့သော နောက်ဆုံးသော မျက်ရည်ဖြစ်၏။

မြ ဆေးရုံတက်နေစဉ်အတွင်း ဆေးရုံသို့ သူ တစ်ခါသာ ရောက်ပါသည်။ မြ၏ ခင်ပွန်းသည်ကိုရော၊ မြ၏ သမီးလေးကိုပါ သူ အားပေးနှစ်သိမ့်ခဲ့သည်။ ရင်သားကင်ဆာနှင့် ရင်သားတစ်ခြမ်း ဖြတ်ထုတ်ခဲ့ရပြီး နှစ်လအကြာတွင် မြ ဆုံးပါးလေသည်။

အခုတော့ ဘာလိုလိုနှင့် မြ ကွယ်လွန်သည်မှာ ငါးနှစ်ရှိခဲ့ပြီ။ မြ ကြွေလွင့်ပြီးသည့် နောက်တွင်တော့ မြကို တ ပြီး သူ မငိုဖြစ်တော့ပါ။ မြနှင့် သူ့ဇာတ်လမ်းကိုလည်း အရသာခံပြီး သူ မပြောဖြစ်တော့ပါ။ မြအပေါ် သူ ဘယ်လို မြတ်နိုးရကြောင်း စကားစရမည်ကိုပင် သူ့ကိုယ်သူ လိပ်ပြာမလုံဖြစ်နေသည်။ ဘယ်လိုပဲဖြစ်ဖြစ် အကြောင်းတိုက်ဆိုင်တိုင်းတော့ အမှန်တကယ် လွမ်းရပါသည်။ သို့သော် သူ သည် မြကို အိပ်မက်ထဲတွင်သာ ထားခဲ့သည်မဟုတ်၊ ထိုအိပ်မက်ကိုပါ မေ့ပစ်လိုက်သည်ကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ မဖွင့်ဟဖြစ်တော့ပေ။

မြရေ… နေခဲ့တော့။

စုံနံ့သာမဂ္ဂဇင်း၊ ၂၀၁၅ မတ်လ

✿

# မဖြူတဖြူ

(၁)

ခုတစ်လော ကျွန်မ စိတ်တွေ လေးလံနေသည်။ အထူးသဖြင့် သူ့မျက်လုံးများနှင့် ဆုံသည့်အချိန်တိုင်းပေါ့။ ထိုမျက်ဝန်းများကို မေ့ပစ်ချင်သည်။ တတ်နိုင်သမျှ ရှောင်ကွင်းသွားလိုက်ချင်သည်။ သူ့အကြည့်များသည် ကျွန်မကို ကယောင်ချောက်ချား ဖြစ်စေသည်။ သူသည် ယခုရက်ပိုင်းအတွင်း ကျွန်မ၏ အာရုံဝင်စားမှုတိုင်းကို ဖမ်းဆုပ်ထားသည်။ လူတစ်ဦး၏ မနောကို ပိုင်စိုးနိုင်စွမ်းရှိသော အကြင်သူသည် အဘယ်မျှသော တန်ခိုးသတ္တိနှင့် ပြည့်စုံသနည်း၊ မည်ကဲ့သို့သော စွမ်းအားမျိုး ပိုင်ဆိုင်ထားသနည်းဟု တစ်စုံတစ်ယောက်ကများ မေးလာလျှင် ကျေနပ်စရာအဖြေကို ပေးနိုင်လိမ့်မည် မဟုတ်ပါ။

ကျွန်မ ရည်ညွှန်းလိုသော သူသည် သာမန်တကာ့ သာမန်ထက် နုံချာသော သူသာ။ ထို့ထက် တိတိကျကျ ပြောရလျှင် ခွေးတစ်ကောင်။ ထပ်မံ အသေး

စိတ်ပြီး ဂုဏ်အင်ပြရပါက လူတကာက အော်ဟစ်မောင်းထုတ်သော၊ အင်အားကြီး ခွေးအုပ်စု၏ အမြဲဗိုလ်ကျခြင်းကို ခံရသော လမ်းဘေးမှ အနုတ်စုတ် ကုပ်စုတ် ခွေးဝဲစားတစ်ကောင်။ အင်မတန် အသန့်အပြန့်ကြိုက်သူ၊ ဇီဇာကြောင်တတ်သူမို့ ခွေးဝဲစား မပြောနှင့်။ မည်သည့် အိမ်မွေးတိရစ္ဆာန်ကိုမျှ မခင်တွယ်တတ်သော ကျွန်မက အောက်တန်းစား ခွေးတစ်ကောင်ကို စွဲလမ်းနေပါသည်ဟု ဆိုလျှင် ကျွန်မ၏ ပတ်ဝန်းကျင်မှ အကြောင်းသိသူများက ဟားတိုက် ရယ်မောကြလေမလား။ ထူးဆန်းမှုတစ်ခုဟုသာ ဆိုကြပါစို့။ သူနှင့် ဆက်နွှယ်ခဲ့မှုကြောင့် နှစ်ပေါင်းများစွာ အရိုးစွဲလာသော ကျွန်မ၏ ကန့်သတ်ထားမှုများမှာ ချိုးဖောက်ဖို့ အကြောင်းဖြစ်လာတော့သည်။

ကြာတော့ ကြာခဲ့ပါပြီ။ ကျွန်မ အုပ်လုံးသိမ်းတတ်သည့် အရွယ်တွင် စိတ်ပျက်စရာ ထိုကန့်သတ်ချက်ကို မိမိတစ်ဦးတည်း အမြင်ဖြင့် စည်းတားဖို့ရာ ဇာတ်လမ်း စတင်ခဲ့သည်။ ကျွန်မ မှတ်မိသလောက် ထိုနေ့သည် တစ်ခုသော နွေရာသီ၏ မှောင်စပျိုးသည့်အချိန်။ ကျောင်းမှ မောမောနှင့် ပြန်လာပြီး ညစာ စားနေသည့် တဒင်္ဂအတွင်းမှာပင် ဖြစ်ပါသည်။ ထိုအချိန်တွင်မှ တိုက်တိုက်ဆိုင်ဆိုင် ထမင်းစားစားပွဲနှင့် ကပ်လျက်ရှိသော ပြတင်းပေါက်မှ အိမ်အပြင်ဘက်သို့ ငေးမိသွားသည်။ ကြောင်တစ်ကောင်ရယ်လေ။ သူက စပြီး ကျွန်မကို အိပ်မက်ဆိုးတွေ ပေးခဲ့သည်။ ထိုကြောင်သည် အုတ်နံရံမှ တစ်ဖက်အိမ်၏ ခေါင်မိုးပေါ်သို့ လှမ်းခုန်လိုက်ချိန်တွင် ကံဆိုးရှာသော သူ့သန္ဓေသားက ထွက်ကျလာသည်။ သည့်မတိုင်မီကတော့ ကြောင်မခမျာ မွေးဖွားချင်လွန်း၍ နာကျင်စွာ အော်မြည်နေမလားဆိုတာ ကျွန်မ မသိနိုင်ပါ။ ကိုယ့်အာရုံနှင့် ကိုယ်မို့ သတိမထားမိတာလည်း ဖြစ်နိုင်ပါသည်။

တစ်ဖက်ခေါင်မိုးပေါ်သို့ သူရောက်ချိန်နှင့် သူ့ရင်သွေးငယ် ပြင်ပလောကသို့ ဝင်ရောက်ချိန်က တစ်ထပ်တည်း ကျသည်။ တစ်ဖက်အိမ်က တစ်ထပ်အိမ်မို့ ခေါင်မိုးအစွန်းမှ ထိုကြောင်မ သားလျှောသည့် အဖြစ်သနစ်ကို ပိတ်သားပြင်တွင် ရှုမြင်နေရသလို ကွက်ကွက်ကွင်းကွင်းကြီး မြင်နေရသည်။ ကြောင်ရယ်လို့ ရုပ်လုံး မပေါ်သေးသည့် အမိဝမ်းတွင်းမှ ကျွတ်ခါစ အနီသတ္တဝါ သေးသေးကလေးကို သူ့မိခင်က ဘာသာဘာဝ အတတ်ပညာဖြင့် သူ့ဘာသာ ချက်ကြိုးဖြတ်ပြီး ညနေစာအဖြစ် ကျကျနန တစိမ့်စိမ့် ပွဲတော်တည်လိုက်သည့် မြင်ကွင်းသည် ထိုနေ့ကစပြီး ကျွန်မကို တမျှင်းမျှင်း ခြောက်လှန့်တော့သည်။ ထိုစဉ်

အခါက စားပြီးသား ညစာ တို့ပင် ပျို့အန်ထုတ်ပစ်ရသည်အထိ။ အစွဲအလမ်းကြီးတတ်သော ကျွန်မအတွက်တော့ ရောမ ရှုံ့ရှာစက်ဆုပ်စရာ ပြစ်မှုကြီးနှင့် ပက်ပင်းတိုးလိုက်ရသလို ရင်တုန်စရာ ကောင်းနေတော့သည်။ နောက်ပိုင်း စာတွေ ဖတ်ရင်း၊ အသိ ဆရာဝန်များနှင့်လည်း ဆွေးနွေးရင်း ခွေးရူးရောဂါနှင့် တိရစ္ဆာန်မှတဆင့် ကူးစက်တတ်သည့် အခြား ရောဂါများအကြောင်း သိလာရတော့ တိရစ္ဆာန်ဆိုလျှင် ဝေရာမဏီ ဝေးဝေးရှောင်ကြဉ်လော့ ဆိုသည်မှာ မည်သူကမျှ သတိပေးစရာ မလိုအောင်ကို အသိရှိနေတော့သည်။ အဟိတ်တိရစ္ဆာန်ဖြစ်သော ကြောင်စုန်းတစ်ကောင်ထံတွင် စာနာခြင်းတရားကို သွားပြီး ရှာဖွေမိသည်ကိုက ကျွန်မ၏ လွဲချော်မှုပင်။

ဤသို့သော နောက်ခံအကြောင်းတရားများနှင့် ကျွန်မကို အနီ ခွေးဝဲစားက လာပြီး ပတ်သက်ချေပြီ။ သူက ကျွန်မဘဝထဲသို့ ဝင်လာတာလား။ ကျွန်မက သူ့ဘဝထဲသို့ ဝင်သွားတာလား။ တပ်အပ်ပြောနိုင်သည်မှာတော့ သူ့ကိုလည်း ကျွန်မ မေတ္တာထား၍ မရနိုင်ပါချေ။

(၂)

သေချာစေ့ငုကြည့်လျှင်တော့ သူ့ဘဝအကြောင်းက စိတ်ဝင်စားစရာ ဇာတ်လမ်းတစ်ပုဒ် ဖြစ်ချင်ဖြစ်နိုင်သည်။ သူက ခွေးချစ်သူ တော်တော်များများ အမြတ်တနိုးထားတတ်သော တယ်လီယာခွေးမျိုး ဖြစ်သည်။ ကျွန်မတို့ လမ်းထဲကို ရောက်လာသည့် အချိန်ကျတော့ သူ့ရဲ့ ရွှေထီးဆောင်း နေ့ရက်တွေပဲ ကုန်လွန်သွားပြီမို့လား မသိ။ အရောင်က ခပ်မွဲမွဲ၊ အမွေးငုံးတိ၊ ပိန်ချည့်ချည့်နှင့်။ သူ့ဝမ်းသူ အနိုင်နိုင်ကျောင်းနေရသည့် ခွေးဝဲစားကလေးမျှသာ။ ဘယ်သူကမှ မချစ်ချင်၊ မပိုက်ထွေးချင်။ စားခွက်လုရင်း ခွေးကြီးတွေက မာန်ဖီကြ၊ ကိုက်ခဲလိုက်ကြလို့ သူ့ခမျာ တဂိန်ဂိန်၊ တအိန်အိန် နှင့် တောင်းပန်ရရှာသည်။

ကျွန်မ နှလုံးသားထဲသို့ ဝင်မလာသေးမီ ညကလည်း သူနှင့် ခွေးတစ်အုပ် တို့ ထုံးစံအတိုင်း ရန်ဖြစ်ကြသည်ထင့်။ တစ်ရပ်ကွက်လုံး ခွေးမာန်ဖီသံတွေနှင့် ဆူညံနေတော့သည်။ နောက်တစ်နေ့ ကျွန်မ ရုံးသွားရန် အောက်ထပ်သို့ ဆင်းလာ ချိန်တွင် လှေကားခြေရင်း၌ ခွေခွေကလေး လာပြီး ခိုလှုံနေရှာသည့် သူ့ကို သတိ ထားမိတော့သည်။ သူ့ ပေါင်ရင်းက သွေးစသွေးနတွေ မခြောက်သေး

သည်ကို ဘယ်ဘက်ခြေချောင်းကလေးကို မြှောက်ထား၍ မြင်နေရသည်။ ရှုံးချိန် မမီ၍ လှေကားတစ်လျှောက် ဒရောသောပါး ပြေးဆင်းလာသော ကျွန်မကို သူ အလန့်တကြား မော့ကြည့်သည်။ ကျွန်မတို့ နှစ်ဦးသား ပထမဆုံး မျက်လုံးချင်း စပြီး ဆုံတွေ့ကြပြီ။ ထိုအချိန်က သူ့ခများ အရာရာကို ထိတ်လန့်နေသည့်ပုံ၊ အသနားခံနေပုံ။ ပြီးတော့ ဒဏ်ရာကို တော်တော်ကြီး ကြိတ်မှိတ်ခံစားနေရပုံ။ ကျွန်မကတော့ အထက်စီးကပဲပေါ့။ "အကောင်ငယ်ငယ်လေးနဲ့ ခွေးကြီးတွေကို သွားပြီး တုတာ ခံရတာတောင် နည်းသေး" ဟုပင် စိတ်ထဲက ပျစ်ပျစ်နှစ်နှစ်ကြီး ကောင်းချီးပေးလိုက်သေးသည်။ သူကတော့ တအီအီအော်လို့၊ အကြောင်းစုံ ရှင်းပြနေသယောင်။ ကျွန်မလည်း ရုံးချိန်ကျော်နေပြီမို့ သူ့ကို ဂရုမထားနိုင်အား ပါ။ သာမန်ကာလျှံကာ အကြည့်နှင့် နှုတ်ဆက်ခဲ့တော့သည်။

သို့ပေမဲ့ ဘဝဘဝက ရေစက်က အခုမှ အကျိုးပေးပြီလား မသိ။ ညနေ ရုံးဆင်းချိန် အိမ်ပြန်တော့လည်း လှေကားရင်းတွင် သူ့ကို မတုန်မလှုပ် တွေ့ရ ပြန် သည်။ သွေးတစိုစို၊ ဖုန်အလူးလူးနှင့် ညစ်ထေးနေသော သူ့ကို ကြည့်ပြီး ကျွန်မမှာ အော်ဂလီဆန်လိုက်ရတာ။ မလှုပ်မယှက်ကြီး တွေ့ပြန်တော့လည်း "သေပြီလား မသိဘူး" ဟု စိုးစဉ်းမျှ ကရုဏာသက်မိသွားသလိုလို။

"ဒီတိုက်က လူတွေကလည်း ခက်ပါတယ်၊ ခွေးသေတစ်ကောင်လုံး ဒီအတိုင်းပဲ ထားတော့မှာလား။ လွှင့်ပစ်ဖို့ နည်းနည်းမှ စိတ်မကူးကြဘူး ထင်တယ်" တစ်လက်စတည်း တစ်တိုက်လုံးက ရှိရှိသမျှ အိမ်ထောင်စုတိုင်းကို အပြစ်တင် စောလိုက်ပြန်သည်။ ခဏနေတော့ အခန်းတစ်ခန်းခန်းမှ ရေတင်လိုက်သည် ထင်၏။ ရေမော်တာ လည်သံ တကျီကျီ ရုတ်တရက် ထမြည်လိုက်သဖြင့် ထိုခွေးဝဲစား လေး ခများ လန့်ပြီး ခေါင်းထောင်ကြည့်မှပဲ သူ ခဏမှိန်းနေတာဖြစ်ကြောင်း ရိပ်မိတော့ သည်။ သူသည် ကျွန်မကို ကြည့်ပြန်သည်။ သူ့ဒဏ်ရာမှာ သက်သာပုံ မပေါ်သေး။ မလှုပ်နိုင် မရှားနိုင်ဖြင့် တစ်နေ့စာ သူ့ဝမ်းရေးကို သူ ဘယ်လို ဖြေရှင်း နေလည်း မသိ။ ဆာရှာရှော့မည်ပေါ့။ ကျွန်မမှာတော့ သူ၏ ခပ်ရှိုးရှိုးအကြည့်လေး ကိုတောင် ခံနိုင်စွမ်းမရှိ။ ရပ်တလှပ်လှပ်နှင့် အပေါ်ထပ်သို့သာ ပြေးတက်လာ ခဲ့သည်။

သူ့ခများလည်း လုံခြုံဘေးကင်းရာမှာသာ နေချင်ရှာပေမည်။ လှေကား ၏ ဘယ်ဘက်အခြမ်းတွင် ရေမော်တာများ ရှိသဖြင့် ထိုအပိုင်းကို အမြဲတစေ သော့ခတ် ထားသည်။ သူလို အကောင်ငယ်လေးကသာ သံပန်းတံခါး သံတိုင်တွေ

ကြားက ငံ့လျှို့ပြီး ဝင်နိုင်ပေမယ့် အခြားအကောင်ကြီးတွေ ဝင်လို့မဖြစ်နိုင်တာမို့ သူ့အတွက် လုံခြုံသည်ဟု ဆိုနိုင်ပါသည်။ ဘယ်အချိန်အထိ ထိုနေရာတွင် သူ နေဦးမှာလဲ။ မနက်ဖြန်တိုင်း သူနှင့် ဆုံတွေ့နေရဦးမှာလား။ အတွေးနှင့်တောင် စိတ်မောရပါ၏။

(၃)

ဒုတိယနေ့ ရောက်လာပြန်သည်။ စနေနေ့ ရုံးပိတ်ရက်မို့ အောက်ထပ်သို့ အကြောင်းအမျိုးမျိုးနှင့် ဆင်းဖြစ်သည်။ ဆင်းလေတိုင်း သူ့ကို မြင်ရပြန်သည်။ သူသည် မနေ့ကထက် သိသိသာသာ ပိုပြီး ပိန်ကျသွားသည်။ အမွေးတွေလည်း ကျွတ်ကုန်ပေါ့။ တချို့နေရာများဆိုလျှင် အသားပြင်ကိုတောင် မြင်နေရပြီ။ ကျွန်မကို မြင်တော့ ဟောင်သံမပြောနှင့် အီသံတစ်ချက်ပင် မပေး။ သူ့စိတ်ထဲတွင် ရင်းနှီးသွားလို့လား၊ သူ့အတွက် အကျိုးမထူးဟု ထင်လို့လား၊ အသံပြုရန်ပင် အားမရှိတော့၍လား မပြောတတ်ချေ။ သေချာသည်က သူသည် ကျွန်မ၏ လှုပ်ရှားမှုတိုင်းကို စူးစိုက်ပြီး ကြည့်နေသည်။ ကျွန်မမှာ စိတ်မလုံ၍ နောက်ကြောင်း ပြန်လှည့်ကြည့်လေတိုင်း သူ့မျက်ဝန်းများနှင့် ဆုံရသည်သာချည်း။ ခက်တော့ ခက်ချေပြီ။ သူ ကျွန်မအပေါ် မည်သို့ မည်ပုံ သဘောထားမည်ကို အတိအကျ မခန့်မှန်းတတ်သော်လည်း ကျွန်မကတော့ သူ့ကို မုန်းလှပါပြီ။ အနီ ခွေးနာလေးကို ကျွန်မ မြင်ကွင်းထဲမှ မြန်မြန် ပျောက်သွားစေချင်လှပြီ။ ရွံရှာသည့် စိတ်က စာနာသနားရမည့် စိတ်ထက် လွန်ကဲနေသည်ကိုး။

သုံးရက်မြောက်နေ့တွင် အောက်ထပ်သို့ ဆင်းရန် ကိစ္စပေါ်လာပြန်တော့ သူနေသည့် လှေကား ဘယ်ဘက်ထောင့်ကို မကြည့်မိရန် စိတ်ကို တင်းထား ရသည်။ သို့သော် မရပါ။ သတိထားသည့် ကြားကပင် "ခွေးသေကြီးနှင့် ပက်ပင်း တိုးလေမလား" ဟု စူးစမ်းချင်သော စိတ်ဖြင့် သူ့ဘုံဗိမ္မာန်လေးဆီသို့ အကြည့်က ဝေ့ဝိုက်မိပြန်သည်။ အသက်ခပ်မျှင်းမျှင်း ရှူ၍ မှိန်းနေရှာသော သူ့ကို တွေ့ရသည်။ နဂိုကတည်းက ကြုံလှီရှာသော သူသည် အခုတော့ ချုံးချုံး ကျနေရှာပေပြီ။ အထူးသဖြင့် ခြေချောင်းအရိုးလေးများပင် ငေါ်ထွက်လို့။ ကျွန်မမှာ စိတ် ပင်ပန်းရပြန်ပါသည်။

ကျွန်မကိုယ် ကျွန်မလည်း အားမလို အားမရဖြစ်မိသည်။ ဤမျှ အကြင်နာ ကင်းမဲ့သူ ဖြစ်ရကား ဆိုသည့် အတွေးဖြင့် ကြိတ်မနိုင် ခဲမရ အပြစ်တင် ရပြန်သည်။ သို့သော် ဖြစ်သင့်သောတရားနှင့် တစ်ကိုယ်ကောင်း အတ္တတို့က လွန်ဆွဲ နေကြဆဲ။ တိရစ္ဆာန်များကို ရွံမုန်းသည့်ကြားကပင် အထက်တန်းကျောင်းသူ ဘဝတုန်းက မြန်မာစကားပြေတွင် သိပ္ပံမောင်ဝ၏ "အာမိတ်" ကို သင်ယူရတုန်း ကတောင် ခွေးကလေး အာမိတ်ကို သနားလွန်းသဖြင့် မျက်ရည်လည်ရွဲ ဖြစ်ခဲ့ရ သေးသည်။ ငါဆို ဘယ်လို ကြင်နာလိုက်မဟဲ့ ဟူ၍ စိတ်ကူးနှင့် သဘောကောင်း ခဲ့သည်မှာ နဖူးတွေ့ ဒူးတွေ့ ကြုံသည့်အခါ မျက်နှာလည်း ပျက်၊ အကြည့်လည်း လွဲ၊ နှာခေါင်းလည်း ရှုံ့မိပြန်လေတော့သည်။

ကျွန်မ တရားမျှတပါသလား။ ကျွန်မ၏ အပြုအမူတို့ ဓမ္မဓိဋ္ဌာန်ကျပါ ရဲ့လား။ ခွင့်လွှတ် နားလည်ပေးနိုင်စရာ ကောင်းပါရဲ့လား။ မည်သို့မျှ မှတ်တမ်း မတင်ထိုက်သော၊ သာခုခေါ်ရန် အကြောင်းမရှိသော မသိကျိုးကျွန်ပြုမှု၊ ရှောင်လွှဲမှု အတွက် ဖြေသိမ့်စရာ ဆင်ခြေအမျိုးမျိုး ရှာကြည့်ပါသေးသည်။ သူ့ကို အစာဝယ်ကျွေး ရန် အစဦး၌ စိတ်ကူးမိသေးသည်။

"မဖြစ်သေးပါဘူး၊ လက်ပံပွင့်ချိန်ကလည်း နီးလာပြီ၊ သူ့ကြည့်ရတာ ခွေးရူးကိုက်ခံရတာလား၊ ဘာလားမသိဘဲ သွားရောနေလို့၊ နောက် တွေ့တိုင်း ပါးလျက်နားလျက် လာလုပ်လို့ ရောဂါကူးလာရင် ဘယ်လိုလုပ်မလဲ"။ ဤအကြောင်း ပြချက် တစ်ခုတည်းနှင့်ပင် သူ့ကို တတ်အားသရွေ့ ကူညီရန်အကြံကို လက်လွှတ် လိုက်တော့သည်။ အသိတိရစ္ဆာန်ဆေးကု ဆရာဝန်များကို ပင့်၍ ပြရန် စဉ်းစား ပြန်၏။ ကြေးရတတ် ခွေးချစ်သူများ၏ သည်းသည်းလှုပ်သမျှကို အရိပ်တကြည့် ကြည့် နေပေးရသော သူတို့ကလည်း လမ်းဘေးခွေးဝဲစား တစ်ကောင်အတွက် အချိန်၊ လုံ့လမျှပေးနိုင်ပါ့မလား။ သည်ခွေးကို ပိုက်ပြီး ဆေးခန်းသွားဖို့တော့ ကျွန်မ အတွက် လုံးလုံးမဖြစ်နိုင်။ သည်လိုနှင့်ပင် အမှားခြစ်ရန် ကြိုတင် ကြံစည်ပြီးထား သော အဖြေလွှာကို မစစ်ခင်ကတည်းက အကျစာရင်း သွင်းလိုက်မိပါသည်။

ဟုတ်ပါသည်။ ကျွန်မ၏ ခေါင်းရှောင်မှုသည် မည်သို့မျှ ခွင့်လွှတ်နိုင် စရာ မကောင်း။ ဒါကို ကျွန်မ ကောင်းကောင်း သဘောပေါက်သည်။ အထူးသဖြင့် ကျွန်မက လူမှုရေးဆောင်ရွက်သူ ဝန်ထမ်းတစ်ဦး ဖြစ်နေခြင်း အကြောင်းတစ်ခု တည်းနှင့်ပင် စိတ်ဓာတ်နှင့် လုပ်ရပ်ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေမှုကို အော့နှလုံး နာစရာ ဖြစ်နေတော့သည်။ သည်လိုနှင့် တစ်နေဝင်၍ တစ်မိုးချုပ်ပြန်သော်ငြား လည်း ကျွန်မ၏ အတ္တမီးကြီးကား တညီးညီး တောက်လောင်နေဆဲ။

"ပကတိအမှန်တရားကို မျက်ကွယ်ပြုပြီး ဘာကြောင့်များ ဒီလောက်ထိ ခေါင်းမာနေရတာလဲ" တွေးရင်းနှင့်ပင် အသက်ရှူကျပ်လာသည်။ လေးရက်ခြောက်နေ့သို့ ကူးပြီ။ ကျွန်မ သူ့အကြည့်တွေကို ပိုပိုပြီး ကြောက်လာသည်။ သူ့ရှေ့ ရောက်လျှင် အလိုလို သိမ်ငယ်မိလာသည်။ အိမ်ပြန်ရမှာကို ဝန်လေးနေမိသည်။ ဖြစ်နိုင်လျှင် ထိုလှေကားဘက်မှ မသွားချင်။ အပေါ်သို့ တက်ရန် အခြားလှေကား တစ်ခု မရှိသည်က ကျွန်မအဖို့ သူမှသူ မတွေ့ချင် မမြင်ချင်လျက်က ဆုံရန် ကြုံရန် အခါသင့်စေခဲ့သည်ပဲ။ ယခုအချိန်မှာ သူ့ကို မုန်းသေးသလား ဆိုတာ ကျွန်မကိုယ် ကျွန်မ ဆန်းစစ်မိပြန်သည်။ အဖြေက ဝေဝေဝါးဝါး။

(၄)

"ဆရာမအတွက်တဲ့၊ အညာက လူတွေ သနပ်ခါးတုံး လက်ဆောင်ပေးလိုက်တာ"

အပူပိုင်းဒေသ စီမံကိန်းမှ ကျွန်မကို ချစ်ခင်ကြသော ရွာသားများက အရာရှိတစ်ဦးနှင့် လက်ဆောင် ပါးလိုက်ခြင်းပင်။ ရိုးသားသော တောသူတောင်သားများ၏ စိတ်ရင်းကား လေးစားဖို့ကောင်းသည်။ အဖြူထည်သက်သက်။ အညာဒေသနည်းတူ ရောဝတီတိုင်းဘက်မှ ရွာများကလည်း လူကြုံရှိရင် ရှိသလို ကျွန်မ အတွက် ပုစွန်ခြောက်များ၊ ငါးခြောက်များ ထည့်ပေးနေကျ။

"ကျွန်မ လူမှုရေးလုပ်နေတာ၊ ဒါတွေကို လက်ခံလိုက်ရင် အထင်လွဲစရာ ဖြစ်မယ်၊ ကျွန်မတို့ အဖွဲ့အစည်းကလည်း ဒါမျိုးတွေကို လက်မခံဖို့ ပြောထားလို့ပါ၊ ပြီးတော့ ကျွန်မက တစ်ယောက်တည်းနေတော့ အသုံးမလိုပါဘူး၊ မပေးပါနဲ့" ဘယ်လိုပဲဆိုဆို၊ သူတို့ကတော့ .. "အများကြီးမှ မဟုတ်တာ ဆရာမရယ်၊ တတ်နိုင်တာလေး ပေးတာကို လက်မခံရင် စိတ်မကောင်းဖြစ်ရလိမ့်မယ်၊ ဆရာမ အသုံးမလိုရင် တခြား မိတ်ဆွေတွေကို လက်ဆောင်ပြန်ပေးပေါ့" ဟု ဆိုကာ မယူမချင်း ဇွတ်အတင်း ထည့်ပေးကြလေသည်။ ကျသင့်ငွေ ရှင်းပေးလျှင်လည်း လက်မခံ။ သည်တော့လည်း ကျွန်မမှာ သူတို့ရွာတွေကို သွားလေတိုင်း ဖတ်စရာစာအုပ်အဟောင်း၊ ဂျာနယ်အဟောင်းလေးတွေ၊ ကလေးတွေအတွက် စာရေးကိရိယာတွေ၊ မုန့်၊ အအေးဘူးတွေ လက်ဆောင် ဝယ်သွားလေ့ရှိသည်။ တစ်ဦးမေတ္တာ တစ်ဦးမှာ ထားရှိရင်း ကျွန်မတို့ အဝန်းအဝိုင်းလေးမှာ မေတ္တာခြံ၍ လုံနေတော့သည်။

လုပ်ဖော်ကိုင်ဖက် အချင်းချင်းကပင် ကျွန်မအပေါ် ရွာက လူများက သဒ္ဓါပိုကြပုံကို အားကျကြရသည်။ အင်မတန် ရှုံရှာတတ်သည်ဆိုသော ကျွန်မ၊ မိသားစုထဲတွင်လည်း အလိုလိုက်ခံရဆုံးမို့ နွဲ့ဆိုးဆိုးတတ်သည့် ကျွန်မက ရွာသားများနှင့် ဆုံလျှင်တော့ ရင့်ကျက်သော စိတ်နှလုံးဖြင့် အမြဲပြုမူဆက်ဆံခဲ့ပါသည်။ ခုခံအားကျဆင်းသော ရောဂါဝေဒနာသည်များနှင့်လည်း တရင်းတနှီး၊ အနာကြီးရောဂါသည်များနှင့်လည်း စကားလက်ဆုံကျ၊ ထမင်းလက်ဆုံ စားလို့။ စိမ်းကိန်း၏ပုံ့ပိုးမှုများသည် မရည်ရွယ်သော်ငြား လူမျိုးရေး၊ ဘာသာရေး ကွဲပြားမှုအလိုက် ခွဲခြားသည့် သဘောမျိုး သက်ရောက်သွားလျှင် အဖွဲ့အစည်းအတွင်း မည်သူ့မျက်နှာမျှ မထောက်ဘဲ တင်ပြတတ်သူရယ်ပါ။ အခုတော့ သည်လိုလူက ခွေးတစ်ကောင်အတွက် လူမှုရေးကျင့်ဝတ်တွေ ဖောက်ပြန်ကုန်ပြီတဲ့။ လူသားချင်းစာနာမှုတွေကို လျစ်လျူရှုနေပြီတဲ့။ ကျွန်မ ရင်ထဲတွင် အတ္တနှင့် ပရပဋိပက္ခတို့ ပြင်းထန်နေသည်။ တွေးရင်း တွေးရင်း ကူကယ်ရာ မရှိတော့သလိုလို မွန်းကျပ်လာတော့သည်။

လူသားချင်းစာနာမှု ဆိုသည်မှာ လူသားအချင်းချင်းအပေါ်တွင် ထားရှိရမည့် လောကပါလတရား အတိုင်း တုံ့ပြန်နေထိုင်ခြင်းမျိုးသာမကဘဲ လူသားဆန်သည့် မေတ္တာ၊ ကရုဏာတို့ဖြင့် နိမ့်ပါးသော အခြေအနေရှိသူတိုင်း ထားရှိပေးသင့်သည်ကို သိသိလျက်နှင့်ပင် ထိုနေ့ကလည်း ကျွန်မ၏ အတ္တကို အလဲမထိုး နိုင်ခဲ့ပါချေ။ တကယ်တော့ ခွေးတစ်ကောင်ကို ကြောက်နေရခြင်းထက် ကျွန်မကိုယ် ကျွန်မ လိပ်ပြာမလုံခြင်းက ပိုလေသည်။ ထို့ကြောင့်ပင် လွယ်မယောင်နှင့် ခက်ရပြီကော။

ထိုညနေ အိမ်သို့ပြန်လာရာ လမ်းတစ်လျှောက်တွင် ခံစားချက်မျိုးစုံဖြင့် ယောက်ယက်ခတ်နေသည်။ မှန်ရာကို သစ္စာဆိုရလျှင် သူ့ကို မသေစေချင်သေးပါ။ ထိုနည်းတူ ထပ်ပြီးတော့လည်း မမြင်တွေ့လိုလှတော့။ ကျွန်မဘက်က အရောတဝင် လုပ်ရန်မှာမူ မိမိစိတ်ကို မိမိ တော်တော်ကြီး ဖျောင်းဖျနားချရဦးမည်။ သည်တစ်ည အချိန်ယူပြီး ကျွန်မ၏ အတ္တကို ခဝါချလျှင် အချိန်မီနိုင်ပါဦးမည်လား။

တိုက်ပေါ်သို့ မတက်မီ သူ့ကို တစ်ချက်လှမ်းကြည့်မိတော့ သူသည် တစောင်းအနေအထားဖြင့် လှဲနေရှာသည်။ အရင်နေ့တွေကလို သူ့မျက်ဝန်းများမှ

တစ်ဆင့် ကျွန်မကို စူးစမ်းမနေတော့…။ သူသည် လှဲလျက် အနေအထားမှပင် တံခါးပေါက် သံတိုင်များမှတစ်ဆင့် လမ်းမဘက်သို့ ခပ်ငေးငေးလေး ကြည့်နေသည်။ အရာရာကို အရှုံးပေးလိုက်သည့်နှယ်။ ကျွန်မလည်း စိတ်ပင်ပန်းတကြီး သက်ပြင်း ချရန် အားယူမိပြန်သည်။ သို့သော် တကယ်တမ်းကျတော့လည်း သက်ပြင်းချလို့ မရပြန်ချေ။ တကယ်တော့ ကျွန်မက သက်ပြင်းချနေသည်မှ မဟုတ်ဘဲကိုး။ အငိုလွယ်ပေမယ့် အရှိုက်ခက်သည်တဲ့။ အခုတော့ ကျွန်မမှာ ရှိုက်ကာရှိုက်ကာနှင့် ကတုန်ကယင်ကြီးဖြစ်ပြီး အငိုခက်နေခြင်းသည်သာ။

(၅)

သည်မနက် သူ့ကို တွေ့ရသည့်ပုံအရ လုံးဝမဟုန်တော့သည်မှာ သေချာလို့နေသည်။ မနက်လား၊ ညလားဟု ပြောရမည့်အခြေအနေ။ ရေပိုက်တစ်ခုမှ စိမ့်ယိုထွက်လာ သည့် ရေကို လျှာနှင့်လျက်နေပုံကိုက အငမ်းမရသည့် ပုံမျိုးမရှိ။ ရှိသမျှအားကို ဖျစ်ညှစ်ပြီး အသုံးပြုနေရသည့်နှယ်။ မောဟိုက် လေးကန်နေသည်။

ထိုမြင်ကွင်းသည် ကျွန်မ၏အာရုံထဲတွင် တစ်နေကုန် တဝဲလည်လည်။ အစည်းအဝေး တက်နေရင်းလည်း သူ့မျက်နှာ၊ ကွန်ပျူတာ ကြည့်နေရင်းလည်း သူ့ပုံရိပ်၊ လုပ်ငန်းအစီရင်ခံစာများ ရေးရန် ကြိုးစားရာတွင်လည်း သူ့မျက်ဝန်းများကိုပင် ပြန်မြင်ယောင်လာသည်။ ကြာတော့ ကျွန်မ ရူးချင်လာသည်။ ဇာတ်လည်း နာလှပြီ မဟုတ်လား။ တစ်ခုခု လုပ်မှ ဖြစ်တော့မည်။ ကျွန်မဘက်က ဘာတတ်နိုင်တာများ ရှိဦးမည်လဲ။ "အခုကော သူ အသက်ရှိနေပါဦးမလား" သူ မနေရတော့မည် သိလျက်နှင့် သူ့သဏ္ဌာန်လေး တရေးရေး မြင်ယောင်ကြည့်ရင်း တွေးမိပြန်တော့ အသနားပိုရလေသည်။ သည်တစ်ခါတော့ လူပီသမှုတစ်ခုအတွက် "သနားသင့်သည်၊ သနားလျှင် ကောင်းမည်၊ သနားပါ၊ သနားရမည်" ဆို၍ မိမိကိုယ် မိမိ အတင်းအကျပ် နားချသွတ်သွင်းနေခြင်းမျိုး မဟုတ်တော့ပါချေ။

သည်ကြားထဲ ကိုယ်နှင့်မဆိုင်သည့် ကိစ္စတစ်ခုအတွက် ပေါက်ကွဲရသေးသည်။ တရားမျှတမှုကင်းစွာ အမျိုးသမီးတစ်ဦး၏ သိက္ခာနှင့် မာနကို ထိပါးကျဆင်း စေသော အကြောင်းအရာတစ်ခုအတွက် ကျွန်မ ခံပြင်းခဲ့ရသေးသည်။

"ကောင်မလေးဘက်က ဘာမှ အပြစ်ပြောစရာ မရှိပါဘူး၊ မိသားစု တစ်စု လုံး ရှိုးလိုက်ကြတာဟာယ်၊ တို့အိမ်နဲ့ သူတို့က မျက်နှာချင်းဆိုင်ပဲဆိုတော့ သိတာ ပေါ့။ ရှိုးလွန်းတော့လည်း အပြစ်ဖြစ်လား မသိပါဘူးကွာ၊ ပြည်တွင်းက သာမန် ဘွဲ့လေး တစ်ခုလောက်သာ ရတဲ့ မလည်မဝယ် သာမန်မိန်းကလေးကို သူတို့လို အသိုင်းအဝိုင်းက ဘယ်သဘောတူနိုင်မှာလဲ" ရုံးက သူငယ်ချင်းတစ်ဦး၏ စကား က ကျွန်မ၏ မာနကို ဆွပေးသလိုပင်။

"သူတို့ဘက်က မကြိုက်ရင် မီးကို မလောင်ခင်ကတည်းက တားပေါ့၊ ခုတော့ တစ်ဖက်သား မိန်းကလေးကို ခိုးယူပေါင်းသင်းပြီးမှ သူတို့သားနဲ့ မတူလို့ မတန်လို့ လျော်ကြေးပေးပြီး ခွဲတယ်ဆိုတာတော့ သားသမီးချင်း ကိုယ်ချင်းစာဖို့ ကောင်းပါတယ်၊ သူတို့သားလို နိုင်ငံရပ်ခြားက ဘွဲ့မျိုး မရတာ၊ မိဘအသိုင်းအဝိုင်း ချင်း မယှဉ်နိုင်တာ အပြစ်လား၊ ပြောတော့ ကျား၊ မ အခန်းကဏ္ဍ ညီမျှရေးကို လုပ်တယ်၊ လူတန်းစားအမြင် မရှိပါဘူး၊ ဘာဘူးနဲ့၊ ကိုယ့်ဆွေ ကိုယ့်မျိုး ကိုယ့် သားသမီးအတွက်ကျတော့ တယ်သိတတ်ကြတာပဲ"

ပြောရင်းနှင့်ပင် ဒေါသအရှိန်ကြောင့် အသားတွေ တဆတ်ဆတ် တုန် လာသည်။ ကျွန်မတို့ ရုံးက ဒါရိုက်တာတစ်ယောက်၏ အပြုအမူပါပေ။ သူ့ အတွက်တော့ သားဇောနှင့် ဖခင်တစ်ဦး၏ အာဏာကို အပြည့်အဝ အသုံးချ လိုက်ခြင်း ဖြစ်မည်။ ဒါကိုက ကျွန်မအတွက် ယုတ္တိမတန်နေ။ လူသားတစ်ဦး၏ အခွင့်အရေးကို စွက်ဖက်နှောင့်ယှက်ခြင်း၊ ခွဲခြားမှုများကို သူကိုယ်တိုင်က စွဲကိုင် ကျင့်သုံးနေခြင်းဟုသာ စွပ်စွဲလိုလှသည်။ လူထုကြားမှာ ပြောနေသည့် အပြော နှင့် သူ့လုပ်ရပ်က မညီဟု ရှုတ်ချလိုသည်။ ရုတ်တရက် ခွေးကလေးကို သတိရမိ သွားပြန်သည်။ ပုထုဇဉ်မှန်လျှင် ကိုယ်ကျိုးကိစ္စတော့ ကြည့်သည်သာချည်း။ ကျွန်မသည် ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရန် အကြောင်းပြချက်များကို တစ်ကိုယ် တည်း အလျှင်အမြန် ရှာဖွေနေ မိသည်။

"ဘာပဲဖြစ်ဖြစ် နည်းနည်းတော့ စာနာသင့်တာပေါ့ကွယ်"

(၆)

သည်ညတော့ အရဲစွန့်မှုဖြစ်ပေလိမ့်မည်။ သည့်ထက်လည်း မာန်မတင်းနိုင်တော့။ ရုံးမှ စောစောပြန်ရန် ပြင်ဆင်သည်။ ကိုယ်တိုင်ကလည်း ပြင်ပစားသောက်ဆိုင်

များတွင်သာ နေ့လယ်စာ၊ ညစာ သုံးဆောင်တတ်သူမို့ သူ့အတွက်လည်း ကြက်ကင် တစ်ခြမ်း ဝယ်သွားရန် စိတ်ကူးသည်။ ငါးတော့ မဖြစ်။ အရိုးစူးမှာ စိုးရသည်။ ဖြစ်ချင်တော့ လစာထုတ်ရက်မို့ လုပ်ဖော်ကိုင်ဖက်တွေက အပြင်တွင် တစ်ခုခု သူတို့နှင့်အတူ စားသောက်ဖို့ ဆွယ်သည်။ ကျွန်မကလည်း ပါသည်။ အပေါင်းအသင်းများနှင့် လမ်းခွဲတော့ ခုနစ်စင်ကြယ် အမြီးထောင်လုပြီ။ ရပ်ကွက်ထဲတွင် မီးပျက် သော်ငြား လပြည့်ညမို့ သက်ရှိ၊ သက်မဲ့အရာဝတ္ထုတို့ကို အဖြူအမည်း သဲကွဲပြီး ရုပ်လုံးပေါ်အောင်တော့ မြင်ရသည်။ ဂဃနဏ အသေးစိတ်တော့ မှုန်ဝါးဝါး။

အိမ်နားသို့ နီးလာသောအခါ ရင်ခုန်သံ မြန်ရပြန်သည်။ သူ မသေပါစေနဲ့။ ကျွန်မ၏ နောက်ဆုံး စေတနာနှင့် ကရုဏာကိုတော့ ခံစားကြည့်စမ်းစေချင်သည်။ ကျွန်မကို သူ အနိုင်ပိုင်းမသွားစေချင်ပါ။ တစ်နည်း ကိုယ့်ဘက်ကိုယ် လျှောက်လဲပြီး အပြုသဘောဆောင်၍ ပြောရလျှင် သူနှင့်ကျွန်မ ငြိမ်းချမ်းရေး ယူချင်သည်။ မဟုတ် လျှင် ဗညားနွဲ့လို နဖူးက အမာရွတ်မြင်တိုင်း အခါခါသေရ ပါလိမ့်မည်။

ခြေဖွဖွနင်းလျှောက်လျက် လှေကားခြေရင်းသို့ ရောက်လာပါပြီ။ သံပန်း တံခါးသော့ခလောက်ကို ဖွင့်လိုက်တော့ တကျွီကျွီ မြည်သွားသည့် အသံကြောင့် ဆိတ်ငြိမ်ဝန်းကျင် လှုပ်ခတ်သွားသည်။ သို့သော် တံခါးနှင့် ကပ်လျက်တွင် လှဲနေသည့်သူက တုတ်တုတ်မျှမလှုပ်။

ကျွန်မ တော်တော် လန့်သွားသည်။ အခါနှောင်းပြီထင့်၊ ကြောက်ကြောက် လန့်လန့်နှင့်ပင် သူ့အနားသို့ တိုးကပ်သွားသည်။ ပကတိငြိမ်သက်လျက်။ အီးသံ တစ်ချက်ပင် မပေး။ ငိုချင်သလိုလို ရင်ထဲ လှိုက်ခနဲ လှိုက်ခနဲ ဆို့တက်လာသည်။ ထိုခဏမှာပင် ကျွန်မ ဘာလုပ်လိုက်မိမှန်းကိုယ့်ကိုယ်ကိုယ် သတိမထားလိုက်မိ။ လက်ဖဝါးပြင်မှတစ်ဆင့် ခံစားသိရှိရသော ခပ်နွေးနွေးအထိအတွေ့ကို အသိစိတ် ဝင်မိတော့မှသာ သူ့ကိုယ်ပေါ်သို့ ကျွန်မ လက်ဖွဖွလေး အုပ်ထားမိမှန်း သတိပြု မိတော့သည်။

မြင့်ချည်၊ နိမ့်ချည်နှင့် သူ့ကိုယ်ခန္ဓာလေး မသိမသာ တုန်ခါနေသည်။ အမောဖောက်နေခြင်းမျိုး မဟုတ်ဘဲ အသက်ကို မျှဉ်းပြီး ရှူနေရသည့်နှယ်။ သို့တည်းမဟုတ် အသက်ရှူနိုင်ဖို့ပင် အင်အားမရှိတော့တာလည်း ဖြစ်နိုင်သည်။ သူနှင့်အပြိုင် ကျွန်မမှာလည်း အသက်ပင်မရှူရဲ။ အောက်သိုးသိုး အနံ့နံ့နေသည့်

ကြားက သူ့ အနားတွင် မိနစ်ဘယ်လောက်စာ ကျွန်မ ထိုင်နေမိသည် မမှတ်မိတော့ပါ။ အသိ ဝင်လာချိန်တွင် ကြွပ်ကြွပ်အိတ်ထဲမှ ဝယ်လာသည့် ကြက်ကင်တစ်ခြမ်းကိုထုတ်ကာ သူ့အနားသို့ တိုးပေးသည်။ ရေဘူးကို ဖွင့်သည်။ မသိမသာ အကဲခတ်သည်။ လှဲနေရာက ရုတ်တရက် ဝုန်းခနဲ လှမ်းဆွဲလိုက်မှာမျိုးကိုလည်း ကြောက်ရသေးသည်။ ဆတ်ခနဲ သူ လှုပ်သွားတာမြင်တော့ ဝမ်းသာရသည်။ ကြက်ကင်ကို သူ နမ်းရှုပ်လိုက်သည်ဟု ထင်သည်။

မဟုတ်ပါ။ ထို ဆတ်ခနဲအချိန် လွန်သည်နှင့် သူ ငြိမ်သက်သွားသည်။ သူသည် အစားအစာကို အနံ့ခံလိုက်ခြင်း မဟုတ်။ နောက်ဆုံးထွက်သက်အတွက် ရုန်းကန်လိုက်ခြင်းသာ ဖြစ်သည်။

သွားပြီ....။ ငိုမည် ထင်ထားသော ကျွန်မ မငိုနိုင်။ ဆို့နင့်နေသည်။ တစ်ခါတည်း ငိုင်ကျသွားသည်။ သန်းခေါင်ယံ သံချောင်းခေါက်သံနှင့်အတူ ထွက်ပေါ်လာသည့် ခွေးဟောင်သံများသည် ကျွန်မကို လှောင်ပြောင်နေသယောင်။ ကျွန်မကိုယ်ကျွန်မဘယ်လိုသန့်စင်ရမလဲ။ မနက်ဖြန် အမျိုးသမီးများနေ့အတွက် အမျိုးသမီးများ အခွင့်အရေး မြှင့်တင်ခြင်းဆိုင်ရာနှင့် ပတ်သက်သည့် ဟောပြောပွဲသို့ ဝတ်ကောင်းစားလှဖြင့် သွားရန် အောက်ထပ်သို့ဆင်းချိန်တွင် သည်ခွေးသေကောင်ပုပ်နှင့် ရင်ဆိုင်ရမည့်အရေးကို တွေးပြီး ကြောက်လန့်လှပါသည်။

မိုးမခမဂ္ဂဇင်း၊ မတ်လ၊ ၂၀၁၅

✿

# ထိုဣတ္ထိယ

"ဘုန်းကြီးတို့၊ ဒကာ၊ ဒကာမတို့မှာ တကယ်တော့ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ မရှိ၊ ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတဲ့ ခန္ဓာငါးပါးအစုကြီးပဲ ရှိတယ်၊ အနှစ်ချုပ်လိုက်တော့ ရုပ်၊ နာမ်နှစ်ပါးပဲ၊ ဒီတော့ အသေမဦးခင် ဉာဏ်ဦး အောင် အရင် ကြိုးစားရမယ်၊ တရားရိပ်သာ ရောက်တုန်းရောက်ခိုက်မှာ သံသရာ ဝဲဩဃက လွတ်ရာလွတ်ကြောင်းအတွက် ရသမျှ ကြိုးကုတ်ပြီး အားထုတ်လိုက်ကြစမ်းပါ၊ ဒီလို နေရာဌာနကို ရောက်လာရတယ် ဆိုတာကိုက ပါရမီထူး၊ ကုသိုလ်ထူးလို့ပေပဲ... သဘောပါကြရဲ့လား"

"မှန်ပါ့ဘုရား"

ပါးစပ်ကသာ မှန်ပါ့ဘုရား စကားလိုက်လိုက်ရသော်လည်း ဝေသီ တစ်ယောက် မျက်ရည် ဝဲနေပါပြီ။ ဒုက္ခတွေ့မှ ဘုရားတသည်မှာ လူတို့၏ သဘာဝပင်။ ထိုအခါမှသာလျှင် သံသရာမှ လွတ်မြောက်ချင်ပါပြီ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုချင်လှပါပြီနှင့် ကယောင်ကတမ်း ရေရွတ်ပြီး တရားစခန်းသို့ ခြေဦးလှည့် ဖြစ်ကြတော့သည်။ ဖြစ်နိုင်လျှင် ဝေသီလည်း လောကီလူ့ဘောင်

ကနေ နုတ်ထွက်ပြီး လောကုတ္တရာနယ်ပယ်တွင်သာ အပြီးနေလိုက်ချင်တော့သည်။ အစကတော့ "ငါသာ အိမ်မှာ မရှိရင် ကျန်ရစ်ခဲ့တဲ့ သူတွေ ခက်ကုန်ကြမှာပဲ" ဟု အထင်ရောက်ခဲ့သော်လည်း အခုတော့ တရားစခန်း ရောက်နေသည်မှာ လေးရက်ရှိနေပြီ ဖြစ်တာတောင်မှ မိမိအပေါ် တစ်စက်ကလေးတောင် စိုးရိမ်တကြီး လာရောက် ကြည့်ရှုဖော်မရသည့် အိမ်သားကို အင်မတန်စိတ်နာလှသည်။

"ငါ ယောက်ျားရ ကံဆိုးတယ်ဟယ်၊ နောင်တရတဲ့ အချိန်ကျတော့ ကလေးနှစ်ယောက်တောင် ရပြီးနေပြီ" ဝေသီက သူငယ်ချင်းများရှေ့တွင် ထိုသို့ ညည်းလေတိုင်း မေလှဲ့ကတော့ အမြဲမြောက်ပေးတတ်သည်။

"ကွဲလိုက်ဟယ်.. မီပါသေးတယ်၊ ကလေးနှစ်ယောက်ရလည်း ဘာဖြစ်လဲ၊ နင့်ရုပ်ရည် နင့်အရည်အချင်းနဲ့ နောက်ယောက်ျားမရမှာ မပူနဲ့"

"နောက်ယောက်ျား လိုချင်လို့ ပြောနေတာ မဟုတ်ဘူးဟဲ့၊ တော်ပါတော့ဟာ၊ အိမ်ထောင်တစ်ခါကျဖူးတာနဲ့တင် တော်တော် စိတ်ကုန်ဖို့ ကောင်းနေပါပြီ၊ အရာရာ ငါကပဲ ဦးဆောင်နေရတာ၊ ခက်တာက ဒီလူ့ဝန်းကျင်မှာ မိန်းမ တစ်ယောက် အိမ်ထောင်ပျက်တယ်ဆိုရင် ဘာရယ်မသိဘူး၊ အလကားနေရင်း ကဲ့ရဲ့ချင်နေကြတာ၊ လူတွေကလည်း မလေးစားချင်ကြဘူး၊ တစ်ခုလပ်မို့ဆိုပြီး အကဲစမ်းချင်ကြတယ်၊ ဘယ်လိုနေ နေပြန်ပြီ၊ ဘယ်လိုထိုင် ထိုင်ပြန်ပြီ မေးငေါ့ချင်ကြတယ်၊ နောက်တစ်ခုက ကလေးတွေအတွက် ကြည့်ရသေးတယ်လေ"

သို့ဆိုလျှင် မိန်းမတစ်ယောက်အတွက် ခင်ပွန်းသည်တစ်ယောက် အနားမှာ ရှိနေခြင်းသည် ဘဝလုံခြုံမှုကို ပေးနိုင်သလား ဆိုသည့်အကြောင်း စဉ်းစားကြည့်လျှင် ဝေသီ့အတွက်တော့ သိပ်ထူးခြားမှုမရှိဟုသာ ဖြေရလိမ့်မည်။ သည်လို အချိန်တွင် သူ့ကို ဘာကြောင့် ချစ်ခဲ့မိပါလိမ့်၊ သူ့ရဲ့ ရိုးဂုဏ်ကို ဘာကြောင့် မက်မောခဲ့မိပါလိမ့်ဟု တွေးရင်း နောင်တရချင်ချင်။ မနက်လင်းလာလျှင်တော့ ဝေသီ့မှာ အိမ်အကူကောင်မလေးနှင့်အတူ ဆွမ်းချက်၊ ဈေးသွားပြီး တစ်အိမ်လုံးအတွက် ချက်ပြုတ် ကြော်လှော်လိုက်ရတာ မောလို့ မောမှန်းပင်မသိ။ လင်တော်မောင်နှင့် သားတော်နှစ်ပါး စက်တော်ခေါ်ရာက ထလာလျှင် စားဖို့ သောက်ဖို့ အဆင်သင့်။ ပြီးလျှင် ရေမိုးချိုး၊ အဝတ်စားလဲဖို့ အရန်သင့်။ ထမင်းဘူး ကောက်ထည့်ပြီး ကျောင်းကို သူတို့ အေးအေးဆေးဆေး သွားရုံသာ။ သူတို့သားအဖတွေ ထွက်သွားပြီဆိုမှ ဝေသီ့မှာ ပွဲရုံသို့ ပြေးရသည်။ ပွဲရုံမှာ ပဲဈေး၊ နှမ်းဈေးနှင့် တစ်နေကုန်အလုပ်ရှုပ်ပြီးလို့ ညနေစောင်း အိမ်ပြန်ရောက်လျှင်တော့ ခြေကုန်လက်ပန်း ကျနေပါပြီ။

ခင်ပွန်းသည်ကတော့ ဘာသိဘာသာ။ သူ့ဘာသာ စာအုပ်တစ်အုပ်နှင့် ငြိမ့်နေသည်။ "ငါ့ မိန်းမ ပင်ပန်းလာသလား" ဟု မေးဖို့နေနေသာသာ အပြင်မှ ပြန်ရောက်လာသည့် ဝေသီကို မော်၍ပင် မကြည့်။ "တော် တော်တော် အေးချမ်းလှချည်လား ကိုရေခဲတုံး ကြီးရဲ့" ဟုပင် တစ်ခါတစ်ခါ ခုနစ်သံချီဟစ်ပြီး သူ့ကို ထုနှက်ပစ်လိုက်ချင်သည်အထိ စိတ်ပေါက်မိသည်။

"သူက ကျောင်းဆရာဆိုတော့ စီးပွားရေး၊ ကြီးပွားရေးတော့ ဘယ်သိမလဲ၊ ရိုးရှာတာပါလေ" သူငယ်ချင်း မိစုက လေပြေထိုးသည်။

"ငါလည်း အဲလိုပဲ ဖြေတာပါပဲ၊ ရိုးတော့ ရိုးရှာပါတယ်၊ တလောကတောင် သူ့ကျောင်းကို ရောက်လာတဲ့ ဆရာမအသစ်ကလေးက သူ့ကို အိမ်ထောင်သည်မှန်း မသိဘဲ သံယောဇဉ်အရိပ်အယောင်တွေပြလို့ သူ့မှာ အိမ်ထောင်ရှိကြောင်း မသိမသာ ပြောထားရသေးတယ်တဲ့၊ ငါ့ကို အဲလိုမျိုးတွေတော့ ပြောပြပါတယ်"

"အမယ်လေး ... သူက အဲဒီလို ပြောတာနဲ့ နင်က ယုံရောလား၊ ဘယ်ကျားမှ သက်သတ်လွတ်မစားဘူးဟဲ့၊ လူတစ်ယောက်ကို ယုံအောင် ညာချင်တယ်ဆိုရင် အမှန်နဲ့အမှား တစ်ဝက်စီ ပြောရတာပဲ၊ ခုက နင့်ကို တမင် အယုံသွင်းတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

မေလှဲ့က ထိုသို့ စကားဝင်ထောက်လိုက်တော့ ဝေသီ အတော်ပြူးပြူးပျာပျာ ဖြစ်သွားသည်။ ဟုတ်နိုင်တာပေါ့။ ရိုးလှ ရိုးလှနှင့် ကြောင်သူတော် ကြွက်သူခိုးလုပ်နေသည့် ယောက်ျားများ လောကမှာ အပုံကြီးကိုး။ တစ်ခုခုဆိုလျှင် အစိုးရိမ်ကြီးတတ်သည့် ဝေသီ မျက်ရည်စမ်းစမ်း စမ်းစမ်းနှင့် ဖြစ်ချေပြီ။

"ဒါဆိုရင် ငါဘယ်လို လုပ်ရမလဲဟင်၊ ရင်ပူလိုက်တာ မေလှဲ့ရယ်၊ နင်က သတင်းထောက်ပဲဟာ၊ ငါ့ယောက်ျား အကြောင်း နင်သေချာ စုံစမ်းပေးပါလား"

"စိတ်လေတယ်ဟာ၊ ငါ သတင်းထောက်ဖြစ်တာ နင့်ယောက်ျား ကိစ္စ စုံစမ်းပေးဖို့ကျနေတာပဲ"

"မေလှဲ့ရယ် တော်ပါတော့၊ နင်ဟာလေ ခုထိ အနေအထိုင်မတတ်သေးဘူး၊ သူများ လင်မယားကြားလည်း တော်တော် ဝင်ပါချင်တယ်" မိစု၏ အပြောကို မေလှဲ့ကတော့ "ဒါက အမျိုးသမီး အခွင့်အရေးနဲ့ ဆိုင်တယ်၊ နင်တို့တွေ အူအူအအ ဖြစ်နေလို့ ခံနေရတာ" ဟု ပြန်ပက်သည်။ ဝေသီကတော့ ခေါင်းခြောက်လှပါပြီ။

"ငါပြောပြမယ် ဝေသီ၊ ခုဟာက ဘာမှန်းလဲ သေချာမသိသေးဘူး၊ နင့်ယောက်ျားက သူ့ဘာသာ အနေအေးတာကို နင့်ဘာသာ ယုန်ထင်ကြောင်ထင် ဖြစ်နေတာလည်း ဖြစ်နိုင်တာပဲ၊ မဖြစ်သေးတာတွေကို ကြိုမစဉ်းစားတာ အကောင်းဆုံးပဲ၊ တကယ်လို့ သူ ဖောက်ပြန်တယ်ထားဦး၊ တို့မိန်းမသားတွေဟာ အစဉ်အလာအတိုင်း အနုနည်းနဲ့ ကိုယ့်အိမ်ထောင်ဖက်ကို ပြန်ပြီး သိမ်းသွင်းရမှာပဲ၊ ကိုယ့်ယောက်ျား ဖောက်ပြန်တာကို ကိုယ့်မိဘဆွေမျိုးကိုလည်း ပေးသိပြီး အပူ မပေးချင်၊ ပတ်ဝန်းကျင်သိမှာကိုလည်း ရှက်၊ ကိုယ့်သားသမီးတွေသိသွားပြီး ဖအေ အပေါ်မှာ အကြည်အညိုပျက်မှာလည်း စိုး၊ အဲလိုအချိန်မှာ မိန်းမတစ်ယောက်ရဲ့ ဘဝဟာ ဘယ်လောက်တောင် ရင်ဆိုင်ကျော်ဖြတ်ဖို့ ခဲယဉ်းမလဲဆိုတာ အတွေးနဲ့တင် ကိုယ်ချင်းစာလို့ရပါတယ်ဟာ၊ အိမ်ထောင်ပျက်ရင်လည်း ပတ်ဝန်းကျင်က ကဲ့ရဲ့ဦးမယ်၊ ဒီအတိုင်း ပိုနေမြဲ ကျားနေမြဲဖြစ်အောင်ကျတော့လည်း ရင်ထဲက နာကြည်းချက်ကို ဘာမှမဖြစ်သလို ဟန်ဆောင်ပြီး ရှေ့ဆက်ရဦးမယ်၊ နင် ဒါတွေ ကိုတွေးနေတယ်မလား။ ငါ နားလည်ပါတယ် သူငယ်ချင်းရယ်၊ အဲလိုလူတွေနဲ့ စာရင် နင့်ယောက်ျား ရိုးတာ၊ အတာက တော်ပါသေးတယ်"

မိစုက ထိုသို့ နှစ်သိမ့်သော်လည်း ဝေသီ လက်မခံချင်ပါ။ ယောက်ျားတစ်ယောက် အရက်မသောက်၊ ဖဲမရိုက်၊ မိန်းမ မလိုက်စားဘဲ ကိုယ့်ကို သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းသင်းမည်ဆိုရုံနှင့် ယနေ့ခေတ် အမျိုးသမီးတွေမှာ ကုသိုလ်ထူးလှပြီဟု အောက်မေ့နေရသည်မျိုးကိုတော့ သဘောမကျလှပါ။ ကိုယ့်မှာတော့ တော်လေးဝကို စံထားပြီး ခံစားချက်တွေကို မျိုသိပ်လို့ သေလုအောင် ပါရမီ ဖြည့်ရတော့မတဲ့လား။

သူမျှား လောဘကြီးလွန်းနေသလားဟုတော့ တစ်ခါတစ်ခါ ဝေသီ တွေးမိသည်။ မောင် အနေအေးတာ အခုမှ မဟုတ်ဘဲလေ။ သမီးရည်းစားဘဝကတည်းက ဝေသီ ဘာပြောပြော ပြုံးလျက် ခေါင်းတညိတ်ညိတ်နှင့်။ ဝေသီ့ ဆန္ဒကို မဆန့်ကျင်သလို သူ့လိုအင်ကိုလည်း မဖွင့်ဟ။ ဝေသီ ချက်သည့် ဟင်းကိုလည်း ပေါ့သည် ငန်သည်၊ ချိုသည် ခါးသည် မဆို။ နှစ်ဦးသား ချစ်ရည်လူးစက မောင့်၏ မြုံ့စိစိ မထုံတက်သေးပုံစံမှာ ပြဿနာမရှိသော်လည်း အိမ်ထောင်သက် ဆယ်နှစ်ကျော်လာသည့်အခါ ငါ့အပေါ် အချစ်လျော့လာလို့လားဟု သံသယ ဝင်မိတော့သည်။

မှန်ထဲတွင် ကိုယ့်မျက်နှာကို ကိုယ် ကြည့်မိတော့မှ မျက်လုံးထောင့်နားတွင် ထင်ရှားလာသော အရေးအကြောင်းနှင့် မေးနှစ်ထပ်ဖြစ်လုနီးနီး ဖြစ်နေသော

အသားစိုင် ခပ်အိအိကြောင့် မျက်နှာက ခပ်အမ်းအမ်းနှင့် ဇရာနိမိတ်ပြနေသကဲ့သို့ ရှေ့သို့ ခပ်စူစူထွက်နေသည့် ဗိုက်နှင့် လိပ်ခါး ဖားဖင်ကြောင့်လည်း သူ့ဘော်ဒီအလှ မရဏာလမ်း မြန်းခဲ့ရသည်မှာ ကြာပြီဖြစ်ကြောင်း သတိပြုမိတော့သည်။ ထိုနေ့မှစ၍ သားကိစ္စ၊ လင်ကိစ္စ၊ စီးပွားကိစ္စ အထွေထွေနှင့် မအားလပ်သည့်ကြားမှပင် ခန္ဓာကိုယ်အဆီချ အလှအပသင်တန်း ပြေးတက်လိုက်သေးသည်။ ဝေသီဘာသာ သူ့တစ်ယောက်တည်း လိပ်ပတ်မလည်အောင် ဇယားတွေ ရှုပ်နေသော်လည်း သူ့အိမ်ဦးနတ်ကတော့ သူ့မိန်းမ ဘာတွေလုပ်နေသည်ကို အပျင်းပြေတောင် မေးမကြည့်မိ။ "ရှင် တောထွက်သင့်နေပြီ" ဟု ဝေသီက ငေါ့လှျင်တောင် အတည် ပြောသည်ထင်ပြီး "ငါလည်း စဉ်းစားနေတာပဲ၊ ဟိုကောင်နှစ်ကောင် ဘွဲ့ရလို့ အခြေကျရင်တော့ လုပ်တော့မလားလို့" ဟု ပြန်ပြောတတ်သေးသည်။

ခုတော့ သူ တောမထွက်ခင် ဝေသီက လောကုတ္တရာဘက်သို့ အရင်ခြေလှမ်းလိုက်ပါပြီ။ ဒါက သူ့ကို အကောင်းဆုံးသော ဆန့်ကျင်နည်းဟု ဝေသီယူဆလိုက်သည်။ ယောကျ်ားနှင့် စိတ်ဆိုးပြီး မိဘအိမ်သို့ ပြန်သွားရမှာလည်း မိအို ဖအိုများကို မိမိကြောင့် စိတ်သောက မရောက်စေချင်၊ အဆိုးဆုံးက ဘာကြောင့် စိတ်ဆိုးရပါသည် ဆိုသည့် အကြောင်းကို ပြောပြလှျင် တော်တော်များများ က ဒါများ "ဘာမှလည်း မဟုတ်တဲ့နဲ့" ဟု ခပ်ပေါ့ပေါ့သာ ပြောကြလိမ့်မည်။ "စီးပွားရေးကိုလည်း ကိုယ်ကပဲ ဦးဆောင်ရသေးတယ်၊ သူ ငွေမရှာတတ်ရင်တောင် မိန်းမတစ်ယောက်အနေနဲ့ ကိုယ့်လင်ယောကျ်ားက ပြုစုယုယတာ၊ သိတတ်တာတော့ လိုချင်တာပေါ့၊ ဒါအပြစ်လား" ဟု ဝေသီ ပေါက်ကွဲတိုင်း မေလှဲ့က "နင်လည်း အရူးပဲ၊ ဘာအရူးလဲ ဆိုတာတော့ မပြောတော့ပါဘူး" ဟူ၍ ခေါင်းတယမ်းယမ်းနှင့် ဆိုတတ်၏။

သည်တော့ ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာ ချလိုက်သည်။ တရားစခန်းဝင်မည်။ တစ်ခါတည်း တရားပေါက်ပြီး သူ့ထက် အရင် သံယောဇဉ်တွေ ပြတ်ကုန်လှျင်လည်း ကောင်းသည်။ ဒါတောင် သူ့ကို စိတ်ဆိုးလို့ ရိပ်သာ သွားရတာကို မရိပ်မိ။ သာဓုပင် ခေါ်နေသေးတော့သည်။

တစ်သက်နှင့်တစ်ကိုယ် ခုမှ ဘုရားနား တရားနား ကပ်ရမည်မို့ တရားကိုတော့ နောက်ဆံမတင်းဘဲ စိတ်ဖြောင့်ဖြောင့် အားထုတ်ချင်ပါသည်။ မိမိအတွက် လိုအပ်တာ မှန်သမျှ အကုန်ယူရသလို အိမ်အတွက်လည်း အစစအရာရာ

မလစ်ဟာင်းရအောင်လည်း စီမံရပါသေးသည်။ တရားထိုင်နေရင်း ခြင်မကိုက်အောင် ထောင်မည့် တရားထိုင် ခြင်ထောင်နှင့် တင်ပါးမနာအောင် ခုထိုင်လို့ရမည့် အကောင်းစား သားမွေးအခင်းနှစ်ချပ်ကို နေ့တစ်ဝက်ခန့် ဈေးပတ်ပြီး အရောင်အသွေးကအစ စိတ်တိုင်းကျ ဝယ်ခဲ့သည်။ ဆောင်းတွင်းမို့ အသားမပပ်လေအောင် လိမ်းရှင်း ဘူးကြီး တစ်ဘူး၊ သနပ်ခါးမလိမ်းရသော်လည်း ခရင်မ်ပတ် ပါးပါးလေးပုတ်နိုင်အောင် ခရင်မ်ပတ်တစ်ဘူးနှင့် ခေါင်းလျှော်ရည်ဘူးကြီးတစ်ဘူးကလည်း ပါရသေးသည်။ ညလိမ်း ခရင်မ်အပြင် မျက်လုံးထောင့်နားမှ အရေးအကြောင်းများ ပျောက်အောင် မျက်ခွံပေါ် တင်ပြီး အိပ်ရန် သခွားသီးတစ်လုံးကိုလည်း မပျက်မကွက် ဝယ်ထားရသေးသည်။ ခွအိပ်နေကျ ဖက်လုံးလေးကလည်း မရှိမဖြစ်မို့ ထည့်ရသေး၏။ ရိပ်သာက ပေးမည့် စောင်၊ ခေါင်းအုံးတို့ကို အသန့်အပြန့်ကြိုက်လှသော ဝေသီမှာ မသတီ နိုင်သဖြင့် သူ့ဘာသာ ထည့်ယူရပြန်သည်။ အထူးအရေးကြီးလှသည်မှာ လက်မောင်း အလှအတွက် နေ့စဉ်လေ့ကျင့်ရာတွင် အထောက်အကူ ပစ္စည်းဖြစ်သည့် ငါးပေါင် အလေးရှိ ဝိတ်တုံး နှစ်တုံးကို ထည့်ယူရခြင်း ဖြစ်သည်။ လိမ္မော်ရည် ပုလင်း၊ စပရိုက်ဘူးနှင့် ကွေကာအုပ်ထုပ်များကို မိမိအတွက်သာမက လှူဖို့ တန်းဖို့ပါ ထည့်ဝယ်ခဲ့သေးသည်။ ပစ္စည်းတွေ စုံတော့ ခင်ပွန်းဖြစ်သူက ဝေ့သီကို ကြည့်ရင်း တအံ့တသြ ဆိုရှာသည်။

"အိမ်ပြောင်းတော့မယ့် အတိုင်းပဲနော်"

"ဟုတ်တယ်လေ၊ သံသရာပြတ်အောင်ကို တထိုင်တည်း အားထုတ်ပစ်လိုက်မှာ။ အဲဒါကိုရှင်သဘောပေါက်ဖို့ပဲ လိုတယ်" သူ့ကိုလည်း စုစုအောင့်အောင့် ခပ်ရွဲ့ရွဲ့ ပြောရင်း မထွေးကိုလည်း မှာစရာရှိတာ မှာရသေးသည်။

"မနက်လင်းလာရင် ကလေးနှစ်ယောက်ကို ကြက်ဥနှစ်လုံး မဖြစ်မနေ ကျွေးကျွေး၊ မစားချင်ဘူး ဆိုရင်လည်း ချော့ကျွေး၊ အိုဗာတင်း ဖျော်ရင် သကြားကို နှစ်ဇွန်းထည့်ဖျော်၊ ဘုရားပန်းအိုးကို နေ့တိုင်း ရေလှယ်၊ ပန်းကို သုံးရက်ခြား တခါထိုး၊ သစ္စာပန်းအနီ မထိုးနဲ့၊ ငါတို့နတ်က မကြိုက်ဘူး၊ နောက်ပြီး လာမယ့် ဗုဒ္ဓဟူးနေ့ကစပြီး စနေနေ့အထိ ဘုရားကို ဘယာကြော် ကပ်ရမယ်၊ ဒါမှ နင့် ဦးလေး အညံ့ပျောက်မှာလို့ ဆရာမက ဟောထားတယ်၊ ညနေကျရင် နှင်းဆီပင်တွေကို ဘားပလက်ကျွေးရမယ်၊ ဒါမှ အပင်သန်မှာ၊ ရေကို ညနေတိုင်း တင်နော်၊ ရေတင်တိုင်းလည်း မေ့ပြီး တီဗွီမော့မနေနဲ့ဦး" နေ့စဉ်နှင့်အမျှ မထွေး လုပ်နေကျမို့ ကျွမ်းကျင်နေသည့် အလုပ်များ ဖြစ်သော်လည်း ဝေသီကတော့ မပြောမပြီးသကဲ့သို့ စိတ်မအေးစွာ တတွတ်တွတ် မှာခဲ့ရသည်။

“တော်ပါတော့ကွာ၊ သူလည်း သိပါတယ်” ဟုပင် ခင်ပွန်းသည်က ဝင်ဟန့်ရသည်အထိ။

“ပြောရမှာပဲတော်၊ မိန်းမတစ်ယောက် အိမ်အပြင် ထွက်ရတာဟာ ယောကျ်ားတစ်ယောက် အိမ်အပြင်ထွက်ရသလို ဖုတ်ဖက်ခါပြီး ထသွားလို့ရတာ မဟုတ်ဘူး”

သည်လိုနှင့် ဘုရားအမ၊ ကျောင်းအမ၏ နိဗ္ဗာန်ခရီး စတင်တော့သည်။ ပထမတစ်ရက်မှာ ဟုတ်သလိုလို ရှိသော်လည်း နောက်ရက်များကျတော့ သမာဓိအား ထူထောင်၍ မရပြန်ချေ။ နှာသီးဝနားက ဝင်လေ၊ ထွက်လေကို သတိထား စောင့်ကြည့်ပြီး ဖြစ်ပျက်ရှုရန် ဖြစ်သော်လည်း အာရုံက နေရာပေါင်း ဆီသို့သာ တဝဲလည်လည်။

“ငါ မရှိတော့ သူတို့တွေ တော်တော် ပျော်နေကြမှာပဲ၊ ကလေး နှစ်ယောက်ကလည်း သူတို့ ဂိမ်းဆော့တာ တားမယ့်သူ မရှိလို့ ဝမ်းသာနေကြမှာ၊ ငါ့ယောကျ်ားက အဆိုးဆုံးနေမှာပဲ၊ သူ့ကောင်မနဲ့များ ချိန်းတွေ့နေကြမလား၊ ဒါကြောင့်လဲ ငါ ရိပ်သာသွားမယ်ဆိုတော့ မတားတာပေါ့၊ အမယ်လေးနော်၊ ခုမှ သင်းတို့က တကယ့်ကို လောကနိဗ္ဗာန် ရနေကြပါရော့လား”

အတွေးကြောင့်ပင် ဒေါမနဿဝေဒနာများ တဖွားဖွား ယိုစိမ့်ပေါက်ဖွားလာသည်။ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါန်၊ ဥပါဒါနပစ္စယာ၊ ဘဝ၊ ဘဝပစ္စယာ ဇာတိ သည်လိုနှင့် သံသရာ တစ်ပတ်လည်ချေပြီ။ ထိုင်သည့် အရိယာပုတ်နှင့် သမာဓိမရတော့ လဲလျောင်းလျက် ဝမ်းဗိုက်ပေါ် လက်တင်ပြီး ပိန်သည်၊ ဖောင်းသည် မှတ်ပြန်သည်။ သည်အခါကျတော့လည်း “ငါ့ဗိုက်ကြီး အတော်ပူနေပြန်ပါရောလား၊ ဒီတစ်သက် ဝိတ်လျှော့တာ အောင်မြင်နိုင်ပါတော့မလား။ တရားစခန်းဝင်တာလည်း တစ်မျိုးကောင်းပါတယ်၊ ဥပုသ်စောင့်ရတော့ ရိပ်သာက ထွက်ရင် ငါ့ဗိုက်ကျသွားနိုင်ကောင်းပါရဲ့” ဟု အတွေးရောက်သွားပြန်သဖြင့် ဖြစ်ပျက်က ဘယ်ဆီနေမှန်း မသိတော့။ သည်လိုနှင့် ဝေသီတစ်ယောက်တည်း လုံးချာလည် လိုက်နေတော့သည်။

အတူနေ ယောဂီအမယ်ကြီး နှစ်ဦး၏ စကားပြောသံသည်လည်း ဝေသီ့ကို တရားမမှတ်နိုင်စေရန် ဆိုးဆိုးရွားရွား အနှောင့်အယှက်ပေးလျက် ရှိသည်။ သူတို့က လေသံတိုးတိုးမျှသာ ပြောဆိုကြသည် ဆိုသော်လည်း သူတို့ စကားဖောင်ဖွဲ့နေကြသည့် အကြောင်းအရာကို ဝေသီ အာရုံစူးစိုက်နားထောင်မိသည့်အခါ သည်းမခံနိုင်အောင် ဖြစ်ရလေသည်။

ဝစီပိတ် တရားရိပ်သာမို့သာ တော်တော့သည်။ ယောဂီများနှယ်.. ခက်လိုက်ပါဘိတော့တယ်။

ကြည့်ပါဦးတော့လေ။ တရားစခန်း လာတယ်လည်း ဆိုသေး...။ သားကြီး က ဘယ်သို့ဘယ်ပုံတော်သည့် ဆရာဝန်ကြီး၊ သားငယ်ကတော့ ကမ္ဘာပတ်နေသည့် အရာရှိသင်္ဘောသား၊ မြေးများက နာမည်ကြီး ပုဂ္ဂလိက ကျောင်းတွင် ပညာသင်ကြား နိုင်သော လူပေါ်လူဇော်လေးများတဲ့။ တစ်ယောက်က ထိုသို့ ဂုဏ်ယူဝံ့ကြွား ပြနေ တော့ ကျန်တစ်ယောက်ကလည်း အားကျမခံ၊ သားသမီး မြေးမြစ်တင်မက ချွေးမ၊ သမက်နှင့် ရှိရှိသမျှ ဆွေမျိုးအပေါင်း၏ ဂုဏ်ကျက်သရေကို ရွှန်းရွှန်း ဝေအောင် ပြောပြီး အိမ်တွင် လုပ်စရာ မရှိ၍ သံသရာပါမည့် တရားကို လာရောက် ကြိုးကုတ် အားထုတ်ရကြောင်း ဆိုပြန်သည်။

ထိုအကြောင်းအရာများသည် တစ်ညလည်း မဟုတ်၊ နှစ်ညလည်း မဟုတ်။ ယနေ့နှင့်ပါဆိုလျှင် လေးညသို့ တိုင်ခဲ့ပြီ။ ထိုအခါ "ဩော်.. ဤဒွန္နယာ ကြီးသည်အတုအယောင်များနှင့် ပြည့်နှက်နေသဖြင့်ငြီးငွေ့ဖွယ်ရာကြီးပါတကား" ဟူ၍ တဒင်္ဂအတွင်း သံဝေဂစိတ် ဖြစ်ပေါ်မိသော်လည်း တစ်နေ့က မိမိဘေး ကပ်လျက်တွင် တရားလာနာသည့် ယောဂီအမျိုးသမီး၏ လက်သူကြွယ်မှ စိန် လက်စွပ်ကို သူ လက်အုပ်ချီလိုက်သည့် တစ်ခဏတွင် မြင်လိုက်ရပြီးနောက် ဖျတ်ခနဲ မသိမသာ မျက်လုံးစွေကြည့်ကာ အတုလား၊ အစစ်လား၊ ဘယ်နရတီ၊ ဘယ်ဈေးဟူ၍ အစဉ်မပြတ် ဆန်းစစ်ဝေဖန်လျက် လောဘအဆိပ် တက်ခဲ့သော မိမိ၏ သတိလက်လွတ်မှုကို ပြန်လည်ဆင်ခြင်မိသည့်အခါ ဝေသီ ရှက်ရပြန်လေ သည်။

လေးရက်မြောက်နေ့တွင်လည်း ဝေသီ့စိတ်အလျဉ် ဆောက်တည်၍ မရဆဲမို့ အားပျက် အားလျော့ချင်သလိုလို ဖြစ်လာရသည့်အထဲ အိမ်ကို လွမ်းသည့် ဝေဒနာကလည်း တလူးလူးတလွန့်လွန့်၊ တထောင်ထောင် တလွင့်လွင့်နှင့် ရှိနေ ပြန်ချေသည်။ အနွေးထည်များ အောက်တွင် ဝှက်ယူလာသော လက်ကိုင်ဖုန်းကို ထုတ်၍ အိမ်သို့ ဖုန်းခေါ်ရန် ကြိုးစားမိသည်။ ဖုန်းကို ယူ၍ လူသူမမြင်စေရန် အမှောင်ရိပ် ခပ်ကျကျ ချောင်တစ်နေရာသို့ တိုးဝင်နေဆဲ နောက်နားဆီမှ ရုတ်တရက် ခါးလှမ်းတို့လိုက်၍ တုံ့ခနဲ လန့်အော်မိမလို ဖြစ်သွားသည်။

"မလန့်ပါနဲ့ ဒကာမလေးရယ်၊ ဒဏ်ကြေလိမ်းဆေးများ ပါမလားလို့

လာမေးကြည့်တာပါ။" မီးရောင်မှိန်ပျပျကို အားကိုး၍ စူးစိုက်ကြည့်မိတော့မှ ဆွမ်းစားဆောင်မှ သီလရှင်ကြီး ဖြစ်ကြောင်း အမှတ်ထားမိတော့သည်။ ဆံဖြူသွားကျိုး၊ ခါးကိုင်း၊ မျက်မွဲနှင့် ဇရာထောင်းပြီး မရဏာမင်းနဲ့ လက်တစ်ကမ်းအကွာဖြစ်နေတာတောင်မှ မိမိ တရားရရေးထက် ဆွမ်းစားဆောင်အရေးက ပိုတာဝန်ကြီးနေရသည့် သီလရှင်ကြီး၏ ဖြစ်အင်သည်လည်း ရှုတတ်လျှင် ဒုက္ခမည်ပြန်သည်။ ဘုရား၊ ကျောင်းကန်၊ တရားဓမ္မနှင့် နီးလျက်နှင့် ဝေးဝေးနေရသည့် သူ့ဘဝ။

"တပည့်တော်မှာ တစ်ဘူးပါလာတယ် ဘုရား၊ အသစ်ပါပဲ၊ တခါတည်း လှူလိုက်မယ် ဘုရား" ဝေသီက ပြောပြောဆိုဆို ကျောင်းဆောင်အတွင်း ဝင်သွားကာ ဒဏ်ကြေဆေးဘူး ရှာပြီး သီလရှင်ကြီးကို ကမ်းလိုက်သည်။ ဝေသီ လှူလိုက်သည့်ဆေးဘူးကို တုန်ချည့်တုန်ချည့်နှင့် လက်ခံယူလိုက်သည့်အကြောပြိုင်းပြိုင်းထနေသော သီလရှင်ကြီး၏ ပိန်ညှော်ညှော် လက်အစုံကို ကြည့်ပြီး စိတ်မကောင်းဖြစ်ရလေသည်။

မနက်အရုဏ်မတက်မီ အချိန်ကတည်းက ထ၍ သီလရှင်ငယ်များ၊ ချက်ရေးပြုတ်ရေးအတွက် စားဖိုဆောင်မှ အမျိုးသမီးများကို လောဆော်ပြီး အရုဏ်ဆွမ်း၊ နေ့ဆွမ်းအတွက် ဆရာကြီးခမျာ ဦးဆောင် စီမံရလေသည်။ ဓမ္မာရုံနှင့် ကျောင်းဝေယျာဝစ္စများ မလစ်ဟင်းစေရအောင်လည်း ဆရာကြီးတို့အဖွဲ့ကပင် ကြည့်ရှုပေးရပြန်သေးသည်။ ယောဂီများ ဆွမ်းစားအပြီး နေ့ခင်း တရားအချိန်တွင်လည်း ဆရာကြီးတို့အဖွဲ့က ဝင်ရောက်တရားနာခြင်း၊ တရားထိုင်နိုင်ခြင်းမျိုး မရှိနိုင်ပြန်။ အိုးခွက်ပန်းကန်များ ဆေးကြောလျက် နောက်တစ်နေ့တာအတွက် စီမံကြရပြန်သည်။ ဆရာကြီးကတော့ တရားရှာ ကိုယ်မှာတွေ့ မဟုတ်လား ဒကာမလေးရယ်တဲ့။ ဆရာကြီး သည်လိုပဲ အောက်မေ့ပါတယ်ဟု ဆိုသည်။

"ဒီကျောင်းတိုက်ကို ရောက်တာ နှစ် ၃၀ ရှိပြီလေ၊ အသက် ၁၂ နှစ်ကတည်းက သီလရှင်ဝတ်တာပါ၊ ငယ်ဖြူလို့ ဆိုရမှာပေ့ါ၊ ဝတ်တုန်းကတော့ စစ်ကိုင်းမှာပေ့ါလေ၊ တရားရှာလို့ရမလား ဆိုပြီး ဝတ်ခါမှ သီလရှင်ဘဝနဲ့ အဝေးဖိတ်၊ အဖိတ် ဆန်ခံထွက်ရတဲ့ ဒုက္ခကလည်း မသေးဘဲကိုး" ဆရာကြီးက ပြောရင်းနှင့် ခဏနားသည်။

"သီလရှင်များဆိုတာ ရဟန်းများလိုမှ မဟုတ်တာပဲ ဒကာမလေးရယ်။ သဒ္ဓါပေါက်ပြီး လှူဒါန်းသူနည်းပါတယ်၊ တစ်ပတ်စာ ဝမ်းရေးအတွက် နှစ်ရက်

လောက် ခြေတိုအောင် ဆန်ခံထွက်၊ ရလာတဲ့ ဆန်နဲ့ ဈေးမှာ သွားရောင်းပြီး စားဖို့ သောက်ဖို့ လိုအပ်တာ ဝယ်ရတာကလား၊ နောက်နေ့တွေကျတော့ ကျောင်းမှာ ကိုယ့်အိုးနဲ့ကိုယ် ချက်ပြုတ်စားရတယ်၊ ဘယ်လောက်များ ကရိကထများသလဲ၊ ဘုရားသမီးတော် ဆိုပေသိ ဟိုဘဝက မစင်ကြယ်ခဲ့လို့ သည်ဘဝ မိန်းမအဖြစ် တစ်ဆင့်နိမ့်ရတယ် မှတ်တာပဲ၊ ဆရာလေးက အစွမ်းရှိတဲ့ ဒေါ်ဦးဇွန်းလို ပုဂ္ဂိုလ် မျိုးကို အားကျတာကွဲ့၊ ဒါပေသိ မန္တလေးစာသင်တိုက်ကို ရောက်လာပြန်တော့ လည်း ဉာဏ်က ထိုင်းတော့ မလိုက်နိုင်ပြန်ဘူး၊ ဒီလိုနဲ့ ဒီကျောင်းတိုက်မှာ ဆရာလေး ဘထွေးအထွေးက ဘုန်းကြီးဝတ်တော့ သူ့ဈောက်တင်ပေးခဲ့လို့ ဆရာလေး ခိုလှုံ ခွင့်ရခဲ့တာ၊ ခုတော့ ဘထွေးဘုန်းကြီးလည်း ပျံလွန်တော်မူသွားပါပြီ၊ ဆရာတော် ဘုရားကလည်း ဆုံးမပါတယ်၊ ဆရာလေးတို့တစ်တွေ ကျောင်းဝေယျာဝစ္စလုပ် ရင်းနဲ့ ကုသိုလ်ယူနေရတယ်လို့ မှတ်ပါတဲ့၊ ဆရာတော်ဘုရားများက ယောဂီတွေ ကို သံသရာ လွတ်ရာလွတ်ကြောင်း တရားပြနေချိန်မှာ ဆရာလေးတို့ကလည်း တတ်အားသမျှနဲ့ ဖြည့်ဆည်းပေးရတာပါပဲ"

ဆရာကြီး၏ ပြောစကားကို ကြားလေမှ သီလရှင်များ၏ ဝေဒနာကို စာနာမိတော့သည်။ ရခဲလှသည့် လူ့ဘဝကို ရတာချင်းအတူတူ ကုသိုလ်ကံ မပြည့် စုံခဲ့လို့ နိမ့်ကျသည့် မိန်းမသားဘဝကိုသာ ပိုင်ဆိုင်ခွင့် ရခဲ့တာတဲ့။ ထိုစကား ကို ဝေသီ အင်မတန် နားခါးမိပါသည်။ ရဟန်းသံဃာတော်များကဲ့သို့ ထူးချွန် ထက်မြက်သည့် သီလရှင်ဆရာလေး တရားပြမွှာစရိယာများ ပေါ်ထွန်းလာရေးမှာ ထင်သလောက်မလွယ်သလို အကျင့်စာဂ သီလနှင့် ပြည့်စုံသော သီလရှင်ကြီးများ မှာလည်း ထင်သလောက်နေရာပေးခြင်း မခံရဟု ဝေသီစဉ်းစားမိသည်။ "သည်လိုဖြင့် လောကီ က ရုန်းထွက်ချင်လို့ သီလရှင်ဝတ်ရင်လည်း သီလရှင် ဒုက္ခကို ခံစား ရဦးမှာပဲ၊ လူဖြစ်ရတဲ့ ဒုက္ခ မသေးပါလား" ဟူ၍ ရှုမြင်မိသည့်အခါ ခန္ဓာငါးပါး အရိုးစုနှင့် သံသရာ ဝဋ်ဒုက္ခကို အမှန်တကယ် ရွံရှာစက်ဆုပ်လာမိတော့သည်။

အနိ ရွံရှာစက်ဆုပ်စိတ်သည်မှာလည်း ကြာကြာမခံပါချေ။ တရား စခန်း ရက်သတ္တပတ် (၇) ရက် ပြည့်သည့်နေ့တွင် ကြိုတင်မမှာကြားထားဘဲ တရားရိပ်သာသို့ ကိုယ်တိုင်လာရောက် ကြိုနှင့်သော မောင်တော်ဘုရား၏ မျက်နှာ ငွေလ ရွှင်ပပကို ဖူးမြော်ရသည့်အခါ ဝေသီ၏ ခေမာသောင်ကမ်း နိဗ္ဗာန်လမ်း စသည် တစ်မုဟုတ်ချင်း ကွယ်ပျောက်ရပြန်လေတော့သည်။

ထိုနေ့က မောင်သည် ဝေသီ့ကို ထူးထူးခြားခြား ရွှန်းရွှန်းစားစား ကြည့်ပြီး ပြုံးပြသည်။ မောင်၏ ရှားပါးလှသည့် အပြုံးမှာ အလွန်တွေ့ရခဲပြီး မောင့်ထံမှ ပျောက်ကွယ်နေခဲ့သည်မှာ အတော်ကြာလေပြီ။

"သီ နည်းနည်း ကိုယ်ရေစစ်သွားတယ်" ဟု မောင်က မပွင့်တပွင့် ဆိုသည်။ သည်လို မပွင့်တပွင့်ဟန်ကိုက မောင်၏ မူပိုင်ဟန်ပဲလေ။ ဘာပဲဖြစ်ဖြစ် ဝေသီ ကျေနပ်ပါသည်။

"မနေ့ညနေကတည်းက မောင် ပြန်လာခေါ်ချင်နေတာ၊ သီ မကြိုက်မှာစိုးလို့။ သီ မေ့နေတယ်မလား၊ မနေ့က မောင်တို့ အိမ်ထောင်သက် ဆယ်နှစ်တင်းတင်း ပြည့်တဲ့နေ့လေ"

သည်တစ်ခါတော့ ဝေသီ တကယ်ပင် အံ့ဩရပါသည်။ အပျိုဖြန်းလေးလိုပင် သူ့ရင်က တလှပ်လှပ်ခုန်လို့။

"ဟယ် ... မောင်ရယ်... မောင်ရယ်.. ဟုတ်တယ်၊ သီ မေ့နေတာ၊ မောင်တကယ်အမှတ်ရတယ်နော်၊ လာခေါ်ရောပေါ့ မောင်ရယ်"

ဝေသီက ကလေးတစ်ယောက်လို အံ့ဩဟန်နှင့် အူမြူးရွှင်ပျစွာ ဆိုတော့ မောင်က သူ့ပင်ကိုဟန်အတိုင်း ပြုံးတုံးတုံးနှင့် ဝေသီ့ကို ဖြေသိမ့်ပါသည်။

"မပူနဲ့ သီ၊ ဆယ်နှစ်ပြည့် မင်္ဂလာအထိမ်းအမှတ်အတွက် အိမ်မှာ ညစာ စားဖို့ မောင် အားလုံး စီစဉ်ပြီးပြီ၊ သီ့ သူငယ်ချင်းတွေကိုလည်း ဖိတ်လိုက်ဦး"

ဝေသီသည် ထိုအခါမှ မေလှဲ့ကို သတိရမိသွားသဖြင့် လက်ကိုင်ဖုန်းနှင့်ပင် ချက်ချင်း စာတိုတစ်စောင် ပို့လိုက်သည်။ "ငါတို့ မင်္ဂလာနှစ်ပတ်လည်မို့လို့ ညကျရင် အိမ်မှာ ညစာစား လာခဲ့ပါ၊ ခုပဲ ငါ တရားစခန်းက ထွက်တယ်၊ မောင်လာကြိုတယ်၊ မောင်က နင်တို့ ထင်သလို မဟုတ်ပါဘူး၊ ငါ ပျော်တယ်" ဟူသော ဝေသီ၏ စာတိုကလေး ထွက်သွားသည်မှာ မိနစ်ပိုင်းမျှပင် ရှိသေးသည်။ မေလှဲ့ထံမှ စာတိုပြန်ဝင်လာသည်။

"နင့်ထိုက်နဲ့ နင့်ကံ" တဲ့လေ။ ဒါကိုက မေလှဲ့၏ ဆန်းသစ်သော မင်္ဂလာဆုတောင်း ဖြစ်ပါလိမ့်မည်။ ဝေသီကတော့ ဟက်ဟက်ပက်ပက် ရယ်လိုက်မိသည်။

ဝေသီတို့ကတော့လေ နိဗ္ဗာန်ကို မြန်းရမယ်ဆိုရင်တောင် သံသာလေကမ်းတိုင်ကို တူမောင်မယ်စုံမှ ပြိုင်တူကူးလိုက်ချင်တာရယ်ပါ။

"မောင်ရယ်... လောကကြီးကလေ ဒီလိုဆိုတော့လည်း ပျော်စရာကောင်းသားနော်၊ ဒုက္ခဆိုတာလည်း ချိုမြိန်သားပဲ"

ဝေသို့စကားဆုံးသောအခါ မောင်သည် ဝေသို့ကို ဒုတိယအကြိမ် ရွှန်းရွှန်းစားစားကြည့်ပြီး ပြုံးပြပြန်သည်။ သည်လိုနှင့် ဝေသီတစ်ယောက် ကျရှုံးရပြန်လေသည်။

မျက်ရှုဝက်ဘ်ဆိုက်၊ မတ်လ၊ ၂၀၁၁။
ရတီမဂ္ဂဇင်း၊ မေလ၊ ၂၀၁၅

✿

# တောင်တက်သူများအကြောင်း

(၁)

“လုပ်စရာရှိတာ မြန်မြန်လုပ်စမ်း ချောလှ… ညည်း နောက်ကျနေတာနဲ့ သီတာအေးတို့တောင် သွားတော့မယ်၊ ဒါနဲ့ ညက ဘိုးအုန်း တစ်ယောက် သူ့ကိုယ်သူ သတ် သေလို့တဲ့နော်၊ သူ့အိမ်ရှေ့မယ် ပုလိပ်တွေနဲ့ ရုတ်ရုတ် ရုတ်ရုတ် ဖြစ်နေတယ်၊ သတိဝီရိယနဲ့ သွား၊ ကြားလား”

အမေက သူပြောချင်တာကို ခပ်လောလောနှင့် ပြောသွားသဖြင့် ချောလှ မှာ အကြောင်းအရာကို မဇေ့ငုမိ။ ဘိုးအုန်း သူ့ကိုယ်သူ သတ်သေလို့ ဆိုသည်ကိုသာ ကြားသိစိတ်မှာ ကျန်ရစ်ခဲ့သည်။ ဘယ်လိုကြီးပါလိမ့်။

“အမေ… ဘိုးအုန်းက သူ့ကိုယ်သူ ဘာလို့ သတ်သေရတာလဲ၊ ဟုတ်လို့လား အမေရယ်”

“မဟုတ်ဘဲ ရှိမလားအေ့၊ သူသေတာကို ဦးဆုံးမြင်ရတာက ညည်းအဖေပဲ၊ သူ ဝယ်နိုင်းထားတဲ့ လက်ဖက်ခြောက် ညက သွားမပေးလိုက်ရလို့

တော်ကြာနေ လက်ဖက်ရည် မသောက်ရမှာစိုးလို့ဆိုပြီး ယာထဲမဆင်းမီ ဘိုးအုန်း အိမ်ကို ဝင်ပေးတော့ မီးဖိုချောင်က ထုပ်တန်းမှာ ကြိုးတန်းလန်းဆွဲပြီး သေနေ တာကို တွေ့တာပဲတဲ့"

အဖေက မြင်ပြီး အမေက ပြောလို့သာ ယုံနိုင်စရာရှိသည်။ ဘိုးအုန်းလို လူမှာ သူ့ကိုယ်သူ သတ်သေစရာအကြောင်း မရှိနိုင်ဟု ထင်ပါသည်။ ချောလှ တွေးသလို ရွာကလည်း တွေးကြမည်သာ။ မဟုတ်မှလွဲရော... ဘိုးအုန်း၏ စည်းစိမ် ဥစ္စာများကို လိုချင်သူက ဘိုးအုန်းကို သတ်ကာ သူ့ကိုယ်သူ သတ်သေသလို ပုံစံ ချခဲ့လေသလား၊ သည်လို သံသယမျိုးကလည်း ထားမည်ဆိုက ထားလောက် စရာ။ သို့ပေမဲ့ အသက်ခုနစ်ဆယ်ကျော်အရွယ်လို ဘိုးအုန်းတွင် ရန်ငြိုးရန်စ ကြီးကြီးမားမား ရှိလိမ့်မည် မဟုတ်။ မယားနှင့် သားသမီးများနှင့် ဝေးရာမှာ နေ သော်လည်း သည်ရွာက ဘိုးအုန်း၏ ချက်မြှုပ်ရာ နေရပ်စစ်စစ်။ ရွာနှင့်ဘိုးအုန်း သည် ငယ်ပေါင်းကြီးဖော်များလို ဖြစ်နေ၍ အချင်းချင်း စောင့်ရှောက်ကြသည်။ မနေ့ မနက်ကပဲ ဘိုးအုန်းတစ်ယောက် ချယ်ရီသား လက်ကိုင်တုတ်ကောက်ကြီး တယမ်းယမ်းနှင့် လမ်းလျှောက်ထွက်သည်ကို မြင်လိုက်ရသေးသည်။ ဘာပူပင် ဟန်မှမရှိ၊ မြင်နေကျ ပုံစံအတိုင်းပင်။ အမေက ညစာချက်ပြုတ်ပြီးစီးတော့ ဘိုးအုန်းဆီ သွားပို့ချေဦး ခိုင်းသဖြင့် သူ့အိမ်ကို ချောလှ ရောက်ခဲ့ရသေးသည်။

"ဘဘကြီး၊ ထမင်းစားစားပွဲပေါ်မှာ ချိုင့်ထားခဲ့တယ်နော်၊ ဒီနေ့ညနေ စာကိုတော့ အမေက မနက်ကဟင်းကိုပဲ ပြန်နွှေးပေးလိုက်တယ်တဲ့၊ မနက်ဖြန် ရေပြာ ဈေးမှာ ဝက်အူမကြီးတွေ့ရင်တော့ ချက်ပေးပါ့မယ်လို့ ပြောလိုက်ပါတယ် ရှင့်"

တံခါးဝကနေ လှမ်းပြီး အစီရင်ခံနေသည့် ချောလှကို မော့၍ပင် မကြည့်၊ ထန်းပက်လက်ကုလားထိုင်မှာ ကျောမှီထိုင်လျက် မဂ္ဂဇင်းစာအုပ်ကို တဖျတ်ဖျတ် လှန်နေရင်းကပဲ "အေး.. အေး" ဟု ဆိုသည်။ တကယ်တော့ စာဖတ်နေသည်ရယ် မျိုးတော့ မဟုတ်။ သူ့ပုံက ဦးတည်ရာမဲ့ စာအုပ်ကို ဟိုဟိုသည်သည် လှန်လှောနေ တာမျိုး။ ချောလှလည်း သူ့ဝတ္တရားပြီးပြီဖြစ်၍ သည်အတိုင်း ပြန်လာခဲ့သည်။ ဘာများ ထူးခြားတာရှိလို့လဲ၊ ပုံမှန်ပဲဟာ။ သို့ပေမဲ့ သည်မနက်ကျတော့ ဆွဲကြိုးချပြီး သေလို့ဆိုပါလား။

ဘိုးအုန်း သေတာက အကြောင်း မဟုတ်သော်လည်း ဘိုးအုန်းမရှိ တော့လျှင် သူ့ကို အမှီပြုပြီး စားသောက်နေရသည့် ချောလှတို့ မိသားစုအတွက်

တော့ အနည်းငယ် ကသီကလင် ဖြစ်နိုင်သည်။ ဘိုးအုန်းအတွက် အမေက နေ့စဉ် ချက်ရေးပြုတ်ရေး တာဝန်ယူပေးနေရသည့်အတွက် သူ့တစ်ကိုယ်စာစရိတ် အတွက် အမေ့ကို အမြဲပိုပိုသာသာ ပေးသည်။ ထို့ပြင် မောင်ငယ်ဇော်ထူး၏ ကျောင်းစရိတ်ကို လည်း ဘိုးအုန်းကပင် ကျခံသည်။ ဘိုးအုန်း ကျောင်းထားပေးလို့သာ ဇော်ထူး သုံးတန်းအထိ တပိန်ပိန်တလိမ်လိမ်နှင့် ရောက်လာသည်။ ဇော်ထူးလောက် အဆော့မက်ပြီး ပျင်းလိုက်တဲ့ ကလေးတွေ့မတွေ့ဖူးဘူး။ ဘိုးအုန်းက ချောလှ ကိုလည်း ကျောင်းထားပေးပါသည်။ သို့ပေမဲ့ ခုနစ်တန်း တစ်နှစ်ကျတော့ အမေ တို့က ကျောင်း နုတ်လိုက်သည်။ "ဘွဲ့ရ အလုပ်လက်မဲ့တွေ အများကြီးပဲ ချောလှ၊ အငယ်တွေကိုလည်း ငဲ့ဦး" တဲ့။ အမေက ပြောတော့ ချောလှမှာ မည်သို့မှ မချေပ တတ်ဘဲ ခေါင်းအုံးပေါ် မျက်နှာအပ်ကာ မျက်ရည်သွန်ရသေးသည်။

"အမေက အမေ ကျောင်းထားပေးရတာလည်း မဟုတ်ဘဲနဲ့ ကျုပ်ကို မကြည်မဖြူ ဖြစ်နေတယ်" သည်လို တုံးတိကြီး ကဏ္ဍကောစတိုက်တော့–

"ငါ ကျောင်းထားမပေးရလည်း ညည်း အဲဒီကျောင်းကို ဟီလာတိုက် သွားနေသမျှ အိမ်မှာ မီးဖိုချောင် မလုံဘူးအေ့၊ တော်ရောပေါ့ ခုနစ်တန်း၊ ညည်း အဖေနဲ့ ငါနဲ့ နှစ်ယောက်ပေါင်းတောင် ညည်းလောက် အတန်းမတက်ခဲ့ရဘူး၊ ခုလည်း ညည်းကို မြို့ကိုပို့ပြီး အစေအခိုင်းလုပ်ခိုင်းနေတာလည်း မဟုတ်သေး ဘူး"

ချော့သည်ဟု မဆိုသာသော စကားဖြင့် အမေက ပျစ်ပျစ်နှစ်နှစ် ဆိုလေတော့ ချောလှမှာ အမေ့ကို စိတ်ကောက်ပြီး တစ်ပတ်လောက် မခေါ်နိုင်၊ မပြောနိုင် ဖြစ်ရသေးသည်။ မကြာပါ။ "ငါက ကျေးထားရပြီး လက်တောက် လောက်နဲ့ လူဝါးဝနေတယ်ပေါ့လေဟုတ်လား...ပညာတွေသိပ်တတ်နေတော့ကာ" ပြောဆို အငေါ်တူးကာ ဆံပင်ဆောင့်ဆွဲ၍ တံမြက်စည်းရိုးနှင့် ဆင့်ဆော်လေမှ ချောလှ လည်း အတွန့်မတက်ဝံ့တော့ဘဲ အမေ ပြောသမျှ ပြီးရသောဘဝသို့ လုံးလုံး လျားလျား ရောက်ရတော့သည်။

(၂)

အမေက သည်လိုပါပဲ။ ပြောလိုက်ရင် ချိုသာပြေပြစ်တယ်ရယ်လို့ မရှိ၊ ဆိုတဲ့ စကားက ဒိုးဒိုးဒေါက်ဒေါက်၊ လှုပ်ရှားပုံက ဆိုးဆိုးဆတ်ဆတ်၊ ပြဿနာတစ်ခုခု

ဖြစ်လာလျှင်လည်း ဟောဟောဒိုင်းဒိုင်း ဖြေရှင်းလိုက်ရမှ ကျေနပ်သူ။ ပြီးတော့ သည်မိသားစုအတွက် သူ့လောက် နေရာကျအောင် စီမံတတ်သူ မရှိဟုလည်း ထင်နေတတ်သူ ဖြစ်သည်။

"ညည်းကို သူများအိမ်မှာ အိမ်ဖော်သွားလုပ်ခိုင်းနေတာ မဟုတ်ဘူး၊ ကိုယ့်မိသားစုနဲ့ ကိုယ့်ရွာနဲ့ မကွဲမကွာ အလုပ်လုပ်နိုင်အောင် ကြံပေးနေရတာ၊ ဒါတွေ ညည်းတို့တွေ နားလည်တာ မဟုတ်ဘူး" တဲ့။

အမေကသာ သည်လို ပြောနေသည်။ တကယ်တော့ မထူးလှ။ အခု လည်း ရေပြောက ဒေါ်ကြီးခင်ပုတို့ဆီမှာ မြေပဲအခွံချွတ်ရ ပဲချောင်းတွေ သွားထုပ်ပေးရ လုပ်ပေးနေရသည်ပဲ မဟုတ်လား။ ဘာရမှာတဲ့လဲ။ တစ်နေလုံး ကုန်အောင် လုပ်ပါမှ တစ်ထောင်၊ ထောင့်တစ်ရာ၊ နှစ်ရာ တစ်ခါတလေတော့ ထောင့်ငါးရာ၊ နှစ်ထောင်အထိ ရတတ်ပါသည်။ ဒါကလည်း တစ်လနေလို့ တစ်ခါပင် မရှိ တတ်ပါ။ သည်အလုပ်လေး လာရဖို့အရေး မနက်ခုနစ်နာရီ နောက်ဆုံးထားပြီး အိမ်က ထွက်ရသည်။ သီတာအေးတို့နှင့်အတူ ရွာက မိန်းမဖော် လေး၊ ငါးယောက် စုကာ အုပ်လိုက် ကြီး တစ်နာရီနီးပါးလောက် စက်ဘီး ကိုယ်စီနင်းကာမှ ဒေါ်ကြီး ခင်ပုတို့ အိမ်ကို ရောက်သည်။ ပြန်တော့ နေပင် အတော်ငိုက်စင်းနေပြီ။

"မခင်ပုတို့ အိမ်မို့ပဲ လူငှားနဲ့ မြေပဲအခွံချွတ်နေကြတာ၊ ဒီခေတ်မယ် မြို့မှာဆို စက်နဲ့ လုပ်တာချည်းပဲ၊ ပိုပြီးတောင် တွက်ခြေကိုက်သေးတာ"

ဒေါ်ဒေါ်တင်က ပခုက္ကူကနေ တစ်ခေါက်ပြန်လာတိုင်း သည်စကားကို တစ်ခါ လာပြောလေ့ရှိသည်။ သူမို့ပဲ မမောနိုင်မပန်းနိုင်။ တကယ် ဟုတ်လား၊ မဟုတ်လားတော့ မသိ။ ဒေါ်ဒေါ်တင် ဆိုသည်ကလည်း အင်မတန် သူသိ၊ သူတတ် လုပ်ပြီး ချဲ့ကားပြောတတ်သူကိုး။ သို့ပေမဲ့ ဒေါ်ဒေါ်တင့်စကား ကြားလျှင် နောက်ဖေး ကပြင်တွင် မြေပဲသီး အခွံချွတ်နေကြသော ချောလှတို့တစ်သိုက် တစ်ဦးကို တစ်ဦး မျက်စပစ်ကာ သက်ပြင်းချရသည်။ ကြီးခင်ပုက ထွေလီကာလီ မကြိုက်တတ်၊ ရှေးရိုးစွဲကြီးမို့သာ တော်တော့သည်။

"အေးပါ တင်တင်ရယ်... နောက်တော့ ဖြစ်လာမှာပေါ့" ဟုသာ နှစ်သိမ့် စကား ပြန်ဆိုတတ်လေသည်။ လူ့စိတ်ဆိုတာ ပြောလို့ရတာ မဟုတ်၊ ဒေါ်ဒေါ်တင် သည်လောက် တွန်းတိုက်နေရင် ကြာလျှင် ကြီးခင်ပု စိတ်ပြောင်း ချင် ပြောင်းသွားနိုင်သည်။ အမှန် ဝန်ခံရလျှင် တစ်နှစ်ပတ်လုံး ရှိတတ်သည့် အလုပ် မဟုတ်တာတောင် သည်အလုပ်က ရသည့် နေ့စားဝင်ငွေဖြင့် အိမ်စရိတ်

ကို တစ်ဖက်တစ်လမ်းက ထောက်ပံ့နိုင်သေးသည်ဖြစ်၍ သည်အလုပ်ကို လက်လွှတ်ရမည်ကိုတော့ စိုးရိမ် မိပါသည်။ သို့ပေမဲ့ အရိပ်အောက်တွင် အလုပ်လုပ်ရသည်ဆိုသော်ငြား နေပူစပ်ခါး ဝါဆွတ်၊ ပဲဆွတ်၊ ငရုတ်ဆွတ် အလုပ်ကို သာ၍ ပျော်ပိုက်ပါသည်။

တကယ်တော့ အမိုးအောက်တွင် အလုပ်ထိုင်လုပ်ရတိုင်း သက်သာတာမှ မဟုတ်တာပဲဟာ။ နေပူမမိပေမယ့် အညောင်းမိတာပဲလေ။ ငွေတွင်းများ နက်ပါဘိတော့တယ်။ သည်အလုပ်တွေကြောင့်ပဲ နေမှာပေါ့။ ချောလုခများ အပျိုလေးဖြစ်ပေမယ့် ဟန်ပန်က ကြွားဝံ့ငွားစွင့်မနေသာ၊ လက်ပြင်လေး ကိုင်းနေပြီ၊ အသက်ဆယ့်ခြောက်နှစ် ရှိပြီသာ ပြောသည်၊ ခများမတော့ ခုထက်ထိ ရှင်မီးအင်္ကျီလေးသာ အောက်ခံဝတ်ရဆဲ။ အမေ့ထဘီကိုများ ပတ်လိုက်လျှင် လုံချည်ကွင်းမှာကျယ်လွန်းလှ၍ ထောင့်စွန်းများကို များများ သိမ်းရသဖြင့် သူ့ခါးအထက်ဝယ်မို့မို့ဖောင်းဖောင်းကြီး ဖြစ်နေတတ်သည်။ ကိုယ်အထက်ပိုင်းကလည်း အဖေ့ရှပ်အင်္ကျီဖိုးရိုး ဖားရားအောက်တွင် ပျောက်လုလု။ ဝတ်စားဆင်ယင်မှုကြောင့်ပင် ချောလုခများ ပို၍ကြုံလှီသည်ဟု ထင်ရသည်။

လှချင်ပချင်စိတ် မရှိလို့တော့ မဟုတ်။ သည်အရွယ် သာလို့တောင် ပြင်ပြင်ဆင်ဆင် နေလိုသေးတာ။ ကိုရီးယားဇာတ်ကားထဲက မင်းသမီးတွေဆို သူလို သေးသေးညှက်ညှက်လေးတွေ၊ သို့ပေမဲ့ ပြင်တတ်ဆင်တတ်၊ တန်ဖိုးကြီးအဝတ်ကိုယ်ပေါ် ဆင်နိုင်တော့ ရုပ်ထွက်သည်ပင်။ ချောလုအတွက်မူ ဝတ်ကောင်းစားလှ တစ်ထည်တလေရှိတောင် အလှပြနိုင်ဖို့ အချိန်မအား။ ခြူးတစ်ပြားရဖို့အရေး မိုးသောက်နေဝင် ဝမ်းချုပ်အညောင်းမိအောင် ထိုင်ကာ အလုပ်လုပ်ရသည့် ဘဝ။ ကိုယ်တိုင် ငွေရှာရတော့ တစ်ပြား၊ နှစ်ပြားကအစ တွန့်တိုစိတ် ရှိသည်။ မိဘကို လုပ်ကျွေးသည့် သားသမီး ကောင်းစားသည်၊ မကောင်းစားသည်တော့ မသိ။ လောလောဆယ်တော့ အငယ်ကောင်ကို နောက်နှစ် ကျောင်းထားနိုင်တော့မည်ဟု အမေက ပြောတော့ မောင်ငယ်အတွက် ချောလုဝမ်းသာရသည်ပင်။ အခမဲ့ပညာရေးဆိုသော်လည်း တစ်ဦး၏လုပ်အားတစ်ဦး အမှီပြုနေရသော သူတို့ဆင်းရဲသား မိသားစုမှာ ပညာနတ်ပန်းသည် အလှမ်းဝေးလွန်းလှသည်။

တကယ်ဆို အငယ်ကောင်နှင့် ဇော်ထူးသည် တစ်နှစ်ကြီး၊ တစ်နှစ်ငယ်။ ဇော်ထူးတောင် သုံးတန်းရောက်ပြီ။ အငယ်ကောင် ကျောင်းမနေရသေး။ ဒါတော့ အမေ မျက်နှာလိုက်လွန်းသည်ဟု ချောလု ထင်သည်။ ဇော်ထူးတို့

ဖျင်းပုံများ သုံးတန်းသာ ရောက်တယ်၊ နှစ်အလီ၊ သုံးအလီထက် ကျော်ပြီး မေးလျှင် မရတော့၊ ကပေါက်တိကပေါက်ချာ ဖြေသည်။ သို့ပေမဲ့ ဇော်ထူးက အမေ့အသည်း။သူ့ကိုကျောင်းလွှတ်နေမည့်အစားအလုပ်လုပ်ခိုင်းလိုက်တာကမှ သင်္ချာပိုကျွမ်းလိမ့် ဦးမည်ဟု ချောလှ တွေးသည်။

အတွေးသည် အတွေးနေရာတွင်ပင် ရပ်သည်။ အမေ့ကိုကား ထုတ်မပြောရဲ၊ ကြောက်ရသည်လေ။ ဇော်ထူးအပေါ် မေတ္တာနည်းသလောက် အငယ်ကောင် ဖိုးကောင်းလေးအပေါ်တော့ စေတနာရှိသည်။ သူ့ထက် ပညာပိုတော်စေချင်သည်။ ဖိုးကောင်းကတော့ သူ ကြီးလာလျှင် ဓာတ်မင်းသားလုပ်မယ် ဟုချည်းပဲ ဆိုသည်။ ဖိုးကောင်း မတ်တတ်ပြေးစကတည်းက ဆိုင်းသံဗုံသံကြားလျှင် ကွေးနေအောင် ကတတ်သည်ကို တစ်မိသားစုလုံး သတိပြုနှင့်ခဲ့သည်။ ဓာတ်မင်းသား ဖြစ်ဖို့ဆိုတာ လွယ်လှသည်တော့ မဟုတ်။ တောမင်းသားနှင့် မြို့မင်းသားတောင် နေရာပေးခံရပုံချင်း မတူ။ မန္တလေးက ပန်တျာကျောင်းဆီ ပို့ဖို့ဆိုတာ နီးနီးနားနား ပုဂံလောက်ကိုပင် ဘုရားဖူးမရောက်ဖူးသော သူတို့မိသားစုအတွက် ရောမစွန့်စားခန်း ဖြစ်သွားလိမ့်မည်။ အဆုံးမတော့ အရာရာဟာ ငွေစကားပြောတာပါပဲ။

ပိုက်ဆံပိုရမလား ဟူသော အတွေးဖြင့် မည်မျှပင် ပိုအားစိုက်ထုတ်ကာမူ သူ့အလုပ်က တစ်ရာ၊ နှစ်ရာအပြင် ပိုမရတတ်။ ကြီးပွားဖို့ဆိုတာ အဝေးကြီး။ ထူးပြီးလည်း မချမ်းသာလာမယ့်အတူတူ သည်နေ့တော့ တွေးလိုက် ငေးလိုက်ဖြင့်သာ အချိန်ကုန်စေခဲ့သည်။ အိမ်အကြောင်းတွေးလိုက်၊ ဘိုးအုန်းအကြောင်း စိတ်ရောက်သွားလိုက်နှင့် နေဝင်တော့မည်။

"ဒီနေ့တော့ စောစောပြန်ရအောင်ဟေ့"

သီတာအေးက လောဆော်တော့ ချောလှကလည်း အကင်းပါးသည်။ ကြိုးဆွဲချသေသည်ပြောပြော၊ အသတ်ခံရသည်ပြောပြော ဘိုးအုန်းသည် အစိမ်းသေ သေခဲ့ပြီ။ ဘိုးအုန်း အိမ်က ရွာနှင့် အနည်းငယ်လှမ်းသည်။ ရွာကနေ ပေါက် - ရေပြော လမ်းမပေါ်သို့ ထွက်မည့် လမ်းမြောင်လေးပေါ်တွင် ဘိုးအုန်းခြံဝိုင်းက မေးတင်ထားသည်။ သူ့အိမ်မရောက်မီ သဲတောကို ဖြတ်ရသည်။ မိုးရာသီဆိုလျှင်တော့ သဲချောင်းရေ ကျတတ်၏။ ထို့နောက် ကုန်းကမူလေးတစ်ခု၊ ပြီးလျှင် လျှိုတစ်ခု ရောက်ပြန်သည်။ အနီလျှို၏ ဘေးတွင်ကမှ ဘိုးအုန်း၏ အိမ်၊ ပြီးတော့ ပဲစင်းငုံ

အခင်းနှင့် ကြက်သွန်အခင်းများ။ သည်မြင်ကွင်းများလွန်မှ ရွာသို့ ရောက်သည်။ ဘိုးအုန်းအိမ်က ထီးထီးကြီး ရှိနေသည်ဆိုသော်လည်း အိမ်ဝန်းကျင်တွင် ကုက္ကိုနှင့် မန်းကျည်းပင်များ အုံ့ဆိုင်းနေသည်။ သူ့ခြံထဲတွင်လည်း သရက်ပင်နှင့် မာလကာပင်များ ရှိနေသေးသည်။ ညမှောင်မှောင်မှာ သူ့အိမ်ဘေးက ဖြတ်မိလျှင် အခါများစွာ နောက်ကျောမလုံသလို ခံစားရတတ်သည်။ ခုများတော့ ပိုဆိုးပြီပေါ့။

(၃)

"ကြံစမ်းပါဦးအေ။ ညည်းက ခုနစ်တန်းအထိ စာသင်ဖူးတာပဲဟာ"

အမေသည် ခေါင်းတဖျင်းဖျင်းကုတ်ရင်း ချောလှကို အားကိုးသလိုလို၊ ငေါ့သလိုလို၊ အားမရသလိုလို အနက်ထွက်နိုင်သော စကားကို ဆိုလေသည်။

"အမေကလည်း… ခုနစ်တန်းအထိ စာသင်လည်း ကျုပ်က စာသင်ခန်းထဲပဲ ရှိတာ၊ ရုံးတွေ ဂတ်တွေအကြောင်း ဘယ်သိမှာလဲလို့"

စိတ်ပေါက်ပေါက်နှင့် ဆူအောင့်အောင့် ဆိုလိုက်ရသော်လည်း ရင်ထဲမကောင်းလှ။ ညနေစောင်းလို့ ရေပြောကနေ ပြန်လာသည့်အခါ ခွေးကတက်တွင် ဆေးပေါ့လိပ်ဖွာလျက် မျက်မှောင်ကြုတ်ကာ ငူငူကြီးဆောင့်ကြောင့် ထိုင်နေသော အမေ့ကို တွေ့ရသည်။ အမေ ဆေးပေါ့လိပ်ကို သည်လောက် အားရပါးရ မီးခိုး တအူအူ ထအောင် ဖွာနေပုံထောက်တော့ ဘေးကျပ်နံကျပ် ဖြစ်နေပြီဟု မှန်းရသည်။ သို့မဟုတ်လျှင် ခံတွင်းအချဉ်ပြေအောင် ဖွာတော်ဆက်သည်က လေး၊ ငါးချက်ထက် မပိုတတ်။ ချောလှကို မြင်တော့ စူပုပ်ပုပ်ဖြစ်နေသော အမေ့မျက်နှာထားမှာ အနည်းငယ်ပျော့ပျောင်းသွားပြီး ချောလှ လှုပ်ရှားသမျှကို လိုက်ကြည့်နေလေသည်။

"အမေ ဘာဖြစ်နေတာလဲဟင်၊ ကျုပ်ကို တစ်ခုခု ပြောမလို့လား" မရဲတရဲ မေးကြည့်တော့–

"ညည်းအဖေကို ပုလိပ်ဖမ်းသွားပြီ" တဲ့။ ချက်ချင်းလိုလိုပင် အမေ့မျက်ဝန်းတွင် မျက်ရည်များ စို့တက်လာသည်။ နှုတ်ခမ်းကို လျှာနှင့်သပ်ရင်း ဆေးလိပ်မီးကို ကြမ်းပြင်တွင် ဖိချကာ ငြိမ်းသတ်လိုက်သည်။ အမေ့ အပြောအရ နေမစောင်းမီကပင် ရေပြောရဲစခန်းက ဘိုးအုန်းကိစ္စနှင့် ပတ်သက်ပြီး အဖေ့ကို

စစ်မေးစရာရှိသည်ဟုဆိုကာ လာခေါ်သွားသည်တဲ့။ ဘိုးအုန်းက သူ့ကိုယ်သူ ကြိုးဆွဲချပြီး သေတာဆိုဟု မနက်က ကြားထားရသည့် စကားကို ချောလှက ထပ်မေးပြန်တော့ အမေက ဒေါနှင့်မာန်နှင့် ပြောသည်။

"အေး... သူ့ဟာသူပဲ သတ်သေတာ နေမှာပေါ့။ အဲဒါကို သူ့မှာ ဘာရန်စမှလည်း မရှိ၊ မကျန်းမမာ ဖြစ်နေတာလည်း မဟုတ်ဘဲ ဒီအတိုင်း မသေနိုင်ဘူးတဲ့၊ တစ်ယောက်ယောက် သတ်လို့ နေမှာဆိုပြီး သိန်းကြိုင်က ကူလီကူမာ လုပ်ပြီး ဂတ်ကို သွားတိုင်လို့ ဂတ်က ညည်းအဖေကို လာဆွဲသွားတာ"

သိန်းကြိုင် ဆိုတာ ဘိုးအုန်း၏ တူ။ သူ့နာမည်ကြားရုံနှင့်ပင် အော်ဂလီဆန်လှပြီ။ အသားမည်းမည်း၊ အသံပြာပြာ၊ နှာခေါင်းလန်လန်၊ အာခေါင် တစ်ခုလုံး ရဲပတောင်းခတ်အောင် ပါးစပ်တွင် အချိန်ပြည့်နီးပါး ကွမ်းတမြုံ့မြုံ့ ဝါးနေတတ်သူ၊ သည်လိုမှ မဟုတ်ရင်လည်း သူ့သချီး (သွားချေး) ကို သူ့ဟာသူ စုပ်နေတတ်သူ။ သူကပဲ ဘိုးအုန်းကို သူများက သတ်တာပါလို့ တိုင်ရသေးသတဲ့။ အံ့ အံ့ရော။ ဘိုးအုန်း၏ ပွဲရုံကို သူကပဲ လောဘတက်ပြီး မောင်ပိုင်စီးချင်လို့ လွှန်ခဲ့သည့် ဆယ်နှစ်ခန့်လောက်က တူဝရီးနှစ်ယောက် တရားတဘောင် ရင်ဆိုင်လိုက်ကြရသေးသည်။

အဆုံးတွင် သိန်းကြိုင်က ဝန်ချတောင်းပန်ရာ ဘိုးအုန်းက ဗွေမယူဘဲ သိန်းကြိုင်ကို ပိုနေမြဲကျားနေမြဲအတိုင်း သူ့ပွဲရုံကို ပြန်ပြီး ဝကွက်အပ်ရင်း အမှုပိတ်ခဲ့ရသည့် သတင်းမှာ ချောလှတို့ရွာတွင် ဟိုးဟိုးကျော်ခဲ့သေးသည်။ ဘိုးအုန်းကိုယ်၌ကလည်း သူတစ်ကိုယ်ရည်စာ ပြည့်စုံအောင် စီစဉ်ပေးထားသည်ကိုသာ လိုလားသည်။ သိန်းကြိုင် လုပ်ပုံကိုင်ပုံကို မည်သို့မျှ ဝင်မစွက်ဖက်တတ်။ အရာအားလုံးသည် သိန်းကြိုင်ခြေ၊ သိန်းကြိုင်လက်ပင်။ ပြေူးကများ ပြလို့ သိန်းကြိုင်ရယ်။ အမေသည်လည်း သိန်းကြိုင်ကို တဗျစ်တောက်တောက် ကျိန်ဆဲလို့ မဆုံး။ ရာအိမ်မှူးက အမေ့ကို လာပြောတော့ "မပူပါနဲ့ဟာ၊ နင့်ယောက်ျားရှိးတာ ငတို့(ငါတို့)တွေ သိနေကြတာပဲ၊ မေးစရာရှိတာ မေးပြီးရင် ပြန်လွှတ်မှာပေါ့" တဲ့။ သို့ပေတဲ့ သက်ကြီးခေါင်းချချိန်သို့တိုင်အောင် အဖေ့အရောင်ကို မမြင်ရသေး။ အမေ့ခမျာ ပူလှပြီ။

မိုးလင်းရင် ဂတ်ကို လိုက်သွားမယ်တဲ့။ ညည်းက ရှေ့ကနေ မေးစမ်းအေ တဲ့။ အိမ်မှာတင်မက ရွာမှာတွင်ပါ အသံကျယ်လှသော အမေ၊ ဆတ်ဆတ်ကြဲသော အမေသည် ယခုတော့ ချောလှကို ညည်းက စာတတ်ပေတတ်မို့ ရှေ့က

သွားဟု ဆိုနှင့်ပြန်သည်။ အမေ့ပုံက တကယ်ပင် အားငယ်နေဟန် ရှိသည်။ အဖေ့အတွက် သောကသည်လည်း သူ့မျက်ဝန်း၊ သူ့နှုတ်ဖျားတွင် မဖုံးဖိနိုင်အောင် အထင်းသား။ ညည်းအဖေက ဘာမှသိတာ မဟုတ်၊ အူအူအအရယ်ဟုလည်း ဘယ်နှကြိမ်မြောက်မှန်းမသိ ထပ်ကျော့ပြောနေသည်။ ချောလှသည် အမေ့ကို တစ်လှည့်၊ မောင်ငယ်များကို တစ်လှည့်ကြည့်ပြီး သက်ပြင်းချမိသည်။ ကလေးတွေကတော့ ဘိုးအုန်း သရဲ လာခြောက်မည် အထင်ဖြင့် ခပ်စောစောကတည်းကပင် အသံတိတ်ကာ အိပ်ရာ ဝင်နှင့်ပြီ။ အမေသာလျှင် အပူလုံးကြကာ မျက်ရည်စမ်းစမ်း ရှိနှင့်သည်။

အမေ အတော်လေး အိုရှာပြီပဲ။ ပါးချောင်ကျလျက် မျက်နှာပေါ်တွင် တိမ်ညိုသလ္လာလို ဖုံးအုပ်နေသော တင်းတိပ်ကွက်များ၊ လည်ပင်းညှပ်ရိုး ငေါငေါ၊ နို့ပိန်ခြောက်လေးနှင့်၊ ပြီးတော့ ကြက်ခြေထောက်လို အရေပိန်မည်းလိမ် တွန့်နေသော အမေ့ ခြေချောင်း၊ လက်ချောင်းများ။ အမေ့ခန္ဓာကိုယ်တွင် အလှ ပျောက်ခဲ့သည်မှာ ကြာရှည်ပြီ။ ထိုနည်းတူ အမေ့အိပ်မက်တို့သည်လည်း ပျောက်ခဲ့နှင့်ပြီး ဖြစ်ပါလိမ့်မည်။

တစ်ခါသား သိန်းတစ်ထောင့်ငါးရာထီပေါက်လျှင် ဘာလုပ်ကြမည် ဆိုပြီး ချောလှတို့ မိသားစု လူအားသည်နှင့် ဝိုင်းဖွဲ့စိတ်ကူးယဉ်ခဲ့ကြဖူးသည်။ ဇော်ထူးက ထီပေါက်လျှင် ပခုက္ကူက ဦးစိမ်းတို့ စားသောက်ဆိုင်တွင် အလုပ်သွားလုပ်မည်ဟု ဆိုသည်။ "ဟာ ... နင်ကလည်း ထီပေါက်မှတော့ ရန်ကုန်မှာပဲ အလုပ်သွားလုပ်မှာပေါ့၊ ပခုက္ကူက ဆိုင်မှာ ဘာလို့အလုပ်လုပ်မှာလဲ" ဟု ချောလှက ဝင်တောတော့ "နင် ဘာသိလို့လဲ၊ ဦးစိမ်းတို့ဆိုင်က ညကျလို့ ဆိုင်သိမ်းပြီးရင် ဗွီဒီယိုနှစ်ကားပြတယ်၊ ငါ အဲဒါ ကြည့်ချင်လို့" တဲ့။ "ဗီဒီယိုကြည့်ချင်မှတော့ ဦးစိမ်းဆိုင်မှာ သွားအလုပ် လုပ်မလား ငတုံးရဲ့၊ ကိုယ့်အိမ်မှာကိုယ် ဓာတ်စက်ဝယ်ပြီးပဲ ကြည့်တော့မှာပေါ့ " ဟူ၍ တစ်အိမ်သားလုံးက ဇော်ထူးကို ဝိုင်းလှောင်တော့... "အဖေတို့ကလည်း ရွာမှာ မီးမှ မရှိတာ၊ အမြဲတမ်းလည်း မီးစက်ဘယ်နှိုးနိုင်မှာလဲ" ဟု သူက ပြန်ပက်လေသည်။

ဒါလည်း ဟုတ်တုတ်တုတ်။ ဖိုးကောင်းက "အမေ၊ သားကို ဓာတ်ထောင်ပေးနော်" ဆို၍ ပူဆာလျှင် အမေက ထုံးစံအတိုင်း "နင်တို့တစ်တွေ ပိုက်ဆံကုန်အောင်ပဲ စဉ်းစားနေတယ်၊ ဘယ့်နှယ်၊ အလကားနေရင်း ကုန်အောင် မထောင်ပေးနိုင်ပေါင်၊ အဲ့ဓာတ်" ဟု မာန်သည်။ အမေသည် အလကားယဉ်ရသည့် စိတ်ကူးကိုပင် ရွက်ကုန်မဖွင့်ရဲ။ အဖေကတော့ ရှင်ပြုပေးချင်တယ် ဟု ပြော

သည်။ အမေ ကကော..။

"အမေကော ဘာလုပ်မှာလဲဟင်" ဆိုသည့် ချောလု အမေးကို အမေသည် ပြုံးစစနှင့် မျက်စောင်းထိုးလျက် "ညည်းတို့ သားအဖတွေ ဒီလောက်သုံးကြမှတော့ အဲ့ပိုက်ဆံတွေ ကုန်ပြီပေါ့၊ အကြွေးပဲ ကျေအောင် ဆပ်ပါရစေဦး" တဲ့။ အမေကလည်း သူ သိတာကျလို့၊ သိန်းတစ်ထောင့်ငါးရာ ဘယ်လောက်ရှိတယ်ဆိုတာ။ အင်း... ဘယ်လောက်ရှိပါလိမ့်။ သုည ဘယ်နှလုံးပါလိမ့်။ မန်ကျည်းပင်၊ ဆီးပင်၊ သနပ်ခါးပင် ဘယ်နှပင် ဝယ်နိုင်ပါလိမ့်။ ဂဃဏန မသိသော်ငြား ချောလုကတော့ သည်ငွေ ပမာဏနှင့် သူတို့အဖို့ တစ်သက်စား မကုန်နိုင်ဟု အောက်မေ့မိသည်။ အမေ့မှာသာ စိတ်ကူးယဉ်ခြင်းကိုပင် တွန့်တိုနေရသူ။

သည်ည အဖေ ပြန်မလာပါ။ ကျောင်းနုတ်ခဲ့၍ အမေ့အပေါ် စိတ်ခုနေခဲ့သော ချောလုသည် သည်ညတွင် အမေ့ကို ဦးဆုံးအကြိမ် လှိုက်လှိုက်လှဲလှဲ သနားစိတ် ဝင်ခဲ့ရပါသည်။

(၄)

နောက်လေးရက်ကြာတော့ အဖေ ပြန်ရောက်လာပါသည်။ လူသတ်မှု ဖြစ်နိုင်သည်ဟူ၍ သိန်းကြိုင်က တရားလိုပြု တိုင်ကြား၍သာ ရဲက ခေါ်စစ်ရသည်။ အဖေသည် ဘိုးအုန်းအလောင်းကို သူ တွေ့ခဲ့စဉ်ကအတိုင်း အစီရင်ခံသော်လည်း ရေလည်အောင် မပြောတတ်ခြင်း၊ သူကိုယ်၌ကလည်း ဘာကိုမှ မှတ်မှတ်သားသား မရှိခြင်းကြောင့် ပုလိပ်တို့က ပညာပြ၊ ဆွမ်းကြီးလောင်းလိုက်ဟန်တူသည်။ အဖေ့မျက်နှာ တစ်ပြင်လုံး ဖူးရောင်လျက်။

အဖေ ငရဲခန်းတွင် ရှင်သန်ခဲ့ရသည့်နည်းတူ အဖေ့အရိပ်ကို မမြင်ရမချင်း ချောလုတို့ကမ္ဘာသည်လည်း အမှောင်ကျခဲ့သည်ပင်။ အလောင်းကို ရင်ခွဲရုံပို့၍ စစ်တော့ ကြိုးဆွဲချသေသူတို့၏ လက္ခဏာအတိုင်း ဘိုးအုန်းသည် ပြင်ပဒဏ်ရာမရှိဘဲ သူငယ်အိမ်ကျယ်လျက်၊ မျက်လုံးအနည်းငယ်ပြူးလျက်၊ လည်ပင်းရှည်ဆန့်လျက် သေခဲ့ကြောင်း ဆရာဝန်စစ်ချက်က ဆိုသည်ဟု ရာအိမ်မှူးက ဘယ်ကမှန်းမသိ ကြားလာသော သတင်းစကားကို ချောလုတို့ကို လက်ဆင့်ကမ်းခဲ့သည်။ လူသတ်မှုလား၊ လူသေမှုလား မကွဲပြားသော်လည်း

အဖေ့ကို မေးမြန်းပြီး ပြန်လွှတ်ပြီး နောက်တွင် သိန်းကြိုင်စံနက်ကြောင့်ပင် ရွာက တစ်ယောက်ပြီး တစ်ယောက် အစစ် ခံရသည်။

မည်သို့ဆိုစေ ဘိုးအုန်းကတော့ သေနင့်ပြီ။ ရှင်သူတို့အဖို့ ချည်ခင် တစ်ထွေး ကြီးနှင့် ကျန်ခဲ့သော်လည်း သေသူကတော့ မည်သည့် ထိသိခံစားမှုမှ မရှိတော့သော တုံးလုံးပက်လက် အသားစိုင်မျှချည်းသက်သက် မြေတွင်းသို့ ကျလေပြီ။ ဘိုးအုန်း၏ ဇနီးများရော၊ သားသမီးများပါ မည်သူတစ်ဦးတစ်ယောက်ကိုမှ နာရေးတွင် မတွေ့ ခဲ့ရ။ ထို့ကြောင့် ငိုကြွေးမည့်သူ မရှိ အသုဘသည်လည်း ပဟေဠိများစွာ နှင့် အူလည်လည်သာ ပြီးဆုံးရသည်။

ချောလှကတော့ ဘိုးအုန်း နိုင်ငံခြားသို့ မသွားလိုက်ရခြင်းအပေါ် စိတ်မကောင်း ဖြစ်ရသည်။ နိုင်ငံခြားသွားရေးသည် ဘိုးအုန်းအဖို့ မသေမီ နောက်ဆုံး ရောဂါဟု ပြောနိုင်ပါသည်။ နိုင်ငံခြားဆိုလို့ ဘယ်နိုင်ငံလဲတော့ မသိ၊ သွားတော့ သွားမည်ဟု ဘိုးအုန်း ပြောသံသဲ့သဲ့ ကြားခဲ့ဖူးသည်။ သူလို ကြေးရတတ်အဖို့တော့ လကမ္ဘာပဲ သွားသွားပါလေ။ ဘိုးအုန်းသည် ရွှေဇွန်းကိုက်ကာ မွေးခဲ့သူ ဖြစ်သလို သူ့မိဘအတွက် လာခြင်းကောင်းသော ကလေးလည်း ဖြစ်သည်။ ဘိုးအုန်းကို မွေးသည့်နှစ်မှာပင် သူ့အဖေသူကြီး ဖြစ်သည်။ သို့သော် ဘိုးအုန်းသည် ငယ်စဉ်က သန္ဓေဆိုးသော ကလေး ဖြစ်ခဲ့ဖူးသည်ဟု အမေက ကြားဖူးနားဝနှင့် ချောလှကို တစ်ခါပြောဖူးသည်။

သူဆိုးပုံကလည်း သူ့ဝန်းကျင်၏ ပယောဂမကင်း။ ဂျပန်ခေတ်၊ အင်္ဂလိပ်ခေတ်တစ်လျှောက်လုံး အုပ်ချုပ်သူ မည်သူတွေ မည်သို့ပြောင်းစေကာမူ သင့်တင့်လျောက်ပတ်စွာ နေထိုင်တတ်ခြင်း အတတ်ပညာနှင့် ဘိုးအုန်းတို့မိသားစု အနေအစား ချောင်ခဲ့သည်ချည်းသာ။ ခေတ်ကာလကလည်း မကောင်း၊ လမ်းပန်းဆက်သွယ်ရေးကလည်း မကောင်းသဖြင့် တောင်သူတို့၏ အကောက်အနှံတို့မှာ ဘိုးအုန်းတို့ ပွဲရုံသို့သာ သွင်းရသည်။ သို့မဟုတ် ကိုယ်တိုင်ကိုယ်ကျ တခြားမြို့ကို တက်ပြီး ရောင်းချင်လျှင်တောင် ရွာကို ဖြတ်သန်းရောက်ရှိ ပြေးဆွဲသော ဘိုးအုန်းတို့၏ တစ်စီးတည်းသော ပွင့်ဖြူ–ပေါက်–ရေပြာ–ပခုက္ကူ–မြိုင် လိုင်းကားဖြင့် သွားမှသာ လိုရာခရီးကို ရောက်နိုင်သည်။ သူတို့နှင့် ကင်းချင်လို့ မရ။

ဘိုးအုန်း လူပျိုပေါက်ဖြစ်တော့ သူတို့ဘဝအခြေအနေ ဇောက်ထိုး မိုးမျှော် ဖြစ်ခဲ့ရဖူးသတဲ့။ ဒါကတော့ သူတို့တွေတင် မဟုတ်၊ တစ်နယ်သားလုံး ရှင်ကြီး

ကိုရော၊ ရှင်ငယ်ကိုရော၊ ရှင်လောင်းကိုပါ ဖိမ့်ဖိမ့်တုန်အောင် ကြောက်ခဲ့ရသည့် ခေတ်ကာလဟု အဘွားပြောခဲ့ဖူးသည်ကို ချောလှ မှတ်မိနေပါသည်။ အလံနီဝင်လာတော့ တစ်ရွာလုံး မီးတိုက်ခံခဲ့ရသည်။ တစ်သက်လုံး လောကခံကို ကျောနှင့်ခံလိုက်၊ ရင်ဘတ် နှင့်လှည့်ခံလိုက် လုပ်နေရသော ရွာသူရွာသားတို့အဖို့ ထူးထူးထက်ပြီး ကံဆိုးစရာ မရှိသော်လည်း ဘိုးအုန်းတို့အဖို့မူ မဟာအဝီစိသို့ အရှင်လတ်လတ်ကျသည်ထက်ပင် အခံရခက် ယူကျုံးမရ ဖြစ်ရသည်တဲ့။

သည့်နောက် ဘိုးအုန်းတို့မိသားစု ရွာတွင် မနေတော့ဘဲ ပခုက္ကူတွင်သာ သွားနေသည်။ နောက်တစ်ကြိမ် ဘိုးအုန်း ရွာကို ပြန်ရောက်လာတော့ သူ့သားသမီးများပင် အတော်ကြီးလှပြီ။ လုပ်ငန်းများကို သီးသန့်ထားကာ မိသားစုချည်း ပြောင်းလာကြသည်။ ငွေတွေလည်းအများကြီး၊ မယားတွေကလည်း အများကြီး အုံနှင့်ကျင်းနှင့် ပါလာလေသည်။ မယားသုံးယောက်ကို တစ်အိမ်တည်းအတူထားကာ ငြိမ်ဝပ်ပိပြားအောင် အုပ်ချုပ်နိုင်စွမ်းရှိသော ဘိုးအုန်း၏ သြဇာကို လျှော့တွက်လို့ မရ။ ဘယ်လိုကြီးပွားလာသလဲတော့ မသိ။ ကျေးရွာအုပ်ချုပ်ရေးမှူး ရာထူး ထပ်ရ၍ ပြည်သူပိုင် အသိမ်းခံရသည့် အထဲတွင်လည်း ဘိုးအုန်းဥစ္စာ အပ်တိုတစ်ချောင်းသော်မျှ သိမ်းဆည်းခံရခြင်း မရှိခဲ့။ ဘိုးအုန်းသည် သူတို့ရွာတွင် မင်းတစ်ပါးနှယ်၊ သူက ဟိတ်ဆို ရွာက တိတ်ရသည်။ ရွာကောင်းကျိုးမည်မည်ရရ မသယ်ပိုးခဲ့သော် ငြား ဒုစရိုက်မှုန်သမျှ ဘိုးအုန်း မကျူးလွန်ဖူးတာမရှိတဲ့။ သည်လိုဆို ဟိုတုန်းက ရန်ငြိုးနှင့်များ တစ်ယောက်ယောက်က ဘိုးအုန်းကို သတ်ခဲ့လေသလား။

သည်လိုတော့လည်း သိပ်ကြီးဖြစ်နိုင်ခြေမရှိလှ။ ချောလှတို့ရွာက လူတွေက အနာကို သည်လောက်ကြီး ဆားရည်စိမ်တတ်သူမျိုး မဟုတ်။ ဘိုးအုန်းသား သမီးနှင့်မယားများ ပစ္စည်းများ ဝေခြမ်းရေးလုပ်ပြီး တစ်ဖွဲ့တစ်လမ်းမြန်းကာ ဘိုးအုန်းတစ်ယောက်တည်း ထားရစ်ကြကတည်းက အသနားပိုနေကြပါပြီ။ ဘိုးအုန်းတွင် အာဏာလည်း မရှိတော့ချေ။ ရွာက လူတွေကသာ ဘိုးအုန်းအတွက် စိတ်မကောင်း ဖြစ်နေကြရတာ၊ ဘိုးအုန်းကတော့ အအိပ်အစားမပျက်၊ သူ့တွင် မိသားစု အနားတွင် မရှိသည်မှအပ စီးပွားယိုယွင်းသွားသည် မဟုတ်။ သိန်းကြိုင်က အစစအရာရာ စီမံခန့်ခွဲပေးသည်။ သိန်းကြိုင်သည် ဘိုးအုန်း တူဖြစ်သလို ဘိုးအုန်း၏ လက်စွဲ တပည့်ကျော်ဆိုလျှင်လည်း မမှားပေ။ ဘိုးအုန်းအတွက်တော့ နည်းနည်း ပျင်းခြောက်ခြောက်နိုင်တာပေါ့။

သူပျင်းလှသည်ဆို၍ သိန်းကြိုင်ကပင် ဘိုးအုန်းကို တိုက်ကြက်တစ်ကောင် ဝယ်ပေးထားခဲ့သည်။ သိန်းကြိုင်က သည်လို အာရုံပြောင်းကောင်းလို့ပဲလားမသိ၊ သိန်းကြိုင် လုပ်သမျှကိုင်သမျှ ဘိုးအုန်း စိတ်မဝင်စားနိုင်တော့ပေ။ တိုက်ကြက်လည်း တိုက်ကြက်မို့။ သူ့ကြက်ကလည်း လာလာချည်သေး။ နာမည်ကိုက သုဂတိတဲ့။ အမောက်ရဲရဲ၊ အမြီးဖွားဖွား၊ လည်တိုင်ကြော့ကြော့၊ အချိုးအဆစ် တောင့်ပါဘိသနှင့်၊ ဥပမိရုပ် အလွန်ခန့်သည့် ကြက်ပါပေ။ နှုတ်သီးလည်း မြန်၊ ကြက်ဝိုက်၊ ကြက်ပိတ်လည်း လျင်၊ အခွပ်လည်းသန်၊ ခြေကျလည်းကောင်း၊ အသိမ်း အနုတ် ပိရိမြန်ဆန်လှသည့် ကြက်ကောင်းပေမို့ သုဂတိကို ဘိုးအုန်း စွဲလှသည်။ သုဂတိ ရောက်လာကတည်းက ယခင်သွေ့ခြောက်နေသော ဘိုးအုန်းခြံထဲတွင် ကြက်ဝိုင်းတရုန်းရုန်းနှင့် စည်ကားလှသည်။ ဘိုးအုန်းက ကြက်ပွဲကို သူ စိတ်လှုပ်ရှားနိုင်အောင်ဆိုပြီး လောင်ကြေး ထပ်တတ်သော်လည်း တစ်ဖက်လူ ရှုံးလျှင် စတိသဘောသာ သူယူ၍ ကျန်တာကို ပြန်ပေးတတ်သည်။ သူ ရှုံးလျှင်တော့ ရှုံးကြေးအတွက် "ဟာကွာ.. ဟာကွာ" နှင့် တဖျစ်တောက်တောက် မြည်တမ်းမဆုံး။ သည်အရသာကိုပင် ဘိုးအုန်း နှစ်ခြိုက်နေဟန်ရှိသည်။ ဖြစ်ချင်တော့ သူ့ကြက် လက်ပန်းကျလို့ ကြက်အိုဘဝ ရောက်ခါနီးတွင် ခွေးကိုက်၍ သေရလေသည်။ ဘိုးအုန်း၏ ကြက်ရောဂါလည်း ဤတွင် စခန်းသိမ်း၏။

သို့ပေမဲ့ နောက်ရောဂါဆန်း တစ်မျိုး ထလာပြန်သည်။ သူ့ကို ဘယ်သူက ချွန်တွန်းလုပ်ခဲ့လေတယ် မသိ၊ တစ်သက်လုံး ပျော်ချင်လျှင် အပင် စိုက်ရမည်ဆိုသဖြင့် သူ့အိမ်နှင့် မလှမ်းကမ်းတွင် သနပ်ခါးပင်များ စိုက်ပြန်သည်။ တစ်ကြေတွင် အပင်ခြောက်ရာလောက်စိုက်ကာ သနပ်ခါးပင်များကြီးရင့်လာလျှင် စီးပွားရေးအတွက်လည်း တွက်ခြေကိုက်သည်ဟု သူ့အတွေးနှင့် သူ ပျော်ရှာပြန် သည်။ သည်သနပ်ခါးပင်ကိုပဲ အရိပ်တကြည့်ကြည့်၊ အပွေးအခေါက်ကို ဆိတ် ကြည့်ရ၊ လုံးပတ်အချင်းကို မှန်းကြည့်ရနှင့် နေ့ရှိသရွေ့ သနပ်ခါးခြံထဲမှာချည်းပဲ အချိန်ကုန်သည်။ ပထမတစ်ချီ သနပ်ခါးပင်များ ခုတ်ရောင်းအပြီးတွင် ရွာတွင် အကြီးအကျယ် ထမင်းရည်ချောင်းစီး အလှူပေးသေးသည်။ နှစ်စဉ် ပဲပွဲစား၊ ငရုတ်ပွဲစား၊ ကြက်သွန်ပွဲစားတို့ထံတွင် စိုက်စရိတ်အတွက် ငွေတိုးနှင့်ချေး၍ စိုက်ပြီး အနှံထွက်ခါမှ ပွဲစား ပေးသလောက်ဈေးကို အကြွေးနှင့်နှိမ်ကာ ရောင်းရသော ချောလှတို့လို တောင်သူအများစုအတွက် ဘိုးအုန်း၏ အပျင်းပြေ သနပ်ခါး စိုက်သည့်

ဇာတ်လမ်းမှာ အဆန်းတကြယ်နိုင်လှသည်။ မကြာပါချေ။ ဂီရိမုန်တိုင်း ရွာကို ဝင်တော့ သူ့သနပ်ခါးပင်များလည်း ကျိုးကြေကာနိဋ္ဌိတံကုန်ပါရောလား။

သည့်နောက်တော့ ဘိုးအုန်း အတော်လေး ငြိမ်သွားပြန်သည်။ မနှစ်တုန်းကတော့ ဘာစိတ်ကူးပေါက်ပြန်တယ် မသိ။ သူ့ခြံထဲမှာပင် ရေကန်တူးကာ ငါးမွေးပြန်သည်။ ပြီးတော့ ထူးထူးဆန်းဆန်း ငါးမျှားတံတစ်ချောင်းနှင့် သူစိတ်လိုလျှင် ငါးမျှားတတ်သည်။ သိန်းကြိုင်က "နိုင်ငံခြားက သူဌေးတွေလည်း ဒီလိုပဲ ဘကြီး။ ပျင်းရင် အပျင်းပြေ ငါးမျှားကြရော" ဟု ဝင်ပင့်တော့ "ဟ ... တကယ်ပဲလား သိန်းကြိုင်ရ" တဲ့။ ဘိုးအုန်းမှာ အံ့သြတကြီး။ ထိုစဉ်ကတည်းက နိုင်ငံခြား၊ နိုင်ငံခြားနှင့် ဂါထာ မန်းမှုတ်သလို တဖွဖွ ရွတ်နေတတ်သည်။

"နိုင်ငံခြားတော့ ငါ မရောက်ဖူးသေးဘူး သိန်းကြိုင်ရဲ့ သွားလည်ရင် ဘယ်လောက် ကုန်မှာလဲ"

"ဘကြီးရဲ့ နိုင်ငံခြားသွားဖို့က ပခုက္ကူသွားသလောက် မလွယ်ဘူး၊ ပိုက်ဆံရှိလည်း မရဘူး၊ နိုင်ငံကူးလက်မှတ်တို့၊ ဗီဇာတို့ လိုဦးမှာ၊ အဲဒါတွေက မန္တလေးတို့၊ ရန်ကုန်တို့ သွားလုပ်မှ ရမှာ"

"ဒါဖြင့်လည်း မြန်မြန်လုပ်ကွာ၊ သွားကြရအောင်" တဲ့။ သည် နိုင်ငံခြား ရောက်ရေးအတွက် ဘိုးအုန်း အင်မတန် စိတ်ထက်သန်ဟန် ရှိသည်။ အရင်လို ငိုင်တိုင်တိုင် မဟုတ်တော့။ တက်တက်ကြွကြွ ဖြစ်လာသည်။ ကျန်းမာရေးကောင်းဖို့ မနက်စောစောနှင့် ညနေစောင်းတွင် လမ်းလျှောက်ထွက်တာမျိုး လုပ်လာသည်။ သိန်းကြိုင်ကလည်း သူ အစဖော်တုန်းကတော့ ဖော်ပြီး၊ ဘိုးအုန်းကလည်း သွားပါမယ်ဆိုကာမှ ရွာကို ထပ်ပြီး မလာပြန်တော့။ အလုပ်ကိစ္စတွေနှင့်များ လုံးချာလည်လိုက်နေသလား မသိ။ သည်တွင်မှ ဘိုးအုန်း ကြိုးဆွဲချပြီး သတ်သေသည့် ကိစ္စက ပေါ်လာသည်။ ဘိုးအုန်းသည် နိုင်ငံခြားရုံမက ဘဝခြားကိုပါ ရောက်လေပြီ။

(၅)

ဘိုးအုန်း ဆုံးပြီးသည့် နှစ်ဝက်လောက်အထိ လူသတ်မှုဟူ၍ အမှုတည်ဆောက်နိုင်စရာ အကြောင်းအချက် မခိုင်မာ၍ နောက်ဆုံး အမှုပိတ်လိုက်ရသည်။ ရွာမှာတော့ ဘိုးအုန်း သူ့ကိုယ်သူ သတ်သေသည်နှင့် အသတ်ခံရသည် ဆိုသည်မှာ

အငြင်းပွားကြဆဲ။ "အမေ ဘိုးအုန်းက ဘာလို့ သေသွားတာလဲဟင်" ဟု အမေ့ကို မေးလျှင် အမေသည် မျက်တောင် ပုတ်ခတ်ပုတ်ခတ်နှင့် စဉ်းစားလေ့ ရှိသည်။ အဆုံးမတော့ "ဘယ်သိမှာလဲ၊ ညည်း ခုနစ်တန်းအထိ စာသင်ထားတာ၊ ညည်းက ပိုသိရမှာပေါ့" ဟု မဆီမဆိုင် သည်ခုနစ်တန်းနှင့်ပင် ချောလှကို ကိုင်ပေါက်သည်။ ချောလှလည်း မသိ။ အမေ့လိုပင် မျက်တောင် ပုတ်ခတ်ပုတ်ခတ်လုပ် စဉ်းစားရင်းနောက်ဆုံးတော့ဘိုးအုန်းဇာတ်လမ်းကိုမေ့ပစ်ရန်ကြိုးစားရသည်ချည်းသာ။

(Eternal Light မဂ္ဂဇင်း၊ ဇူလိုင်လ၊ ၂၀၁၆)

✿

# ပါးလျလျ မိုးတိမ်

(၁)

ခင်ဗျား ဘယ်လိုမေးလိုက်ပါလိမ့်။ အိမ်ကို မလွမ်းဘူးလား၊ အိမ်မပြန်ချင်ဘူးလား… ဟုတ်လား။

မလွမ်းတဲ့သူ ဘယ်သူ ရှိမလဲဗျာ။ အိမ်နဲ့ မိုင် ၅၀၀ ကျော် ဝေးတဲ့ အရပ်မှာ နေတဲ့ ကျွန်တော်ဟာ တစ်နေ့မှ အိမ်ကို မေ့မရဘူး။ အမာ(အမေ)လည်း ကျွန်တော့်ကို မျှော်နေရောပေါ့။ အမ့ဘဝမှာ ကျွန်တော်တို့ပဲ ရှိသလို၊ ကျွန်တော့်ဘဝမှာလည်း အမာပဲ ရှိတယ်။ ဒါပေမဲ့ ကျွန်တော် အိမ်မပြန်နိုင်သေးဘူး။ အတောင်ကျိုးငှက်ဟာ အသိုက်ရှိရာကို မှန်းဆပြီး ရေခဲပြင်မှာ အေးခဲရင်း သေဆုံးရတော့မယ် ထင်ပါရဲ့ဗျာ။

ရန်ကုန်ကနေ မူဆယ်ကို ကုန်ကားနောက်လိုက်အဖြစ် စလိုက်တုန်းက ရေဒီယိုက လွှင့်လို့ ကြားဖူးတဲ့ အင်္ဂလိပ်သီချင်းလေး တစ်ပုဒ်ရှိတယ်။ “500 Miles”

တဲ့။ အဲဒီတုန်းက နယ်မြေမငြိမ်းချမ်းသေးတဲ့ ကာလ၊ နေဝင်မီးငြိမ်းဆိုတဲ့ ကာလ၊ တောင်ပြာတန်းမှာ တောင်ခိုးနဲ့ယမ်းခိုး ရောစပ်နေတဲ့ကာလမို့ အခုလို နယ်စပ်ကို လာတဲ့ ခရီးဆိုတာ လွယ်လှတာ မဟုတ်ဘူး။ လမ်းခရီးမှာ မနားချင်ချင်၊ နားချင်ချင် တစ်ထောက်တစ်ပုံ နားပြီးမှ ခရီးဆက်ရတာ။ တောင်တက်လမ်းကို ကားဘီး စလိမ့်ပြီ ဆိုတာနဲ့ ကျွန်တော်တို့တစ်တွေဟာ သတိအနေအထားနဲ့ နေရပါ တယ်။ ညောင်သီးလည်း စား၊ လေးသံလည်း စွင့်ဆိုသလိုပေါ့။ အဲလိုအခါမှာ တောင်ကြောတွေရဲ့ အလယ်မရောက်မီ နားနေကျ ထမင်းဆိုင်က တရုတ်ဖြစ် ရေဒီယိုလေးဆီက ကြားရတဲ့ အဲဒီသီချင်းကိုတော့ ကျွန်တော်ဟာ နားမလည်ဘဲ နဲ့တောင် တရှိုက်မက်မက် ရှိခဲ့ပါတယ်။

ဟုတ်တယ်။ သီချင်းကို နားမလည်ပေမယ့် ဆွေးဆွေးမြည့်မြည့် ခပ်အေးအေးဆိုပုံလေးကို ကြားမိတိုင်း ကျွန်တော့်နှလုံးသားတစ်ခုလုံး လှုပ်ခါ ရတယ်။ အဲ့ဒီတုန်းက ဒရိုင်ဘာကိုသောင်းအေးက ကျွန်တော်တို့ထက်စာရင် ပညာတတ် တယ်။ အေးလေ... ဆယ်တန်းကို (ခ) နဲ့ အောင်ဖူးတယ်ဆိုတော့ ဘာပဲဖြစ်ဖြစ်သူဟာကျွန်တော်တို့ထဲမှာလူတွင်ကျယ်ပေါ့။ဗဟုသုတအိုးကြီးပေါ့။ ဆရာ တစ်ဆူလို မင်းမူနိုင်သူပေါ့။ ထားပါတော့လေ။ အဲဒါနဲ့ ကျွန်တော်လည်း သူ့ကို မေးမိတယ်။ "ဒီသီချင်းက ဘာအဓိပ္ပာယ်လဲဗျာ" ဆိုတော့ ကိုသောင်းအေး က "အိမ်နဲ့ ဝေးလို့ ဆိုတဲ့သီချင်း.. သီချင်းနာမည် အဓိပ္ပာယ်က မိုင် ၅၀၀ ပေါ့ကွာ" တဲ့။ ဩော်.. တိုက်ဆိုင်ပုံများနော်။ အဲဒီနောက်တော့ လူက အချိန်အားရရင် သီချင်း တေးသွားကို ပါးစပ်ဆိုင်းနဲ့ ခပ်တိုးတိုး ညည်းမိတယ်။ နှုတ်ကသာ ဖွဖွ ညည်းနေတာ၊ ရင်ထဲမှာတော့ ဗလောင်ဆူနေတာပဲ။ ကျွန်တော့်ကို အသနားခံ နေတဲ့ အမာရဲ့ မျက်နှာအိုလေးဟာ အာရုံမှာ တရေးရေး ပြန်ပေါ်လာလေ၊ ကျွန်တော့်ရင်မှာ မချိလေပါပဲ။ ဒါတောင် ကျွန်တော်ဟာ အမေအိုရဲ့ စက်ကွင်း ပြင်ပက မိုင် ၅၀၀ ကို လုံးလုံးလျားလျား ရောက်သေးတာတော့ မဟုတ်ဘူး။ မူဆယ်နဲ့ ရန်ကုန် သွားချည်ပြန်ချည်ပေါ့။

"ပေါ်တာပဲ အဆွဲခံရမလား၊ တိုက်ပွဲ ကြားမှာပဲ ညပ်နေမလား၊ ဒီအထဲ လမ်းခရီးကလည်း ကြမ်းသေးတယ်.. ကားတစ်ခုခု ဖြစ်မလား၊ လူပဲ ငှက်ဖျားမိ လာမလား.. ပူလိုက်ရတာကွယ်.. မင်း အိမ်ကနေ ထွက်သွားတိုင်း အမာဟာ အရူးတစ်ယောက်လို ကျန်ခဲ့ရတာ မသိဘူးလား သားရယ်"

အမာဟာ "ဗေတာ" "မောင်စိုး" "အမေ့ သားလေး"။ သည်လို တဖွဖွ ရွတ်ပြီး မျက်ရည်တလည်လည်နဲ့ ကျွန်တော့် စိတ်ကို ညွတ်နူးစေခဲ့တယ်။ အိမ် အပြင်ဝကို ခြေလှမ်းစလှမ်းလိုက်တာနဲ့ ကျွန်တော့်ကျောပြင်ကို ကြည့်ပြီး အမာ မျက်ရည်ကျနေလိမ့်မယ်ဆိုတာ သိပါတယ်ဗျာ။ ဒါဟာ ကျွန်တော်နဲ့ အပြီးသတ် ခွဲခွာတာမျိုး ဖြစ်ကောင်းဖြစ်လိမ့်မယ်လို့လည်း သူဟာ ကြိုပြီး တွေးသတဲ့။ အဲလိုမှမဟုတ်ဘဲ ကျွန်တော်ဟာ အိမ်ကို ပြန်လာနိုင်ရင်တော့ သေရွာက ရှင်ပြန် ထမြောက်လာသလို အမေ့ဘဝဟာ ရက်ပိုင်းလောက်တော့ သစ်သစ်လွင်လွင် ရှိပြန်ပါတယ်။

အမာ။ အမာဟာ လူက ပိန်ပိန်သေးသေးပေမယ့် လောကဓံကို အတော်လေး ခါးစောင်းတင်ပြီး ဘာမထီဟန်နဲ့ မျက်နှာဝင့်ပြတတ်တဲ့ မိန်းမပေါ့။ ဒါပေမဲ့ သားနဲ့ သမီးကိစ္စနဲ့ ပတ်သက်လာရင်တော့ အင်မတန် မျက်ရည်လွယ် တယ်။ အထူးသဖြင့် သူ့ရင်ခွင်ကနေ စုံကန်ပြီး ထွက်တော့မလား ဆိုတဲ့ အတွေး နဲ့ အမြဲ စိုးရိမ်တတ်သူပဲ။

"ဗေတာနဲ့ ဗေတီဟာ မာမာရဲ့ စိတ်နဲ့ ကိုယ်ပဲ... ဒီနှစ်ခု ကွဲကွာလို့ မရဘူး... ဒီသားနဲ့ သမီး နှစ်ယောက်ပေါင်းလို့မှ မာမာတစ်ယောက် ဖြစ်တာ"

ဆယ်ကျော်သက်အရွယ်ကတည်းက စွန့်လွှတ် စွန့်စားစိတ်တွေ များပြီး ဂျို(ချို)တပြပြ ဟန်ရေးကြွနေတဲ့ ကျွန်တော်၊ အသိုက်ကို ခွာပြီး အိမ်နဲ့ ဝေးရာ အရပ်ဒေသမှာ အလုပ်သွားလုပ်ပြီး ကြီးပွားဖို့ကိုသာ အမြဲ အိပ်မက်မက်နေတတ် တဲ့ ကျွန်တော့်ရဲ့ ခြေလှမ်းတွေကို ရိပ်မိတိုင်း အမေ့ခမျာ စိတ်မချမ်းမြေ့ရှာဘူး။ ဟုတ်တာပေါ့။ အမေ့ဘဝမှာ ကျွန်တော်တို့ မောင်နှမနှစ်ယောက်နဲ့ တစ်ကမ္ဘာ တည်ဆောက်ထားရတယ်ဆိုတာ ကျွန်တော်သိတာပေါ့။ ပါပါဆုံးတော့ ကျွန်တော် က ခြောက်နှစ်၊ ကျွန်တော့်ညီမလေးက လေးနှစ်။ ငယ်သေးတော့ ကျွန်တော် သိပ်တော့ မမှတ်မိလှဘူး။ ဒါပေမဲ့ မှတ်မိသမျှ ကျွန်တော့်သိစိတ်မှာတော့ အိမ် နံရံကို ခေါင်းမှီပြီး မျက်ရည် တသွင်သွင်ကျနေတတ်တဲ့ အမေ့ရဲ့ နွမ်းဖပ်ဖပ် ကိုယ်ဟန် ကိုပါ။

အမာဟာ ဟိုတုန်းကတော့ ဒီလိုပိန်ပိန်သေးသေး ဘယ်ဟုတ်မလဲ။ လူကောင်သေးပေမယ့် အသားညိုညိုစိုစိုနဲ့ ကိုယ်လုံးကျစ်ကျစ် ချစ်စရာလေးပါ။ နောက်တော့ ခါလာကြီး(အဒေါ်အကြီးဆုံး) အကြံပေးလို့ သူနဲ့ အမာ နှစ်ယောက် သား တာမွေအဝိုင်းထိပ်နားမှာ အလင်းထမင်းဆိုင်လေး ဖွင့်ဖြစ်တယ်။ စားပွဲ

တစ်လုံး ချပြီး အိမ်ကနေ အရန်သင့်ချက်လာတဲ့ ဟင်း လေး၊ ငါး၊ ခြောက်မျိုးကို ငရုတ်သီးကြော်လေး၊ သီးစုံပဲကုလားဟင်းလေးလည်း ပါတော့ ဘာပဲဖြစ်ဖြစ် အာခေါင်စိုအောင်တော့ စားလို့ ဖြစ်ကြတယ်လေ။ ည (၆) နာရီကနေ မနက် (၂) နာရီခွဲလောက်အထိ အမာတို့ ရောင်းကြတယ်။ ပြီးရင် ဆေးကြော၊ သိမ်းဆည်း ကြနဲ့ဆိုတော့ အိမ်ပြန်ရောက်တဲ့အချိန်ဟာ ပဲပြုတ်သည်အထွက်၊ အမာ အိမ် အဝင်လို့ မှတ်ရလိမ့်မယ်။ အဲ့ကရတဲ့ ဝင်ငွေလေးနဲ့ ကျွန်တော်တို့ မောင်နှမ ပညာရေးကို အသက်ဆက်စေခဲ့တယ်။

တစ်ခါတလေ ကျွန်တော် စဉ်းစားမိတယ်။ အုံကြွမလာတဲ့ သိမ်ငယ် စိတ်ဟာပြင်ပကမ္ဘာနဲ့ ကိုယ့်ကိုယ်ကိုယ် စည်းအထပ်ထပ် တားမိစေခဲ့သလားလို့။ အမာ့မျှော်လင့်ချက်တွေ၊ အိပ်မက်တွေ ဘယ်လောက်ပဲ ပုံအောခဲ့ပါစေ၊ ကျွန်တော် ကတော့ တော်လှန်ပုန်ကန်ချင်တဲ့ စိတ်တွေ များနေခဲ့တာပဲ။ ဘာကို တော်လှန် ချင်မှန်း၊ ဘာကိုပုန်ကန်ခြင်းမှန်းလည်း ရေရေရာရာ မရှိပြန်ဘူး။ အတန်းကျောင်း စာသင်ခန်းထဲက ဆရာမကို မုန်းတယ်၊ ဆရာမ မျက်နှာရအောင် စာကြိုးစားပြ၊ လိမ္မာပြနေတဲ့ သူတွေကို မုန်းတယ်၊ အာရဗီကျောင်းမှာ ကိုရ်အာန်ရဲ့ စူရာဟ်ကို အာဂုံဆောင်နိုင်ဖို့ ပြိုင်ဆိုင်ကြတဲ့သူတွေကို မုန်းတယ်၊ ကျွန်တော့်ကို ကလေ ကချေ လို သဘောထားပြီး အထင်သေးတဲ့ အကြည့်နဲ့ ကြည့်တတ်တဲ့ ဗလီမွတ် သဝါလီ အချို့ကိုလည်း မုန်းတယ်။

အဲလိုနဲ့ အတန်းကျောင်းစာသင်ခန်းကိုရော၊ သောကြာနေ့တိုင်း သွား ရတဲ့ ဂျုမ္မာအ် စုပေါင်းဝတ်ပြုပွဲဆိုတာကိုရော လူထုထုရှိတဲ့အရပ်မှန်သမျှဆီကို ရောက်ဖို့ ကျွန်တော့် ခြေလှမ်းတွေ လေးလံလာပါတယ်။ စည်ဝိုင်းအတွင်းကို ဝင်ဖို့ နေးကွေးသလောက် စည်းဝိုင်းအပြင်ကို ထွက်ဖို့ကျတော့ ငှက်မွေးတစ်စ လို ပေါ့ပါးနေပြန်ရော။ လေထုသယ်ဆောင်ရာ အရပ်မှန်သမျှ လွင့်မျောလိုက်ဖို့ အသင့် ဖြစ်နေသလိုပေါ့။

ရှစ်တန်း၊ ကိုးတန်း၊ ဆယ်တန်း အခါခါကျပြီး အသက် နှစ်ဆယ် နားလည်း နီးလာရော ကျွန်တော် ကျောင်းဆက်မတက်ချင်တော့ဘူး။ အမာက လည်း ဒါကို ရိပ်မိတယ် ထင်ပါရဲ့။ ကျွန်တော့်ကို လွတ်မြောက်စေခဲ့တာက ကြာကြာ (အဖေ့ဘက်က တော်ရတဲ့ ဦးလေး) ပါ။ ကြာကြာက မေးဘယ်။ "မောင်စိုး မင်း အပင်ပန်း ခံနိုင်လား၊ ကုန်ကားလိုက်ချင်လား" တဲ့။ ကျွန်တော်ဖြင့် အချိန် ယူပြီးတောင် မစဉ်းစားလိုက်မိဘူး။ ခပ်သွက်သွက်ခေါင်းကို ညိတ်ပြီးနောက် လူလည်း ဇွဲ့ခနဲ ကုန်ကားပေါ် ပါလာတော့တာပဲ။ အမာကတော့ ကျွန်တော့်ကို

တားမရတဲ့အဆုံး "အိုး အလ္လာ... ကျွန်မသားလေးရဲ့ အသက်နဲ့ခန္ဓာကို စောင့်ရှောက် သနားတော်မူပါ" လို့ ဆုတောင်းပြီး ကျန်ရစ်ခဲ့ရှာတယ်။ သူ တတ်နိုင်တာ ဒါပဲ ရှိတော့တာကိုး။

အဲဒီလိုနဲ့ ကျွန်တော်ဟာ အိမ်နဲ့ တဖြည်းဖြည်း ဝေးရာကနေ ရံဖန်ရံခါ ဝေးကွာ ပြတ်တောက်လာပါတယ်။ ဒီကတစ်ဆင့် လုံးလုံးလျားလျား ဝေးဖို့ အခြေအနေတွေ ဖန်တီးလာပြန်ရော။ အခုဆိုရင် အိမ်က ထွက်လာတာ အနှစ် ၃၀ နီးပါး ရှိပြီပေါ့။ အဲဒီဆယ်စုနှစ် သုံးခုစာ အပိုင်းအခြားရဲ့ တစ်ဝက်မှာတော့ အိမ်ကို လုံးလုံးကို မပြန်ဖြစ်တော့ပါဘူး။ ဒါပေမဲ့ ကျွန်တော် မညာချင်ပါဘူး။ အိမ်ကို ပြင်းပြင်းပြပြကို လွမ်းပါတယ်။ နွေရယ်၊ မိုးရယ်၊ ဆောင်းရယ်မှ မဟုတ် ပါဘူး။ ကလေးချီပိုးလာတဲ့ မိခင်တွေ မြင်တိုင်း၊ အစာခွံ့နေတဲ့ ရင်ခွင်ပိုက် သား သည် အမေတွေတွေ့တိုင်း၊ သားသမီး အိမ်အပြန်လာကို ကျွန်တော့် ကားဂိတ်မှာ လာ စောင့်ကြိုနေတဲ့ အသွင်ကွဲတဲ့ အခြားသော အမာတွေကို မြင်တိုင်း အမာ့ကို လွမ်းလှပါတယ်။ အမာဟာ ကျွန်တော် ပြန်အလာကို နိုအိမ်နဲ့တူတဲ့ မှောင်မည်း ညစ်ထေးတဲ့ တိုက်ခန်းကျဉ်းလေးရဲ့ ဝရန်တာကနေ အမြဲတမ်း မျှော်ကြည့်နေ မလား။ သည်အတွေးကြောင့် ကျွန်တော် ဆွေးရပါတယ်။

အခုတော့ တစ်နေ့တစ်ကြိမ် ဖုန်းပြောခွင့်ရနေလို့ အိမ်အလွမ်းဝေဒနာ သက်သာနိုင်တာ။ အရင်တုန်းကလို တယ်လီဖုန်း ရှားပါးတဲ့ ခေတ်ဆိုရင်တော့ အမာနဲ့ ကျွန်တော်ဟာ တစ်ပတ်တစ်ကြိမ်လောက်သာ အကြောင်းကိစ္စရှိမှ ပြောနိုင်တယ်။ ပြောပြန်တော့လည်း "အမာ…နေကောင်းလား၊ အမာ ကျန်းမာရေး ဂရုစိုက်ပါ၊ ကျွန်တော့်အတွက် ဘာမှ မပူနဲ့၊ အားလုံး အဆင်ပြေတယ်" ဒီစကား ကိုပဲ ကျွန်တော့်မှာ အလွတ်ကျက်ထားသလို နှုတ်က အခါခါ ရွတ်မိနေတယ်။ အမာကလည်း ထုံးစံအတိုင်း "ဗေတာ.. အဲဒီဘက်မှာ ငြိမ်းချမ်းရဲ့လား.. ပြန်လာ ခဲ့တော့ကွယ်… အမာ မင်းအတွက် တစ်ရက်မှ စိတ်မအေးဘူး" တဲ့။ သူကလည်း ဒါကိုပဲ တွင်တွင်ပြောတယ်။

ဝေးခဲ့ပြီပေါ့.. အမာရေ။ ဒါပေမဲ့ စိတ်ချပါ အမာ။ အမာ့သားဟာ အမာ့ ဆီကို ခေါင်းမော့ ရင်ကော့ပြီး ပြန်လာမှာပါ။ ထုပ်ပိုးလာတဲ့ အိပ်မက်ဟာ ကိုယ်ပေါ်ကို ပိကျလာစေမယ့် ဝန်ထုပ် မဟုတ်ဘူး၊ မီးပုံးပျံများလို အထက်ကို မြှင့်ပေးမယ့် လောင်စာပါ။ အမာ့သားဟာ ဝေးဝေးမြင့်မြင့်ပျံမယ်။ တိမ်ညွန့်၊ တိမ်စွယ်ပေါ်မှာ ခြေဖျားထောက်နိုင်ပြီဆိုမှ အမာ့ဆီ ပြန်လာမှာပါ။

ကုန်ကား ပထမအခေါက်မှာကတည်းက သည်လိုပဲ ကျွန်တော် ကြွေးကြော်ခဲ့ပါတယ်။ အခုများတော့ ဝတိဘုံဖျားဆီ အသာထားလို့ ကျွန်တော် ဟာ ပင်လယ်ထဲမှာ ရေတွင်နေရပါတယ်။ လမ်းလျှောက်ရင်း လမ်းပျောက်နေ ရပါတယ်။ လှောင်အိမ်ထဲမှာ အတောင်ပံခတ်နေမိပါတယ်။ ငါးမျှားချိတ်ကို မြင်လျက်၊ သိလျက်က ကိုယ့်အလုညှို့ကျရင် ကံကောင်းနိုးနိုး မျှော်လင့်စိတ်နဲ့ ငါးစာကို ပြေးဟပ် ဖို့ ကြိုးစားနေမိပါတယ်။

ခင်ဗျားလည်း ကြားဖူးမှာပါ။ တောတွင်းဥပဒေမှာ မျက်လုံး တစ်ဖက် အတွက် မျက်လုံး၊ လက်တစ်ဖက်အတွက် လက် ဆိုသလို တူညီမျှတဲ့ အစားထိုး ပြစ်ဒဏ်ဖြစ်ဖြစ်၊ အခြားသင့်တော်တဲ့ ပြစ်ဒဏ်ဖြစ်ဖြစ် မရှိပါဘူး။ ဆုံးဖြတ်ပေး မယ့် တရားစီရင်ရေးစနစ်လည်း မရှိပါဘူး။ လျင်သူ စားစတမ်းဆိုတဲ့ ကိုယ့်ကြမ္မာ ကို ကိုယ်စောင့်ရှောက်ရတဲ့ အဖြစ်မျိုးပဲ ရှိပါတယ်။ ဒီနေရာ ဒီဒေသဟာလည်း ကျွန်တော့် အဖို့တော့ သားရဲတွင်းဆန်ပါတယ်။ ကျွန်တော့်အတွက် တရားမျှတမှု ဆိုတာကို ကိုယ်တိုင်ရှာဖွေဖို့ အမှောမျက်ရည်ကိုရော၊ ကျွန်တော့်ဘဝကိုပါ စတေး လိုက်ဖို့ ဆုံးဖြတ်ခဲ့တာပါ။ တစ်ဘဝလုံးစာ ရှုံးနိမ့်မှုအတွက် ဒီအချိန်မှာ ကျွန်တော် အလိုချင်ဆုံးက "တရားမျှတရေး" ပါ။ ကြီးပွားဖို့ စိတ်ဓောသန်ခဲ့ဖူးတဲ့ ကျွန်တော် ဟာ စည်းစိမ်ဥစ္စာထက် ပိုအရေးကြီးတဲ့အရာကို အခုအချိန်မှာ ဝတ်မွတ် တောင့်တ မိတယ်။ လောကကြီးဟာ ထိုက်တန်တဲ့ ရလဒ်တစ်ခုတော့ ပြန်လည်တုံ့ပြန်ပြီး ပေးကို ပေးတယ် ဆိုတာမျိုး ကျွန်တော် ယုံကြည်လိုက်ချင်ပါတယ်။

(၂)

အားရှောင်။ သူ့နာမည်ကို စိုင်းလုံ လို့လည်း ပြောတယ်။ မိုးမြင့်လို့လည်း ပြော တယ်။ ကျွန်တော်တို့ကတော့ သူ့ကို အားရှောင်လို့ပဲ ခေါ်ကြတယ်။ သူက တရုတ် လား၊ ရှမ်းလား၊ ဗမာလား ကျွန်တော် မသိပါဘူး။ ကျွန်တော်သိတာက အားရှောင် က ဘာသာစကား သုံးမျိုးလုံး တတ်တယ်။ လည်လည်ဝယ်ဝယ် ရှိတယ်။ အသား ကတော့ ကြေးနီရောင်၊ မျက်ပေါက်က ခပ်ကျဉ်းကျဉ်း။ ဒီကောင်က ကျွန်တော့် ထက် ငါးနှစ်လောက်ငယ်ပေမယ့် ကျောက်လောက အတွေ့အကြုံမှာတော့ ကျွန်တော့်ထက် ဆရာကျပါတယ်။ အင်း.. ဆရာကျလို့ပဲ...။

ကဲပါလေ... ထားပါ။ အခု ဒီကောင့်ကို မြေလှန်ရှာဖို့ ကျွန်တော့် ဘဝသက်တမ်းတစ်ဝက်ကို ဒီလွယ်ဂျယ်မှာ လာပြီး မြှုပ်နှံထားတာ။ တကယ်လည်း ကျွန်တော် သင်းကို မြေလှန်ရှာခဲ့တာပဲ။ ကျွန်တော် လက်လှမ်းမီသလောက်၊ ခြေထောက်သွားသလောက်၊ မျက်စိရောက်သလောက်ပေ့ါလေ။ သမုဒ္ဒရာဟာ ဘယ်လောက်ကြီးကြီး ရေအရောင်ကွဲပြားစေခြင်းနဲ့ သဘာဝလောကဟာ ရေပြင်ကို နယ်နိမိတ်စည်းမျဉ်း သတ်မှတ်ပေးထားပါတယ်။ သည်တော့ လောကတစ်ခု နဲ့ တစ်ခုဆိုတာ သိပ်တော့လည်း မကျယ်ပြောလှပြန်ဘူး။ ရေစီးကြောင်းအလှည့် အပြောင်းတိုင်း ဆုံတွေ့ရနိုးနိုး ကျွန်တော် စောင့်နေခဲ့တယ်။

ခက်တာက အားရှောင်က ပင်လယ်ဖျံ။ သူဟာ လွတ်မြောက်နေဆဲပဲ။ သူဟာ ကွေ့ရှောင်နိုင်နေဆဲပဲ။ သူဟာ လှည့်ပတ်နိုင်နေဆဲပဲ။ ဟိုးတစ်နှစ်က ကျွန်းဖုန်းက အသိတစ်ယောက်က လှမ်းပြီး ကျွန်တော့်ကို သတင်းပေးတယ်။ အားရှောင်နဲ့ အတော်လေးတူတဲ့ သူတစ်ယောက် ကျွန်းဖုန်းမှာ ခဏခဏ တွေ့နေရတယ်တဲ့။ ကျွန်တော်လည်း သေချာအောင် ပြန်ပြီး စုံစမ်းခိုင်းလိုက်တယ်။ အဲဒီသတင်း ကြားပြီးကတည်းက နံရံမှာ ချိတ်ထားတဲ့ သံချေးတက်လုလုဓားကို မြည့်နေအောင် ကျွန်တော် ပြန်သွေးဖြစ်တယ်။ ဒီအရေး၊ ဒီတရားမှာတော့ ကျွန်တော်ဟာ စီရင်သူ ဖြစ်ရစေ့မယ်ပေ့ါ။

တကယ်တော့ ကံကြမ္မာဟာ လှည့်ဖြားလွန်းလှပါတယ်။ ကျွန်တော့်အိပ်မက်က ကြီးပွားဖို့သက်သက်၊ စီးပွားရှာဖို့သက်သက်ပါ။ အခုလို လူတစ်ယောက်ကို စမုံတုံးပစ်ဖို့ အမုန်းစိတ်နဲ့ တစ်နယ်တစ်ကျေးမှာ လာပြီး ရှင်သန်ရလိမ့်မယ်လို့ တစ်ခါမှ မစဉ်းစားဘူး။ ဘယ်လိုများ ဒီလိုအနေအထားကို ရောက်လာပါလိမ့်လို့ စဉ်းစားမိရင် အတော်လေးလည်း အံ့ဩမိတယ်။ တစ်စုံတစ်ယောက်က စနစ်တကျ အကွက်ချ စီစဉ်ပေးထားသလိုပဲ။ ကျွန်တော်ကတော့ ဇော်ဝင်းထွဋ်ရဲ့ "ဂျစ်ပစီမိုးတိမ်" သီချင်းထဲကလို "ကြို့တင်ကာ ဇာတ်ညွှန်း ဖတ်မလာသူ" ပေ့ါ။ ဒါ အမှန်ပဲ။ ကျွန်တော် ဟာလည်း တကယ့်ကို ဂျစ်ပစီမိုးတိမ်ပဲကိုး။

၁၉၉၀ ခုနှစ် ရှေ့လျှောက် သက္ကရာဇ်တွေဟာ ရင်တထိတ်ထိတ် စွန့်စားခန်းတွေနဲ့ ပြည့်နေခဲ့ပါတယ်။ ၁၉၉၄ ခုနှစ်တုန်းက ဒီမှာ တိုက်ပွဲဖြစ်ခဲ့သေးတယ်။ အဲဒီတုန်းက ဒီဘက်တွေက ဒီလောက်လည်း ဖွံ့ဖြိုးမနေဘူး။ တိုက်တာအိုးအိမ်တွေ အခုလို စည်ကားမနေသေးဘူး။ ရွာသာသာပဲ။ အခု တရုတ်ဘက်ကို ပို့မယ့်ဆန်အိတ်တွေကို ထားတဲ့ ဆန်ဂိုဒေါင်တွေရှိတဲ့ နေရာက သချိုင်းပေ့ါ။ ဒီဘက်တွေ

မှာ တိုင်းရင်းသားလက်နက်ကိုင်နဲ့ အစိုးရတပ်တွေ ပစ်ကြခတ်ကြသလို၊ မူဆယ် လမ်းမှာလည်း တိုက်ပွဲတွေ ကြိုးကြားကြိုးကြားရှိတာပဲ။ ပြီးတော့ မှောင်ခိုအကင်း မသေတဲ့ ကာလမှာ အကောက်ခွန်ဟာ အတော်ကြီးကို တန်ခိုး ထွားခဲ့တာ။ ကြီးပွားဖို့ မပြောနဲ့၊ မိသားစုတစ်နိုင် စားရေးသောက်ရေးအတွက် သယ်လာတဲ့ မှောင်ခိုကုန်ပစ္စည်းနဲ့ ဘဝကို အလဲအထပ် လုပ်လိုက်ရတဲ့ မိန်းမပျိုလေးတွေ လည်း ကျွန်တော့်မျက်စိရှေ့မှာ အများကြီးပဲ။ ရွက်နုအဖူးအသစ်မှာ ညှိုးရော်ပြီး ကြွေလွင့်ခဲ့ရသူတွေပေါ့။ ဒါပေမဲ့ ကျွန်တော်တို့မှာ ပြောခွင့် မရှိပါဘူး။ တားခွင့် မရှိပါဘူး။ ငိုခွင့် မရှိပါဘူး။ အဲ... ပြီးတော့ ကြာကြာလည်း ရင်နာမနေအားပါဘူး။ မျက်နှာလွှဲ ထားရမယ်၊ ပြီးတော့ နေဝင်ရင် အသံတိတ်ရမယ်၊ မီးပိတ်ရမယ်။ ဒါဟာ ကျွန်တော်တို့ လိုက်နာရတဲ့ စည်းကမ်းပါ။

ဆယ်စုနှစ်တစ်ခု ကုန်ခါနီးတော့ နည်းနည်းလေး ပိုပွင့်လန်းလာပြီ။ ကုန်စည်စီးဆင်းမှုကလည်း အရင်ကထက် ပိုသွက်လာပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်ဟာ ကဏန်းသယ်တဲ့ ကားဒရိုင်ဘာအဆင့်ကို ရာထူးတိုးမြှင့်ခံရပါပြီ။ ရန်ကုန်ကနေ သယ်လာတဲ့ ကဏန်းတွေကို မန္တလေးမှာ နည်းနည်း ပြန်သန့်စင် ရပါတယ်။ အဲဒီလမ်းခရီးကို သွားခဲ့ရတဲ့ ကာလတစ်လျှောက်လုံးမှာ တိုက်ပွဲနဲ့ ဖြစ်ဖြစ်၊ ဒါမှမဟုတ် နယ်မြေ မငြိမ်းချမ်းတာနဲ့ဖြစ်ဖြစ်၊ လမ်းခရီး မကောင်းတာ ကြောင့်ပဲဖြစ်ဖြစ် လမ်းခရီး နှောင့်နှေးခဲ့ရတာတွေများတော့ ကိုယ်တိုင် ကားမောင်း သူ ဖြစ်လာတဲ့အခါ ခရီးလမ်းကြန့်ကြာရတဲ့ အဖြစ်မျိုး ထပ်ဖြစ်မှာ အတော်လေး ကြောက်မိတယ်။ အထူးသဖြင့် တိုက်ပွဲတွေ တစ်ကျော့ပြန်လာမှာကိုပေါ့။ လမ်းခရီး မကောင်းတာက အဆင်ပြေသွားမယ့် အချိန်ကို မှန်းလို့ရတယ်။ တိုက်ပွဲကတော့ မပြီးဆုံးနိုင်တဲ့ အိပ်မက်ရှည်ပါ။ အိပ်မက်ကနေ နိုးပေးခွင့်မရှိတဲ့ ကျွန်တော်တို့ ဟာ အိပ်မက် မက်သူတွေ သူ့အလိုလို နိုးထလာမယ့်အချိန်ကို စိတ်ရှည်ရှည် စောင့်ရတာပေါ့။

ကျွန်တော်တို့က စိတ်ရှည်နိုင်တယ်ထားဦး၊ အကယ်၍များ လမ်းခရီး မှာ အတော်လေး ရက်ကြာသွားရင် ကျွန်တော့်ကဏန်းတွေကတော့ စိတ်ရှည်မှာ မဟုတ်ဘူးဗျ။ ကဏန်းတွေက အပူချိန်မမျှရင် သေကုန်ရောပဲ။ တရုတ်ဘက်က အရှင်ပဲ လိုချင်တော့ အဲဒီလိုအချိန်မှာဆိုရင် ဆုံးရှုံးမှုများပါတယ်။ ကျွန်တော်တို့ သယ်ရတာက ဖော့ပုံးတွေနဲ့ သယ်ရတာပါ။ ကုန်ကားတစ်စီးဆိုရင် ဖော့ပုံးပေါင်း ၅၀၀ ကနေ ၆၀၀ အထိ ဆံ့တယ်။ ကဏန်းပျော့ဈေးကွက်က အခုနောက်ပိုင်းမှ

ခေတ်စားလာတာ၊ ကျွန်တော်တို့တုန်းက ဂဏန်းအခွံမာပဲ တင်ပို့ခဲ့ရတယ်။ နှစ်ရက်လောက် နောက်ကျတာနဲ့ ဖော့ပုံးထဲမှာ ကဏန်းတွေ သေနင့်နေပြီ။ သူက သေရင် အသားတွေ ဆွေးပြီး ပုပ်လာတာကနေ ပုံးတစ်ခုလုံးက ကျန်တဲ့ ကဏန်းတွေပါ သေကုန်တော့ တစ်ကောင်၊ နှစ်ကောင်သေတာနဲ့ ဖော့ပုံးအသစ် လဲပေးရတယ်။ အတော်လေး သတိထားရပါတယ်။ ပိုပြီးလည်း တာဝန်ကြီးတယ်။ အဲဒီတုန်းက မြတ်များ မြတ်မလား ဆိုပြီး မူဆယ်ကို ငါးခြောက်တွေ ယူလာပြီး ရောင်းသေးတယ်။ မကိုက်ပါဘူးဗျာ။ မှာတာက အချိန် လေး–ငါးဆယ်ပဲ မှာကြတာ။ သူများတွေက ကုန်ကားလိုက် သယ်ကြတော့ ကျွန်တော်က စားလောက်ရုံပဲ ရပါတယ်။ ဒါတောင် အကြွေးကျလို့ အရင်းပြုတ်တာ ရှိသေးတယ်။

နောက်တော့ ဂျစ်ပစီမိုးတိမ်ဟာ အခြားသော အရပ်တစ်ပါးဆီကို လွင့်ရပြန်ပါတယ်။ ဒီတစ်ခါတော့ ငြိမ်းမြလေမလားဆိုပြီး စိမ်းသောမြေဆီကို ဦးတည်ခဲ့တာပါ။ ကျွန်တော်က ကားဘီးနဲ့ ပတ်သက်ပြီး ကျွမ်းကျင်တော့ ဟုန်ပန်းကုမ္ပဏီမှာ အလုပ်ရတယ်။ ဘီးလိုင်းကို ကိုင်ခဲ့တယ်။ ကျွန်တော်တို့ဆိုက်က ကျောက်ဆည်နားက ဇလဲကျေးရွာဝန်းကျင်မှာပေါ့။ ကျွန်တော့်အလုပ်က မြေကြီးသယ်တဲ့ ကားဘီးတွေကို ပြင်ပေးရတာ။ လုပ်ငန်းသဘောအရ အလှုပ်နဲ့ အငြိမ်ကတော့ ကွာတာပေါ့။ ဒီအလုပ်မှာ ကျွန်တော် သွားလာစရာတွေ သိပ်မရှိဘူး ဆိုပေမယ့် သင်ယူစရာတွေ မကုန်နိုင်ဘူး။ မိုးတိမ်ဟာ ရေငွေ့တွေကို ပိုစုဆောင်းပြီး အင်အားကြီးထွားအောင် လုပ်နေတဲ့အချိန်လို့ ပြောရလိမ့်မယ်။ တစ်နေ့နေ့တော့ စိမ်းလန်းအောင် ရွှေမိုးငွေမိုး ကျွန်တော် ရွာနိုင်ဦးမှာပါ။ ဘာလို့ စိတ်ပျက်ရမှာတဲ့လဲ။

အဲ... မျှော်လင့်တဲ့ တစ်နေ့ဟာ မမျှော်လင့်ထားတဲ့ အချိန်မှာ တံခါးမခေါက်၊ အသံမပြုဘဲ ကျွန်တော့်ဆီ စိုက်စိုက်မတ်မတ် ရောက်လာပါတယ်။ ဖားကန့် – ဆိုင်းတောင် အကျော်မှာ ဝေခါဆိုတာရှိတယ်။ ဝေခါဟာ ကျောက်တူးသမား တို့ရဲ့ အိပ်မက်တည်ဆောက်ရာပေါ့။ ဝေခါကျောက်ဆိုတာ နာမည်ကြီးတယ်လေ။ ဟိုးတုန်းကတည်းက ပြည်တန်ကျောက်တို့ ထွက်ရာမြေလို့ ကျွန်တော်တို့ ကြားဖူး နေခဲ့တာ။ အဲဒီတုန်းက ရှစ်သုံးလုံး (၈၈၈) ကုမ္ပဏီကို ဟုန်ပန်းကနေ လက်လွှဲ ယူခဲ့တာ။ ဟုန်ပန်းက ဝေခါမှာ ကုန်းမြင့်ဖော်ပြီး (မြေဖို့ပြီး) အဆောက်အအုံဆောက်ဖို့ လုပ်ပါတယ်။ ဝေခါကို ခေါ်သွားဖို့ ဇလဲရွာ ဆိုက်က အဖွဲ့ထဲက လက်ရွေးစင်တွေကို ရွေးထုတ်လိုက်တဲ့အခါ ကံကောင်းသူ မောင်စိုးဟာ ရေ့တန်းစာရင်းမှာ အထူး တပ်သားအနေနဲ့ ပါလာခဲ့တယ်။

ထွေထွေထူးထူးတော့ မဟုတ်ပါဘူး။ အဲဒီမှာလည်း ဘီးပြင်ရတာပါပဲ။ ဒါပေမဲ့ ရတနာမြေကို နင်းရပြီ၊ ရတနာတုံးကို ဖင်ခုထိုင်ထားရပြီဆိုတဲ့ အသိကြောင့် သုခဘုံဟာ လက်တစ်ကမ်းအလိုမှာလိုလို စိတ်ထင်မိတယ်။ ဝန်ထမ်းအလုပ် တစ်ဖက်နဲ့ပဲ နယ်မြေအနေအထား မြေဖွားကို စနည်းနာရတာပေါ့။ ကြာလာတော့ ကျောက်လောကကို ပိုပိုပြီး စိတ်ဝင်စားလာတယ်။ ဟိုသီချင်းထဲကလိုပေါ့။ "တစ်နေ့နေ့ တစ်ချိန်ချိန် သိန်းကျောက်ရရင် လောပန်းဖြစ်ပြီပေါ့…. အကြဲကုန်ရင် သံတိုင်ရောင်း.. ဆန်ကုန်တော့ လောပန်းပြောင်းတဲ့.."ဆိုသလို ကံတစ်ချက် လက်ရင် ရေမဆေး ထောင်ကျောက်ဟာ သိန်းကျောက် ဖြစ်သွားတာတွေလည်း ရှိတယ်။

ကိုယ်ပဲ စိတ်ပါနေလို့လား မသိဘူး။ ဒီလောက ဘယ်လောက်ပဲ ရှုပ်ထွေးပွေလီပါစေ၊ ကျွန်တော်ကတော့ အရာရာကို အကောင်းမြင်နိုင်ခဲ့တယ်။ ဘာမဆို ကျော်လွှားမယ်၊ ရင်ဆိုင်မယ်၊ တောင့်ခံမယ်၊ စိတ်ရှည်မယ်၊ အောက်ကျို့မယ်၊ သင်ယူမယ်ပေါ့။ စိန်တူနဲ့ခေါက်ပြီး ကျောက်ကို အကဲဖြတ်ပေးလို့ ကုမ္ပဏီက ရာခိုင်နှုန်းနဲ့ ပြန်ပေးတဲ့ ကျင်းသားဘဝတော့ သိပ်စိတ်မဝင်စားလှဘူး။ ကျွန်တော့်မျက်ဝန်းတွေ စိုလက်စေတာက ရေမဆေးကျောက်ပါ။ ရေမဆေးကျောက်ကြောင့် သူဌေးဖြစ်၊ ခွေးဖြစ် ဘဝတွေ အတက်အကျ မြန်ဆန်သွားတဲ့ သူတွေရဲ့ ပုံပြင်ဇာတ်လမ်းတွေဟာ နားနဲ့ မကြားချင်မှအဆုံး လျှံကျနေတာ။

ကျွန်တော်တို့ ဆရာတွေလည်း သင်ခဲ့တာပဲ။ အရိုင်းတုံးကို ကြည့်တဲ့အခါမှာ ယမ်းကို ကြည့်ရမယ်၊ ချောသလား၊ ကြမ်းသလား၊ စိပ်သလားပေါ့။ အခွံကြည့်ရမယ်၊ ကျောက်သားဟာ အခွံပေါ်မှာလည်း အများကြီး မူတည်တာကိုး။ အရည်ကို သိဖို့ မန်းကို ကြည့်ရမယ်။ ဖိအားကို သိဖို့ အထိုင်ကို ကြည့်ရမယ်။ ဘယ်လောက်ပဲ သင်ယူဆည်းပူးပါစေ၊ အတွေ့အကြုံကလည်း စကားပြောပါသေးတယ်။ ကျောက်သား အခွံကိုချည်း၊ ကွမ်ချက်ကိုချည်း ကြည့်ပြီး ဒီကျောက်နဲ့ ပတ်သက်ပြီး အမြဲတစေ ရာနှုန်းပြည့် မှန်အောင် ပြောနိုင်တယ် ဆိုတာမျိုးက ရှိခဲ့ပါတယ်။

ရွှံ့ခဲအတိုင်း၊ အမြင်အတိုင်းပဲ ရောင်းရတဲ့အတွက် ကံကိုယုံကြည်သူတို့ ပြောသလိုဆိုရင်ဖြင့် အရာရာဟာ ကံသာအမိ၊ ကံသာအဖပါ။ ကျောက်သဘောက အခွံထူတယ်။ အခွံတိုက်ချွတ်ပြီးမှ ကျောက်သားကောင်း၊ မကောင်း သိရတာကလား။ မန်းကွက်လား၊ ပွေးကွက်လား၊ ကြိုးပတ်လား ဆိုတာတွေ ရှိသေးတယ်။

တစ်ခါတလေ ဖဲရိုက်သလို၊ ဒါမှမဟုတ် ချဲအတိတ်စိမ်းကို လိုက်ပြီး ကံစမ်းရသလိုနဲ့တောင် ခပ်ဆင်ဆင်တူတယ်။ လက်ထဲရှိတဲ့ ကျောက်ဟာ ကျောက်ကောင်းဖြစ်တယ်လို့ ယူဆနိုင်တယ် ထားဦး၊ ဖြတ်တာ အောင်ဦးမှ၊ အောင်ရင်တောင် အရောင်းမမှားဦးမှပါ။ ကျောက်လောကနဲ့ အတန်ငယ် ကင်းကွာသွားရင်၊ မျက်စိနဲ့ ကျောက်ကောင်း ဝေးသွားတာ အချိန်ကြာသွားရင် ဈေးဖြတ်တာကလည်း မှားသေးတယ်။ ကျောက်လောကဟာ တကယ့်ကို စွန့်စားရတဲ့ လောကပါ။

ဒါပေမဲ့ ကျွန်တော်က အရှိန်ကောင်းနေပြီလေ။ တားမရတော့ဘူး။ စစချင်း ဝယ်ပြီး ပြန်ထုတ်ခဲ့တဲ့ ရေမဆေးကျောက်ကလေးက လပ်ကီးကျောက်လေး ဖြစ်နေခဲ့တယ်။ ဟိုတုန်းကလို မပြောနဲ့၊ အခုခေတ် စွန့်ပစ်မြေစာပုံတွေကြားမှာ ကျောက်ကောင်းတစ်လုံး ပါလာဖို့ ခဲယဉ်းနေတဲ့အချိန်မှာတောင် ဟောတစ်လုံး၊ ဟောတစ်လုံးနဲ့ ထမင်းစားကျောက်လေးလောက်ကတော့ မရှားအောင် တွေ့နိုင်သေးတာပဲ။ ငွေဖြစ်လွယ်နေပါသေးတယ်။ အဲဒီထဲကမှ ကျွန်တော်ဟာ အစဦးဆုံး အခေါက်မှာပဲ လပ်ကီးကျောက်လေး ရလိုက်တယ်ဆိုတော့ ကျောက်လောကနဲ့ ကိုယ်နဲ့ အကြောင်းသင့်လှချည်ရဲ့လို့ကို စွဲမှတ်သွားတာ။ လပ်ကီးကျောက်ဆိုတာ မှော်ထဲမှာ ဦးဦးဖျားဖျားရတဲ့ အမြတ်ငွေကြေးပေါ့။ အချို့တွေ ခြေလှမ်းအစမှာ ဝယ်လိုက်တဲ့ကျောက် အရှုံးချည်းပဲဖြစ်လို့ နောက်ပြန်ဆုတ်၊ တပ်ခေါက်ပြန် သွားကြတဲ့ သူတွေလည်း ရှိရဲ့။ ကျောက်လောကမှာ လပ်ကီးကျောက်ကို အဲလို အယုံအကြည်ရှိကြပါတယ်။ ကျွန်တော့်အလှည့်မှာက လပ်ကီးကျောက်ကို ရတယ် ဆိုတာက ကျွန်တော်တစ်ယောက်တည်းတော့ မဟုတ်ဘူး။ သုံးယောက်ပေါင်း လုပ်တာပါ။ ဘာပဲဖြစ်ဖြစ် အမှာ့ကို အပူကပ်ပြီး ဟိုက ဒီက ချေးငှားရတဲ့ ငွေလေးနဲ့ ရင်းတာ၊ အမြတ်ပါ အပေါင်းလက္ခဏာပြခဲ့တယ် ဆိုတော့ အိမ်ပြန်ခရီးမှာ မျက်နှာပန်း လှခဲ့ပါတယ်။

ဒီလိုနဲ့ အရင်းအနှီးက တဖြည်းဖြည်း ကြီးလာခဲ့တယ်။ ဘေးပတ်ဝန်းကျင်ကတော့ သတိပေးသားပဲ။ "မြိုးမြိုးမြက်မြက်လေး ရမလားဆိုပြီး ထိုးမဟပ်နဲ့... အရိုးစူးတတ်တယ်" တဲ့။ စေတနာစကားမို့ အလေးထားပေမယ့် စွန့်မှ စားရမယ့် ဘဝ ဆိုတော့လည်း သိပ်ပြီး တွေဝေမဖြစ်ဘူးလေ။ ဒီလိုနဲ့ အားရှောင်နဲ့ သိဖို့ အကြောင်းဖန်လာတာ။ ဒီကောင်က ပွဲစားပေမယ့် စကားများများစားစား မပြောတတ်ဘူး။ ဒါပေမဲ့ တစ်ခွန်းဆို ဆိုသလောက် တည်တည်ကြည်ကြည် ရှိတယ်။

လှုပ်ရှားတာ၊ လုပ်ကိုင်တာ ပိရိသေသပ်တယ်။ စေတနာထားတယ်။ ဒါပေမဲ့ သူကတော့ သတ္တိမရှိဘူးလို့ ပေါ်ပေါ်ထင်ထင် ပြောတယ်။

ကျွန်တော်တို့က ရေမဆေးကျောက်ကို သူ့ဆီကနေတစ်ဆင့် ယူတာ။ စိုစိုပိုပိုလေး မြတ်တဲ့အခါလည်း ရှိ၊ သိပ်မမြတ်တဲ့အခါလည်း ရှိပေမယ့် တစ်ခါမှတော့ မရှုံးဖူးဘူး။ အားရှောင်က ပွဲစားအပြင် အခါပေးလည်း လုပ်သေးတယ်။ သူ့လက်က နေ လွှဲလိုက်ပေမယ့် ဘယ်တော့ကျရင် ဘယ်မှာဆိုရင် ဘယ်လောက်နဲ့ ထုတ်လိုက် ဘာညာပေါ့။ သူ့စကား နားထောင်လို့ တစ်ခါမှ မမှားဖူးဘူး။ ဒါကိုက သူ့အပေါ် ကျွန်တော်တို့ ယုံကြည်မိတဲ့ အချက်ပဲ။

ကျွန်တော် ကြားဖူးတဲ့ စကားရှိတယ်။ ဘာတဲ့.. "ထောင်မြင်ရင် ရာစွန့်" ဆိုတာ။ တကယ်တော့ အားရှောင်ဟာ အကွက်ကြီးကြီး ခွင်ကောင်းကောင်း ဖန်ဖို့ ကျွန်တော်တို့ကို အချိန်ယူပြီး လေ့လာနေတာကိုး။ သင်ယူလို့ မကုန်နိုင်တဲ့ ကျောက်လောကရဲ့ ပညာဝါးကို ဝလှပြီလို့ သွေးနားထင် ရောက်နေတဲ့ ကျွန်တော်တို့ကို နှပ်ချဖို့ လွယ်မှန်းသူ သိတော့ ကျုံးသွင်းပြီး တစ်ဂိုးတည်း အပြတ်သွင်းပြီး အနိုင်ယူနိုင်မယ့် ကစားကွက်ကို သူ ဖော်တော့တာပဲ။ ဒီတစ်ခါ ခံရတာ ကျွန်တော်တစ်ယောက်တည်းတော့ မဟုတ်၊ ကျွန်တော်တို့ သုံးယောက်အဖွဲ့အပြင် နောက်ထပ်သုံးယောက် ပါသေးတယ်။

တကယ်တော့ ကျွန်တော်ဟာ ဖင်မနိုင်ဘဲ ပဲကြီးဟင်း သောက်ခဲ့တာပါ။ ကိုယ့်ဘာသာ နိုင်သလောက်လေး လုပ်မယ် မရှိဘူး။ အရှိန်ကောင်းလာလေ ဖွတ်ပြေးချင်တဲ့ မြင်းတစ်ကောင်လိုမျိုး ဇက်မသတ်နိုင်လေပဲ။ ခက်တာက အဲဒီအရှိန်ဟာ အထက်ကို တက်မယ့် အရှိန်မဟုတ်ဘဲ အောက်ကို ဆင်းမယ့် အရှိန်ဖြစ်နေတယ် ဆိုတာ နောက်မှ သိတာ။ နှောင်းမှ သိတဲ့အသိမှာ ဘရိတ်နင်းဖို့ အချိန်မရလိုက်ဘူး။

ကျောက်အတုတဲ့။ တရုတ်အဖွဲ့နဲ့ အားရှောင်က ချိတ်ဆက်ပေး၊ ကျွန်တော်တို့တစ်တွေ အဲဒီအရိုင်းတုံးကို ကျေနပ်လောက်အောင် အကဲဖြတ်ပြီး ခွဲလိုက်တော့မှ ကြားလိုက်ရတဲ့စကားက "ကျောက်အတု" ဆိုပဲ။ ကျွန်တော့်နား အနားကို အနီးကပ်ပြီး မိုးကြိုးပစ်ချလိုက်သလိုပါပဲ။ ဒီတစ်ခေါက်က အချိုကြီးဗျ၊ အချိုကြီး။ အဓမ္မကို တိုက်ခန်းဝယ်ပေးဖို့ စရန်သတ်ထားတဲ့ သိန်းနှစ်ရာကို ပြန်ထုတ်လာပြီး ပုံအောခဲ့တာ။

ကျွန်တော်တို့ ခံလိုက်ရတာက ကျွန်တော်တို့ကိုယ်တိုင် နည်းပညာ အသိရှိမှု နည်းပါးတာနဲ့ အဲဒီအချိန်အခါမှာ ကျွန်တော်တို့ဆီမှာ အဆင့်မြင့် နည်းပညာကို လက်လှမ်းမီပြီး အတု၊ အစစ်ခွဲခြားပေးနိုင်တဲ့ နေရာကောင်း ကောင်း မရှိတာကြောင့်ပဲ။ ကျောက်စိမ်းမှာ ကျောက်စိမ်းအဆက်တု၊ အရောင်တု၊ အသားတု တဲ့။ ကျောက်ကို ဖြတ်ပြီးတဲ့နောက် အခြေအနေမကောင်းလို့ ပလတ် စတာနည်းနဲ့ ပြန်ဆက်ပြီး ရောင်းတဲ့အတု၊ အပေါက်ဖောက်ပြီး အရောင်သွင်း၊ ဆေးသွင်း၊ ဖန်တုံးသွင်း၊ ဒါမှမဟုတ် အရေမကောင်းတဲ့ ကျောက်ကို အရောင် တောက် လာအောင် ဒေါင်းသည်းခြေ ပတ်ပေးထားတဲ့ အတု… စုံလိုက်တာဗျာ။ အောက်ခြေ လွတ်လိုက်တဲ့ တစ်ခဏမှာ ကျွန်တော်တို့ အငိုက်မိသွားခဲ့တာပါ။

ကျောက်ဖြတ်လိုက်တဲ့အခါကျတော့မှ အထဲမှာ ပျစ်ချွဲချွဲ အစိမ်းရည် တွေကလွဲလို့ ဘာမှမရှိတဲ့ အဲဒီ ကျောက်အတုကြောင့် ကျွန်တော့် မာနအစစ် တွေက တစ်စစီပဲ့ကြွေကုန်ပြီး ရှိုက်ကြီးတငင် ထိုင်ငိုမိတော့တာပါပဲ။ အမေ့ဆီ ကျွန်တော် ဘယ်လိုပြန်မလဲ။ အမေ့ကို ဘယ်လို မျက်နှာပြရမလဲ။ လုပ်ရက်တယ် ဗျာ။ ယုံကြည်ကိုးစားမှု၊ မျှော်လင့်ချက်နဲ့ ကျွန်တော့် ဘဝ.. ဒါတွေအကုန်လုံးကို ရိုက်ချိုး သွားတာ။

ကျွန်တော် မကျေဘူး၊ ဘယ်လိုနည်းနဲ့မှ မကျေနပ်နိုင်ဘူး။ ကျွန်တော် တို့က နယ်စပ်မှာ တိုက်ရိုက်ရောင်းခဲ့တာလေ။ အဲဒီတော့ အားရှောင်ကို ကျွန်းဖုန်းမှာ လိုက်ရှာသေးတယ်။ ဒါဟာလည်း အတော်မိုက်မဲတဲ့ အလုပ်ပဲ။ ဟိုအကောင်သိရင် ကျိတ်ပြီး ဟားနေဦးမှာ။ အချိန်ကြီး လိမ်ပြီးလို့ ငွေထုပ်ပိုက်ပြေးမယ့်သူဟာ ဗမာ တွေ ခြေစကြာ ရောက်ပေါက်နိုင်တဲ့ အရပ်ဒေသမျိုးမှာ ဘယ်မှာ နေမလဲနော်။ ကြာတော့ ကံ၊ ကံ၏ အကျိုးလို့ ယုံကြည်လက်ခံလိုက်တဲ့ အဖွဲ့သားအချို့က တော့ ခေါင်းငိုက်စိုက်ကျပြီး လာရင်းအရပ်ကို ပြန်ကုန်ကြတယ်။ ကျွန်တော် လား… ဟင့်အင်း.. .ကျွန်တော်ကတော့ မပြန်နိုင်ပါဘူး။ ကျွန်တော့်အတွက် တရားမျှတမှု တစ်ခုကို မရရအောင် ရှာဖွေမယ်။ သင်းကို ကျွန်တော့်လက်နဲ့ ကိုယ်တိုင်ကို စီရင်ရမှ တစ်သက်လုံး လူရာမဝင်တဲ့ ကျွန်တော့်ရဲ့ သိမ်ငယ်စိတ်က ပျောက်လိမ့်မယ်။

ဒီတော့ ရွှေလီမှာ ကျွန်တော် ကျန်နေရစ်ခဲ့တယ်။ ရွှေလီက ကျောက်ပိုင်း နားက လက်ဖက်ရည်ဆိုင်မှာ စားပွဲထိုးလုပ်ရင်း အဲ့ဒီကောင် ပေါ်လာနိုးနိုး စောင့်နေ တာပဲ။ ကျောက်နဲ့လုပ်စားတဲ့သူဟာ တစ်နေ့နေ့တော့ ကျောက်ပိုင်းဘက်ကို

ခြေပြန်လှည့်ဦးမှာပဲ၊ သားကောင် လာရှာဦးမှာပဲဆိုပြီး တွက်ချက်ပြီး သင်းကို စိတ်ရှည်လက်ရှည် စောင့်နေခဲ့တာ။ နှစ်နှစ်ကျော် ကြာတယ်။ ကျွန်တော်ကသာ မြစ်ကမ်းနဖူးမှာ ဂဠုန် ဆားချက်ရင်း စောင့်သလို စောင့်ရပေမယ့် သင်းကလည်း ရေထဲငုပ်လျှိုးသွားတဲ့ နဂါးလို တစ်ကြိမ်လေးတောင် ပြန်ပေါ်မလာတော့ဘူး။ အဲဒီလိုနဲ့ ကျွန်တော်ဟာ အလုပ်ရှာဖို့ လွယ်ဂျယ်ဘက်ကို ထွက်လာခဲ့ပါတယ်။

(၃)

"ငါဟာ မတည်ငြိမ် မိုးတိမ်ပဲ.. ကနေတဲ့ ဓာတ်လမ်း မှားနေပြီ၊ ဘယ်လို နေထိုင်ရမလဲ ဘဝဆိုတာ ပြဓာတ် တစ်ပုဒ်ပါပဲ"

ကျွန်တော့် ရွေးချယ်မှု မမှန်ဘူးဆိုတာ သိပါတယ်။ မှားနေတယ်လို့တော့ ဝန်မခံချင်ဘူး။ ခါချဉ်ကောင် မာန်ကြီးပြီး အိမ်ကနေ ထွက်သွားခဲ့တဲ့ လူဟာ အခုကျမှ ခါးက မသန်လို့ရယ်ဆိုပြီး အိမ်ခါးပန်းကို ခေါင်းငုံ့ဝင်ရမယ့် အဖြစ်မျိုးကို ကျွန်တော် မလိုချင်ပါဘူး။ အဲဒီတော့လည်း သီချင်းထဲကလိုပဲ ကျွန်တော်ဟာလည်း ထာဝစဉ် မတည်ငြိမ်တဲ့ မိုးတိမ်လို၊ ဂျစ်ပစီတွေလို မရပ်မနား ခရီးနှင်နေမိပါတယ်။ ဩော်... ဟုတ်ကဲ့။ အခုတော့ တကယ်ပဲ အမာနဲ့ ဝေးရာ မိုင်ငါးရာမှာပေါ့။ ရေကြည်ရာမြက်နုရာရှာရင်း မိုးခေါင်ရပ်ဝန်းတွေကိုချည်းတိုးဝင်မိနေတယ်။ ကျွန်တော့်ကို ခွင့်လွှတ်နော် အမာ။

လွယ်ဂျယ်ကို ရောက်ခါစက ဒီမှာ နယ်စပ်ဂိတ်ရယ်လို့ ပီပီသသ မရှိသေးဘူး။ နောက်ပိုင်း စစ်ဖြစ်လို့ လိုင်ဇာဘက်ကို ပိတ်လိုက်တော့မှ ဒီဘက်က ပိုပြီး ဧည်ကားလာတာ။ ဒီကို ရောက်ခါစတုန်းက ကုန်တင်ကုန်ချတွေထဲလည်း ကျွန်တော် လိုက်လုပ်ခဲ့တာပဲ။ ငွေရလည်း လွယ်ခဲ့တယ်။ ဒီမြန်မာဘက်အခြမ်းကို လွယ်ဂျယ်လို့ ခေါ်တယ်၊ ဟိုဘက် တရုတ်ဘက်အခြမ်းက လိုင်းရင်းပေါ့။ လိုင်းရင်းက ဆက်သွားရင် ကျန်းဖုန်းကို ရောက်တယ်။ အဲဒီတုန်းက လိုင်းရင်းက လင်းဆိုး(၁) တည်းခိုခန်း နားကနေ အခု ဒီဘက်ဂိတ်နားကို တွန်းလှည်းနဲ့ ပစ္စည်းရသလောက် သယ်ပြီး ပို့ပေးရင်တောင် တစ်ခါပို့ သုံးထောင်နဲ့ ကစ်နေ့ တစ်သိန်းနီးပါး သပိတ်လွယ်အိတ်လွယ် ငွေဝင်ခဲ့ဖူးတဲ့ နေ့မျိုးတွေတောင် ရှိဖူးတယ်ဆိုမှတော့ မှန်းကြည့်ပေါ့ဗျာ။ အမြဲတော့လည်း မဟုတ်ဘူးပေါ့လေ။ နောက်ပိုင်း အပြိုင်အဆိုင်များလာတယ်။ ဂိတ်ရယ်သာ ပီပီပြင်ပြင်မရှိသေးတာ၊ အဲလို ပစ္စည်းကို ဟိုဘက် ဒီဘက်

သယ်ပို့ပေးတာကိုပဲ တရားမဝင် လုပ်တာလိုလို ပြောဆိုမာန်မဲမယ့်သူတွေ ရှိလာတယ်။ ကြာတော့ ကျွန်တော်လည်း စိတ်ပျက်လာမိရော။ အဲဒီလိုနဲ့ အခု လုပ်နေတဲ့ ကားဂိတ်မှာ လူလိုတယ်ဆိုတော့ ကျွန်တော်လည်း စာရေးအနေနဲ့ ဝင်လုပ်ဖြစ်တာပဲ။ အခုတော့ ဆယ်နှစ်နီးပါးလည်း ရှိပြီဆိုတော့ ကျွန်တော်လည်း ဂိတ်မှူး ဖြစ်လာခဲ့ပြီ။

ဒီမှာ ကျွန်တော့်လို အောက်ပြေအောက်ရွာက မျက်စိမှောက်ပြီး ရောက်လာသူတွေ ရှိတယ်။ အညာက လူတွေရှိတယ်။ ရှမ်း၊ ကချင် ရှိတယ်။ စိန တိုင်းသားတွေ ရှိတယ်။ တရားခံပြေးလို့ ယူဆရတဲ့သူတွေ ရှိတယ်။ တရားဥပဒေနဲ့ လက်လှမ်းဝေးတဲ့၊ ယဉ်ကျေးမှု၊ လူမှုရေး၊ စီးပွားရေးမှာ အရပ်ဒေသပေါင်းစုံက လူတွေလာပြီး ထွေးရောယှက်တင် ရှိကြတဲ့နေရာမှာ ကားဂိတ်မှူးလုပ်ရတာ အန္တရာယ် အများသားဗျ။ လျင်သူ စားစတမ်း လောကမှာ နောက်တစ်ကြိမ် သားကောင် မဖြစ်ဖို့ ကျွန်တော် အများကြီး သတိထားမိပါတယ်။

သားကောင်လည်း အဖြစ်မခံသလို မုဆိုးလည်း မဖြစ်ချင်ပါဘူး။ အားရှောင်နဲ့ကတော့ ခြင်းချက်ပေါ့။ အားရှောင်အပေါ်မှာ ရှိတဲ့ အာဃာတက တော့ ဒီနေ့ ဒီအချိန်အထိ မြူတစ်မှုန်မျှတောင် မပြေယ်သွားပါဘူး။ ကျန်တာက တော့ ဘဝကို ဖြည်းဖြည်းမှန်မှန် ဖြတ်သန်းရင်း အခွင့်ကောင်းကို ထပ်ပြီး စောင့်နေတုန်းပဲ။ ကျွန်တော် ဒီမှာ ဘယ်လောက်ကြာအောင် ရှိနေမလဲ၊ ဘယ်အချိန် ဘယ်ကို ရွှေ့ဦး၊ လွင့်ဦးမလဲ ဆိုတာတော့ မပြောနိုင်သေးဘူး။ ကျွန်တော့်ဟာ ကျွန်တော်လည်း မသိဘူး။

တစ်ခုတော့ ရှိတယ်ဗျ။ ဂိတ်က ကားသမားလေးတွေ ဖွင့်လို့ နာရတဲ့ အထဲမှာ ပါချုပ်ဆရာတော်ဘုရားကြီး ဒေါက်တာနန္ဒမာလာဘိဝံသရဲ့ တရား တော်တွေလည်း ပါတယ်ဗျ။ ကျွန်တော် မှတ်မိနေတာက အလုပ်အကိုင်နဲ့ ပတ်သက်လို့ပဲ။ သမ္မာအာဇီဝနဲ့သာ အသက်မွေးထိုက်တယ်၊ သူတစ်ပါး အသက် ကို သတ်ပြီး၊ သူတစ်ပါး သားမယားကို ပြစ်မှားပြီး အသက်မမွေးရဘူး။ အဲဒီလို ဆိုရင် မိစ္ဆာအာဇီဝ အသက်မွေးခြင်း ဖြစ်လိမ့်မယ်တဲ့။ ဒါကိုတော့ ကျွန်တော် စွဲစွဲမြဲမြဲ မှတ်ထားတယ်။ အခုဆို ကျွန်တော့်အသက် ငါးဆယ်နားနီးနေပြီ။ ကြီးပွား ချင်စိတ် များလွန်းခဲ့ပေမယ့် “လှေကြီးထိုး ရိုးရိုးလိုက်” လုပ်နေတော့ လူလိမ်ခံရ တာ အဖတ်တင်ပါတယ်။ တစ်ခုတော့ ရှိတာပေါ့ဗျာ။ ကိုယ့်ကြောင့် သူတစ်ပါး မျက်ရည်ပေါက်ကြီးငယ် မကျခဲ့ဖူးတာကိုတော့ ကိုယ့်ကိုယ်ကိုယ် လိပ်ပြာလုံမိ

တယ်။ မျှော်လင့်ချက်ကတော့ မစွန့်သေးဘူး။ အခု ဂိတ်မှူးဖြစ်လာမှ စာပိုဖတ်ဖြစ်လာသလိုပဲဗျ။ နေ့လယ်နေ့ခင်း အားနေတဲ့ အချိန်၊ ကုန်အပ်ဖို့ပဲဖြစ်ဖြစ်၊ ကားလာ စုံစမ်းတဲ့ ခရီးသည်ဖြစ်ဖြစ် မလာတဲ့ အချိန်ဆို စာတော့ ဖတ်ဖြစ်သား။ ဘာစာအုပ်တွေလဲ.. ဟုတ်လား။ ဒီအသက် ဒီအရွယ်ကြီးကျမှ တက်ကျမ်းစာအုပ်တွေ ဖတ်ဖြစ်နေတယ်လို့ ပြောရင် ခင်ဗျား ရယ်မလားပဲ။

ဒီမှာတော့ ဂိတ်မှူးအဖြစ် ကိုယ့်နေရာကိုယ် ထိုင်နေရင်းတောင် ဘုန်းကြီးအမှု ရွာပတ်ချင်နေတာ။ ဘဝအစုံ၊ ဓာတ်လမ်းအစုံပါပဲ။ အဲဒီမှာ စိတ်အညစ်ရဆုံးကိစ္စတစ်ခုလည်း ရှိပါသေးတယ်။ ဟိုဘက်မှာ စိနတိုင်းသားနဲ့ အိမ်ထောင်ကျလာတဲ့ကျွန်တော်တို့နိုင်ငံက တချို့အမျိုးသမီးတွေပေါ့။ သူတို့ကတော့ လူကုန်ကူးခံရသူတွေတော့ မဟုတ်ဘူး။ တခြားသော ရေစက်အကြောင်းနဲ့ ကံဆုံကြတာ ဖြစ်ပါလိမ့်မယ်။ သူတို့က တစ်ခါတလေ သူတို့ခင်ပွန်းသည် သူတို့ရဲ့ ရပ်ရွာကို ခေါ်သွားချင်တယ်။ သူတို့ရပ်ရွာ ဆိုတာကလည်း သွားခွင့်ရှိတယ်လို့ သတ်မှတ်ထားတဲ့နယ်မြေ ဧရိယာကျော်ပါတယ်။ ကျွန်တော်တို့မှာ ဒီကနေ ဗန်းမော်ပဲဖြစ်ဖြစ်၊ မြစ်ကြီးနား၊ တနိုင်း၊ ဖားကန့်ပဲဖြစ်ဖြစ် သွားတိုင်း အဆင့်ဆင့်သော ဂိတ်တွေကိုဖြတ်ကျော် ရတာ၊ သတင်းပို့ရတာတွေ ရှိတယ်။ ခရီးလမ်းမှာ မကြန့်ကြာရအောင် ခရီးသည်ရဲ့ ကိုယ်ရေးအချက်အလက်နဲ့ နိုင်ငံသားစိစစ်ကတ်တွေကို ကျွန်တော်တို့ကပဲ အရင်ဆုံး စိစစ်ထားရပါတယ်။ အဲလိုအခါမှာ ဟိုတောလမ်းမှာ ချခဲ့ပေးပါ၊ ဒီဖြတ်လမ်းမှာ ချခဲ့ပေးပါ ဆိုတာမျိုး၊ တစ်ခါတလေ ဘယ်က ဘယ်သူ့မှတ်ပုံတင်တွေ ယူလာမှန်းမသိ ယူလာပြီး ပြတာမျိုးတွေ လုပ်တတ်ကြတဲ့အခါ ကျွန်တော်ခေါင်းခဲရပါတယ်။ ကိုယ်တိုင်ကလည်း ခံခဲ့ရတာတွေများတော့ တစ်ခါသေဖူးပျဉ်ဖိုး နားလည်သင့်ပြီလို့ ကိုယ့်ကိုယ်ကိုယ်လည်း သတိပေးမိတယ်။ အဲလိုအခါတိုင်း ခရီးသည်ကို အားမနာဘဲ ပြတ်ပြတ်သားသား ငြင်းလွှတ်ရတာပေါ့လေ။

အဲဒါအပြင် ကိုယ့်ဒုက္ခကို ကိုယ် မေ့သွားနိုင်တဲ့အထိ နာကျင်စရာကောင်းတဲ့ ဓာတ်တွေ တစ်ပုံတစ်ခေါင်းကြီးပဲ။ ထူးဆန်းတာက စိတ်မကောင်းဖြစ်မိရုံကလွဲပြီး အထူးအထွေ နာကျင်မိမနေတော့ဘူး။ အဲ့သလောက်ကို ကျွန်တော့် ခံစားတတ်မှုက ထုံကျဉ်နေတာ။ နယ်စပ်နဲ့ အလှမ်းဝေးကွာတဲ့ သူတွေအဖို့ကတော့ထူးဆန်းစရာတွေ ဖြစ်ကောင်း ဖြစ်မယ်။ ကျွန်တော့်အတွက်တော့ ဗရုတ်သုတ်ခလောကကြီးပါလို့ ခပ်ပါးပါးညည်းရင်း ဆိုတက်လာတဲ့ ခံစားချက်တွေကို ရေနဲ့မျှောချတတ်တဲ့အကျင့် ရနေပါပြီ။

ဂိတ်မှူးအဖြစ် ဘဝမှာ မမေ့နိုင်တဲ့ ဓာတ်လမ်း သုံးပုဒ်တော့ ရှိတယ်။ ပထမတစ်ခုက ရန်ကုန်က မိန်းမလျာတစ်သိုက် လူကုန်ကူးကြတာပါ။ ဒါကို လူကုန်ကူး တားဆီးရေး ရဲတပ်ဖွဲ့ နောက်မှ သတင်းရတယ်။ လိုက်ဖမ်းမယ်ဆိုတော့ ကျွန်တော့် ဘက် လိုင်ရင်းဘက်က အသိတချို့နဲ့ ပြန်ချိတ်ပေးခဲ့ရတယ်။ ကလေးမလေး ခုနစ်ယောက်ကို တရုတ်ပြည်က အလှပြင်ဆိုင်မှာ အလုပ်ရမယ်လို့ ညာပြောပြီး ခေါ်လာတာ။ ဒီရောက်တော့ တရုတ်မယားအဖြစ် ရောင်းစားပစ်လိုက်တယ်။ ဒီလူကုန်ကူးတဲ့ကိစ္စမှာတော့ နှစ်နိုင်ငံရဲတွေ ပူးပေါင်းဆောင်ရွက်တာ ရှိပါတယ်။

ကျွန်တော် မှတ်မိသလောက် အဲဒီတုန်းက လေးယောက်တော့ ပြန် တွေ့လိုက်တယ်။ အဲဒီမှာ တစ်ယောက်က ရှိုက်ကြီးတငင်ငိုတယ်။ သူ့ညီမလေး ဘယ်ရောက်သွားလဲလို့ မေးမေးပြီး ငိုတယ်။ ညီမလေး မပါရင် အိမ်မပြန်ဘူး၊ ကျွန်မ အမေ သေလိမ့်မယ်၊ အမေက ဒီသမီးနှစ်ယောက်ကို မလွှတ်ချင်ဘဲ လွှတ်လိုက်ရတာ၊ ကျွန်မတို့ ဆင်းရဲလို့ အရဲစွန့်ထွက်လာရပေမယ့် မကျန်းမာတဲ့ အမေကတော့ သူ သေချင်သေပါစေ၊ သမီးတွေ မျက်စိအောက်ကနေ ပျောက်ပြီး တစ်နယ်တစ်ကျေး သွားတာမျိုးကို နည်းနည်းမှ မကြိုက်ဘူးတဲ့။ ကျွန်တော်ဖြင့် အမှာကို ချက်ချင်း သတိရသွားတာပဲ။ ကလေးမလေး အမေနေရာမှာ အမာဆိုရင် ကောလို့ တွေးမိတော့ ကျွန်တော်ဖြင့် မောသွားတာပဲ။ ယောကျ်ားသားဆိုတော့ တော်သေးတာပေ့ါ။ ဒါပေမဲ့ မငြိမ်းချမ်းစဉ် ကာလမှာတုန်းကတော့ ပေါ်တာများ ဆွဲခံရမှာလားဆိုပြီး အမာ ပူခဲ့တဲ့ အပူဟာ ထုထည် မသေးကြောင်း ကျွန်တော် ပိုပြီး စာနာမိလာတယ်။

ကျန်တဲ့ဓာတ်လမ်းနှစ်ပုဒ်ကတော့ ကျွန်တော် လူလိမ်ခံခဲ့ရတဲ့ အကြောင်း ပါ။ ပြောခဲ့သားပဲ။ ကျွန်တော်ဟာ လမ်းလျှောက်ရင်း လမ်းပျောက်နေသူလို့။ ဂိတ်မှူး ဖြစ်ပြီးမှ အလိမ်ခံရတာဟာ ကျွန်တော့်ရဲ့ အယုံလွယ်မှု၊ မပါးနပ်မှုပေ့ါ။ ပထမ တစ်ခုက ပစ္စည်းပို့နေကျ ဖောက်သည်ကပဲ လိမ်သွားတာ။ အရင်တုန်းက သူ ပို့တုန်းက တစ်ခါပို့ရင် သုံး-လေးသိန်းဖိုးပေ့ါ။ ပစ္စည်းကို လက်ခံမယ့် သူကပဲ ပို့ခနဲ့ ပစ္စည်းဖိုး ပေးချေလိမ့်မယ်လို့ ပြောတယ်။ အဲဒီတော့ ပစ္စည်းဖိုးကို ဂိတ်က နေ ခဏစိုက်ပြီး ပို့သူကို ပေးထားရတာပေ့ါ။ သုံး-လေးသိန်းကနေ ငါးသိန်း၊ ခြောက်သိန်းဖိုး ပို့ပြန်တော့လည်း ပို့ခနဲ့ ပစ္စည်းဖိုး ဂိတ်က စိုက်ထားပေးသမျှ ပြန်ရတော့ ကျွန်တော်လည်း ယုံကြည်မိတာပေ့ါ။ အဲ့ဒီလိုနဲ့ သိန်းသုံးဆယ်ဖိုးအထိ ဖြစ်လာတယ်။ လုံးဝဥဿုံ ယုံကြည်မိတာတော့ မဟုတ်ဘူး၊ သံသယတော့ ဝင်မိသား။ ပစ္စည်းလက်ခံမယ့်သူကို ဖုန်းဆက်တော့လည်း ပေးမယ်၊ ပို့ပေးလိုက်

လို့ အထပ်ထပ်ပြောတယ်။ ဒီလိုနဲ့ ကျွန်တော်လည်း ပို့ပေးလိုက်တယ်။

တကယ်တမ်း ပစ္စည်းရောက်တဲ့အခါ လက်ခံမယ့်သူ မရှိတော့ဘူး။ လက်ခံမယ့်သူရော၊ ပို့တဲ့သူရော နှစ်ယောက်လုံး ဖုန်းမကိုင်တော့ဘူး။ ဆက်လို့လည်း မရတော့ဘူး။ ပစ္စည်းဖိုး သိန်းသုံးဆယ်ကတော့ ကျွန်တော်တို့ စိုက်ပေးထားရတာ၊ သူပို့တဲ့ ပစ္စည်းတွေကို ဖွင့်ကြည့်တော့ ဂျက်ဖာထဲမှာ ဖော့တုံးတွေပဲ ရှိတယ်။ အဲဒီသိန်းသုံးဆယ်ကတော့ ကျွန်တော် စိုက်လျော်ရမယ်တဲ့။

ဘဝမှာ ဒဏ်ရာဒဏ်ချက်တွေ များလိုက်တာပါ။ ကျိုးသွားတဲ့ အတောင်ဟာ ဘယ်တော့မှ အကောင်းပကတိ ပြန်မဖြစ်နိုင်တော့ဘူး ထင်ပါရဲ့။ ကျွန်တော်ဟာ ဆိုးသွမ်းဖူးပေမယ့် လူယုတ်မာတော့ မဖြစ်ချင်ခဲ့ဘူး။ မအောင်မြင်ပေမယ့် လူလိမ်တစ်ယောက်ရယ်လို့တော့ နာမည် မကျန်ရစ်စေချင်ဘူး။ ဒီအကြောင်းကြောင့်လည်းရှိသမျှ အကြွေးထိုင်ဆပ်ဖို့ ဖြစ်လာတာပဲ။ တစ်ခုရှိတာက ကံဆိုတာ မကောင်းတစ်လှည့်၊ ကောင်းတစ်လှည့်လို့ ပြောစရာရှိတယ်။ တချို့ကိစ္စတွေမှာတော့ အဆိုးထဲက အကောင်းကြုံရတာလည်း ရှိရဲ့။ ကျွန်တော် မေ့မရတဲ့ တတိယ အဖြစ်ကတော့ ကျွန်တော့်ကို ဒုက္ခတွင်းကနေ သီသီလေး လွတ်မြောက်စေခဲ့တာလို့ ပြောရမယ်။

အဲဒါက ဆိုင်ကယ်တွေ တင်ပို့တုန်းက အဖြစ်ပါ။ ကျွန်တော်တို့က အဲဒီလို ဆိုင်ကယ်ပို့ပေးတာမျိုးလည်း လုပ်တယ်။ ဗင်ကားတစ်စီးဆိုရင် ခေါင်မိုးပေါ်မှာ ဆိုင်ကယ်နှစ်စီးလောက် တင်လို့ရတယ်။ ဒီမတိုင်မီ မရှေးမနှောင်းတုန်းက မူးယစ်အဖွဲ့က လာပြီး သတိပေးတာလည်း ရှိတယ်။ ကျွန်တော်လည်း အဲဒီရက်ပိုင်းဘာကိုမှ စိတ်လွတ်ကိုယ်လွတ် မလုပ်ပါဘူး။ လာသမျှ အလုကုန်တွေ၊ အဝတ်အထည်အိတ်တွေ၊ စားသောက်ကုန်တွေ စိစစ်ပြီးမှ လက်ခံတာပဲ။ မူးယစ်ဆေးဆိုတာကလည်း လက်ဝယ်လက်ခံထားသူသာလျှင် အပြစ်ရှိတဲ့ တရားခံ ဖြစ်တတ်တဲ့ အမှုမျိုးကိုးဗျ။ အဲဒီမှာ တရုတ်ကပြားလေးနှစ်ယောက် လာပြီး ဆိုင်ကယ်အပ်တယ်။ ဆိုင်ကယ်က အလွတ်ပဲ။ ဖားကန့်ကို ပို့မယ်တဲ့။ ပွေလီရှုပ်ထွေးတဲ့ အလုကုန်ပုံးတွေ၊ စားသောက်ကုန်ပုံးတွေကိုသာ အာရုံစိုက်ပြီး ရှာဖွေနေတာ၊ ထင်းခနဲ ရှင်းခနဲ မြင်ရတဲ့ ဆိုင်ကယ်မှာတော့ မာရ်နတ်ဆိုးက ဝုက်ပြီး ဂါလာလိမ့်မယ်လို့ မထင်ထားခဲ့ဘူး။ ဒါကလည်း ကျွန်တော့်ရဲ့ ပေါ့လျော့မှုပါပဲ။

ဖြစ်ချင်တော့ ဝေလီဝေလင်း မနက်ခင်း လွယ်ဂျယ်က အထွက်၊ စိန်လုံတောင်တွေကို အတက်မှာ ခေါင်မိုးပေါ်မှာ ပါလာတဲ့ ဆိုင်ကယ်က ကြိုးပြတ်ပြီး လဲကျ ကျန်ရစ်ပါလေရော။ သွားပြန်ဆယ်တော့ ဖင်ထိုင်ခုံအောက်က နေရာလွတ်

မှာ မှူးယစ်ဆေးတွေ ထည့်ထားတာတွေ့ရတယ်။ တော်သေးတယ်။ စစ်ဆေးရေး ဂိတ် မတိုင်ခင် တွေ့မိလို့။ ကားသမားလေး အကြောင်းကြားကြားချင်း ကျွန်တော် လည်း သက်ဆိုင်ရာကို သတင်းပေးလိုက်ပါတယ်။ ကျွန်တော့်ကို နယ်ခံ တစ်ယောက်လို သိကျွမ်းပြီးသားမို့ ဆိုင်ရာပိုင်ရာတွေက ယုံကြည်ကြပေမယ့် စကားတော့ အတော်ပြောခဲ့ရတာ။ နောက်ဆုံးတော့ တစ်သက်လုံး နံနဲ့ခဲ့တဲ့ သားကို ဘုရားက ကယ်တင်ခဲ့ ပါတယ်။ ဒါပေမဲ့ ဉာဏ်မရှိတိုင်း မွဲနေတဲ့ ကျွန်တော့် အဖို့ သည့်နောက်ပိုင်း စိတ်လုံခြုံမှုမရှိတော့ပါဘူး။ နောက်တစ်ကြိမ်ဆိုတာ ဘယ်တော့လဲဆိုတဲ့ ခြောက်လှန့်မှုကို အမြဲရင်ဆိုင်နေမိတယ်။

အမှာ့ အိမ်ကို လွမ်းလှပါတယ်။ အိမ်အလွမ်းနဲ့ အားရှောင်အပေါ် မခံသာ တဲ့ စိတ်တို့ အားပြိုင်ကြတိုင်း ကျွန်တော် မောရမြဲပါပဲ။

(၄)

သည်လိုနဲ့ပဲ ဟိုးတစ်နှစ်တုန်းက အားရှောင်ကို ကျန်းဖုန်းမှာ ပြန်တွေ့ရပြီ ဆိုတဲ့ သတင်းကြားရပြန်တယ်။ ဒါပေမဲ့ ဘယ်မှာ နေတယ်ဆိုတာ အတိအကျ မသိရ။ သူဟာ ဖျတ်ခနဲပေါ်ပြီး လှစ်ခနဲ ပျောက်သွားတတ်သူ။ ကျွန်တော် ဒီကမ်းကနေ ခွာလို့ ဖောင်ဖျက်ပြီး လိုက်ရဦးမလား။ အမုန်းစိတ် မပေ့ါလျော့ပေမယ့် နည်းနည်း တော့ တွေးဆဆင်ခြင် ကြည့်တယ်။

နောက်တော့လည်း ကျွန်တော် ဆုံးဖြတ်လိုက်တယ်။ အားရှောင်ကို ကျွန်တော် လိုက်ရှာမယ်။ မျက်နှာချင်းဆိုင်ပြီး တည့်ရှင်းမယ်ပေ့ါ။ သင်းကို ရည်မှန်းပြီး သွေးခဲ့တဲ့ နံရံပေါ်က ဓားကလည်း စိန်ခေါ်နေပြီ။ ကျွန်တော် ဖြည့်ဆည်း ပေးရတော့မှာပေ့ါ။

တိုက်တိုက်ဆိုင်ဆိုင် ကျန်းဖုန်းကို မသွားခင် တစ်ရက်မှာ အမှာ့ဆီက ဖုန်းလာတယ်။ အဲဒီရက်ပိုင်းထဲ အလုပ်များတာ၊ စိတ်ဖိစီးတာတွေကြောင့် အမှာ့ ဆီ ဖုန်းမဆက်ဖြစ်တာ ကြာလှပြီ။ တစ်ခါတလေ ဆက်ဖြစ်ရင်တောင် စကား ရှည်ရှည်ဝေးဝေး မပြောဖြစ်ဘူး။ တကယ်က ဖုန်းက ကျွန်တော်ကချည်း ဆက်ရ တာပါ။ အမာဟာ သူက စပြီး ဖုန်းခေါ်ရင် ကျွန်တော် အားလား၊ မအားလား မသိတာနဲ့ အနှောင့်အယှက် ဖြစ်မှာစိုးလို့ သူ မခေါ်ဝံ့ဘူးတဲ့။ အမာဟာ အဲ့လောက် အထိ ကျွန်တော့်အပေါ် သိတတ်နားလည်ပေးသူပါ။ ခရီးဆောင်ကျောပိုးအိတ်ကို လွယ်ပြီး ဂိတ်ကနေ ထွက်ခါနီးဆဲဆဲ ဖုန်းလာတယ်ဆိုလို့ ကြည့်လိုက်တော့ အမာ

ဖြစ်နေတယ်။ ဘာဖြစ်လို့ပါလိမ့်ဆိုပြီး ကျွန်တော် စိုးရိမ်တကြီး ဖုန်းကောက်ကိုင်လိုက်တယ်။

အမာ့အသံက ပုံမှန်ပါပဲ။ ဒါပေမဲ့ မောနေသလိုပဲ။ ကျွန်တော့်ရဲ့ အချိန်ကို ငဲ့ညှာလို့လား မသိဘူး။ အမာက တိုတိုနဲ့ လိုရင်းကို အကွေ့အဝိုက် မပါဘဲ ပြောတယ်။

"မောင်စိုး.. နယ်စပ်မှာ အဆင်ပြေရင် အမာ့ကို ခေါ်ထားပါလားဟင်" တဲ့။

နယ်စပ်ဒေသ ဆိုတာ လုံခြုံမှုနည်းပါးတဲ့အရပ်ဆိုပြီး အမာပဲ စိတ်တထင့်ထင့် ရှိခဲ့တာမဟုတ်လား၊ အခုတော့ သူကပဲ သူ့ကို ခေါ်ထားပါလို့ စကား စ လာတော့ ကျွန်တော် အံ့အားသင့်မိတယ်။

"ဘာဖြစ်လို့လဲ အမာ"

အကြောင်းရင်းကို ခပ်သွက်သွက်ပဲ ကျွန်တော် မေးလိုက်တယ်။

"သတင်းတွေ မကြားဘူးလား ဗေတာ... အငယ်မက ပြောနေတယ်... ဘူးသီးတောင်က လူတွေ ထွက်ပြေးနေကြရတယ်တဲ့... ရန်ကုန်က အမာတို့တစ်တွေကိုကော ရန်မူမှာလား.. လုံခြုံပါ့မလား.. အမာတော့ တွေးပြီး ကြောက်မိတာပဲ.. နယ်စပ်ချင်း အတူတူ မလုံခြုံလို့ သေကြရမယ်ဆိုရင် ငါတော့ ငါ့သားနဲ့ ဝေးရာမှာ မနေဘူးလို့ အငယ်မကို အမာ ပြောထားရတယ်"

အမာဟာ ကျွန်တော့်ကို အတော်လေး အားကိုးတာပဲ။ အတော်လေး တွယ်တာတာပဲ။ ဘာမှ သေသေချာချာမသိဘဲ အွန်လိုင်းပေါ်က ကြားရသမျှ သတင်းတွေကို ကျွန်တော့်ညီမ ပြောထားသမျှ အယုံလွယ်နေတဲ့ အမာ့ကို အဲ့ဒီနေ့က စိတ်မပူဖို့ရာ၊ စိတ်အေးသက်သာရှိဖို့ရာ ကျွန်တော် အတော်လေး ဖျောင်းဖျပေးခဲ့ပါတယ်။

"မင်းမဲ့တိုင်းပြည်မှ မဟုတ်တာပဲ အမာရယ်.."

အမာကလည်း "အေးနော်" တဲ့။ ခပ်လေးလေး ပြန်ပြောရှာတယ်။

အဲဒီနောက် ကျွန်တော် ပြောခဲ့တဲ့ စကားကို ကျွန်တော် ပြန်စဉ်းစားကြည့်တယ်။ အတွေးမျှင် တသီတတန်းကြားမှာ အတော်ကြာအောင် နစ်မြောသွားတယ်။ အားရှောင်ကိုတောင် မေ့သွားတဲ့ အထိပါပဲ။

(မတ်လ၊ ၂၀၁၉)

✿

# တေးသီကြိုး

(၁)

သည်ကနေ့ သောကြာနေ့။ နေ့တစ်နေ့သည် ပုံမှန်အတိုင်း ခင်းကျင်း၍ အစပြု ခဲ့ပါသည်။ ဆောင်းကုန်လုပြီမို့ အရုဏ်လင်းချိန်လည်း စောလာသည်။ မှန်ရာမှ တစစထင်းဝင်းလာသော အလင်းရောင်သည် နှင်းငွေ့ရိုက်ထားသော မှန်ပြတင်း အတွင်းဘက်ကို တိုးဝင်နေကြသည်။

နာရီကြည့်မိတော့ မနက် (၇) နာရီထိုးလုပြီ။ ခါတိုင်း မနက် (၅) နာရီ ထနေကျ လုထွယ်အဖို့သည်အချိန်မှာ အတော်လင့်နေပြီ ဟုဆိုနိုင်သည်။ နောက်ကျ နေပေမယ့် လုထွယ် တက်တက်ကြွကြွ မရှိလှ။ စိတ်ပါလက်ပါ မဖြစ်။ နံရံကို မှီလျက် ခုတင်ပေါ်မှာပဲ ခပ်လျော့လျော့ ထိုင်နေရင်း သား၏နာမည်ကို ဖွဖွ ရွတ်မိ သည်။ သည်နေ့က သောကြာနေ့ဆိုလျှင် သားပြန်လာရမည့် ရက်ပဲ။ သည်လို သတိရမိတော့မှ မျက်ဝန်းက ရောင်စဉ်လက်တော့သည်။ သည့်နောက် အိပ်ရာ ပေါ်ကနေ ချက်ချင်းမထသေးဘဲ နှင်းမှုန်ရည်တို့နှင့် ဝါးနေသော ပြတင်းမှန်ကို

လက်ဖဝါးနှင့် သုတ်လိုက်သည်။ အိမ်အပြင်ဘက်က ချဉ်စော်ကားပင်တွင် ချဉ်စော်ကားပွင့်လေးများ ရိုးတံတစ်လျှောက် ပိုပြီး သီဖြာလာသည်ကို သတိထားမိသည်။ မသိသူများအဖို့ ချယ်ရီပန်းလားဟု ထင်ချင်စရာ။ ပန်းရောင်ဘက်သို့ ယိမ်းနေသည့် နီဖျော့ဖျော့ ချဉ်စော်ကားပွင့်များသည်လည်း အပွင့်ခပ်နုပ်နုပ်သာ ဖြစ်သည်။ သေးငယ်သော ပွင့်လွှာများသည် နွေဦး၏သရုပ် ဖြစ်သည်။ နွေဦးသည် အေးခဲမှုအားလုံးကို အရည်ဖျော်ပစ်ပြီး သင်းပွင့်စေမည့် ကာလ၏ကနဦး ဖြစ်သည်၊ လုထွယ် အဖို့လည်း ကျပ်ခဲနေမှုများကို ဖောက်ခွဲရတော့မည့် အချိန် ဖြစ်လေသည်။

မထချင် ထချင်နှင့် အိပ်ခန်းထဲကနေ လုထွယ် ထွက်လာခဲ့သည်။ အပတ်စဉ် သည်ကနေ့ရောက်တိုင်းပြုမြဲ ဝတ္တရားတချို့အတွက် တစ်နေ့တာ လုပ်ငန်းစဉ် ကို အစီအစဉ် ဆွဲလိုက်သည်။ သည့်နောက် ညနေ ဈေးနားတွင် မုန့်ဆိုင် ထွက်ရန်အတွက် အဆာပလာများကို စပြီး ပြင်ဆင်သည်။ တစ်ဆက်တည်းမှာပင် သည်နေ့က လ တစ်လ၏ (၁၀) ရက်မြောက်နေ့မှန်း သတိပြုမိသည်။ ပုံမှန် ဆိုလျှင် သည်အချိန်တွင် ရောင်းထားနှင့်သည့် အလုကုန်ပစ္စည်းတွေအတွက် ဖောက်သည် မိန်းကလေးတွေထံကနေ ငွေပြန်တောင်းရလိမ့်မည်။ အခုတော့ သည်လို မဟုတ်၊ ရရန်ရှိသော ငွေတချို့ စုံးစုံးမြုပ်တော့မှာလိုလို ဖြစ်နေရသည်။ မြတ်ဖို့ နေနေသာသာ အရင်းထဲကပါ ပွဲပါသွားသဖြင့် ရှေ့လျှောက် ရပ်တည်ဖို့က အနိုင်နိုင်။ ငွေကို အခြား တစ်ဖက်ကနေ လှည့်ယူပြီး အရင်းစိုက်နိုင်သည် ထားဦး၊ အလုကုန်သွားရောင်းနေ ကျ ကာစီနိုဝင်းထဲက အလုပ်သမား ကောင်မလေးတွေ ရဲ့ အဆောင်ကလည်း ခါတိုင်းလို လုထွယ်ကို ပေးမဝင်တော့ချေ။ ပစ္စည်းလည်း ဆုံး၊ ငွေလည်း မြုပ်ပြီး စားကျက်ပါ ပျောက်ရသည့် အဖြစ်။

"နယ်မြေအသစ် ရှာရမှာပေါ့ အစ်မရယ်"

လုထွယ်ရဲ့ ခွန်အားတွေ ယိုင်နဲ့လုလု ဖြစ်နေပေမယ့် ဂျာဆိုင်းပန်က တော့ စိတ်ဓာတ်မကျသေး။ လုထွယ်ကိုပင် အားပေးလိုက်သေးသည်။ ဂျာဆိုင်းပန် ဆိုတာက လုထွယ် မုန့်ရောင်းနေကျ ကာစီနိုရုံက ဝန်ထမ်းမိန်းကလေး ဖြစ်သည်။ လုထွယ်ထက် အသက်ငယ်ပေမယ့် ဘဝကို ဒေါင်လိုက်ဆန်တက် ဖြတ်သန်းခဲ့ ပုံမှာတော့ အတွေ့အကြုံက နောက်မကျပါချေ။ သည်အခြေအနေကို ပြောင်းလဲ ပစ်ရန် ဆိုင်းပန်နှင့် လုထွယ်တို့ တိုင်ပင်ထားတာ ရှိသည်။ ဒါက "တစ်ရွာမပြောင်း သူကောင်း မဖြစ်" ဆိုတာပေါ့။

လုထွယ်သည် သူ့ဘဝရှေ့ရေးကို တွေးပြီး ခပ်လေးလေး သက်ပြင်းချမိသည်။ ဘဝနောင်ရေးဟု ဆိုသော်လည်း တစ်ကိုယ်တည်းဘဝတော့ မဟုတ်။ အနူးရှိသည်။ ပြီးတော့ ရင်က ဖြစ်သည့် သွေးသား။ သားနှင့် ပတ်သက်ပြီး လုထွယ် ကိုယ်တိုင် တာဝန်ယူဖို့ မလိုပေမယ့် သည်အခြေအနေကို မကြိုက်လှ။ ကိုယ်နှင့်လည်း အတူမနေ၊ ကိုယ်ကလည်း တာဝန်ယူစရာမလိုသည့် သားဟာ တစ်နေ့ကျလျှင် သူ့အနူးကို မေ့သွားမည်ကို စိုးကြောက်လှသည်။ သားစိတ်တစ်ခုတည်းကြောင့် သည်နေရာမှာ ကျားပိန်တွယ်သလို ကုတ်ကပ်တွယ်ပြီး နေနိုင်ခဲ့သည်။ သားစိတ် တစ်ခုတည်းကြောင့် မျိုသိပ်ချိုးနှိမ်ခဲ့ရသည်။ သားစိတ်တစ်ခုတည်းကြောင့် ခံနိုင်ရည်အားကို တိုးမြှင့်ခဲ့ရသည်။ သားစိတ်တစ်ခုတည်းကြောင့် သေးမျှင်လှသော အသက်ဓာတ်ကို ကြိုးထုံးပေါင်းများစွာနှင့် ဆက်ခဲ့ရသည်။ သို့ပေမဲ့ သူ၏ ချစ်လှစွာသောသားနှင့် အချိန်ဘယ်လောက်ကြာကြာ ဆက်ပြီး နေနိုင်ပါ့မလဲ။ ဒါလည်း မသေချာလှ။

အရင်ကတော့ သားက သူ့ကို ထားသွားလေမလား၊ သူ့ဆီ ပြန်မလာတော့ဘူးလား တွေးပြီး ကယောက်ချောက်ချား ဖြစ်ခဲ့ဖူးသည်။ လက်တွေ့မှာတော့ ဦးစွာ ကျောခိုင်းရမည့်သူက သားမဟုတ်ဘဲ သည်အမေ ဖြစ်နေခဲ့သည်။ မပြေလည်လှသော အက်ကြောင်းကွဲ နေ့ရက်များကို လုထွယ် ဆက်ပြီး မဆွဲဆန့်လိုတော့။ ခံနိုင်ရည် ကုန်ခန်းသည့်အဆင့် မဟုတ်သေးပေမယ့် ကျန်သေးသမျှ ခွန်အားကို အချည်းအနှီး မဖြစ်လိုပေ။ အခြားတစ်နေရာမှာ မာန်ဟုန်အဖြစ် ပြောင်းလဲသွားမည့် မီးပွားလေးအဖြစ် ဆက်ပြီး မွေးမြူထားချင်ပါသေးသည်။ ဒါကို သားနားလည်အောင် ဘယ်လိုရှင်းပြရပါလိမ့်။

သည်အမေဟာ သူ့ကို ထားပြီး အဝေးကို လွင့်ပါးတော့မည့်အကြောင်း သားကို ပြောပြရန် အတန်တန် ကြိုးစားခဲ့ပါသည်။

"အနူး......အာဝါးကော..ဂျောင်ကော့ ဖာနာငိုင်ဖွဲ့ အင်ဆာဂျူခွမ်အိုင်ရိုင်းအော်ရာ...အင်တာဝါယမ်မုန် အဒွေးထေ့ရှာခွမ်အိုင်....အဒွေးမုန်ငိုင်ဖွဲ့ ကလန်လန်မရှာဂျူဆမ်ဓာန်ရေရှ စွန်ရှုဂါအိုင်... (အမေ... အဖေက ကျောင်းမှာ ဘာလို့ကျွန်တော့်ကို လာမတွေ့တာလဲ... ဟိုအိမ်ကို ပြန်ရင်လည်း အဘွားနဲ့ပဲ တွေ့ရတယ်.. အဘွားကလည်း တစ်ခါတလေ အေးစက်စက် ဆက်ဆံတယ်)"

စကားနည်းလှသည့် သားဟာ သူ့စိတ်အားငယ်မှုကို မတတ်သာလွန်းမှသာ သည်လိုလှစ်ဟပြတတ်သည်။ ကြားရပြန်တော့လည်း သည်အမေ ဘယ်မှာ

စိတ်ကောင်းနိုင်ပါ့မလဲ။ "အနူး ရှိတယ်လေ သားရယ်" ဟု အားပေးမိပေမယ့် တစ်ဖက်ကလည်း သားမသိအောင် နောက်ကြောင်းဆုတ်မိနေသော ခြေလှမ်းများအတွက် အားနာရပြန်ပါသည်။

လုထွယ်သည် မုန့်လုပ်ရန်အတွက် ဆန်မှုန့်နယ်နေရင်းက သူ့သားကို ဖျောင်းဖျရန်အတွက် စကားလုံး ရှာနေမိသည်။ သည်ကနေ့ ညနေ သား အိမ်ပြန်လာရင် နားလည်အောင် ပြောကို ပြောပြဦးမှပဲဆိုပြီး အားတင်းကြည့်သည်။ သူတို့သားအမိခွဲရလှ လေးငါးနှစ်ပေါ့။လုထွယ်လည်းအခြားအရပ်ဒေသတစ်ခုမှာ စီးပွားရေး ချောင်လည်လာမည်၊ သားကလည်း ပညာတော်တဲ့ ကလေးဖြစ်ပြီး အလုပ်အကိုင်ကောင်း ရလာမည် ဆိုလျှင် ခဏတာ စည်းခြားလိုက်မှုဟာ ထိုက်တန်သည် မဟုတ်လား။ စိတ်ကူးထဲမှာတော့ နေရောင်တွေ လက်ပြီး ပန်းတွေ ပွင့်နေသည်ပဲ။ သည့်အတွက်တော့ အချိန်တွေ၊ ငွေ၊ ခွန်အားနှင့် နှလုံးသားတော့ ရင်းနှီးမြှုပ်နှံ ရဦးမပေါ့။

သည်ညနေ ဂျာဆိုင်းပန် လာရင်တော့ ဆက်ရမည့် ခရီးအတွက် ပိုပြီး သေချာတဲ့ သတင်းစကားကို ကြားကောင်းကြားရနိုင်သည်။ ရှေ့ကို မျှော်ကြည့်ရမိသော လမ်းက ခရီးပေါက်နိုင်သည် ဟုတ်၊ မဟုတ် မသေချာသေးသော်လည်း လွန်ခဲ့သော ဆယ့်သုံးနှစ်က ခေါင်းတဆန့်ဆန့်၊ လည်တမော့မော့နှင့် နော့ကာနော့ကာ တောင်ပံအစမ်းခတ်ဖူးသည့် မုန့်ရောင်းသူ မိန်းကလေးဟာ သည်နေ့သည်အချိန်အထိလည်း မုန့်ရောင်းနေရဆဲပါပဲ။ နေရာတော့ ကွဲပြားခဲ့သည်ပေါ့လေ။ ဟိုတုန်းက မန်စီမှာ၊ အခုတော့ မိုင်ဂျာယန်မှာ။ ကျန်ရစ်ခဲ့ရသည့် နေ့တွေထဲမှာ သူဟာ လုသွေးကြွယ်တဲ့ မြီးကောင်ပေါက်မလေး၊ လက်ရှိမှာတော့ သားသည်အမေ၊အိမ်ထောင်ကွဲတစ်ဦး။ဆယ်ကျော်သက်ဘဝမှာ အရာရာကို အကောင်းမြင်နိုင်သလောက်၊ ပစ္စက္ခဘဝမှာတော့ ကိစ္စမြားမြောင်မှန်သမျှကို သံသယရှိနေလေပြီ။

သို့ပေမဲ့ လုထွယ် ဖြေသာပါသည်။ ဘဝတစ်လျှောက်လုံး ရှုံးနိမ့်ခဲ့သည် ဆိုလျှင်တောင် သူဟာ တွယ်ရာမဲ့မဟုတ်၊ ဆုပ်ကိုင်စရာ လက်သေးသေးလေး တစ်ဖက် ကျန်နေသေးသည် မဟုတ်လား။ သားက သူ့အဖို့အား။ သည်လက်သေးသေးလေးက လုထွယ်ကို ကျောကနေ ထောက်မ ပေးသည့် အား၊ ပြီးတော့ ရှေ့ကို ဆွဲယူသည့် အား။

(၂)

ဘဝကို တစ်ကနေ ပြန်စချင်သလားဟု မေးလျှင်တော့ လုံးချမ်းကို ထွက်မလာသေးခင် အချိန်ထိကိုသာ နောက်ကြောင်း ပြန်သွားချင်ပါသည်။ လုံးချမ်းကို ရောက်လာသည့်တိုင်အောင်လည်း အဦးဆုံးနေ့တွေက ပျော်ရည်ဆမ်းသော ကာလများပေမို့ ချိုမြနေခဲ့သေးသည်။ မန်စီမှာ ရှိခဲ့တဲ့ အချိန်တွေကတော့ အလွတ်လပ်ဆုံး၊ အပျော်ပါးဆုံးကာလ ဆိုသည်မှာ ငြင်းစရာမရှိ။ ယခင်တုန်းက မန်စီထဲက လိုက်ကာ၊ ကောင်းခါပါ၊ မုန်းလူး၊ ဂျေဆောန်း၊ နမ့်လင်းပါ နှင့် မုန်းဒိန်ပါ ရွာတို့သည် ယခုလို စစ်ဖြစ်သဖြင့် ခိုကိုးရာအရိပ်ကို ရှာရသည့် ဒေသ မဟုတ်ပေ။ မန်စီသည် ငြိမ်းအေးခဲ့ဖူးသည်၊ ပြီးတော့ ဆိတ်ငြိမ်စွာပင် လှုပ်ရှားခဲ့သည်။ သည့်နောက်မှာတော့ အတွင်းကြေခဲ့ရသည်။

လုထွယ်၏ ဇာတိမြေ ဘန်ဂေါ်ရွာသည် မန်စီမြို့နှင့် မဝေးလှပါ။ မန်းဝိန်း-မန်စီ လမ်းမကြီးကနေ တစ်ထောက်သွားရသည့် မြေနီမြေဝါ ရောယှက်ထားသည့် ကုန်းမြေပေါ်မှာ တည်ထားသည့် ရွာလေး ဖြစ်သည်။ ခရီးလမ်း သိပ်မပေါက်လှသည်မို့ အလှမ်းကွာသည်ဟု အများစုက ထင်ချင်စရာ၊ သို့ပေမဲ့ ရွာရှိတော့ လမ်းရှိသည်၊ လမ်းရှိတော့ လူရောက်လေသည်။ တသီးတခြား ကမ္ဘာတည်နေသည့် ထိုရွာကလေးဟာ တစ်နေ့မှာ ပျားအုံသဖွယ် လုပ်သားတွေ၊ ဦးစီးသူတွေ ဝင်စို့ထွက်စို့နှင့် စည်ကားလာလိမ့်မည်ဟု မည်သူကမျှ မတွေးထင်ထားခဲ့ကြပေ။ တောရှိသမျှ တစ်ဝမ်းတစ်ခါး အူစိုအောင် စားစရာရှိနိုင်သည်ဟု စွဲမြဲအောင် မှတ်ယူခဲ့သည်။ မော်ဆွေချောင်းဘေးက စိမ်းမြသာတောင့်သည့်ဘဝသည်လည်း ချောင်းရိုးတစ်လျှောက်မှာ သစ်ရိပ်ဆိုင်းသလို ထာဝစဉ် တည်တံ့နေလိမ့်မည်ဟု အိပ်မက်မက်ခဲ့သည်။

သည်အိပ်မက်မှာ တောကို နယ်ချဲ့သူတွေထံက ကြားရသည့် လွှဆွဲသံ၊ မြေသယ်ကား၏ ဂီးဂီးဂဲဂဲ မြည်သံ၊ ခွန်အားသန်မာ တုတ်ခိုင်သည့် ထီးမတ်သော ပင်စည်တို့ကို မြေပြင်ပေါ်သို့ တဗုန်းဗုန်း လဲကျအောင် အုံဖွဲ့ဆော်ဩသံတွေကြောင့် နိုးထလာခဲ့သော်လည်း အစဦးပိုင်းတွင် ပရမ်းပတာတော့ မဖြစ်သေးပေ။ သည့် နောက်မှာတော့ တဖြည်းဖြည်း လူတွေ များလာသည်၊ ရွာလေး စည်ကားလာသည်၊ ရွာက လူတွေလည်း အလုပ်ရကြသည်။ လုထွယ်လည်း မုန့်ပိုရောင်းလာရသည်။ မန်စီတောသည်လည်းကောင်း၊ မော်ဆွေချောင်းသည်လည်းကောင်း၊

ဘန်ဂေါ်ရွာသည် လည်းကောင်း စက်သံ၊ လူသံ တညံညံကြားတွင် အသားကျလာလေသည်။

စီးပွားရေးအတွက် ရွှေလမ်းငွေလမ်းသာ ပေါက်သည် မဟုတ်ဘဲ နဖူးစာ ရွာလည်သည့် အဖြစ်မျိုးတွေလည်း ဘန်ဂေါ်တွင် ရှိလာခဲ့သည်။ သည်အထဲတွင် ပထမဦးဆုံး အစွံထုတ်သွားသူက လုထွယ်၏ ငယ်သူငယ်ချင်း ဒီးရာဖြစ်သည်။ ဒီးရာနှင့် ရေစက်ပါသူက တရုတ်ပြည်မှာ နေထိုင်သူ ဖြစ်ပေမယ့် ကချင်လူမျိုး၊ ကချင် စကားပြောသူတွေပဲမို့ မိဘမောင်ဖွားများကရော၊ ရပ်ရွာအနေနဲ့ပါ ကန့်ကွက်စရာမရှိ၊ သူတို့နှစ်ဦးကို ကြည်ကြည်ဖြူဖြူ ထိမ်းမြားပေးခဲ့ကြသည်။ ဘုရားသခင် ရှေ့တော်မှောက်တွင် သစ္စာပြု၍ ပေါင်းသင်းရသော အကြင်လင်မယား နှစ်ဦးသည် တစ်ဦးအပေါ်တစ်ဦး ငဲ့ညှာ၍ မေတ္တာမပျက် သက်ဆုံးတိုင် ရှိနေလိမ့်မည်ဟု ယူဆကြသည်။ ယူဆသည့်အတိုင်းပင် ဒီးရာတို့စုံတွဲကို ကောင်းချီးပေးကြသည်။ ဆုတောင်းပတ္ထနာ ပြုကြလေသည်။ မှတ်မှတ်ထင်ထင် ရှိစေမည့် ဘဝ၏ အထင်ကရနေ့ရက်ဆိုတော့လည်း ဒီးရာတစ်ယောက် ရှက်သွေးဖြာနေသည့်ကြားက ညှော်သည်များကို မမောနိုင်မပန်းနိုင် ညှော်ခံနိုင်သည်။ ဒီးရာ၏ အပျော်မှာ သတို့သမီး အရံလုပ်သည့် လုထွယ်ဆီသို့ပင် ကူးစက်သည်။ ပြည်ကြီးသားတို့သည် ဘယ်လိုပဲဖြစ်ဖြစ် ဘန်ဂေါ်ရွာထက်တော့ မျက်စိပွင့်၊ နားပွင့်ကြမည်ပင်။ မိန်းကလေးအပေါ် ကြင်ကြင်နာနာ ဆက်ဆံမည့်အမြင်ကျယ်သော မြို့ကြီးသား ဆိုသည်ကို လုထွယ်လည်း စိတ်ကူးယဉ်မိသည်။ ဖူးစာဖက်ကို တောင့်တသည်။ ဆုပန်သည်။

မကြာမီတွင် မိုးကို မျှော်သူအတွက် မိုးရိပ်တို့ ဆင်လာသည်။ ထိုသူက တခြားတော့ မဟုတ်။ ဒီးရာ မင်္ဂလာပွဲတွင် ဒီးရာအမျိုးသားဘက်ကနေ ပါလာသည့် သတို့သားအရံ ဖြစ်သည်။ ဒီးရာခင်ပွန်းနှင့်လည်း ဆွေမျိုး မကင်းသူပေါ့။ လုထွယ်၏ ဆုတောင်း ပြည့်သည်ဟု ဆိုရမည်။ ဘရန်ဆိုင်းက လုထွယ်ကို မေတ္တာရှိပါသတဲ့။ သည်ဆွေသည်မျိုး အဝန်းအဝိုင်းထဲကမို့ စိတ်မချစရာ မရှိ၊ သည့်အပြင် ပိုပြီး ဂုဏ်ယူရသည်က မိသားဖသားဂိုဝီ တောင်းရမ်း လက်ထပ်ယူသည့်အပြင် မင်္ဂလာပွဲကိုလည်း ဒီးရာတို့ထက်ပင် ခမ်းခမ်းနားနား ကျင်းပပေးခဲ့သည်။ သည်လိုအချိန်မျိုးမှာ အားလုံးဟာ အပျော်ကိုယ်စီနှင့်ပေါ့။ မသိနားမလည်သည့် မိန်းကလေးတွေကို မင်္ဂလာဆောင်ပြီး ခေါ်သွားပြီးနောက် ရောင်းစားသည် ဆိုသော သတင်းစကားများ နားမဆံ့အောင် ကြားနေရချိန်တွင် လုထွယ် အမျိုးသားက လုထွယ်အပေါ် ကြင်ကြင်နာနာရှိသည့်အပြင် တန်ဖိုးထားပြီး တောင်းရမ်းသည်

ဆိုတော့ အနံ့ပြည့်သော စပါးကို ရခဲ့သည့် ကံကောင်းလှသော မိန်းကလေးဟုပင် ဆိုနိုင်ပါသည်။

အဘယ်မျှ ကံကောင်းသည်ဖြစ်စေ၊ အာဝါးသည် လုထွယ်ကို တစ်ပြည် တစ်ရွာသို့ မထည့်ရက်ခဲ့ပေ။ သမီးကို နှမြောနေခဲ့သည်။ အာဝါး၏ ကျန်းမာရေး ကလည်း ချူချာလှသည်မို့ လုထွယ်ကလည်း လုံးချွမ်းကို သွားဖို့ရာ နောက်ဆံ ငင်နေခဲ့သည်။ သို့ပေမဲ့ ရှေ့က ဓား ဆောင်ယူရာနောက်ကိုပလိုင်း လိုက်ပါရမည်က ထုံးစံဖြစ်သည်။ လုထွယ် ထွက်သွားပြီး နောက်သုံးနှစ်မှာ အာဝါး ဆုံးပါးမည် ဆိုသည်ကို သိခဲ့လျှင် ဘန်ဂေါ်မှာပဲ ပေကပ်ပြီး နေခဲ့မှာပါ။ ပြီးတော့ ဘန်ဂေါ်ကို ပြန်လာဖို့ရာ အတော်ခဲယဉ်းလိမ့်မည် ဆိုတာကိုပါ ကြိုတင်မှန်းဆနိုင်ခဲ့လျှင် လုံးချွမ်း ကို လိုက်သွားဖြစ်ချင်မှ ဖြစ်လိမ့်မည်။ ရှေ့ရေးကို မမှန်းဆနိုင်တော့လည်း ချစ်သူ မျက်နှာကို တစ်ရွာထင်ပြီး လိုက်ခဲ့ရသည်ပဲ။

လုံးချွမ်းက အိမ်တွင် မိသားစု များလှသည်။ ဘရန်ဆိုင်း၏ အဖေ၊ အမေနှင့် အိမ်ထောင်မကျသေးသော ညီအစ်မ လေးဦး ရှိသည်။ ဘရန်ဆိုင်းက မိသားစုတွင် တစ်ဦးတည်းသော သား။ သားကို ဦးစားပေးရသည့် ဓလေ့မို့ သူ့ကို တစ်မိသားစုလုံးက အစစအရာရာ အလိုလိုက်သည်။ တရုတ်ပြည်ထဲမှာ နေကြ ရသည် ဆိုတာကလွဲလို့ကချင်မိသားစု၊ ပတ်ဝန်းကျင်ကလည်း ကချင် အသိုင်းအဝိုင်း ထဲမှာမို့ ထူးထွေပြီး အသားမကျစရာ အကြောင်း မရှိပေ။ ခက်တာက ဘရန်ဆိုင်း။ အိမ်ထောင်ကျပြီး နှစ်နှစ်လောက်နေတော့ ဇာတိပြလာသည်။ ဗွေဖောက်လာသည်။ မြွေရေခွံလဲသလို ပြောင်းလဲလာသည်။ မင်းသားခေါင်းစွပ် ကွာကျသည်။

လုထွယ် နံ့အပုံက ကိုယ်နှင့်အနီးကပ် ပေါင်းသင်းနေသည့် ခင်ပွန်း သည်ဟာ မူးယစ်ဆေးဝါး၏ သားကောင်မှန်း အတော်လေး နောက်ကျမှ သိသည်။ သိသည်နှင့် တစ်ပြိုင်နက် သူ၏ စူပုံ့ပုံ့ ဖြစ်နေသော ဝမ်းဗိုက်လေးကို ပွတ်သပ်ရင်း ဘုရားသခင်ကို တိုင်တည် ငိုကြွေးမိသည်။ ဝမ်းကြာတိုက်ထဲက ကလေးရဲ့ အဖေ ဟာ အသုံးမကျ၊ လက်ကြောမတင်းတဲ့ ဘိန်းသမားတဲ့လား။ ဒီးရာနှင့်လည်း မြို့ချင်း မတူသဖြင့် အနီးအနားမှာ တိုင်ပင်ရင်ဖွင့်စရာလူ တစ်ယောက်မှ ရှိမနေ ခဲ့ပေ။ အံ့ဩရဆုံးအဖြစ်က ဘရန်ဆိုင်းအကြောင်းကို ယောက္ခမတွေကို အားကိုး တကြီး တိုင်မိတော့ သူတို့က တုပ်တုပ်မျှပင် မလှုပ်၊ လုထွယ်ကပဲ အကိုင်အတွယ် အထိန်းအသိမ်း မတတ်လို့လိုလို အပြစ်ဖို့ချင်ကြသည်။ အထူးသဖြင့် ဘရန်ဆိုင်း အမေသည် ချုပ်တည်းထားသော်လည်း လုထွယ်အပေါ် အမြင်မကြည်မှုက သိသာလွန်းလှသည်။

"အို… ကိုယ်တော်.. ကိုယ်တော်၏ သမီးကို မေတ္တာဖြင့် စောင့်ရှောက်တော်မူပါ၊ ငြူစူပြစ်တင်ခြင်း ဒဏ်ကနေ ကယ်တင်တော်မူပါ… "

လုထွယ်ကို တောင်းရမ်း မင်္ဂလာဆောင်ပေးရန် (ကွန်ဖိုး) အတွက် ယောက္ခမတွေက သူတို့စိုက်ပျိုးလုပ်ကိုင်နေသည့် တောင်တစ်လုံးကို ယွမ်တစ်သောင်းနှင့် အပေါင်ထားခဲ့ရတဲ့ အကြောင်းကို အစဖော်ပြီး ရန်လိုခံရသည့်နေ့တွင် ကိုယ်တော်ကိုသာ အားကိုးမြည်တမ်းမိတော့သည်။ တကယ်တော့ သူတို့ကုန်ကျခဲ့သည့် တောင်းရမ်းမင်္ဂလာစရိတ်(ကွန်ဖိုး)သည် ယွမ်တစ်သောင်း မရှိပေ။ လုထွယ်၏ အနှုးတို့၊ အာဝါးတို့ကိုလည်း ကွန်ဖိုးအပြည့် ပေးခဲ့တာမှ မဟုတ်ဘဲလေ။ သို့ပေမဲ့ ကတိခံပြီး ပေါင်ထားသည့်တောင်ကို ဘရန်ဆိုင်းကလည်း ပြန်မရွေးပေးနိုင်တော့ ဒုက္ခမှန်သမျှကို လုထွယ်ကပဲ ခါးစည်းခံဖို့ ဖြစ်လာသည်။ ဘရန်ဆိုင်းကတော့ ဘာဆိုတာမှ မလုပ်တော့၊ ခိုင်းလို့လည်း မရတော့သလို သူ့အာရုံကလည်း မိသားစု မှာ မရှိတော့။ အရက်သမား၊ ဖဲသမားကမှ အချိန်တန်လျှင် မိသားစုကို သတိရချင် ရလိမ့်ဦးမည်။ ဆေးသမား၊ ဘိန်းသမားကတော့ မူးယစ်ဆေးနောက်ကိုသာ ကောက်ကောက်လိုက်၏။

အက်ကွဲကြောင်း ပိုပြီး ပီပြင်လာသော နေ့ရက်များပါပေ။ လုထွယ်မှာ ကိုယ်လေးလက်ဝန်ကြီးနှင့်ပင် ကြံခင်းထဲသို့ ဆင်းခဲ့သည်။ ကြံခင်းထဲမှာ နေရတာက စိတ်သက်သာရာ ရသေးသည်။ ကြံခုတ်ချိန် ရောက်လျှင် ကချင်ပြည်နယ်ဘက်က အလုပ်သမားခေါင်း တစ်ဦး၏ ဦးဆောင်မှုဖြင့် ရွာလုံးကျွတ်၊ ဒါမှမဟုတ်လျှင် အဖွဲ့လိုက် တစုတစည်း ကြံလာခုတ်ပေးသူများ ရှိတတ်သည်။ ရိုးရာတေးသံတညည်နှင့် တစ်ခါတလေ တသောသော ရယ်ပွဲဖွဲ့နေသော သူတို့အုပ်စုကြားတွင် လှုပ်ရှားရတာက မောပေမယ့် ငြူစူစောင်းမြောင်းခံရသည့် ဒဏ်ကလွတ်ကင်း သည်မို့ ဖြေသာပါသေးသည်။ အလုပ်သမားတွေကတော့ လုထွယ်ကို ကိုယ်ဝန်သည်မို့ နားစေချင်ကြသည်။ သို့ပေမဲ့ လုထွယ်က ခေါင်းယမ်းသည်။ ဖြစ်နိုင်လျှင် သည်ကိုယ်ဝန်ကိုလည်း မသယ်ချင်တော့၊ ကလေးလည်း မလိုချင်တော့၊ မျိုးဆက်လည်း မချန်ချင်တော့ပေ။

လုထွယ်အဖို့ ယောက္ခမအပေါ် စိတ်အနာရဆုံးက သူ့ကို ရောင်းစားပစ်ဖို့ ဘရန်ဆိုင်းကို တိုက်တွန်းနေတာကို နားနှင့်ဆတ်ဆတ် ကြားရသည့်အခိုက်တွင် ဖြစ်သည်။ ယောက္ခမအဖို့ အညတရ တစ်ပြည်သူအတွက် တောင်ကို ပေါင်ပြီး

မင်္ဂလာဆောင်ပေးရတာကို မတန်လှဟု စိတ်ကွက်ပုံရသည်။ မျိုးနွယ်တူ တစ်မြေတည်းနေသူကို ပိုလိုလားဟန်ရှိသည်။ သို့ပေမဲ့ သည်သဘောတွေကိုဘယ်လောက်ပဲ နားလည်ပါစေ၊ ပြီးပြီးသားကိစ္စကို ပြန်ဖော်ပြီး နှိပ်ကွပ်တာမျိုးတော့ လက်မခံနိုင်ပါ။ ဘရန်ဆိုင်းနှင့်သူ့ကိုပါ ခွဲပစ်ရန် အကြံပက်စက်လာလေတော့ ဒေါသမီးညွန့်တို့မှာ ထိန်းမရ၊ ဟုန်းခနဲ ထတောက်လေ၏။ ချက်ချင်းပင် ယောက္ခမရှေ့သို့ တည့်တည့် ဝင်ပြီး စေ့စေ့ကြည့်ကာ ရင်ဆိုင်ပစ်လိုက်သည်။ နာကျင်စရာကောင်းသည်က သမီးယောက္ခမ၊ ယောင်းမတို့ ရန်ဖြစ်ကြရာတွင် ဘရန်ဆိုင်း သည် ခပ်ဆိတ်ဆိတ်သာ နေခဲ့သည်။ သူနှင့် မဆိုင်သလို ရှောင်ကွင်းသွားခဲ့သည်။ ကြာတော့ တစ်မိသားစုလုံးနှင့် တစ်ယောက် ဖြစ်သည်မို့ လုထွယ်မှာ အားမတန်လို့ မာန်လျှော့ခဲ့ရတော့သည်။

"ငါတို့ နင့်ကို ရိုက်ချင်လည်း ရိုက်လို့ရတယ်.. ရောင်းစားချင်လည်း ပြန်ရောင်းစားလို့ရတယ် နားလည်လား.. အေး... ဘရန်ဆိုင်း နောက်မိန်းမယူမယ်ဆိုရင်တောင် ငါတို့ ပြန်တောင်းပေးလို့ ရတယ်"

ယောက္ခမ၏ မျက်နှာမှာ ဒေါသကြောင့် နီရဲခက်ထန်နေသည်။ လုထွယ်ကို သားသမင်လို သဘောထားပြီး ကိုက်တော့ဝါးတော့မည့် ကျားပမာ မာန်ဖီနေခဲ့သည်။ သူ့ရဲ့ အထက်စီးလေသံကို ကြားရတော့ သမီးချင်း မစာနာရကောင်းလားဟူသည့် အတွေးဖြင့် ပို၍နာကျင် တုန်လှုပ်မိပြန်သည်။ သည်အထဲ ယောင်းမတွေကလည်း မီးလောင်ရာလေပင့်၊ မြေနိမ့်ရာလှံစိုက် လုပ်ချင်ကြသည်။ ယောက္ခမနှင့် အပြန်အလှန် မေတ္တာမမျှနိုင်ကြတော့ ရန်ပွဲဆိုသည်မှာ နေ့စဉ်ရက်ဆက်ဆိုသလို ဖြစ်လာသည်။ သူတို့သားအမိတွေ လုထွယ်ကို ဆံပင် ဆွဲဆောင့်ကြ၊ ခြေနှင့် ကန်ကျောက်ကြတိုင်း ဆွဲလွဲသူမှာ ဘရန်ဆိုင်း မဟုတ်ခဲ့ပါ။ စာနာတတ်သော အိမ်နီးချင်းများကြောင့်သာ လုထွယ် ချမ်းသာရာရခဲ့ခြင်း ဖြစ်သည်။

သည်လိုဒုက္ခတွင်းထဲကို ကလေးကို ဘယ်လို ခေါ်ယူရမလဲ။ အိမ်နီးချင်းတွေက ဖျောင်းဖျပါသည်။ ကလေးဟာ သည်မိသားစုအရေးမှာ အဖြေပေးမယ့်သူ၊ မိသားစုအက်ကွဲကြောင်းကို ဖေ့စပ်ပေးမယ့်သူ၊ သူ့အဖေရဲ့ မျှော်လင့်ချက်ကို တစ်ဖန် မီးညှိပေးသူ ဖြစ်နိုင်သတဲ့။ ပတ်ဝန်းကျင်ရဲ့အားပေးမှုကြောင့်သာ လုထွယ် တောင့်ခံထားရသည်။ သည်လိုနှင့်ပင် သားကလေး လူ့လောကသို့ ရောက်လာခဲ့ပါသည်။

(၃)

သားက မွေးကတည်းက ချစ်မွေးပါသူ ဖြစ်သည်။ တစ်တုံးတစ်ခဲ တစ်တစ်ရစ်ရစ် ဖြူဖြူဖွေးဖွေးကြီး ဖြစ်သည်။ မြင်သူတိုင်းက ချစ်ကြသည်။ လုထွယ်ကတော့ ယောက္ခမ၊ ယောင်းမများနှင့်မူ မျက်နှာချင်းဆိုင်လို့ပင် မရတော့ချေ။ လင်ယောက်ျား ရဲ့ ဖေးမမှုလည်း မရှိ၊ အတူနေ ယောက္ခမရဲ့ စောင့်ရှောက်မှုလည်း မပါဘဲနှင့် မီးဖွား ရသည်ကို တွေးမိတိုင်း နာကျင်လို့ မဆုံးပါချေ။

သားကလေး မျက်လုံးပွင့်လာပြီ၊ အသံကြားရာနောက်ကို လိုက်ရှာ တတ်ပြီ၊ လိုချင်တာရှိလျှင် လက်လှမ်းပြီး ယူတတ်ပြီ၊ ပြုံးတတ်ပြီ၊ ခိုးခိုးခစ်ခစ် ရယ်တတ်ပြီ၊ သွားငုတ်တုတ် လူငုတ်တုတ် ဖြစ်လာပြီ၊ လေးဘက်သွားပြီ၊ မတ်တတ် ရပ်ပြီ။ သည်လိုနှင့် ရင်သန့်ရသော နေ့ရက်တိုင်းသည် သားအတွက်သာ ဖြစ်ခဲ့သည်။ တစ်နေ့တခြား လူရည်လည်လာသော သားကလေးကို တစိမ့်စိမ့် ရှုရင်း ဝေဒနာနှင့် သောကကို မေ့ထားခဲ့ရသည်။ သားရဲ့ အပြုံးကြောင့် လုထွယ်၏ မျက်ရည်တို့မှာ လွင့်စဉ်ရစမြဲ။

ခက်ရော်သည့် ကာလတွေမှာ ခံနိုင်ရည်ဖို့အား တိုးမြှင့်ရသည်မှာ လွယ်လှ သည်တော့ မဟုတ်။ အတွင်း၏ လုံခြုံမှုရော၊ အပြင်၏ လုံခြုံမှုကိုပါ ကြည့်ရသေး သည်။ လုံးချွမ်းလို နယ်စပ်ဒေသက လူမှုစီးပွားရေးပုံသဏ္ဌာန်မှာလည်း အနည်းငယ် ပွေလီ၏။ ယူနန်ပြည်နယ်ထဲမှာ ဂျိန်းဖောတို့ အများဆုံးနေကြပေမယ့် လုံးချွမ်း ကတော့ ဂျိန်းဖောတို့အတွက် ကိုယ့်အိမ်ကိုယ့်ရာ ပိုဆန်သည်။ ဂျိန်းဖောအပြင် လီဆူနှင့် ရှမ်းလူမျိုးများလည်း ရှိသေးသည်။ သည်လို လူပေါင်းစုံ၊ စရိုက်ပေါင်းစုံ ကြားတွင် တစ်ဝမ်းတစ်ခါး ရှာဖွေ စားသောက်ရသည့် မိန်းမသားဘဝမှာ အသိမ်း အဆည်းလည်း တော်ရသည်။ အရောင်အတိမ်းလည်း ကျွမ်းရသည်။ မျက်စိလည်း လျင်ရသည်။ နားလည်း ပါးရသည်။

သည်မိန်းမသား၏ ကြမ်းရှသော လက်နှင့်ပင် ယာပြင်ကို ထယ်ရေး ညက်စေခဲ့သည်။ ချွေးစို့သော မိခင်၏ ရင်ခွင်မှ နို့ရည်ဖြင့်ပင် သားကို အားဖြစ်စေ ခဲ့သည်။ အပြန်အလှန်အားဖြင့် ရိုးရာနှစ်ကူးပွဲတော်တို့မှာ ခြောက်သွေ့ပေမယ့် လုထွယ်မှာ အဖော်ပြုစရာ သား ရှိခဲ့သည်။ အဝါခြောက်ရောင် ပေါက်နေသော ယာခင်းတို့မှာ သားကို ကဆုန်ပေါက် ဆော့ကစားနေစေရင်းကပင် စိမ်းရွှေရောင် လှမ်းရန် ခွန်အားပြုစိုက်ပျိုးခဲ့ရသည်။ သည်အမေနှင့် သားမှာ အစွန်းနှစ်ဘက်က

တိုင်နှစ်တိုင်မှာ ချည်နှောင်ထားသော ကြိုးတစ်စစီ၏ အလယ်ချိတ်များ ဖြစ်ကြသည်။ ဆွဲဖြုတ်၍ မရနိုင်ပါ။ သားနှင့် ပတ်သက်သည့် အိပ်မက်မှာ ကြီးလှသဖြင့် သူ့ကို သည်လို နယ်စပ်မှာ မရှင်သန်စေချင်ပေမယ့် လုထွယ်မှာ လောလောဆယ် ရွေးစရာလမ်း မရှိပေ။

ဘရန်ဆိုင်းအကြောင်းကိုတော့ မစဉ်းစားချင်တော့။ သား တစ်နှစ်ပြည့်ခါနီးတွင် သူ ထောင်ထဲ ဝင်ရသေးသည်။ သားနှစ်နှစ်ပြည့်တော့ ပြန်ထွက်လာသည်။ ဟော... တစ်နှစ်မျှပင် တင်းတင်းမပြည့်သေး၊ သားလေး သုံးနှစ်ပြည့်ခါနီးတွင် ထောင်နန်းစံရပြန်သည်။ လုထွယ်တို့ သားအမိထက် ဘိန်းကိုသာ မက်သည်။ ထောင်ကို အိမ်ဦးနှင့် ကြမ်းပြင်လို အလီလီ သွားဖို့ရာ မတွန့်နေး မရွံ့ကြောက်သလောက် လုထွယ်တို့ကိုတော့ စောင်းငဲ့၍တောင် မကြည့်ခဲ့ချေ။ သူ မသိတတ်သမျှ လုထွယ်မှာတော့ ပန်းလှပါပြီ။ ဘရန်ဆိုင်းကိုယ်စား အကြွေးကိုလည်း ဆပ်ပေးရသေးသည့်အပြင်၊ မင်္ဂလာဆောင်စဉ်က လုထွယ်ရဲ့ မိဘတွေဆီကို ကွန်ဖိုး အပြည့်မပေးခဲ့ရသဖြင့် ကိုယ်တိုင် ကြံခင်းထဲမှာ ရုန်းကန်ရင်း ယောက္ခမ မိသားစုကပဲ ပေးသယောင်နှင့် ကျန်သည့် ကွန်ဖိုးကို ကြံဖန်ပေးခဲ့ရသည်။ အာဝါးကလည်း ကျန်းမာရေး ပိုချို့ယွင်းလာသည့်အပြင် ဘန်ဂေါ်တွင် သစ်လုပ်ငန်းမှာ အရင်လောက် အခြေအနေ မသာတော့သဖြင့် ကိုယ့်ဒုက္ခကိုလည်း ဝေမျှမနေချင်တော့။ လုထွယ်မှာ သား ရှိသည်။ အနူးနှင့် အာဝါး ရှိသည်။ သည်သုံးဦးအတွက် မဖြစ်ဖြစ်တဲ့နည်းနှင့် ရှင်သန်မည်ဟု စိတ်ပိုင်းဖြတ်သည်။

သားကိုတော့ ဘရန်ဆိုင်းတို့ မိသားစုက အားထားဟန်ပြပါသည်။ သူတို့မိသားစုမှာ တစ်ဦးတည်းသော သားက မွေးလိုက်သည့် တစ်ဦးတည်းသော မြေးယောက်ျားလေး ဖြစ်လေသည်။ အကြောင်းသိသော ပတ်ဝန်းကျင်ကလည်း ဖျောင်းဖျသည်။ နေ့အလင်းရောင်အတွက် ညအမှောင်ကနေ စောင့်ရသတဲ့။ သားကိုအကြောင်းပြုပြီး သည်းခံနိုင်လျှင် ဘရန်ဆိုင်းတို့ မိသားစု၏ ပိုင်ဆိုင်မှုမှာ တစ်ချိန်ကျလျှင် သည်သားအတွက်သာ ဖြစ်စေလိမ့်မည်တဲ့။ သည်မျှော်လင့်ချက် တစ်ခုတည်းကြောင့်သာ သည်အိမ်ကနေ မခွာဖြစ်ခဲ့ခြင်း ဖြစ်သည်။

သို့ပေမဲ့ နောက်ဆုံးသောကောက်ရိုးမျှင်ကို လုထွယ် ကျောပြင်ပေါ်သို့ ဘရန်ဆိုင်း ပစ်တင်လိုက်ချိန်မှာတော့ မျိုသိပ်ခဲ့ရသမျှသည် မီးတောင်ချော်ရည်တို့သဖွယ် ပွင့်အန်ကျလာသည်။ နောက်ဆုံးအခေါက် ဘရန်ဆိုင်း ထောင်က

ထွက်လာတော့ နောက်တစ်ခါ ဘိန်းမရှုတော့ပါဆိုသည့် ကတိကို လုထွယ် တောင်းခဲ့သည်။ ထိုကတိနှင့်ပင် အိမ်ထောင်ရေးစည်းကြိုးကို ချည်နှောင်မည် ဟုလည်း အတိအလင်း သတိပေးခဲ့ပြီးသား။ ဘရန်ဆိုင်းမှာ မကြာခဏ ထောင်ထဲ ဝင်နေရသူမို့ ရဲတွေက လည်း သူ့ကိုဆိုလျှင် သတိထားပြီး စောင့်ကြည့်ကြသည်။ သည်တော့လည်း ဘရန်ဆိုင်းမှာ လိမ္မာပါတော့မည်ဟု ကတိမပေးမဖြစ် ပေးရသည်။ သို့ပေမဲ့ ဘရန်ဆိုင်း၏ စိတ်မှာ ခွေးမြီးပမာတူလေသည်။ ခွေးမြီးကောက်မှာ ကျည်တောက်စွပ်သည့်ခဏတော့ငြိမ်သား။ခဏကြာတော့ဖွေပြန်ဖောက်သည်။

ဘိန်းရှုရန်အတွက် ဘရန်ဆိုင်းက သူ့နိုင်ငံသားမှတ်ပုံတင်ကို အခြား တစ်ယောက်ထံ ရောင်းလိုက်ပြီ ဆိုသည့် သတင်းကြားသည့် နေ့က လုထွယ်မှာ ဘရန်ဆိုင်းကို ထုထုပြီး ငိုမိသည်။ သွားပြီ... သွားပြီ။ သားကို အသိအမှတ်ပြု နိုင်ငံသားဖြစ်ဖို့အရေး အလှမ်းဝေးရပေတော့မည်။ ဖြစ်နိုင်လျှင် ဘရန်ဆိုင်းကို စိတ်လိုက်မာန်ပါ သတ်ပစ်လိုက်ချင်သည်အထိ စိတ်ဆိုးသည်။ မီးဖိုချောင်က ဓားကို လုထွယ် ဆွဲပြီး ရွယ်တော့ ဘရန်ဆိုင်းပင် အံ့သြပြီး ကြက်သေသေသွား ခဲ့သည်။

အဖြစ်မှာ လုထွယ်ကတော့ တရုတ်နိုင်ငံသားကတ်မရပါ။ ဘရန်ဆိုင်းက တော့ ငယ်မွေးဖြဲပေါက်မို့ နိုင်ငံသားအဖြစ်အသိအမှတ်ပြုခံထားရသည်။ သည် နယ်စပ်မှာ မှတ်ပုံတင်ရအောင် နည်းလမ်းပေါင်းစုံနှင့် လုပ်ကြသည်မို့ မှတ်ပုံတင် ဝယ်သည့် ဈေးကွက်ကလည်း သီးခြားရှိသည်။ မှတ်ပုံတင်ဟာ အလုပ်အကိုင် အတွက်သာမက သားကလေး၏ နောင်ရေးအတွက်ပါ အခရာကျပါသည်။ ဒါကို အဖေတစ်ယောက် အနေနှင့် နည်းနည်းမျှ ထည့်သွင်း မစဉ်းစားပေးခဲ့တာကို အသည်းနာမဆုံးလှပေ။ မမြင်ချင်လှသည့် ဘရန်ဆိုင်းမျက်နှာကို ဓွေပြီးတောင် မကြည့်ဖြစ်တော့။ လုထွယ် ပြတ်ပြတ်သားသား ဆုံးဖြတ်ချက်ချသည်။ သူ့ဘဝမှာ လင်ယောကျ်ား ရှိခြင်းနှင့် မရှိခြင်းက မကွာခြားတော့ပေ။

မှတ်ပုံတင် အရောင်းအဝယ်လုပ်သည့် ပွဲစားကို စုံစမ်းသည်။ ရောင်းပြီး သား မှတ်ပုံဟင်ကို ဈေးကြီးပေးပြီး ပြန်ဝယ်ခဲ့ရသည်။ သည့်နောက် အထုပ်အပိုး ပြင်သည်။ သားလက်ကို ဆွဲသည်။ ဒီတစ်သက် ပြန်မလာဘူး ဟူ၍ သေခန်းပြတ် စကားကို သွေးအေးအေးနှင့်ပင် ဘရန်ဆိုင်းကို ပြောပစ်ခဲ့သည်။ သည်တွင်းနက်မှာ ကျန်နေလိုက ကျန်နေရစ်စေတော့။ ဒါက သူ့သဘော။ လုထွယ်ကတော့ မထမ်းပိုး နိုင်တော့၊ ဆွဲမထူနိုင်တော့၊ မဖေးမနိုင်တော့ပေ။

သည်လိုနှင့် လုံးချွမ်းကို လက်ပြခဲ့သည်။ ငရဲတွင်းနှင့် ဝေးသည်ထက် ဝေးအောင် ပြေးခဲ့သည်။ တောင်ကိုပတ်၊ တောကို ဖြတ်၍ ဌာနေပြောင်းခဲ့သည်။ သားလေးကတော့ ဖြစ်ပျက်သမျှကို သေချာနားမလည်နိုင် သေးသော်လည်း အာဝါးနှင့်အနူးတို့ ရန်ဖြစ်ကြသည် ဆိုတာလောက်တော့ သူ ရိပ်မိပုံပေါ်သည်။ အသံတိတ်ရင်း သူ့အနူးမျက်နှာကို တစိမ့်စိမ့်ကြည့်လျက် လိုက်ပါလာခဲ့သည်။

မျက်ဆန်နက်လေး ပေါ်အောင် စိုးထိတ်စွာ သူ့ကို အကဲခတ်နေသော သား၏ မျက်ဝန်းများကို မြင်တော့ လုထွယ် စိတ်မကောင်းဖြစ်ရသည်။ သား ခန္ဓာကိုယ်လေးကို ပိုပြီးတင်းကျပ်စွာ ဖက်ထားမိသည်။ မျက်ရည်တသွင်သွင် ကျလျက်ကပင် "မကြောက်နဲ့နော်... အနူးတို့ မိုင်ဂျာယန် ရောက်တော့မယ်" ဟု အားပေးနေမိသည်။ တစ်ဆက်တည်းမှာပင် "ဒီးရာရယ်.. ငါ့ကို ကူညီပါ" ဟု တိုးတိုး ဖွဖွ တိုင်တည်လိုက်လေသည်။

(၄)

ကိုယ်တိုင် လက်နှင့်လုပ်သော ကောက်ညင်းမုန့်ဗန်းတွေကို စားပွဲပေါ်မှာ ခင်း လိုက်သည်။ အသားလုံးကင်များကိုလည်း စီတန်းထားပြီး မီးဖိုခပ်သေးသေး ဖိုထား သည်။ ဂျာဆိုင်းပန်က သည်ကနေ့ လုထွယ် ဆိုင်ဘက်ကို လာခဲ့မည်ဟု ကတိ ခံထားပေမယ့် ခုထက်ထိ သူ့အရိပ်အယောင်ကို မတွေ့ရသေး။

မိုင်ဂျာယန်ရောက်နေသည်မှာ အခုတော့ ဆယ်နှစ်ခန့်ရှိပြီ။ ဒီးရာသည် သူငယ်ချင်းကောင်းပီသစွာ လုထွယ်ကို တတ်အားသရွေ့ ကူညီစောင့်ရှောက်ပေး ခဲ့သည်။ ရောက်စက အသားမကျပေမယ့် မုန့်လုပ်ရောင်းတတ်သည့် အိမ်တွင်းမှု ပညာလေးပါလာတော့ မုန့်သည် ဖြစ်ခဲ့ရပြန်သည်။ နေ့အခါတွင် တိတ်ဆိတ် ခြောက်ကပ်သော မိုင်ဂျာယန်သည် ညဦးပိုင်းပျိုးလာတော့မှ လှုပ်ရှားသက်ဝင် လာတော့သည်။ လုထွယ်၏ မုန့်ဆိုင်လေးက ကာစီနိုရုံနားမှာမို့ ရုံထဲကို လာကြ သည့် ဧည့်သည်တွေ၊ အလုပ်လုပ်နေသည့်ဝန်ထမ်းတွေကြောင့် အထိုက်အလျောက် ရောင်းရသည်။ နောက်တော့ ဒီးရာ အကူအညီနှင့်ပင် ဝန်ထမ်းမိန်းကလေးတွေ အတွက် အလုကုန်များ အကြွေးယူစနစ်ဖြင့် ရောင်းဖြစ်ခဲ့သည်။

သည်က ရသည့် ဝင်ငွေဖြင့် တစ်ကိုယ်ရည်စာ ဖူလုံသလို အနူးကိုပင် ထောက်ပံ့ပေးနိုင်ခဲ့သည်။ လတ်တလောတွင် သားလေးအတွက်က ပူစရာ

သိပ်မလိုသေး။ သားက တရုတ်ပြည်မှာပဲ ကျောင်းနေသည်။ စစချင်းတုန်းကတော့ သားရဲ့ ကျောင်းစရိတ်အတွက် ခက်ရသေးသည်။ ကျောင်းအပ်ကြေးက ယွမ် နှစ်ထောင်တဲ့။ ချေးရငှားရ ချွေတာရ အောက်ကျို့ရနှင့်ပင် သည်ငွေနှစ်ထောင်ကို ရအောင် စုပေးခဲ့သည်။ တရုတ်အစိုးရကျောင်းကို ဝင်ခွင့်ရသွားတော့ စာအုပ်ဖိုး နှင့် မုန့်ဖိုးမှအပ သားအတွက် ကုန်စရာ မလိုတော့ပေ။ ကျောင်းက အဆောင်မှာပဲ နေစေသည်။ သောကြာနေ့ဆိုလျှင် နယ်စပ်ဂိတ်ကို ဖြတ်ပြီး လုထွယ် သွားကြို သည်။ တနင်္ဂနွေနေ့ညနေဆိုလျှင်တော့ ပြန်ပို့ပေ့ါ။

သောကြာည၊ စနေညဆိုလျှင် သားအမိနှစ်ယောက် တွတ်ထိုးကြပြီ။ သားက သူ့ကျောင်းက အကြောင်းတွေကို လုထွယ်ကို မမောနိုင်မပန်းနိုင် အစီရင် ခံသည်။ သူပြောတဲ့ အကြောင်းအရာတွေက ရိုးသည်၊ ထပ်သည် မရှိ။ သားကြောင့် ပင် လုထွယ်မှာ အမောပြေရလေသည်။ ဘရန်ဆိုင်းကိုပင် မေ့တော့တော့။ သူတို့က တွေ့ချင်တယ် ဆိုလျှင်တော့ ကျောင်းကို လာတွေ့ချင်တွေ့စေသည်၊ ခေါ်သွားမည် ဆိုလျှင်လည်း လုထွယ်ကို အကြောင်းကြားပြီးမှ ခေါ်စေသည်။ သူတို့မိသားစုကို မျက်နှာမမြင်ချင်၊ အကြည့်မရှေ့ချင်လောက်အောင် အော့နှလုံးနာနေပေမယ့် ကလေးနှင့် အဖေမိသားစုကိုတော့ အဆက်အသွယ် မပြတ်စေချင်ပေ။ သားမှာ နောင်ရေး ရှိသေးတယ်လေ။

သည်ကာစီနိုရုံနားမှာ ဈေးလာရောင်းတော့မှ မီးရောင်အောက်က ပိုးဖလံလို ဘဝများကို အနီးကပ်မြင်တွေ့ခွင့် ရတော့သည်။ လုထွယ်မှာ သားမဟုတ် ဘဲ သမီးဖြစ်ခဲ့လျှင်၊ သည်လိုပဲ ဘဝအခြေမလှဘဲ ငယ်ငယ်ရွယ်ရွယ်နှင့် ငွေရှာရန် အကြောင်းဖန်လာခဲ့လျှင် လုထွယ်၏ သမီးသည်လည်း ထိုပိုးဖလံများထဲက တစ်ကောင် ဖြစ်ချင် ဖြစ်သွားနိုင်သည်။ သားဆိုတော့ကော ဘာထူးလဲ။ သူ့ အဖေ ခြေရာကို နင်းပြီး မူးယစ်ဆေးကျွန် ဖြစ်မှာလား၊ ဖဲဝိုင်းမှာပဲ အချိန်ကုန်မယ့် လောင်းကစား ကျေးကျွန်ဖြစ်မှာလားဟု တွေးပြီး ပူရသည်။ လောလောဆယ် တော့ သားက လိမ္မာသူ၊ ကြိုးစားသူ ဖြစ်လို့သာ တော်တော့သည်။

သားနှင့်ယှဉ်ကြည့်တော့ ဂျာဆိုင်းပန်ကိုလည်း ကရုဏာသက်မိပါ သည်။ သည်ကလေးမ ရှိလှ ၁၈ နှစ်လောက်သာ ရှိဦးမည်။ မိခင်တစ်ဦးတည်း ပျိုးထောင်ရသူပေမယ့် သားကတော့ လုံခြုံမှုရှိသေးသည်။ ဆိုင်းပန်ကတော့...။

ဆိုင်းပန်ရဲ့ မိဘတွေက စစ်ဘေးရှောင် စခန်းမှာတဲ့။ စစ်မီးပွားများ အကြောင်း စကားစမိကြလျှင် ဆိုင်းပန် မျက်ရည်စို့ချင်ချင်။ သူ နောက်ကြောင်း

မပြန်ချင်၊ ထို့အတူ ရှေ့ဆက်ပြီးလည်း မကြားချင်။ ဘဝက ပိုးကိုက်ပန်းလေးလို ဒဏ်ရာနှင့် ဖြစ်ပေမယ့် ရည်မှန်းချက်တော့ ကြီးရှာသည်။ အရွယ်နှင့် မလိုက် အောင် ငွေရှာရသူဖြစ်လေတော့ နုနုငယ်ငယ် မိန်းကလေးတစ်ယောက်အဖို့ မာယာများသော တောနက်မှာ ခွေးအ များစွာ အဝိုင်းခံထားရသည်နှင့် တူသည်။ သူ့ကျောဘက်မှာ ဟင်းလင်းပြင်ဖြစ်သလောက် မျက်နှာမူရာဘက်မှာတော့ အကာအရံ များလေသည်။

"အလုပ်ထဲမှာ အိပ်မငိုက်ရဘူး၊ အိပ်ငိုက်ရင်လည်း လစာဖြတ်တယ်၊ မတရားစည်းကမ်းပေါ့၊ အိပ်မငိုက်ရဘူး၊ အလုပ်ချိန်နောက်ကျရင် မိနစ်လိုက် လစာဖြတ်တယ်၊ ဖဲဝေမှားတာ ဖဲဆွဲမှားတာ ငွေလျော်မှားတာတွေဆိုရင် အဆင့် ဆင့်ဖြတ်တယ်၊ အဲ့လိုအဖြတ်ခံရတဲ့ ပိုက်ဆံတွေကို တစ်နေ့စာတစ်နေ့ ချလန်နဲ့ လာပေးတယ်၊ မန်နေဂျာက ချလန်ထုတ်ပေးတယ်.. စောင့်ကြည့်တာက CCTV တွေ နဲ့ စောင့်ကြည့်နေတာ၊ လုံးဝမှားလို့ မရဘူး၊ ဖဲဝေတဲ့ လူတွေဆိုရင် စည်းကမ်း ပိုများတယ်၊ ဆံပင်ဆေး မဆိုးရဘူး ဘာမလုပ်ရဘူး ညာမလုပ်ရဘူးနဲ့ အများ ကြီးပဲ၊ တစ်ခုခုမှားရင် လစာက ဖြတ်ပြီးသားပဲ၊ နားလည်ပေးတယ် ဆိုတာ မရှိဘူး၊ အဖြတ်မခံရတဲ့လ မရှိဘူး"

ဆိုင်းပန်က ကာစီနိုမှာ ခြောက်လ သေချာသင်တန်း အပေးခံရပြီး ဗွီအိုင်ပီဟုခေါ်သည့် အထူးဧည့်သည်ဝိုင်းကို ကိုင်ရသည့် ဖဲဝေတစ်ယောက် ဖြစ် သည်။ လစာမဆိုးလှပေမယ့် တစ်လတစ်လ အဖြတ်ခံရတဲ့ ပမာဏကလည်း မနည်းလှ။ သူဘယ်လို လစာအဖြတ်ခံရကြောင်း ရင်လာဖွင့်တိုင်း သူ့အစား မောလှ သည်။ ကြမ်းပိုးလောကဟာ သည်လိုပဲ လှည့်ပတ်ပွေလီကာ လစ်လျှင် လစ်သလို ကုပ်သွေးစုပ်နေကြတာများလား။ ဆိုင်းပန်အတွက် စိတ်အညစ်ရဆုံးက ဧည့်သည် သူဌေးများနှင့် ပရောပရည်နေဖို့ရာ၊ ညအိပ်လိုက်ဖို့ရာ မန်နေဂျာက ဆွယ်တရား ဟောတာကို ခံရတဲ့ အချိန်တဲ့။ သူ့ခမျာမှာ စိတ်မပါပေမယ့် သူဌေးများနှင့် လိုက်လိုက်လျောလျော ဆက်ဆံပေးပြီး လွတ်မြောက်ရာလမ်းကြောင်းကို ရှာဖွေ ရှာသည်။

"ကွမ်တုံမှာ ဖုန်းလုပ်ဖို့ လိုအပ်တဲ့ပစ္စည်းတွေ ထုတ်တဲ့ စက်ရုံရှိတယ်တဲ့ အစ်မ...အဲ့မှာလုပ်ရင် တစ်လ ယွမ် ၅၀၀၀ ရတယ်တဲ့...ကျွန်မတစ်ယောက်တည်း သွားရမှာ မရဲလို့ အစ်မကို အဖော်ခေါ်တာ..."

သူဌေးတစ်ယောက်ဆီကနေ ကြားလာရသည့် သတင်းကို ဆိုင်းပန်က လက်ဆင့်ကမ်းသည်။ တစ်လ ယွမ် ၅၀၀၀ ဆိုတဲ့ ပမာဏကတော့ မက်လောက်စရာ ပါပဲ။ အလုပ်အကြောင်း သေသေချာချာမေးတော့ ဆိုင်းပန်ဆီကနေ "စက်ရုံ အလုပ်ပဲလေ... စက်ရုံထဲမှာပဲ နေ၊ စက်ရုံထဲမှာပဲ စား၊ အဲဒီမှာပဲ အလုပ်လုပ်ရမှာပေါ့" ဆိုသည့် မရေမရာစကားကို ကြားရသည်။ အစ စိတ်မပါပေမယ့် ယွမ် ၅၀၀၀ အကြောင်း ထပ်တလဲလဲ ကြားရဖန်များတော့ မီးအပူဟပ်သည့် ဖယောင်းလို လုထွယ်၏ တင်းခံထားသော စိတ်ခေတ်တို့ ပျော့ဆင်းလာခဲ့သည်။ ယွမ် ၅၀၀၀ ရယ်၊ သားမျက်နှာရယ်၊ သားရှေ့ရေးရယ်က လုထွယ်ကို ပန်းလျှအောင် တစ်ဖက် ဆီကနေ လွန်ဆွဲနေကြလေသည်။

ပုံမှန်ဆိုလျှင် မုန့်ရောင်းတာအပြင် မြန်မာပြည်ဘက်ကနေ မှာထားသည့် အလှကုန်ပစ္စည်း တိုလီထွာလီလေးတွေကို ကာစီနိုရုံထဲက ဝန်ထမ်း မိန်းကလေး တွေကို လပေးအကြွေးစနစ်နှင့် သွားရောင်းသည်။ မိန်းကလေးတွေ လဆန်း (၇) ရက်နေ့လောက်ဆိုလျှင် လစာထုတ်ကြပြီ။ လစာထုတ်ရက်မတိုင်မီ အလှပြင် ပစ္စည်းတွေကို မိန်းကလေးတွေရဲ့ နားနေဆောင်ထဲကို ယူသွားလျှင် ဝိုင်းအုံလာပြီး တစ်ယောက်တစ်မျိုး အားပေးကြသည်။ လစာထုတ်တဲ့ အပတ် မှာတော့ အကြွေးပြန်တောင်းပေါ့။ ဆိုင်ဖွင့်ရောင်းရလောက်အောင်လည်း ပစ္စည်း မများတဲ့အပြင်၊ အခုလို အဆောင်ထဲထိ ဝင်ရောင်းတော့ တစ်ယောက်စ နှစ်ယောက်စ ကြည့်ရာကနေ လူအုံလာပြီး အားပေးကြလို့ အကုန်မြန်ပါသည်။ လုထွယ်ကို မြင်လျှင်ကို ကလေးမလေးတွေက ဘာပစ္စည်းများ အသစ်အဆန်း ပါလာသလဲ ဆိုပြီး စပ်စု လာကြသည်။ လုထွယ်ကလည်း မိုင်ဂျာယန်က စတိုးဆိုင်ကြီးတွေမှာ ရောင်းသည့် ဈေးထက် ချိုသည်၊ ပစ္စည်းသင့်ရာလေးတွေ ယူရောင်းသည်။ ဖောက်သည်တွေကလည်း တရုတ်ဖြစ် အလှကုန်ထက် မြန်မာပြည်ကပစ္စည်းကို ပိုသဘောကျကြသည်။ သည်တော့ လုထွယ် အပိုဝင်ငွေရသည်ပဲ။

ဘယ်သူက ဘယ်လို သွားချွန်လိုက်တယ်မသိ။ ခါတိုင်း နားနေဆောင် လုံခြုံရေးကို မျက်နှာချိုသွေးပြီး အဆောင်ထဲသို့ ဝင်ခွင့်ရပေမယ့် နောက်ပိုင်း မရတော့။ လုံခြုံရေး၏ တင်းမာသော မျက်နှာထားမှာ လုထွယ် ဘယ်လောက်ပဲ မျက်နှာအောက်ကျို့ပြောပါစေ၊ အကြောမလျှော့တော့ချေ။ အပ်တစ်ထောက် စာမျှ ယိုကျလာမည့် ရေကိုပင် မသထာကြသူများ ဖြစ်သည်။ သူတို့အဖို့ကလည်း

သည်မိန်းကလေးတွေရဲ့ လုံခြုံရေး၊ အထူးသဖြင့် ဗွီအိုင်ပီညှော်သည်ပိုင်းကို ကိုင်ရသည့် မိန်းကလေးတွေရဲ့ လုံခြုံရေးကို အသက်နှင့်ထပ်တူ ပြုထားရပုံပေါ်လေသည်။

တစ်လကနေ နှစ်လ၊ နှစ်လကနေ သုံးလ၊ သည့်နောက် လေး၊ ငါးလ ကြာအောင် အခြေအနေက မပြောင်းလဲတော့ လုထွယ် စိတ်ပျက်လာသည်။ ပစ္စည်းလိုချင်လျှင် အိမ်မှာပဲ လာဝယ်ကြရန် ဆိုင်းပန်ကနေတဆင့် ကြော်ငြာခိုင်းရသည်။ သို့ပေမဲ့ အရင်လို ဟုတ်ဟုတ်ငြားငြား မရောင်းရချေ။ ရရန်ရှိတဲ့ အကြွေးကိုလည်း ဆိုင်းပန်ကနေတစ်ဆင့်သာ တောင်းခိုင်းရသည်။

ဆိုင်းပန်တစ်ယောက်ကတော့ လုထွယ်အပေါ် အတော်လေး သိတတ်သည်။ အားကိုးပုံလည်း ရသည်။ နယ်စပ်လိုဒေသမှာ တစ်ယောက်တည်းနေသော မိန်းမသားအဖို့ ဝါးအစည်းပြေသလို တစ်ကိုယ်တည်းနေဖို့ရာ မလုံခြုံပါပေ။ အလုပ်ထဲက သက်တူရွယ်တူ မိန်းကလေးတွေထက် ဆိုင်းပန်ကတော့ လုထွယ်ကို ပိုပြီး ယုံကြည်ဟန်ရှိသည်။

လုထွယ်ရဲ့ အခြေအနေကို သိနေတော့ ဆိုင်းပန်က တစ်လောက ထပ်ပြောပြန်သည်။

"အစ်မ လိုက်မယ်ဆိုရင် ရှေ့လလောက်ကျရင် ကျွန်မတို့ ခရီးထွက်ရမယ်တဲ့... ကျွန်မတို့ချည်း မဟုတ်ပါဘူး... မိန်းကလေး၊ ယောကျ်ားလေး စုစုပေါင်း အယောက် ၂၀ လောက်ရှိတယ် ပြောတာပဲ.. ဗမာပြည်ဘက် (မြန်မာပြည်မြေပြန့်ကို ဆိုလို)က လူတွေလည်း ပါတယ်တဲ့... ကျွန်မကတော့ အစ်မပါမှပဲ သွားချင်တာ.. ကိုယ့်ဘာသာ သွားလည်း ရပေမယ့်... လစာကလည်း မက်လောက်စရာ ဆိုတော့ အစ်မကို လိုက်စေချင်တာ"

ယွမ် ၅၀၀၀ သည် သာယာသော တေးသံ ဖြစ်လာသည်။ ဆည်းလည်းလှုပ်ခတ်သံလို တချွင်ချွင်နှင့် လုထွယ်ကို မြည်သံပေးလေသည်။ စားလည်း ယွမ် ၅၀၀၀၊ အိပ်လည်း ယွမ် ၅၀၀၀၊ မှန့်လုပ်နေရင်းလည်း ယွမ် ၅၀၀၀ ကိုသာ မျက်စိထဲ တဝဲလည်လည်မြင်မိသည်။

"ယွမ် ၅၀၀၀ ရကော ရပ့်ါမလား"

လုထွယ်က သံသယရှိတော့ ဆိုင်းပန်က တယ်လီဖုန်းတွေ ဒီလောက်ထုတ်နေရတာပဲ၊ လစာလည်း ကောင်းမှာပေ့ါတဲ့။ အဆုံးသတ်မှာတော့ မျက်စိမှိတ်ပြီး ရွေးချယ်လိုက်သည်။ လိုက်မည်။ တရုတ်ပြည် သွားမည်။ ဖုန်းစက်ရုံမှာ အလုပ်သွားလုပ်မည်။ တစ်လ ယွမ် ၅၀၀၀ ယူမည်။ သား.... သားနှင့်တော့ ခဏခွဲပြီး နေရမည်။

လုထွယ် မီးစိမ်းပြတော့ ဆိုင်းပန်က ပျော်ရှာသည်။ သည်လိုနှင့် သူတို့ အစီအစဉ်ဆွဲကြသည်မှာ သွားရမည့်ရက်ပင် တဖြည်းဖြည်း နီးကပ်လာလေပြီ။ သည်အပတ်က သားနှင့်တွေ့ရမည့် နောက်ဆုံးအပတ် ဖြစ်သည်။ သားရဲ့ တစ်ခုတည်းသော အရိပ်က ဖယ်ခွာဦးမည် ဖြစ်တဲ့အကြောင်း ဘယ်လိုများ ပြောပြရက်ပါ့မလဲ။ လုထွယ်၏ အပြုံးတို့ လျော့ရဲသလောက် ဆိုင်းပန်ကတော့ တက်ကြွနေ၏။

လုပ်မယ့်လုပ်တော့လည်း ကိစ္စကို ဂဃနဏ ရှိစေချင်သည်။ ဆိုင်းပန်က အငယ်ဆိုပေမယ့် သည်အရေးမှာ လုထွယ်က သူ့ကို အားကိုးနေရသူပါ။ မကြာသော ရက်ပိုင်းအတွင်း ဤမြေဌာနကို စွန့်ခွာရတော့မည့်အကြောင်း သေချာသည်ထက် သေချာလာသည်။ ဂျာဆိုင်းပန်ကတော့ တိကျသည့် လမ်းကြောင်းကို သည်နေ့ လာပြောမှာပါ။

တကယ်လည်း ဆိုင်းပန်က စိတ်အားထက်ထက်သန်သန် လာပြောတော့ လုထွယ်မှာ ခပ်အေးအေးသာ နားထောင်နေမိသည်။ စိတ်ကလည်း လေး၊ လူပုံကလည်း အေးနေပေမယ့် လုထွယ် ခေါင်းထဲမှာတော့ တွေးစရာတွေ တစ်ပုံတစ်ခေါင်းကြီး။

"ခရီးကတော့ ရှည်တယ်တဲ့အစ်မ... ကျန်းဖုန်းအထိတော့ ဒီကနယ်စပ်ကူး ယာယီလက်မှတ်နဲ့ ဖြတ်မယ်တဲ့.. ကျန်းဖုန်းကနေ ကွမ်းတုံကို အောက်လမ်းကနေ သွားရမယ်.. . အဲဒါ တောလမ်းခရီးမို့ နည်းနည်းကြမ်းတယ်တဲ့... ကွမ်းတုံကနေတစ်ဆင့် ပိုင်းတီးကို ဆက်သွားရမယ်တဲ့... ပိုင်းတီးကို ရောက်ဖို့တောင် ရက်က အတော်ကြာဦးမှာ.."

"ပိုင်းတီးဆိုတာ ဘယ်နားကလဲ.. ပြန်ပြောပါဦး ဆိုင်းပန်"

"ဗီယက်နမ်နယ်စပ်လို့ ပြောတယ် အစ်မ... ခရီးစရိတ်က တစ်လောက ပြောထားသလို အောက်လမ်းက သွားတာမို့ ယွမ် ၁၀၀၀ လောက် ကုန်မယ်တဲ့.. အစ်မ အသင့်ဖြစ်ပြီလား"

လုထွယ်သည် သူ့ရင်ထဲမှာ အပူမှန်သမျှ ဘာမှမကျန်ရစ်လေအောင် အကုန်အစင် နှင်ထုတ်လိုက်သလို သက်ပြင်းပူကို မှုတ်ထုတ်လိုက်လေသည်။ ယွမ် ၅၀၀၀ ရဖို့အရေး ခရီးစရိတ် ယွမ် ၁၀၀၀ အလျှင်ကုန်နှင့်ရဦးမည်။ အေးလေ.. ရွှေအိုးကြီးအတွက် ရွှေအိုးလေး ရင်းရမည်ပဲ။

ဆိုင်းပန်က သူပြောချင်တာ ပြောပြီးနောက်.. "အစ်မ အသင့်ပြင်ထားလိုက်နော်... နောက်တစ်ပတ်ထဲ သွားရမှာ သေချာတယ်.. ရက်အတိအကျ ထပ်လာပြောမယ်" ဟု မှာသွားပြီးနောက် ကြည်ကြည်လင်လင် ပြန်သွားသည်။ ငိုင်ပြီး ကျန်ရစ်ရသူက လုထွယ်။

သွားမည်ဟု ဆုံးဖြတ်ထားပြီးကာမှ တကယ်တမ်း သွားရဖို့ ရက်နီးလာတော့ တွေဝေလာမိပြန်သည်။ သား... သား...။ ဒါကိုသာ လုထွယ် တဖွဖွတ မိသည်။ ရေအလျင်ကို မည့်သည့်ကျောက်စီးနှင့် ပိုင်းဖြတ်လို့ ရမတဲ့လဲ။ သည်ညတော့ သားကို အချိန်ပေးပြီး ပြောပြ ရှင်းပြရပေဦးမည်။ အမိရင်ခွင်ထဲမှာ သားလေးကို ထည့်ပြီး သိပ်ခွင့်ရတာ သည်တစ်ကြိမ်က နောက်ဆုံး ဖြစ်လေမလား။

အတွေးကြောင့် လုထွယ် ရင်ဘတ်တစ်ခုလုံး ကျဉ်သွားသည်။ ကျလုကျခင် မျက်ရည်ကို သိမ်းသည်။ နှုတ်ခမ်းကို ကိုက်သည်။ မျက်နှာကို တည်သည်။ ထို့နောက် မုန့်လာဝယ်သူအတွက် မုန့်တွေကို လက်က ဖယ်ဆက်သလို ခပ်မြန်မြန်ကောက်ထည့်ပေးလိုက်သည်။

ခဏအကြာတွင် နေရောင်ခြည်သည် အနောက်ဘက်သို့ တဖြည်းဖြည်းဒီဂရီစောင်းလာသည်။ နေ့လယ်နေအပူချိန်မှာလည်း လျော့ကျလာသည်။ သားကိုသွားကြိုရမည့်အချိန် ရောက်လာပြီပေါ့။ လုထွယ်သည် သူ့ကို ကူညီနေကျ ဆိုင်နီးနားချင်းထံတွင် ဆိုင်ကို ခဏအပ်ခဲ့သည်။ ပြီးနောက် မိုင်ဂျာယန်နယ်စပ်ဖြတ်ကျော်ဂိတ်ဘက်သို့ ထွက်လာခဲ့သည်။

သူ့ခြေလှမ်းများကို စိတ်မှတ်နှင့် ရေတွက်သည်။ တစ်လှမ်း၊ နှစ်လှမ်း၊ သုံးလှမ်း။

နယ်စပ်ဖြတ်ကျော်ပြီးလျှင် ဟိုမှာဘက် ပြည်တွင် လူစုပြီး တင်သောပုံမှန်စီးနေကျ ခရီးသည်တင်ကားနှင့် သားဆီသို့ သွားရလိမ့်မည်။ သည်ဂိတ်ကနေ သားဆီသို့ သူ ထွက်လာခဲ့ရသည်။ သည်ဂိတ်ကပင်လျှင် သားနှင့် ဝေးရာသို့ ထွက်သွားရလိမ့်ဦးမည်။ အရင်ကဆိုလျှင် သားဟု တလိုက်မိရုံနှင့် နှုတ်ခမ်းတွင် အပြုံးရိပ်က ခိုတွဲနှင့်ပြီး ဖြစ်သည်။ အခုများတော့ သားဟု တ လိုက်မိရာတွင် နှုတ်ခမ်းက ပြုံးမိသလောက် မျက်ဝန်းမှာ အရည်ကြည်တွေ လှဲ့လို့ပါပဲ။

(မတ်လ၊ ၂၀၁၉)

✿

# အခန်းထောင့်က ကြည်ပြာရောင်စာအုပ်

ကလေးမလေးရဲ့ ဂနာမငြိမ်တဲ့ သွင်ပြင်က အချိန်ဆယ့်တစ်နာရီအတွင်းမှာ ပိုပြီးသိသာလာတယ်။ လွန်ခဲ့တဲ့ မိနစ်နှစ်ဆယ်အတွင်းမှာတင် ရေထသောက်တာလေးခါရှိနေပြီ။ အခုတော့ ပြတင်းတံခါးမှာ တွဲလွဲခိုနေတဲ့ ခန်းဆီးအစပေါ်က ပြောက်တိပြောက်ကြား နီးစွေးစွေးပန်းပွင့်သေးသေးလေးတွေကိုသူ့လက်ညှိုးနဲ့ လက်မအားကို အသုံးပြုဖိပြီး ပွတ်ခြေနေပြန်တယ်။ တကယ့် ပန်းပွင့်လေး ဆိုရင်တော့ သူ့လက်ဖျားမှာတင် နွမ်းရိကြေမွတွန့်လိမ်ပြီး သွေးစိမ်းရှင်ရှင် ထွက်ရှာမှာ။

ရေသောက်ဦးမှပဲဆိုပြီး မီးဖိုချောင်ဘက်ကို ငါးကြိမ်မြောက် လျှောက်လာတော့ ညှော်ခန်းကို အဖြတ်မှာ အခန်းရဲ့ ထောင့်ဘက်ဆီကို သူ့မျက်လုံးအိမ်က မရည်ရွယ်ပါဘဲ ရွေ့နှင့်မိပြန်တယ်။ အသိစိတ်ကပ်ကပ်ချင်း သူ့ကိုယ်သူ စိတ်ပျက်လက်ပျက်နဲ့ "ကျွတ်" ခနဲ စုတ်သပ်ပြီး မျက်နှာလွှဲဖို့ကြံပေမယ့် လက်တွေ့မှာတော့ အထမမြောက်ခဲ့ဘူး။ အမှတ်တမဲ့ သဘောလိုလိုနဲ့ ကလေးမလေးဟာ အချိန်တစ်ခဏအတွင်းမှာပဲ အခန်းထောင့်ကို စေ့စေ့စပ်စပ် သေချာကြည့်လိုက်မိတယ်။

သူ ထင်ထားတဲ့အတိုင်းပဲ။ စာအုပ်လေးဟာ သူ ပစ်ချထားခဲ့တုန်းကလို ဖရိုဖရဲ တစောင်းအနေအထားနဲ့ ပုံပုံလေး လဲနေရှာတယ်။ အနားမှာရှိတဲ့ စားပွဲပေါ်မှာ တောင် မဟုတ်ဘူး။ စားပွဲအောက်ခြေမှာ ကောက်သူ ကြင်သူမဲ့ သူ့ဟာသူ ခွေခွေ လေး ရှိနေရှာတာရယ်။ အကြောင်းမသိရင် သည်စာအုပ်လေးဟာ နာနာကြည်း ကြည်း ပစ်ပေါက်လွှင့်ပစ်ခံခဲ့ရတာမျိုးလိုလိုပေါ့။ ပစ်ပေါက်ခဲ့မိတာ မှန်ပေမယ့် နာကြည်းတဲ့ စိတ်ခံစားချက်ကြောင့်ရယ်လို့တော့ မဟုတ်ဘူး။ စိတ်ပျက်သွား မိတာတော့ အမှန်ပဲ။

ဒါပေမဲ့ ကလေးမလေးဟာ ရုတ်တရက်တော့ စိတ်မကောင်း ဖြစ်သွား တယ်။ ကြည်ပြာရောင် အောက်ခံပေါ်က နှာခေါင်းနီနီ၊ ပါးနီနီနဲ့ ပြုံးဖြဖြရှိနေတဲ့ ဂျိုကာမျက်နှာနဲ့ စာအုပ်မျက်နှာဖုံးလေးကို တွေ့တွေ့ချင်းတုန်းက သည်စာအုပ် အပေါ် အရူးအမူး ခုံမင်ခဲ့ဖူးတဲ့ စိတ်အလျဉ်ဟာ အခုနေခါမှာ ပြက်ပြက်ထင်ထင် မရှိတော့ပြန်ဘူး။ ရေငွေ့ရိုက်ထားတဲ့ မှန်မျက်နှာပြင်လိုပဲ ဝေဝေဝါးဝါးရယ်။ အဲဒီ မှန်မျက်နှာပြင် ကြည်လင်သွားအောင် ကလေးမလေးရဲ့ လက်ဖဝါးနုနုလေး နဲ့ သပ်ချလိုက်ရင်တော့ ရကောင်းရမှာပေ့ါ။ ဒါပေမဲ့ လက်ကို မ လိုက်ဖို့ရယ်၊ မ လိုက်တဲ့ လက်ကို မှန်မျက်နှာပြင်ဆီကို ရွှေ့လိုက်ဖို့ရယ်၊ မှန်ပေါ်မှာ လက်ချောင်း လေးတွေ တင်လိုက်ဖို့ရယ်၊ နောက်ဆုံး ဖြည်းဖြည်းညင်းညင်း သပ်ချလိုက်ဖို့ရယ် ဒီလို များမြောင်လှတဲ့ သေးငယ်သော အဆင့်တစ်ဆင့်ချင်းဆီကို ကျော်ဖြတ်နိုင် ဖို့ရာ လွယ်မယောင်နဲ့ ခက်လှတယ်။ ဖြစ်စဉ်တစ်ခုလုံး ပြီးမြောက်အောင်မြင်ဖို့ တစ်ဆင့်ချင်းစီအတွက် ရည်သန်တဲ့ "စိတ်"ကလေးနဲ့ အားထုတ်မှုတွေ ဆင့်ကဲ လိုအပ်လေတော့အသေးစိတ်စဉ်စားကြည့်လေ မောစရာကောင်းလေပဲ။ မနေ့ညက သူ ပစ်ပေါက်လိုက်တဲ့ ကြည်ပြာရောင် စာအုပ်လေးအပေါ် အရင်လို ပြန်ပြီး ကြည်ကြည်လင်လင် နှစ်လိုစိတ်ဖြစ်လာဖို့အတွက်ရာ ကလေးမလေးရဲ့ ပြန့်ကျဲ လွင့်မျောနေတဲ့ အာရုံတွေကို စုစည်းပြီး လှုပ်နှိုးဖို့ လိုတယ်လေ။ အဲဒါဟာ လေထဲ က မြူမှုန်တွေကို လိုက်ဖမ်းရတာထက်တောင် ခက်ဦးမယ် ထင်ပါရဲ့။

သူ ဘာလို့ စာအုပ်တွေ ဖတ်ခဲ့တာလဲလို့ ကလေးမလေးက စဉ်းစားပြန် တယ်။ ဘာကိုမှ ဆုပ်ကိုင်လို့ မရအောင် မျောလွင့်နေတဲ့ သူ့ဘဝလေဟာနယ်ထဲ မှာ တစ်ခုခုထဲမှာ နစ်မြုပ် အနည်ထိုင်ချင်ရုံသက်သက်ပါပဲ။ စိတ်အားနေတဲ့ အခိုက်အတန့်မှာ စာအုပ်တွေနဲ့ သူ့ဝေဒနာကို ဖြေသိမ့်ချင်ခဲ့မိတယ်။ ဖြစ်လာ တာကကျတော့ ပြောင်းပြန်။ စာအုပ်တွေကပဲ သူ့ကို ဝေဒနာထပ်ပေးခဲ့ပြန်တာကိုး။

ကလေးမလေး ဖတ်ခဲ့တဲ့ စာအုပ်တွေ အတော်များခဲ့ပြီ။ ဒါပေမဲ့ တစ်အုပ်ကိုမှ ဆုံးခန်းတိုင်အောင်အထိ မဖတ်ဖြစ်ခဲ့ဘူး။ တချို့စာအုပ်တွေကို ဖတ်ရင်းနဲ့ ပျင်းရိငြီးငွေ့လာလို့၊ တစ်ချို့ကျတော့ နားမလည်တော့လို့၊ တချို့ကျတော့ ဝမ်းနည်းနာကျင်ရလွန်းလို့၊ တချို့ကျတော့ အယူအဆ မတူညီတဲ့အခါ ဆက်ဖတ်ဖို့ကို ဘယ်လိုမှ သည်းညည်းမခံနိုင်တော့လို့၊ အဲလိုပဲ ကြောက်လို့ ဆက်မဖတ် ဖြစ်တော့တဲ့ စာအုပ်တွေ ရှိသလို သူဖတ်ဖို့ မထိုက်တန်ဘူးရယ်လို့ ခံစားမိလို့ လွှတ်ချထားခဲ့တဲ့ စာအုပ်တချို့လည်း ရှိခဲ့ဖူးတယ်။

ကြာလာတော့ စာအုပ်တွေနဲ့အတူ မျောပါခဲ့ရတဲ့ ဇာတ်လမ်းတွေကို စာအုပ်နာမည်တွေနဲ့ တွဲပြီး တိတိပပ ရေရေရာရာ မမှတ်မိတော့ဘူး။ သူ သိပ်ပြီး ခုံမင်လွန်းလို့ မှတ်သားထားခဲ့မိတဲ့ စာကြောင်းအချို့ကလည်း အချိန်ကာလ တိုက်စားသွားတဲ့အခါ ကလေးမလေးရဲ့ ကြီးရင့်လာတဲ့ အသက်အရွယ်ကြောင့် ဖြစ်ဖြစ်၊ သူ ရှင်သန်နေထိုင်ရတဲ့ ဝန်းကျင်အပြောင်းအလဲနဲ့ ခေတ်ရေစီးအပြောင်း အလဲကြောင့်ပဲဖြစ်ဖြစ် တရှိုက်ရှိုက်မက်မက် ပြန်ပြီး ခံစားချင်စရာ မကောင်း တော့ဘူး။ ပြီးတော့ စာအုပ်တွေ ဖတ်လာတာ များလာတော့လည်း ဇာတ်လမ်း တွေကို ခန့်မှန်းမိလာပြီ။ ဇာတ်ဘယ်လို ဖွင့်မယ်၊ ဘယ်လိုမြှင့်မယ်၊ စာဖတ်သူကို ဘယ်လို ဆွဲခေါ်မယ် ဆိုတာ နောက်ခံအကြောင်းအရာချင်းသာ မတူရင်ရှိမယ်၊ ဖွဲ့စည်းပုံက အတူတူပဲ။ စာအုပ်ဟာ စာအုပ်ဖြစ်နေတာကိုး။

တစ်ခါတလေမှာ စာအုပ်ဖတ်ပြီး သူ ဘယ်လို ခံစားရတယ်ဆိုတဲ့ အကြောင်းကို ကလေးမလေးဟာ စာအုပ်ကို တိုင်တည်ပြီး ပြောပြချင်လာတယ်။ ဒါပေမဲ့ စာအုပ်တွေမှာ ကြားနာနိုင်စွမ်း မရှိကြဘူး။ သူတို့ဟာ တစ်ဖက်သတ် ပြောဆိုကြသူတွေပဲ။စာအုပ်တွေဟာစာဖတ်သူတွေရဲ့ဘဝတစ်စိတ်တစ်ဒေသကို ရည်ညွှန်းဖော်ဆိုကြရုံပဲ။ တစ်စိတ်တစ်ပိုင်း ဆိုကတည်းက အားလုံးရဲ့ တစ်ဘဝလုံး ကိုမှ မဟုတ်တာပဲဆိုတာ ရှင်းနေတာပဲလေ။ ဒီလိုဆို စာဖတ်သူတွေဟာ အပြုခံ သက်သက်ပဲလား။ စာဖတ်သူတွေဟာ ဖွင့်ဟာစရာ၊ ပွင့်ချလိုက်စရာ မဟုတ်ဘဲ နာကြား ခံယူသူ သက်သက်ပဲလား။ ဒီအနေအထားဟာ ဘယ်တော့ ပြောင်းလဲ မှာလဲ။ ဘယ်တော့မှကို မပြောင်းလဲတော့ဘူးပဲလား။ စာအုပ်တွေကတော့ သူတို့ ကို ဖတ်ပါရယ်လို့ ဖိတ်ခေါ်နေတာမျိုး မရှိပါဘူး။ ရွေးချယ်နိုင်ခွင့် ဆိုတဲ့အခါမှာတော့ စာဖတ်သူက အသာစီးပေါ့လေ။ ဒါပေမဲ့ ဒီရွေးချယ်ခွင့်ပါဝါကို ရရှိထားသူ သာလျှင် အဆုံးမှာ ဝေဒနာ ကျန်ရစ်ခဲ့တာပါပဲ။

မနေ့ညက ပစ်ပေါက်လိုက်တဲ့ ကြည်ပြာရောင်စာအုပ်လေး မတိုင်မီမှာ "မိုင်ပေါင်းများစွာ" ဆိုတဲ့ စာအုပ်ကို ဖတ်ခဲ့သေးတယ်။ ဘယ်စာအုပ်ကိုမှ ရှည်ရှည်ကြာကြာ မဖတ်ခဲ့ပေမယ့် အဲဒီစာအုပ်ကိုတော့ ဆုံးခန်းတိုင်အောင် ဖတ်ကြည့်မယ်လို့ ကြိုးစားခဲ့ဖူးတယ်။ ဘယ်လောက်ထိတောင် ကြိုးစားခဲ့လဲဆိုရင် တစ်နေ့တစ်မျက်နှာနှုန်းနဲ့ ဖတ်လာလိုက်တာ စာမျက်နှာ (၁၁၂၅) ရောက်တဲ့အထိပဲ။ စာအုပ်တွေရဲ့ အထာအတိုင်း စစချင်းမှာတော့ ရင်ခုန်စိတ်လှုပ်ရှားဖွယ်တွေနဲ့ ပြည့်နှက်နေတာပဲ။ "ဘာလဲ" "ဘယ်လိုလဲ" ဆိုတာတွေနဲ့ စိတ်ဝိညာဉ်လေးကို ဖမ်းယူဆွဲခေါ်လာတယ်။ စာအုပ်ရဲ့ မျက်နှာဖုံးကို ကြည့်ပြီး ဆုံးဖြတ်ခဲ့ ထင်မြင်ခဲ့မိတဲ့အရာတွေဟာ တကယ်တမ်း အဲဒီစာအုပ်ကို ဖတ်လိုက်ရတဲ့အခါ အထင်အမြင်နဲ့ အတွင်းသားဟာ တိတိပပ ကွာဟနေတာမျိုးလည်း ရှိတယ်။ ဒါဟာလည်း အတွင်းပိုင်းကို နက်နက်ရှိုင်းရှိုင်း ဖတ်မိလာတဲ့အခါကျမှသာ သိသာမြင်လာတာမျိုးလေ။

"ဘာလဲ" ဆိုတာ သိချင်လို့ ဖွေရှာမိသမျှဟာလည်း အဆုံးမှာတော့ ဘာမှ မဟုတ်ဘူးပေပဲ။ ဒီဇာတ်လမ်းဟာ ဒီဇာတ်လမ်းပဲ။ စာအုပ်တွေရဲ့ တစ်ကိုယ်ကောင်းဆန်မှုဟာ တစ်ကိုယ်ကောင်းဆန်မှုပါပဲ။ အထက်စီးဆန်တာ အထက်စီးဆန်တာပါပဲ။ စာဖတ်သူ ကလေးမလေးဟာ အပြုခံဘဝကကို မလွတ်မြောက်နိုင်ဘူး။ ဒီစာအုပ်တွေကို မဖတ်တော့ဘူးလို့ သူ ဘယ်လိုပဲ ငြင်းဆန်ငြင်းဆန် သူ့ရဲ့ ငြင်းပယ်မှုဟာ အနည်ထိုင်သွားပြန်တော့ စာအုပ်တွေဆီ သူ့စိတ်တွေ တစ်ကျော့ပြန်လည်လာတာပါပဲလေ။

"မိုင်ပေါင်းများစွာ" ကို သုံးနှစ်ကျော်ဖတ်လာခဲ့ရတာလည်း အဲဒီ စိတ်ခံစားချက်ကြောင့်ပဲ။ အပြီးတိုင် နှစ်မြုပ်မရနိုင်တဲ့ သူ့စိတ်၊ တစ်နည်း မတည်ငြိမ်တဲ့ သူ့စိတ်ကို ကလေးမလေး မနှစ်ခြိုက်တော့ဘူး။ အဲဒီစာအုပ်လေးကိုတော့ ဇာတ်သိမ်းအထိ ဖတ်ကြည့်မယ်ပေါ့။ တစ်ခါတလေကျတော့လည်း ဇာတ်အဖွင့်မှာ ခံစားရတာတွေ ဇာတ်အတွင်းပိုင်း ဇာတ်ရှိန်မြင့်လာမှ ခံစားရတာတွေကို ကြည့်ပြီး ဇာတ်သိမ်းကို ဒီအတိုင်းပဲ ဖြစ်မယ်လို့ ခန့်မှန်းလို့မှ မရတာ။ သူကလည်း တစ်ခါမှ အဆုံးအထိ မဖတ်ခဲ့ဖူးသူဆိုတော့ သူ ထင်သလို ကောက်ချက်ဆွဲပြီး ဒီဇာတ်ခင်းရင် ဒီဇာတ်သိမ်း ဆိုတဲ့ အစွဲဟာ တစ်ယူသန်များ ဖြစ်နေမလားလို့ တွေးမိတာနဲ့ "မိုင်ပေါင်းများစွာ" ကို အဆုံးအထိ ဖတ်ဖို့ ကြိုးစားခဲ့ပါတယ်။

သို့ပေမဲ့ သည်းခံလို့မရတဲ့ ဓာတ်အချိုးအကွေ့တွေဟာ တစ်စထက် တစ်စ ပိုများလာပြီး ကလေးမလေး နှလုံးသားကို ပြင်းပြင်းထန်ထန် ထုနှက်လွှန်းတယ်။ စာမျက်နှာတစ်မျက်နှာပြီး တစ်မျက်နှာလှန်ဖို့ကိုပဲ တစ်ရက်ထက် တစ်ရက် ဝန်လေးလာတယ်။ ပျော်ရွှင်ခြင်းနဲ့ ဓာတ်သိမ်းမသိမ်း မသေချာပေမယ့် ဖြတ်ကျော်ခဲ့ရတဲ့ စာမျက်နှာတွေကတော့ မလှပလှဘူး။ ကလေးမလေးခမျာ တစ်ဖတ်သက် အရေးအသားကိုသာ အောင့်အည်းမျိုချ လက်ခံ ဖတ်ယူနေရတဲ့ အဖြစ်။ တစ်ခုကလည်း ဒီလောက် စာမျက်နှာတွေ အများကြီးကို ဖတ်ခဲ့ပြီးပြီပဲ ဆိုတဲ့ အတွေးဟာ ကုန်လွန်ခဲ့တဲ့ အချိန်တွေကို နှမြောတသစိတ် ဖြစ်စေရင်း မထူးဓာတ်ခင်းလို့ ဓာတ်သိမ်းအထိ သည်းခံစောင့်ကြည့်မလားဆိုပြီးလည်း စဉ်းစားဖူးတယ်။ ဒါပေမဲ့ ဓာတ်ကလည်း တော်တော်နဲ့ မသိမ်းနိုင်ဘူး။ သူ မသိမ်းတော့လည်း ကိုယ် သိမ်းပေးရမှာပေါ့။ မတတ်နိုင်ဘူး။ သွားတော့၊ နားတော့ဆိုပြီး ဝဲ ပစ်လိုက်ရတာပဲ။

အဲဒီနောက်တော့ စာဖတ်ရမှာကို တော်တော်လေးကို စိတ်ပျက်သွားတာ။ ဒီစာအုပ်အပေါ်မှာ မျှော်လင့်ခဲ့ရတဲ့ အချိန်တွေ၊ သူနဲ့အတူ ကုန်ဆုံးခဲ့ရတဲ့ နေ့ရက်တွေ၊ ခံစားခဲ့ရတဲ့ စက္ကန့်၊ မိနစ်များစွာ ဒါတွေဟာ သူ့ကို တိခနဲ စိတ် ဖြတ်ချလိုက်ရတဲ့အခါ တရိပ်ရိပ်ပြိုဆင်းသွားတာများ မြန်လိုက်တာ။ ဆောက်တည်ခဲ့ရတုန်းကတော့ ကာလများစွာကြာခဲ့တာပေါ့။ အရယ်အပြုံး၊ အငိုအလွမ်း အစုံပေါ့။ ပြီးတော့လည်း စုဗူးလေး ရိုက်ခွဲလိုက်ရသလိုပါပဲ။ ဒါပေမဲ့ စုဘူးထဲမှာ စုထားခဲ့ရတာက အချိန်တွေလေ။ ခုတော့ အချိန်တွေဟာ စုဘူးအကွဲထဲကနေ ခုန်ထွက်ပျံတက်ကုန်ကြပြီ။ ဘာဆို ဘာမှ မကျန်ရစ်ခဲ့ဘူး။ သူ့ဆောက်တည်ရာအတွက် စာအုပ်တွေနဲ့ တည်ဆောက်ရမယ့် အဖြစ်ကို ကလေးမလေး အတော်လေး စိတ်ပျက်လာမိတယ်။ ဒါကလည်း ကြည်ပြာရောင် စာအုပ်လေးကို မတွေ့ခင် အထိပေါ့လေ။

ကြည်ပြာရောင် စာအုပ်လေးကတော့ အပျော်ဓာတ်လမ်းလေး ဖြစ်မယ် ထင်ပါရဲ့။ ပျော်စရာ ချစ်စရာ အဖြစ်အပျက်လေးတွေနဲ့ ဓာတ်လမ်း စထားတယ်။ စာအုပ်အဖုံးရဲ့ ဖြားယောင်းမှုကို ဦးစွာခံရပြီးနောက် ကလေးမလေးဟာ စာမျက်နှာ အတွင်းပိုင်းအထိ မသွားခင်မှာ ရှေ့ဆုံး သုံး လေးမျက်နှာကို အရင် ဖတ်ကြည့်ပြီးမှ သူနဲ့အတူ အချိန်ကုန်ဆုံးဖို့ ဒီစာအုပ်လေးကို ရွေးချယ်လိုက် တာပါ။ အခုဆို စာအုပ်လေးကို ဖတ်လာတာ နှစ်လကျော်ပြီ။

စဖတ်ဖတ်ချင်းမှာ တကယ့်ကို အရှူးအမူး ကြိုက်မိပြန်တယ်။ မဖတ်ရင် မနေနိုင်လောက်အောင်ပေါ့။ တစ်ရက်ပြီးလို့ နောက်တစ်ရက်မှာ နောက်စာမျက်နှာ တစ်မျက်နှာကို လှန်ရင် ဘာဖြစ်လာမလဲလို့ ရင်ခုန်မိတတ်ပြီ။ မိန်းမောတတ်လာပြီ။ ညှို့ဆေးမိထားပြီဆိုပါတော့။ ဒါပေမဲ့ ကလေးမလေးဟာ အခုမှ ကျောင်းစာမဟုတ်တဲ့အပြင်စာတွေကိုစဖတ်ဖူးပြီး တောင်တောင်ဤဤ တွေးတတ်တဲ့ ဆယ်ကျော်သက်လေးမှ မဟုတ်တော့တာပဲ။ သူ ယစ်မူးတယ်ဆိုတာ အတိုင်းအဆတော့ ရှိပါတယ်။ ဒီစာအုပ်ကိုကော အရင်စာအုပ်တွေလိုပဲ အလွယ်တကူ ငြီးငွေ့မိဦးမလား၊ ဒါမှမဟုတ် စာအုပ်ဟာ သူ့ကို နာကျင်စရာတွေ တဝကြီးပေးပြီး စိတ်ပျက်အောင် လုပ်ဦးမှာလားလို့ သတိလေး ကပ်ထားမိတယ်။

စာအုပ်လေးကို စတွေ့မိတဲ့အချိန်က သစ်ရွက်စိမ်းနုံ့တွေ လတ်လတ်ဆတ်ဆတ် သင်းပျံ့နေတဲ့ မိုးရွာပြီးခါစ ညနေခင်းမှာပေါ့။ ဝန်းကျင်တစ်ခုလုံး အစိမ်းတွေရွှန်းရီနေချိန်မို့ အဲဒီနေ့က ကလေးမလေး စိတ်လက်ကြည်သာနေခဲ့တယ်။ စိတ်ဆိုတာကလည်း တယ်အကဲမရဘူးပေပဲ။ အဲဒီလို ရာသီသာတဲ့ အချိန်မျိုးဆို တစ်ခုခုကို ငံ့လင့်တတ်တဲ့ မနောလေးဟာ ထိန်းထားတဲ့ကြားက နှလုံးသားရဲ့ ဟိုထောင့် ဒီထောင့်ကနေ အညှောက်လေးပြူတစ်ပြူတစ်နဲ့ အယောင်ပြလာတတ်တာမျိုး။ အေးမြတဲ့လေ ခပ်လွှင်လွှင်သော့နေတဲ့အချိန်မျိုးမှာ စာအုပ်လေးတစ်အုပ်နဲ့ အိပ်ရာထဲမှာ လှဲနေချင်တယ်ဆိုတဲ့ စိတ်ကူးရတ်တရက်ဖြစ်မိတော့ အာသီသကို အပြင်းအထန် အကျောက်အကန် ငြင်းဆန်ဖိနှိပ်တာမျိုး မလုပ်ဖြစ်ပြန်ဘူး။

မိုးအေးချိန်မို့ လူဝင်နည်းနေတဲ့ ခပ်မှိုင်းမှိုင်း စာအုပ်ဆိုင်တစ်ဆိုင်ကို စိတ်လွတ်ကိုယ်လွတ် ဝင်သွားလိုက်မိတယ်။ Adele ရဲ့ Hello ကို တိုးတိုးညင်ညင် သုံးကြိမ်လောက် ကျော့ပြီး ညည်းပြီးသွားတဲ့အချိန်မှာ စာအုပ်ဆိုင်ရဲ့ ညာဘက် စာအုပ်တန်းတွေအပေါ်မှာ အမှောင်ကျတဲ့ နေရာမှာမှ ထင်းထင်းလင်းလင်း ရှိနေတဲ့ ကြည်ပြာရောင်စာအုပ်လေးကို ဆိုက်ဆိုက်မြိုက်မြိုက် တွေ့လိုက်မိတယ်။ စာအုပ် ကို ယူသင့်၊ မယူသင့် အတွေးမဆုံးမီမှာပဲ သူ့လက်က စာအုပ်ကို လှမ်းယူပြီးနှင့်လို့ ရှေ့စာမျက်နှာတွေကိုတောင် စတင် လှန်လှောနေပြီ။ အဲဒီနောက်မှာတော့ ကြည်ပြာရောင် စာအုပ်လေးကို ဝယ်ယူလိုက်ခြင်းဆိုတဲ့ ဇာတ်လမ်းကတော့ တိတိကျကျ ပြီးမြောက်ခဲ့ပြီးပြီ။ သူနဲ့အတူ စာမျက်နှာခရီးမိုင်ဘယ်လောက်အထိ သွားနိုင်မလဲ ဆိုတာကတော့ အဲဒီနောက်မှ စပြီး ကရတော့မယ့် ဇာတ်။ ကားလိပ်

ဖွင့်ပြီးလို့ ကြည်ပြာရောင်စာအုပ်လေးနဲ့အတူ ဆိုတဲ့ ဓာတ်လမ်းကို ကပြပြီး နှစ်လကျော် အကြာမှာတော့ အဲဒီစာအုပ်လေးသည်လည်း အလွှင့်ပစ်ခံ ဖြစ်ခဲ့ရပြန်တယ်။

ကလေးမလေးဟာ သူ့ကိုယ်သူ ဖြေတွေးရှာပါတယ်။ သူ စာအုပ်လေးကို မပစ်ရက်ပါဘူး၊ တကယ်ပဲ ငြီးငွေ့နေမိပါပြီတဲ့။ ငြီးငွေ့တယ်ဆိုတာ စွဲလမ်းမှုတစ်ခုပဲလေ။ ကြိုက်ခြင်း၊ မကြိုက်ခြင်းနဲ့ မသက်ဆိုင်ဘူး။ အလင်းရောင် ငှံလင့်နေချိန် ညအမှောင်မှာ လျှပ်ပြက်တာကို ငြီးငွေ့လိုက်မိတာမျိုး၊ ကျေးဇူးတင်လိုက်မိတာမျိုးပေါ့။ သာမန်အချိန်ဆို လျှပ်ပြက်တာကိုပဲ ကြောက်လန့်စိတ် ဝင်ချင်ဝင်နေမိမှာ။ နှစ်ခြိုက်မှုနဲ့ ငြီးငွေ့မှုဟာ သီးခြားစီ ဆိုပေမယ့် သူ့အင်အားနဲ့သူ ဆွဲကိုင်လှုပ်ယမ်းနိုင်စွမ်း ရှိကြပါပေတယ်။ တစ်မျှင်ချင်းစီ ငြီးငွေ့နေတဲ့ ပိုးမျှင်တွေကို ဖယ်ထုတ်ရှင်းလင်းရာမှာ တရားကိုယ် နာကျင်မပျက်ယွင်း သွားရလေအောင် ကိုင်တွယ်ရတာ အင်မတန်မှ လက်ဝင်တယ်။ သိမ်မွေ့ရတယ်။ ပြီးတော့ အချိန်ရှည်ကြာလှတယ်။ ကြိုးဟာ ရှုပ်အောင်ပြုလုပ်ဖို့ ခဏလေးပေမယ့် ရှင်းရတာမှာတော့ အချိန်ကြာတယ်ဆိုတာမျိုး။ သတိမထားမိလိုက်တဲ့ တစ်ခဏအတွင်း ရစ်သိုင်းဖွဲ့နှောင်သွားတဲ့ အမျှင်ပါးလေးတွေဟာ အချိန်တိုလေးအတွင်းမှာ ဘယ်လောက်တောင် ခိုင်ခံ့သွားလဲဆိုရင် သတိကြီးကြီးထားပြီး ခွာချနေလျက်ကပဲ ကလေးမလေးရဲ့ အာရုံတွေဟာ သူ့အပေါ်သာလျှင် ပုံကြွေရပြန်တယ်။

စာအုပ်ကို လွှင့်ပစ်လိုက်တယ် ဆိုတာကလည်း တဒင်္ဂခံစားမှုကြောင့်ပဲ။ ကလေးမလေးက ပျော်ချင်လို့ ကြည်ပြာရောင် စာအုပ်လေးကို ရွေးချယ်ခဲ့တာလေ။ ဒါပေမဲ့ စာမျက်နှာခြောက်ဆယ်ကျော်လာတော့ ဇာတ်လမ်းဟာ ပဟေဠိဆန်တဲ့ အလှည့်အပြောင်းတွေနဲ့ ရုတ်တရက်ကြီး စပြီး မိတ်ဆက်လာတယ်။ ရှင်းလင်း ထွင်းဖောက် သိမြင်နိုင်မှု နည်းပါးလာတယ်။ ရှုပ်ထွေးနောက်ကျိတဲ့ ခံစားမှုတွေ တရိပ်ရိပ်တိုးလာတော့ သူ့ အကြည်ဓာတ်လေးလည်း တစ်စတစ်စ ခန်းလာခဲ့ပြီ။ မနေ့ညက အိပ်ခါနီးအချိန် ဖတ်မိလိုက်တဲ့ စာကြောင်းတွေဟာဆိုရင် ကလေးမလေး ကို အသက်ရှူကျပ်စေတယ်။ သို့လော သို့လော သံသယတွေကြောင့် စာဖတ်ရင်း ရင်ဘတ်တစ်ခုလုံး လေးလံလာတယ်။ ဒီနောက် သူ မူးဝေလာတယ်။ စာအုပ်ကို ပစ်ပေါက်လိုက်မှသာ အမောနည်းနည်း သက်သာသွားသလိုရှိပြီး စိတ်နှလုံး တည်ငြိမ်သွားတော့တာ။

ဒါပေမဲ့လည်း ညက ကလေးမလေး နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခဲ့ဘူး။ အိပ်မက်ထဲမှာ သူ ဘာပဲကောက်ကိုင်လိုက်ပါစေ၊ အဲဒါ ကြည်ပြာရောင် စာအုပ်လေး ဖြစ်နေတယ်။ အဝတ်ဗီရိုထဲ၊ ထမင်းစား စားပွဲပေါ်မှာ၊ သူ့ ဘေးလွယ်အိတ်ထဲ၊ နောက် အိပ်ရာပေါ်မှာ ဘယ်နေရာမဆို အဲဒီကြည်ပြာရောင်စာအုပ်က နေရာယူထားတာ။ သူ နိုးလာတော့ အရုဏ်မတက်သေးဘူး။ လကွေးကွေးမှာ ကြယ်မှေးမှေးလေးတွေကို တွေ့နေရဆဲ။ ဘာရယ်မသိ။ ကလေးမလေး ငိုချင်လာတယ်။ စာအုပ်လေးကို ပြန်ကောက်ယူဖို့ တွေးမိပေမယ့် ဒါဟာ ဘာအတွက်လဲလို့ သူ့ကိုယ်သူ မေးမိတော့ အဖြေနတ္ထိပဲ။ ဆက်ဖတ်မှာလား၊ ဆုံးအောင် ဖတ်ဖြစ်မှာကော သေချာလို့လား၊ ဒီစာအုပ်အပေါ်မှာကော အချိန်နဲ့ စိတ်နှလုံးကို ထပ်ပြီး မြှုပ်နှံပစ်ဖို့ သတ္တိကျန်သေးလို့လား .. သူ့ကိုယ်သူ အဖန်ဖန်အလီလီ စစ်ကြောမိတယ်။ သည်လိုနဲ့ပဲ မိုးစင်စင်လင်းတဲ့အထိ အိပ်ရာထဲမှာ လူးလိမ့်နေရပြန်ရော။

အဆုံးအထိ ဖတ်ဖြစ်ဖို့ မသေချာသေးပေမယ့် ခဏတာတော့ ရှူးရှူးမိုက်မိုက်နဲ့ ကောက်ကိုင်ပြီး လေး ငါးမျက်နှာ ဆက်ပြီး ဖတ်လိုက်ချင်သေးတယ်။ ပျော်ရွှင်စရာကောင်းတဲ့ အပြောင်းအလဲလေးဆီ တစ်ဖန် ပြန်ရောက်နိုးနိုး အတွေးနဲ့ပေါ့။ ဖာတ်လမ်းပါဆိုမှပဲကွယ်.. ခက်တော့တာပါပဲ။ အနိမ့်အမြင့်၊ အချိုးအကွေ့က ရှိနေမှာပဲဟာ။ ရွှင်စရာတစ်လှည့် ရောက်လာတယ် ထားဦး၊ ညိုစရာ တစ်ကွေ့လည်း ပြီးရင် ပြန်တွေ့ရဦးမယ် မဟုတ်လား။ အဲလိုဖြစ်တိုင်း ဒီလိုပဲ အခါခါ စိတ်ပျက်လို့မပြီး ဖြစ်နေတော့မှာလားလို့ ကလေးမလေးဟာ သူ့ဟာသူ ဆင်ခြင်မိပြီး မကျေမချမ်း ဖြစ်ရပြန်တယ်။ စိတ်ကိုလျှော့ပြီး စာအုပ်ဆီကို သွားမယ်လုပ်လိုက်၊ လုံးဝ မဖတ်တော့တာ၊ နောက်ပြီး ဒီစာအုပ်အပြင် နောက်စာအုပ်တွေကိုပါ မထိတွေ့ဖို့ရာ ဆုံးဖြတ်လိုက်တာ ပိုပြီး စိတ်ပေါ့ပါးမလားလို့ ဆန့်ကျင်ဘက်အစွန်ဆီ စိတ်လွင့်သွားလိုက်နဲ့ သူ့ရေပြင်ဟာ တော်တော်နဲ့ မတည်ငြိမ်သေးဘူး။ ညက စာအုပ်ကို ပစ်ပေါက်ခဲ့ပြီး အချိန်ဆယ့်တစ်နာရီအတောအတွင်း သူ တစ်ယောက်တည်း လှိုင်းထန်နေရတာ။

ဟော.. အတွေးတွေ ဘောင်ဘင်ခတ်နေဆဲမှာပဲ ကလေးမလေး မျက်စိရှေ့က သစ်ကိုင်းပေါ်မှာ စာကလေးတစ်ကောင် လာနားနိုတယ်။ နီကြင်ကြင် ဖာဒ်ရွက်တွေဟာ စာကလေးရဲ့ သေးငယ်တဲ့ ကိုယ်ခန္ဓာကို ဖုံးအုပ်ထားသယောင်ပဲ။ ခေါင်းလေးလှုပ်တုတ် လှုပ်တုတ်လောက်ပဲ မြင်ရတယ်။ ပိကျိပိကျိ သူ့အသံ စာစာလေးကိုတော့ အတိုင်းသား ကြားနေရသားပဲ။ ဒါနဲ့ပဲ ကလေးမလေး အမိဋ္ဌာန်

လိုက်တယ်။ နောက် ငါးမိနစ်အတွင်း နောက်ထပ် စာကလေးတစ်ကောင် ဒီသစ်ကိုင်းမှာ လာနားရင် စာအုပ်လေးကို သူ ကောက်ဖတ်မယ်ပေါ့။ အဲလိုနဲ့ သစ်ကိုင်းဆီကို မလှုပ်မယှက်ကြည့်နေရင်း စာတစ်သိုက် သစ်ပင်နားမှာ ပျံဝဲနေတာ မြင်တော့ ကလေးမလေး အားတက်မိလာတယ်။ သူ အများကြီး မမျှော်လင့်ပါဘူး။ သစ်ကိုင်းပေါ်မှာ နောက်ထပ် စာကလေးတစ်ကောင်ကိုပဲ အလိုရှိတာပါ။ စာကလေးနားပြီ ဆိုတာနဲ့ စာအုပ်လေးကို ပြေးပြီး ကောက်ကိုင်လိုက်မှာ။ သူ ဖတ်ချင်လွန်းလို့ ဖတ်မှာ မဟုတ်ဘူး။ ကံကြမ္မာရဲ့ ပြဋ္ဌာန်းသတ်မှတ်ချက်အတိုင်း လိုက်နာတာပါလို့ သူ့ကိုယ်သူ ဆင်ခြေပေးလိုက်တယ်။

ဟင့်အင်း။ ကလေးမလေး ကံမကောင်းရှာပါဘူး။ သူ တိတ်တိတ်လေး ဆုတောင်းခဲ့သလို စာကလေးတစ်ကောင်လည်း ထပ်ပြီး ရောက်မလာပါဘူး။ ရှိနှင့်နေတဲ့ စာငယ်လေးတောင် ထပျံသွားပြီ။ အဝေးဆုံးကို ပေါ့ပါးစွာ ပျံသန်းသွားပြီ။ ကလေးမလေး သက်ပြင်းချမိတယ်။ သူ စိတ်ကူးထားသလို ဖြစ်မလာတော့ ဝမ်းနည်းမိသွားတယ်။ ချုပ်တည်းထားရတဲ့ သူ့စိတ်ကို ထွက်ပေါက်ပေးဖို့ ကြံရွယ်ထားတာ၊ ခုတော့ ပျက်သုဉ်းသွားရပြီ။ သူ မကျေနပ်ဘူး။ အစွန်းနှစ်ဖက်မှာ ကလေးမလေးရဲ့ စိတ်တွေ ခုန်ပေါက်ကူးလူး ပြေးလွှားနေတယ်။ "ငြီးငွေ့တယ်... ငြီးငွေ့တယ်... ငြီးငွေ့နေတာပါကွာ" လို့ သူ့ကိုယ်သူ သတိပေးမိနေပြန်တယ်။ စွဲလမ်းမှုဆိုတာတွေဟာ ရိုးအီသွားတတ်တယ်။ ရေတစ်ပွက်စာသာ ခံမယ့် ခံစားမှု သက်သက်ပဲလေ။ မက်မောနေစရာမှ မရှိတာ။

ဒါပေမဲ့ မရဘူး။ ဖျောင်းဖျကာမှ ထိန်းချုပ်ထားတဲ့ စိတ်က ပိုပြီး ကြွတက်လာသလိုပဲ။ မရဘူး။ ဖတ်မယ်။ ဒီစာအုပ်ကို ဆက်ဖတ်မယ်။ ဘာပဲဖြစ်ဖြစ် ဆက်ဖတ်မယ်။ ဇွတ်တရွတ် လုပ်မယ့်သာ လုပ်ရတာ။ ထုံးစံအတိုင်း ဆင်ခြေတစ်ခုခုပေးပြီးပဲ ဆက်ဖတ်ချင်တာပါ။ ဒါမှ ကလေးမလေး သက်သောင့်သက်သာ ရှိမယ်လေ။ သို့ပေမဲ့ ဒီတစ်ခါ တစ်ခုခုကို အမိန့်ဌာန်ရမှာ ကလေးမလေး ကြောက်နေမိတယ်။ လွဲသွားခဲ့ရင်ဆိုတဲ့ ခံစားချက်ကို အတွေးနဲ့တောင် ခါးသီးလိုက်တာ။ အဲဒီတော့ သေချာတဲ့ အစီအစဉ်တစ်ခုခုကိုသာလျှင် စဉ်းစားရတော့မှာပေါ့။

ကလေးမလေး ဒီတစ်ခါ လုပ်မယ့် အမိန့်ဌာန်က ဒီလို။ စာအုပ်လေးကို ကောက်ယူလိုက်မယ်။ ပြီးတော့ စာမျက်နှာကို လှန်မယ်။ စာမျက်နှာရဲ့ နောက်ဆုံး ဂဏန်းဟာ နံပါတ်(၅)ထက် ကျော်ရမယ်၊ နောက်ဆုံးဂဏန်းက မကျော်ရင် အလယ်က ဂဏန်းက ကျော်ရမယ်၊ အလယ်က ဂဏန်းက မကျော်ရင် ရှေ့ဆုံး

ဂဏန်းပေါ့။ ဘယ်ဂဏန်းကမှ မကျော်ရင် စာမျက်နှာရဲ့ ဂဏန်းပေါင်းခြင်းက ကျော်ရမယ်။ အဲဒါမှ လိုချင်တာ မရသေးရင် ပေါင်းခြင်းဂဏန်းရလဒ်ကို နှစ်နဲ့ မြှောက်ဦးမယ်။ ဒါမှမဟုတ် (၅) ထပ် ပေါင်းပေးမယ်။ ဘယ်ဂဏန်းပဲဖြစ်ဖြစ် ရှိနေပြီးသား ဖြစ်ရင်ကို ရပြီ။ ကဲ.. ဒီထက် သေချာတာ ရှိဦးမလား။

ကလေးမလေးက သူ့ဟာသူ တွေးပြီး ရယ်မိတယ်။ ဘယ်လိုမှ ပြေး မလွတ်ဘူးလေ။ အဲဒီနောက် စာအုပ်လေးဆီကို သူ တစ်လှမ်းချင်း ခြေလှမ်း ရွေ့တယ်။ သူ့မျက်နှာအသားစိုင်လေးဟာ အပြုံးတွေနဲ့ မို့အိနေတယ်။ ပြီးတော့ သူ့ကိုယ်သူ ခံဝန်ကတိတွေ အထပ်ထပ်ပေးနေမိတယ်။ ဒီစာအုပ်လေး ဘယ်လို ဓာတ်လမ်း အချိုးအကွေ့ပဲ ဖန်တီးပါစေ.. ဒီတစ်ခါတော့ သူ့ကို ဓာတ်သိမ်းအထိ ဖတ်ပါ့မယ်။ နောက်ထပ် မလွှင့်ပစ်တော့ပါဘူးပေါ့။ စာမျက်နှာဟာ (၅) ဂဏန်းသာ ကျော်ပါစေလေ။ သူပေးခဲ့တဲ့ ကတိကို မယိုင်မလဲ ခိုင်မြဲအောင် ထိန်းသိမ်းမှာပါ။

ကြည်ပြာစာအုပ်လေးကို တယုတယ ကောက်ယူလိုက်တယ်။ စာမျက်နှာ မလှန်ခင်မှာ သူ့လက်ဖျားလေးတွေ မသိမသာ တုန်ယင်နေသေးတာ။ အသက်ရှူသံ တွေလည်း မြန်လို့။ အလိုတော် ပြည့်စေမယ့် ဂါထာတစ်ခုကိုလည်း တိုးတိုးဖွဖွ သူ ရွတ်လိုက်သေးတယ်။ သူ့မျက်ဝန်းတွေကို မီးမှိတ်လိုက်တယ်။ မလုံမလဲ ရက်ပြုံးလေးတစ်ပွင့် သူ့နှုတ်ဖျားမှာ လက်သွားခဲ့ပြီးနောက် နှုတ်က ရေတွက် လိုက်တယ်။

တစ်.... နှစ်... သုံး.... တဲ့။

ဆတ်ခနဲ စာအုပ်ကို လှန်လိုက်ပြီးနောက် ကလေးမလေး မျက်လုံး ဖွင့်ကြည့်လိုက်တယ်။

စာမျက်နှာဟာ ဗလာ။

Idea Magazine၊ ဇူလိုင်လ၊ ၂၀၁၈

✿

# ပြတင်းတံခါး အပြင်ဘက်က မိုးစက်များ

ဒယ်ဒီနှင့် ညို စတင်သိကျွမ်းခဲ့သည့် ဖြစ်စဉ်မှာ ရိုးစင်းလှပါသည်။ အချိန်ကား ဟောင်းသွားသော ဆယ်စုနှစ်တစ်ခု၏ အစ၊ မေလဆန်းပိုင်း မုတ်သုံဦးတွင် ဖြစ်သည်။ လက်ဖက်နှင့်ရော်ဘာတောများ အုံ့ဆိုင်းနေသော တောင်ပေါ်မြို့လေးသည် ညို မှန်းဆထားခဲ့သည့်အတိုင်း တစိမ့်စိမ့်စိမ်းကာ ငြိမ်သက်နေခဲ့သည်။ ညိုတို့ရုံးက နမ့်ခချောင်း ကွေ့ရစ်စီးဆင်းနေသော တောင်ကမူလေး၏ ထိပ်တွင် ရှိပါသည်။ ညို့ အလုပ်စားပွဲမှ အရှေ့ဘက်ဆီသို့ မျှော်ရည်ကြည့်လျှင် တောင်နိုး မပြယ့်တပြယ်အောက်တွင် တစ်ဘက်နိုင်ငံနှင့် ဆက်ထားသော တံတားဖြူဖြူကို လဲလျောင်းနေသော ဝံဖြူတစ်ကောင်၏ အလျားဆန့်ထားသည့် ကျောရိုးပမာ မြင်တွေ့ရပါလိမ့်မည်။ ထိုရုံးကို စရောက်သည့်အချိန်က မှိုင်းပျသော ရာသီနှင့် အတူ ညို့စိတ်တို့ မှုန်ထိုင်းနေခဲ့သည်။ ဝဲဘက်ပခုံးသားသည် မိုးစက်တို့ကြောင့် စိုနေခဲ့ပြီး ညို့ ဆံနွယ်တို့သည်လည်း ရေဓာတ်နှင့် အမျှင်လိုက် ကပ်ငြိနေခဲ့သည့် အချိန်ဖြစ်သည်။

"အစ်မရဲ့ အလုပ်စားပွဲက ဒီမှာ။ ဟိုဘက် မှန်အခန်းထဲမှာက ဆရာပဲ ရှိတာ။ ဆရာနဲ့ အနီးကပ် အလုပ်လုပ်ရမယ့်သူ သုံးယောက်ပဲ ဒီအပေါ်ထပ်မှာ ရှိတာပါ"

လုပ်ဖော်ကိုင်ဖက် ညီမလေး၏ ရှင်းပြချက်ကို ယောင်နန နားထောင်ရင်း ညို့ အာရုံတို့ မွန်းကျပ်လာသည်။

"ဆရာ.. ဒါက ဝန်ထမ်းအသစ်ပါ" ဟု မိတ်ဆက်ပေးချိန်တွင် ဒယ်ဒီသည် မျက်မှောင်ကြုတ်၍ တစ်ချက်သာလျှင် မော့ကြည့်ခဲ့ပါသည်။ သည့်နောက် "သူ့ စားပွဲကိုပြပေးလိုက်" ဟု အသံပြတ်နှင့် ပြောသည်။ ညိုသည် ဘေးလွယ်အိတ်ကို ခပ်တင်းတင်း ဆုပ်ကိုင်ရင်း မြူမှုန်ကြားက စိုက်ခင်းများကို ငေးကြည့်ကာ စိတ်ထွေပြား နေမိသည်။

သည်ခရီးက မိဘရင်ခွင်နှင့် ခွဲကာ အဝေးသို့ အတောင်ပံဖြန့်ခဲ့သည့် ပထမဆုံးခရီး၊ ပြီးတော့ သည်အလုပ်က ညို့အတွက် ဦးဆုံးအကြိမ် စွန့်စားမှု ရယ်လေ။ ဥခွံအတွင်းကနေ တိုးထွက်ကာ ခေါင်းကလေးပြူ ခြေကလေးဆန့်ခဲ့သော ညိုသည် ပြင်ပလေစိမ်းနှင့် အသားကျအောင် ရက်ပိုင်းမျှ ရုန်းကန်ရပါလိမ့်ဦးမည်။ သည်အတွေးက ညို့ကို ထိတ်လန့်အားငယ်မှု မဖြစ်စေသော်လည်း အထက်အရာရှိ ၏ မနွေးထွေးသော ကြိုဆိုမှုက တက်ကြွသော စိတ်အလျဉ်ကို တုံ့ထား၍ တားသည့်နှယ် နေးကွေးရပ်တန့်သွားရသည်။

ပထမခြေလှမ်းဟူသည်တိုင်းက အယိုင်ယိုင်အနဲ့နဲ့ ဖြစ်တတ်သည်ပင်။ ညိုသည်လည်း ဦးဆုံးသော ရက်သတ္တပတ်များတွင် ဝန်းကျင်အသစ်နှင့်ရော အလုပ်နှင့်ပါ အံဝင်ခွင်ကျ မရှိသေး။ ဝန်ထမ်းအချင်းချင်း ဆက်ဆံရေးတွင် ရင်းနှီးလွယ်သော်လည်း ဒယ်ဒီနှင့်မူ အစည်းအဝေးတွင် တင်ပြပြောဆိုစရာများ ရှိသည်မှအပ အပိုစကား မဆိုခဲ့ရဖူးပေ။ အထူးသဖြင့် ဒယ်ဒီနှင့် စကားပြောလျှင် ညိုသည် မျက်လွှာချထားမိမြဲ၊ အသံမှမှန်အောင်လည်း မနည်းထိန်း ပြောနေရ သဖြင့် အသက်ရှူမဝပေ။

သို့ပေမဲ့ ဒယ်ဒီ၏ မာထန်သော အကြည့်နှင့် တင်းပြတ်သော လေသံတို့ သည် ညို့တဦးတည်းအပေါ်တွင်သာ ရှိခဲ့သည် မဟုတ်ပါ။ ရုံးသူရုံးသား အားလုံး အကြားတွင် ဒယ်ဒီက တစ်မူ ကွဲထွက်နေလေသည်။ ဒယ်ဒီ ဘယ်အချိန် ရုံးတက် သည်ကို ညို မသိပါ။ သို့သော် ရုံးစတက်ချိန် ကိုးနာရီထက် တစ်နာရီ၊ တစ်နာရီ ခွဲခန့် စောပြီး ရောက်ခဲ့လျှင်တောင် ဒယ်ဒီက ရုံးတွင် ရှိနှင့်နေခဲ့ပြီး ဖြစ်သည်။

မွန်းတည့် ဆယ့်နှစ်နာရီခွဲဆိုလျှင်တော့ နေ့လယ်စာ စားဖို့ သူ့အခန်းထဲက ပုံမှန်ထွက်လာတတ်သည်။ ညနေ ငါးနာရီခွဲ ညီ့တို့ ရုံးဆင်းလျှင်တော့ သူက ကျန်နေခဲ့စမြဲ။ သို့ကြောင့်ပင် သူ့ကွယ်ရာတွင် ရုံးဝန်ထမ်းများက "ရုံးစောင့်ကြီး" ဟု နာမည်ပြောင် ပေးကြလေသည်။

ညနေခင်း ရုံးဆင်းခါနီး စိတ်အားလပ်ချိန်များတွင် ရာသီဥတု သာယာသည်နှင့် ကြုံလျှင် ညီ့သည် ခပ်ပါးပါးမျောလွင့်နေသော တိမ်ရိပ်များကို စိတ်လိုလက်ရ ငေးကြည့်မိတတ်သည်။ တိမ်ထုမရှိခဲ့လျှင်လည်း ပြာစင်သော ကောင်းကင်အမိုးအောက်တွင် မြေပြင်ထက်က လှိုင်းတံပိုးများသဖွယ် မြင့်မားထိုးထွက်နေသော အထပ်ထပ်နှင့်တောင်တန်းများ၏ အဆုံးအစကို အကြောင်းမဲ့တွေးတောရှာဖွေ နေမိတတ်သည်။ လူတို့၏ ဖြစ်တည်မှု အခါများစွာ ကြေပြုန်းပြီးသည့်နောက်တွင်ပင်လျှင် မှို့မောက်နေသော မြေသားထုနှင့် ကျောက်စိုင်များသည် တင်းတင်းမတ်မတ် ကျန်ရစ်နေသေးလေသည်။ အနီးကပ်၍ ကြည့်လျှင်တော့ သဘာဝဒဏ်နှင့်အတူ မြေသားတချို့ လျှောကျပျက်ယွင်းကုန်သည်ကိုပဲ ဖြစ်ဖြစ်၊ သို့မဟုတ် သက်ရှိသတ္တဝါတို့၏ ပယောဂဖြင့် သူ့ဝတ်ရုံနှင့်တူသော တောအုပ်တို့ တရိရိ အဆုတ်ဖြဲခံရသည်ကိုပဲ ဖြစ်ဖြစ် တွေ့ရလိမ့်မည် ထင်ပါသည်။ အဝေးမြင်ကွင်းမှာတော့ သတ္တလောကဟာ သာမောဖွယ်ချည်းပါပဲလေ။ အကဲဖမ်းရန်ခက်သော ပြည့်စုံ ကုံလုံသူတစ်ဦး၏ ဘဝသည်လည်း သာသော်လည်း မောဖွယ်ကောင်းကြောင်း နောင်အခါတွင် ညီ့ သိခွင့်ရခဲ့သည်။

လစ်ဟာခြင်းဟူသမျှသည် ဝန်းကျင်၏ ဆွဲနုတ်ယူငင်မှုကြောင့် ဟင်းလင်းပြင်အဖြစ် ကျန်ရစ်ခဲ့နိုင်သည့်နည်းတူ တစ်ခါတစ်ရံတွင်တော့ ကံကြမ္မာကြောင့်၊ သို့မဟုတ် ကိုယ်တိုင်၏အတ္တများ ချိန်ခွင်မညီခြင်းကြောင့်လည်း ဖြစ်နိုင်ပါသည်။ ဒယ်ဒီကတော့ သူ့ဘဝကွက်လပ်အတွက် ပဋ္ဌာန်းဟူသော အကြောင်းတရားကိုသာလျှင် ယိုးမယ်ဖွဲ့ခဲ့သည်။ အထူးသဖြင့် ဒယ်ဒီ့ဇနီးဟောင်း ပက်ဂီနှင့် ပတ်သက် လျှင် ကျိုးပျက်လွယ်သော အကြောင်းတရားများကို ဆွေးဆွေးမြေ့မြေ့ ပြန်တူးဖော်တတ်ပါသည်။ သို့ပေမဲ့ သမီးဝင်ဒီအကြောင်းကို အောက်မေ့တသဆိုမိလျှင်မူ သူ့မျက်ဝန်းအစုံသည် ရောင်စဉ်တန်းနှင့် ရွှန်းစိုလျက်။

ဒယ်ဒီအဆိုအရ ဝင်ဒီနှင့် ညီ့သည် အသက်ရွယ်တူ ရှိလိမ့်မည်ဟု သိရသည်။ ဒယ်ဒီ့ဆိုစကားများအရ ခန့်မှန်းမိသလောက် ညီ့တို့နှစ်ဦး အရွယ်သာလျှင် တူပါလိမ့်မည်။ ဘဝအခြေအနေချင်းတော့ လားလားမျှ မသက်ဆိုင်ပါ။ ဝင်ဒီ

သည် အင်္ဂလန်ပြည်တွင် မဟာတန်း တက်ရောက်နေသူ ကျောင်းသူတစ်ဦး ဖြစ်သော်လည်း ညိုက မိသားစုဝန်ကို ပခုံးမျှပေးနေရသူရယ်ပါ။ ညို့အကြောင်းကို သိပြီး နောက်မှသာ ဒယ်ဒီက ညို့အပေါ် ကရုဏာသက်ခဲ့သည်။ သည်မတိုင်မီမှာတော့ ညိုသည်လည်း သူ စိတ်ရှည်ရှည်မထားနိုင်သည့် ဝန်ထမ်းတစ်ဦး၊ ရေရေရာရာ ဆိုရပါလျှင် သူ့စံနှုန်း မဝင်သည့် အောက်လက်ငယ်သား တစ်ဦးအဖြစ်သာ သဘောထားခံခဲ့ရသည်။

"ဒါ ပထမဆုံး အလုပ်လား"

မှားယွင်းသွားသောကိစ္စတစ်ခုကြောင့် ဒယ်ဒီနှင့် တည့်တည့်ရင်ဆိုင်ရန် အကြောင်းဖန်လာစဉ်က ထိုသို့သော ဒယ်ဒီ့အမေးကို မရဲတရဲနှင့် ညို ခေါင်းညိတ်ခဲ့မိရသည်။ လူကလည်း အားငယ်စိတ်ဖြင့် မွန်ထူနေလျက်။

"ကျွတ်" ဟူ၍ ဒယ်ဒီ၏ စိတ်မရှည်သံကြောင့် ညိုသည် ရုတ်ခြည်းပင် ပျော့ခွေနွမ်းဖပ်သွားတော့ မယောင်ရှိသည်။ အလုပ်နှင့်ပတ်သက်လျှင် ဒယ်ဒီက နည်းနည်းမျှ အတိမ်းအစောင်းမခံ၊ အလွန်တိကျသူ၊ ထို့အပြင် အလွန်စိတ်တိုလွယ်သူလည်း ဖြစ်သည်ကိုး။ ကြောက်ရွံ့စိတ်သည် ဖိစီးမှုကို ဖြစ်စေသည်လေ။ သည်ဖိအားကြောင့်ပင် ညို အမှားမှားအယွင်းယွင်းဖြစ်ခဲ့ရသည်။

ထိုနေ့က နီကြင်နေခဲ့သော ညို့မျက်နှာကို ကြည့်ရင်း ဝင်ဒီ့ကို ရုတ်တရက် သတိရမိသွားကြောင်း နောင်အခါ ဒယ်ဒီက ပြောပြပါသည်။ ရုပ်အားဖြင့် ကမ္ဘာ တစ်ခြမ်းတွင် ကျန်ခဲ့သော၊ နာမ်အားဖြင့် ပေါင်းစည်းရန် မလွယ်သော ဝင်ဒီသည် မည်သည့်အခြေအနေမှာပဲဖြစ်ဖြစ် ဒယ်ဒီ၏ နှလုံးသားအကြည်ဓာတ် ဖြစ်ပါသည်။ သည်အကြောင်းကြောင့်ပင် ညိုသည် ဒုတိယဝင်ဒီ ဖြစ်ခဲ့ရသည်။

အဆင်မချောသည့် လုပ်ငန်းခွင်က ခွင့်သုံးရက်ယူပြီးနောက် အားလျော့နွမ်းလျစွာ ရုံးပြန်တက်သည့်နောက်ပိုင်းတွင် ရှားပါးလှသည့် ဒယ်ဒီ့အပြုံးကို စတင်မြင်ခွင့်ရခဲ့သည်။ ညို့ကို အရေးတယူစကားပြောလာသလို ညို့ရည်မှန်းချက်များ အကြောင်းကိုလည်း စိတ်ဝင်တစား မေးတတ်လာသည်။ လူနှစ်ဦး၏ စကားဝိုင်းဆိုသော်ငြား ညိုကတော့ နားထောင်သူသက်သက် ဖြစ်ရသည်က များပါသည်။ ပက်ဂီနှင့် ဝင်ဒီအကြောင်း ရယ်သံစွက်၍ လိုက်မောစွာ ပြောတတ်သည့် ဒယ်ဒီကို မြင်တိုင်း သူဟာ "လူသားတစ်ဦးပါပေ" ဆိုသည်ကို လှိုက်လှိုက်လှဲလှဲ အသိအမှတ်ပြုမိသည်။

"ဒယ်ဒီတို့ မိသားစုမှာ ယောကျ်ားလေးချည်းပဲ ဆိုတော့ မိန်းကလေး သိပ်လိုချင်တာကွ။ ပက်ဂီ ကိုယ်ဝန်ရှိပြီ ဆိုတော့လည်း သမီးလေး မွေးပါစေလို့ ဒယ်ဒီဆုတောင်းခဲ့တာပဲ။ ဝင်ဒီ အိမ်ထောင်ကျရင်လည်း မြေးမလေးပဲ မွေးပါစေ လို့ ထပ်ပြီး ဆုတောင်းမိဦးမှာ"

နောင်အခါတွင် ရှိလာမည့် ဒယ်ဒီ့မြေးမလေးသည် သူ့အမေ ဝင်ဒီလို၊ သူ့အဘွား ပက်ဂီလို ပျော့ခွေသော ရွှေရောင်ဆံနွယ်များ ပိုင်ဆိုင်ပါလိမ့်မည်။ ပန်းနုရောင်သန်းသော အသားအရေနှင့် ပြာလဲ့သော မျက်ဝန်းအစုံက သူတို့ အလှကို တောက်ကြွစေရန် ဖြည့်ကူပါလိမ့်ဦးမည်။ ဒယ်ဒီနှင့် တူလျှင်တော့ ရှေးဗမာကြီးတို့၏ ရုပ်သွင်အတိုင်း အသားညိုညို၊ အရပ်ထောင်ထောင် မောင်း မောင်းနှင့် မျက်ခုံး ကောင်းကောင်း ဖြစ်လိမ့်မပေါ့။

စိတ်လိုလက်ရရှိသည့် အခါများတွင်တော့ ညို့မိသားစုအကြောင်း ကို ဒယ်ဒီက စူးစမ်းတတ်သည်။ သို့သော် လွှမ်းရေးထက် ဝမ်းရေးခက်သည့် ဘဝ များပေမို့ အထူးတလည် ဋ္ဌီကာမချဲ့မိ။ ရုန်းကန်ရသည်မှာ အဆန်းမဟုတ်တော့။ တကယ်တော့ ညို့တို့တစ်တွေ အမိဝမ်းမှာ နိုအောင်းစဉ်ကတည်းက သည်လိုပဲ ရုန်းကန်လာကြရသည် မဟုတ်လား။ ကိုယ်ကာယအားဖြင့်၊ နောက် စိတ်အာရုံ အားဖြင့်၊ သို့တည်းမဟုတ် ရုပ်နာမ်နှစ်ဖြာစလုံးအတွက် နောက်ဆုံးထွက်သက် တိုင်အောင် လူးလွန့်တွန်းထိုး လှုပ်ရှားကြရပေဦးမည်။ သည်လိုစကားမျိုး ညို့က ဆိုတတ်လျှင်တော့ ဒယ်ဒီသည် ခပ်ပြုံးပြုံးကြည့်တတ်ပါသည်။ ညို့က အဘွား ကြီး ပေါက်စလေးနှင့် တူသတဲ့။ ရုန်းကန်ရခြင်းဟာ အသက်ဆက်ရန်အတွက် တွန်းအား တရပ်ဖြစ်ကြောင်း ညို့က ယုံကြည်သော်လည်း ဒယ်ဒီကမူ ဝင်ဒီသည် သာ သူ့ဘဝ ရှင်သန်နိုင်ဖို့အတွက် ဓောတစ်ခုဖြစ်ကြောင်း ရှင်းပြသည်။ အန်တီ ပက်ဂီနှင့် ပြန်ပေါင်းထုပ်ရန်ကိုမူ သူ မျှော်လင့်ဟန် မရှိတော့ပေ။

ဒယ်ဒီသည် ရုံးတွင် အစဉ်သဖြင့် မှုန်တေနေတတ်သော်လည်း ရွာထဲက ကလေးငယ်များနှင့် တွေ့လျှင်တော့ တိမ်ညိုကင်းသည့် လတစ်စင်းနှယ် ဝင်းပ ကြည်လင်နေတတ်သည်။ ထိုရွာလေးက မြို့၏ တနလ်ာထောင့်တွင် တည်ရှိပြီး ယခင်က စစ်ရိပ်စစ်ငွေ့သမ်းရာ အမှောင်နယ်မြေ ဖြစ်ခဲ့ဖူးသည်။ သည်ဒေသ ဖွံ့ဖြိုးရေးအတွက် ကလေးငယ်တို့၏ ပညာရေး အရေးကြီးကြောင်း မကြာခဏ ဆိုလျက် ဒယ်ဒီက သူ ကိုယ်တိုင် မ တည်၍ ရွာ၏ မူလတန်းကျောင်းကို ပြုပြင် ပေးထားသည်။ ဒယ်ဒီအလည်ခေါ်သဖြင့် အနီးရွာလေးဆီကို ညို့ တစ်ခေါက်တော့ ဖြင့် အလည် ရောက်ခဲ့ဖူးပါသည်။

ထိုရွာသို့ရောက်အောင် မြို့ကနေ နှစ်နာရီကျော်ခန့် ဆိုင်ကယ်မောင်းရပါသည်။ လှိုင်းထနေသော မြေနီလမ်း သေးသေးသွယ်သွယ်ကြားတစ်လျှောက် စက်တပ်ယာဉ်ငယ်သည် မြွေလိမ်မြွေကောက် တလွန့်လွန့် တလူးလူး သွားပြီးခါမှ ရွာသို့ ရောက်ရသည်။

"သမီး ပြုတ်ကျမယ် .. သေချာကိုင်ထားနော်"

ဒယ်ဒီ စိုးရိမ်သလိုပင် ညိုလည်း ကြောက်လန့်သည်နှင့် ဘယ်ဘက်လက်က ဆိုင်ကယ်ထိုင်ခုံနောက်က ဘားတန်းကို ကိုင်ရင်း ညာဘက်လက်က ဒယ်ဒီ့ပခုံးကို အားကိုးတကြီး ဆွဲကိုင်ခဲ့သည်ပင်။ သည်အခြေအနေက ပတ်ဝန်းကျင်အတွက် အမနာပ ပြောစရာဇာတ်ကွက်တစ်ကွက် တိုးခဲ့စေမှန်း မသိခဲ့ရိုးအမှန်ပါ။ သည်ဖြူစင်မှုအတွက် အများသက်သာကင်းစေရန် ညို ကျိန်တွယ်၍ ပြောဝံ့ပါသည်။ ဒယ်ဒီကတော့ "မလို" ဟုဆိုသည်။ မိသားစုနှင့် ပထမဆုံး ခွဲခွာရသူအဖို့ ဒယ်ဒီ့အရိပ်သည် ဖခင်သဖွယ် အားကိုးရာပင်။ ထိုနည်းတူ ညိုသည်လည်း ဒယ်ဒီ၏ ဝင်ဒီ။ သည်လို ငြိမ့်ညောင်းစွာ စီးဆင်းသော ရေစီးသံကို နှလုံးသား ညစ်ထေးသူတို့ ကြားတတ်လိမ့်မည်မဟုတ်၊ ကြာတော့ ညိုသည် ဝေဖန်သံတို့နှင့် အသားကျခဲ့ပေပြီ။

သို့သော် အမှန်တရားတစ်ခုကတော့ ရှိနှင့်နေခဲ့ပါသည်။ ဒယ်ဒီသည်လည်း တစ်နေ့ကျလျှင် ဝင်ဒီ့ထံ ပြန်မှာဖြစ်သလို ညိုသည်လည်း မိဘရင်ခွင် ပြန်လှည့် နားဦးမည့်သူ ဖြစ်သည်။ ကံဇာတ်ဆရာက သဘောမျှ အခွင့်ပေးသလောက်သာ တဦးနှင့်တဦး စိတ်ချင်းလူချင်း နီးကပ်ခဲ့ကြရသည် မဟုတ်လား။ တစ်ခါတလေတော့ ညိုက ဒယ်ဒီ့ကို သွေးတိုးစမ်းဖူးလေသည်။ မွေးဌာနေဖြစ်သော မိခင်နိုင်ငံတွင် ခေါင်းချချိန်အထိ ဒယ်ဒီ မနေလိုပြီလား ဆိုသော ညို့မေးခွန်းသည် ကလေးဆန်မှန်း သိသာစေပါသည်။ သို့သော် ဒယ်ဒီကတော့ အလေးအနက်ထား ၍ ဖြေဆိုပေးခဲ့သည်။

"အသက်ကြီးလာတဲ့အခါ ကျန်းမာရေးပြုစု စောင့်ရှောက်မှုက ဟိုနိုင်ငံမှာက အများကြီးကောင်းတယ်လေ" တဲ့။.

ဒယ်ဒီဟာ ရေကန်ကျယ်ပါတယ် ဆိုသော အကြောင်းပြချက်ဖြင့် တစ်ကောင်တည်းသာ ရှင်သန်ရတော့မည့်အဖြစ်ကိုပင် မစိုးထိတ်တော့သော ငါးကလေးနှင့် တူချေတော့သည်။ ဒယ်ဒီ ပျော်ပါစေပေါ့။ သည်ဆုမျိုး တောင်းဖို့သာလျှင် ညို တတ်စွမ်းသာပါတော့သည်။

တစ်နေ့နေ့ တချိန်ချိန်တွင် ဝေးကြပြီဆိုပါက ဆည်းဆာချိန်တွင် တောင်ထိပ်မှ အနောက်ဘက်သို့ မျက်နှာမူကြည့်လျှင် ပတ္တမြားခဲကြီး အိကျနေသည့်အလား မြင်ရသည့် တိမ်ရောင်စုံဝန်းရံထားသော နေမင်းဖန်ဝါကိုဖြစ်ဖြစ်၊ မြူဆိုင်းသော တောင်ခြေကိုပဲဖြစ်ဖြစ်၊ တောင်နိုးများကြားက မှန်းရည်ဖူးမြော်ရသော ထုံးစေတီ ဖွေးဖွေးကိုပဲဖြစ်ဖြစ်၊ လက်ဖက်ပင် သွယ်သွယ်တန်းများကိုပဲ ဖြစ်ဖြစ်၊ ရော်ဘာတောကိုပဲ ဖြစ်ဖြစ် သတိရပေးပါ ဒယ်ဒီ။ ညို့အရိပ်တွေ မပါဝင်ရင် နေပါစေ။ ရှင်းသန့်သော လေပြေကြောင့် ဒယ်ဒီ စိတ်နှလုံး ချမ်းမြေ့ပါစေ။ ကြည်လင်သော သဘာဝ အရိပ်အောက်မှာ ဒယ်ဒီ ပေါ့ပါးပျော်မွေ့ပါစေ။ ညိုသည်လည်း သည်အမှတ်တရများကို တခုတ်တရ ထုပ်ပိုး သိမ်းဆည်းသွားမည် ဖြစ်သည်။ သည့်အတွက် ဘဝအဆက်ဆက်က သွန်းချခဲ့ဖူးသော ရေစက်များကို အထူး ကျေးဇူးတင်မိပါ၏။ သို့သော် ထိုရေစက်တို့သည် တစ်နှစ်ပြည့်မြောက်ပြီးနောက် တကျော့ပြန်လည်လာသည့် နွေဦးတွင် ခန်းခြောက်လုပြီ ထင်ပါသည်။ အဆုံးမှာတော့ ညိုက စတင် ခွဲခွာသူ ဖြစ်ခဲ့ရသည်။

"ဘဝတက်လမ်း ဆိုတာ ဒီလိုပဲ ရှာကြရတာပဲကွယ်၊ နောက်အလုပ်မှာ မင်း ဒီထက် ပိုအဆင်ပြေမှာပါ"

ဒယ်ဒီက ညို့ဆီကနေ အကြည့်လွှဲလျက် အဝေးဆီက တောအုပ်ကို ရှမျှော်ရင်း သက်ပြင်းငွေ့ငွေ့ကို ဖြေလျှော့ခဲ့သည်။ ထိုစဉ်က ညိုသည် ဒယ်ဒီနှင့် လက်တစ်ဆန့်အကွာတွင် ရပ်နေခဲ့လေသည်။ ညိုသည် ကျောခိုင်းသွားရမှာကို မလုံမလဲစိတ် ဖြစ်နေမိသည်။ ဒယ်ဒီ့ကိုလည်း မည်သို့ နှစ်သိမ့်ရမည်မှန်း မသိ။ ထိုစဉ် ဒယ်ဒီသည် ညို့ဘက်ကို ရုတ်ခြည်းလှည့်ကာ အနားတိုးကပ်လိုက်သည်။ ထို့နောက် ဒုတိယအကြိမ်သက်ပြင်းငွေ့များကား ညို့မျက်နှာပေါ်တွင် နီးနီးကပ်ကပ် သိသိနွေးနွေး ဝေ့ဝဲသွားခဲ့ချေသည်။ ညို့နှုတ်ခမ်းလွှာများလည်း ပူနွေး၍ ကျန်ရစ်ခဲ့သည်။

ညိုသည် အံ့အားသင့်မှု အားကြီးလွန်းသဖြင့် ခေတ္တခဏ အသိကင်းမဲ့သွားသလို ခပ်ငူငူ ဖြစ်သွားခဲ့သည်။ အဖြစ်အပျက်တို့သည် လက်ဖျစ်တစ်တွက်စာမျှသာ ရှည်ကြာခဲ့ပါသည်။ သို့သော် ရစ်သီခဲ့ရသော ကြိုးမျှင်များ မရှုမလှ ပြတ်ကျခဲ့ရလေပြီ။ အပြင်တွင် တိုက်ခတ်လိုက်သော နွေလေရူးကြောင့် အိပ်တန်းပြန်လုဆဲ ငှက်တစ်အုပ် အလန့်တကြား သုတ်ခနဲ ထပျံကြလေသည်။ ရွက်ခြောက်များသည် သဲမှုန်များနှင့် အတူ အခန်းအတွင်းသို့ ဝင်ရောက်လာကြ၏။ အမိုက်

ချိန်တွင် လေနီကြမ်းကြောင့် ရာသီမှန်မှိုင်းခဲ့ပြီဖြစ်ကြောင်းကိုတော့ ထိုအခိုက်အတန့် အဖြစ်အပျက်အရ ညို တိတိပပ သတိပြုမိလိုက်ပါသည်။

ညိုသည် ဒူးထောက်ထိုင်ချကာ ပုဆစ်တုပ်၍ လက်အုပ်ချီလိုက်သည်။ သည် အပြုအမူကြောင့် ရုတ်တရက် ဒယ်ဒီ ဆွံ့အသွားဟန်တူသည်။ မည်သို့ဆိုစေ ဒယ်ဒီသည် သွေးသားမတော်စပ်ရသော်ငြား ကံကြမ္မာအရ ဘဝတစ်ထောင့်တစ်နေရာတွင် အားကိုးတကြီး မော်ကြည့်ခဲ့ရဖူးသော ညို၏ ဖခင်ပင် ဖြစ်သည်။ ဆရာဆိုလည်း ဟုတ်သည်။ သို့ပေမဲ့ ဒယ်ဒီ့ဘက်မှာတော့ သည်နှုတ်ဆက်ကန်တော့ပန်းဆင်မှုကား သူ၏ စိတ်နှလုံးကို သာ၍သာ ညှိုးနွမ်းစေလေသည်။ ပျက်ယွင်းနေသော မျက်နှာသည် ရဲရဲနီလျက် မူမမှန်သောလေသံဖြင့် ဒယ်ဒီက ဆုပေးသည်။ သိမ်မွေ့သော နှုတ်ဆက်မှုကြောင့် နှစ်ဦးစလုံး နှုတ်ဆိတ်လျက်ပင် ခွဲခွာလိုက်ကြသည်။ ဒယ်ဒီ့အခန်းက လှည့်အထွက်တွင်တော့ ရှိုက်သံတစ်ချက် ကြားလိုက်ရပါသေးသည်။ ညို လှည့်မကြည့်ဖြစ်တော့။

သည်လိုနှင့် ဝေးကွာခဲ့သော သက္ကရာဇ်များတွင် ဒယ်ဒီနှင့် အိပ်မက်တွင် ဆုံခဲ့ရသည်မှအပ ပြင်ပလောကတွင် တစ်ရံတစ်ဆစ်သော်မျှ မတွေ့ဖြစ်ကြတော့ပေ။ ဒယ်ဒီသည် ဝင်ဒီရှိရာ အရပ်သို့ ပြန်သွားခဲ့ပေပြီ။ လွန်ခဲ့သော သုံးနှစ်ကတော့ မမျှော်လင့်ပါဘဲ ဒယ်ဒီ့ထံမှ အီးမေးလ်တစ်စောင် လက်ခံရရှိခဲ့သည်။

"အရာအားလုံးအတွက် တောင်းပန်ပါတယ်" ဆိုသော စာကြောင်းလေးကို အဖန်ဖန် ဖတ်ဖြစ်ခဲ့သည်။ ညို့စိတ်တို့သည်လည်း တင်းကြပ်လေးလံခဲ့ရသည်ပင်။ ဒယ်ဒီ့ဆီ စာမပြန်ခဲ့သော်လည်း ညို ပြုသော ကုသိုလ်ကောင်းမှု အဝဝအတွက်မူ ဒယ်ဒီ့ကိုပါ မိဘအရာ အမှူးထား၍ အမျှပေးဝေဆဲဖြစ်သည်။

တစ်မြန်နေ့ကတော့ တောင်ပေါ်မြို့လေးတွင် ဆုံတွေ့ခဲ့ဖူးသည့် လုပ်ဖော်ကိုင်ဖက်တစ်ယောက်နှင့် အမှတ်မထင် ပြန်တွေ့လိုက်ရသည်။ စပ်မိစပ်ရာ ပြောကြရင်းက ဒယ်ဒီ ကွယ်လွန်သွားပြီဖြစ်ကြောင်း သိလိုက်ရပါသည်။ မည်သည့် ရောဂါဖြင့် ကွယ်လွန်ခဲ့သည်၊ မည့်သည့်အချိန်က ကွယ်လွန်ခဲ့သည်၊ မည်သည့် နေရာမှာ၊ ထို့ပြင် မည်သူ့လက်ပေါ်မှာ ကွယ်လွန်ခဲ့ကြောင်း အစရှိသည်တို့နှင့် ပတ်သက်၍ တစ်လုံးတစ်ပါဒမျှ ညို မမေးဖြစ်ခဲ့ပါ။ သိရန် မလိုတော့ဟုလည်း ထင်ပါသည်။ အိမ်ပြန်လမ်းတစ်လျှောက်တွင်တော့ ဒယ်ဒီ့ရုပ်ပုံသည် အာရုံတွင် တဝဲလည်လည် လှည့်လည်လျက်ရှိသည်။ ဒယ်ဒီ ငြိမ်းချမ်းပါစေကြောင်း အခါခါ ဆုရည်မိလေသည်။

မိုးရေထဲတွင် လမ်းလျှောက်ရသည်ကို ကြိုက်နှစ်သက်သော ညီ့သည် ဒယ်ဒီထံပါးမှ လွန်မြောက်လာသည့်အချိန်ကစ၍ စိတ်ထင်သလို မလုပ်ဖြစ်တော့ပါ။ မိုးရွာနေချိန်တွင် မဖြစ်မနေ အပြင်ထွက်ရမည်ဆိုပါကလည်း ကိုယ်ပိုင် ထီးတစ်ချောင်းကို မြဲမြဲမြံမြံ ဆုပ်ကိုင်ထားခဲ့နှင့်ပါပြီ။ ထိုနည်းတူ လျှပ်တစ်ပြက် ကြာညောင်းသော ပြောင်းလဲမှုတို့နှင့် ကြုံကြိုက်လာပါက နာကျင်လျက်ကပင် အေးအေးသက်သာ ပြုံးပြနိုင်အောင်လည်း လေ့ကျင့်ထားခဲ့ပြီး ဖြစ်သည်။

(မိုးမခမဂ္ဂဇင်း၊ ဇန်နဝါရီလ၊ ၂၀၁၇ ခုနှစ်)

✿

# လက်ခုပ်ပန်း

(၁)

လေတိုက်လိုက်တိုင်း တရှဲရှဲ မြည်လေ့ရှိသည့် သစ်ရွက်ချင်း ပွတ်တိုက်တိုးဝှေ့သံကို နွေ နှစ်ခြိုက်သည်။ ဒါကမှ သဘာဝ တေးသံအစစ်ဟုပင် ခိုင်ခိုင်မာမာကြီး ကောက်ချက်ချလိုက်သေးသည်။ ကြည့်စမ်းပါဦးတော့။ လပြည့်ညမို့ ဘော်ငွေရောင် တလက်လက် ထနေသော ဝန်းဝန်းမောက်မောက် ဆန်းလသီတဂူက အင်နှင့်အားနှင့် ထွန်းပနေသည်မှာ မဟာပထဝီမြေပြင်ပေါ်သို့ပင် အိဆင်းကျလာတော့မည့်နှယ်။ လရောင် ရွှန်းမြမြသည် ခေါင်းရင်း ပြတင်းပေါက်မှတစ်ဆင့် နွေ့အခန်းထဲသို့ ညင်ညင်သာသာ ဖြာကျနေသည်။ အကိုင်းချင်းယှက်၊ အပင်ချင်း ဆက်လုမတတ် ကြီးမားတုတ်ခိုင်လှသော သက်တမ်းရင့် မန်းကျည်းပင်ကြီး နှစ်ပင် ထီးထီးမားမားကြားမှ ဖိုးရွှေလကို မျှော်ကြည့်ရင်း ငယ်ငယ်တုန်းက အိမ်ရှေ့ကွပ်ပျစ်

ပေါ်တွင် ကြီးတော်ကြီး၏ ရင်ခွင်ထဲ၌ မေးစက်ကာ "ထမင်းဆီဆမ်း ရွှေလင်ပန်းနဲ့ ပေးပါ" ဟူ၍ ဖိုးလနတ်သားထံ ပူဆာဖူးခဲ့သည်ကို အမှတ်ရသည်။ ဖိုးလနတ်သား ဆိုသည်မှာ တကယ်တော့ ကလေးတွေ စိတ်အာသာပြေစေရန် ဖန်တီးထားသော ပုံပြင်ထဲမှ ဇာတ်ကောင်တစ်ခုရယ်ပါ။

သို့သော် ထိုဇာတ်ကောင်သည် နွေ့အတွက်တော့ စိတ်ကူးယဉ်မှု သက်သက်အဖြစ်သာ တည်ရှိမနေခဲ့ပေ။ နွေ၏ နတ်သားသည် ထမင်းဆီဆမ်း ရွှေလင်ပန်းသာမက၊ နွေ အလိုရှိပါက ကောင်းကင်တစ်မွတ် ကြယ်ကိုလည်း ဆွတ်ပေးမည့် သူ။ ကိုကိုသည် နွေ့အဖို့ ငယ်စဉ်တောင်ကျေး ကလေးဘဝမှသည် ယခုအချိန်တိုင် ထာဝရ သူ့ရဲကောင်းပင် ဖြစ်နေတော့သည်။

လေတစ်ချက် အဝှေ့တွင် လှိုက်ခနဲ သင်းကြူသွားသော စံပယ်ပန်းရနံ့လေးကြောင့် ကိုကိုနှင့် နွေတို့၏ ဖြူစင်သော အတိတ်ကာလလေးကို အောက်မေ့ရပြန်သည်။ နွေက မိန်းကလေးပီပီ ပန်းဆိုလျှင် ဘာပန်းပဲဖြစ်ဖြစ် သည်းသည်းလှုပ်ခဲ့သည်ကိုး။ နွေတို့ တောမှာဆိုတာ ဘာပန်းရှိမှာမို့လဲ။ ခြံဝင်းထဲ ပျိုးလေ့ရှိသည့် စံပယ်၊ နှင်းဆီ၊ မြတ်လေး၊ ဆပ်သွားဖူး၊ ယုဇနပန်းဝါဝါလေးများနှင့် လမ်းဘေးဝဲယာ အလေ့ကျပေါက်လေ့ရှိသော တောပန်းလေးများသာ ပန်းရယ်လို့ ပြစရာရှိသည်။ ဒေသက ကန္တာရာဆန်သော သဲမြေ၊ သဲချောင်း ပတ်လည်ဝိုင်းသော နေရာတွင် တည်ရသည့် ရွာမို့ ရေခံမြေခံ မကောင်းလှ။ နွေရာသီဆိုလျှင် တညီးညီး တောက်လောင်နေသည့် သဲပူမြေနှင့် ကွင်းခေါင်ခေါင်မှ လိမ့်တိုက်လာသော လေပူတွေကြောင့် ယာထဲ၊ ကွင်းထဲ ဆင်းရသူများ အပူဒဏ်ကို နှစ်ဆမျှ ကျောကော့အောင် ခံစားရသည်။

တော်သေး၏။ ရွာထဲမတော့ နွေတို့ ဘိုးဘွားအစဉ်အဆက်က စိုက်ပျိုးခဲ့သည့် မန်ကျည်း၊ ကုက္ကိုလ်၊ ထနောင်း၊ စိန်ပန်း၊ တမာ အပင်များကြောင့် အရိပ်ရအပင်များ အုပ်အုပ်ဆိုင်းဆိုင်းဖြင့် သာတောင့်သာယာ နေထိုင်နိုင်ပါ၏။ မြေမကောင်းလေတော့ စိုက်ပျိုးရေးလည်း မည်မည်ရရ လုပ်လို့ မရပေ။ တောင်သူဆိုလို့ ယာလေး တစ်ကွက်၊ နှစ်ကွက်လောက်သာ လက်ထဲ ပြစရာ ရှိမည်။ တောင်သူကြီးရယ်လို့ မရှိ။ ကျန်သူများက ယက်ကန်းခတ်လိုက်၊ ပဲဆွတ်ချိန် ပဲဆွတ်၊ ဝါကောက်ချိန် ဝါကောက်၊ သည်ရာသီအချိန်မျိုး မဟုတ်လျှင်တော့ ဖျာယိုင်ပေ၏။

ယာပိုင်သူ အများစုကလည်း ရွာအရှေ့ဘက်မှ ရှားတောကြီးကို ဖြတ်ပြီး နှစ်တိုင်ခန့် သွားရသေးသည့် ယောချောင်းတစ်ဖက်ကမ်း ရေယဉ်ရွာနားတွင်သာ ထွန်ယက်စိုက်ပျိုးကြသည်။ နွေ ကျောင်းက ပြန်လာလို့ သည်ယာတောကြီးမှ ဖြတ်ရလေတိုင်း လွတ်လပ်ပေါ့ပါးမှုကို ခံစားရသည်။ ဘယ်အချိန် ကြည့်ကြည့် ရှုမငြီးစရာ ယာတောပြင်သည် ဆောင်းအခါ၌ အလှဆုံးဟု နွေ ထင်သည်။ ကြက်သွန်ခင်း စိမ်းမြမြ၊ ပြောင်းဖူးခင်း၊ နေကြာခင်း၊ ဆေးရွက်ကြီးခင်း တစ်မျှော်တစ်ခေါ်နှင့် မနက်ဝေလီဝေလင်း အရုဏ်ပျို့ချိန် နေရောင်မှိန်ပျပျအောက်တွင် ယောချောင်းကြီး အထက်၌ မြူတွေဆိုင်းလို့။ လွမ်းစရာကြီးရယ်ပါ။

သည်လိုရှုခင်း၊ သည်လို ရနံ့၊ သည်လို သဘာဝပုံရိပ်တွေသည် နွေ့နှလုံးသားထဲက ဘယ်အခါမှ ပျောက်ပျက်သွားလိမ့်မည် မဟုတ်ချေ။ အတိတ်ပန်းချီကားထဲတွင် နွေနှင့်အတူ တပူးပူးတတွဲတွဲ ရှိခဲ့သည့် ကိုကို့ကိုရော မေ့ပျောက်စရာလား။ မမေ့နိုင်လို့သာ ဤနေရာ၊ ဤဌာနကို တစ်ခါတစ်ခေါက် ပြန်ရောက်ခဲ့ရပြီပဲလေ။

သည်အကြောင်းတွေ ကိုကို့ကို သိစေချင်စမ်းလှသည်။ မိုးကျတိုင်း ရေစီးသန်လှသည့် ယောချောင်းရေ အရှိန်ကြောင့် ကမ်းပါးတွေ တဖြည်းဖြည်း တိုက်စားခံရ၊ ပြိုကျခဲ့ရသလို တရွေ့ရွေ့ ကုန်ဆုံးခဲ့သော အချိန်သည်လည်း ကိုကို့စိတ်တွေကို ပြောင်းလဲစေခဲ့ပြီလား။

(၂)

ည ကိုးနာရီပင် ခွဲလုပြီ။ တကယ်ဆို မောင်ချောတစ်ယောက် ပြန်လာဖို့ သင့်ပြီ။ နွေ သည်လောက်အဖြစ်သည်းပြီး တမျှော်မျှော်ဖြစ်နေတာ နည်းနည်းပါးပါး အကြောင်း ပြန်လာဖို့တော့ ကောင်းသည်ဟု အပြစ်တင် စောလိုက်မိသည်။ ဒါမှမဟုတ် ကိုကိုနှင့် မတွေ့လို့လား။ ကိုကိုကပဲ နွေ့ကို မတွေ့ချင်ပါဟူ၍ ငြင်းဆန်နေလို့ မောင်ချော ဖျောင်းဖျနေရသလား။

နွေ စိတ်မောလှပါသည်။

အနောက်တောင်ထောင့်မှ လျှပ်ပန်းနွယ်တို့ တစ်ချက် တစ်ချက်

လက်သွားသည်ကို မြင်လိုက်ရသည်။ လေထဲမှာ မိုးငွေ့ပါသလိုလို ခံစားမိသည်။ မိုး ရွာတော့မည်ထင့်။ အညာမိုးဆိုတာ သိပ်မှန်းလို့ရတာ မဟုတ်။ မရွာတော့လည်း မရွာလို့၊ ရွာပြန်တော့လည်း တအုန်းအုန်း၊ တဝုန်းဝုန်း။ မိုးကသည်း၊ လေကထန် ဆိုလျှင် ယောချောင်း၏ ရေစီးသံက ကြောက်စရာ သတ္တဝါတစ်ကောင် အော်မြည် နေသလို ထိတ်လန့်စရာ ကောင်းလှသည်။

"ဟဲ့ ရှင်နွေ၊ ဒီကလေးမ မအိပ်သေးဘဲကိုး၊ မိုးချုပ်နေပြီ၊ ညည့် မောင်ချောလည်း မျှော်မနေနဲ့တော့၊ ဒီအကောင် တောင်ဆို မြောက်ရောက်တာ ရယ်၊ ဘယ်သဝေထိုးနေမှန်းမသိ၊ တကတဲတော်.. အကဲပိုလိုက်တဲ့ မိန်းမ၊ သူ့မယ် ရောက်ကတည်းက အေးအေးလူလူကို မရှိဘူး"

ကြီးတော်က ထွေသလို၊ ငေါ့သလိုနှင့် နှစ်သိမ့်ပေမယ့် နွေ နားမဝင် နိုင်ပါ။ နွေခေါင်ခေါင် မိုးခြိမ်းသလို နွေ့ရင်ထဲမယ် ပူလောင်ထစ်ချုန်း နေရပါ သည်။

"နွေ စောင့်ချင်သေးတယ် ကြီးတော်။ မိုးကလည်း ခြိမ်းရုံ ခြိမ်းတာပါ၊ ရွာမယ့်ဟန် မရှိပါဘူး"

"မပြောတတ်ပေါင်အေ၊ ဒီဘက်မယ် ဥတုရာသီ မမှန်တာ ကျောင်းထိုင် ဆရာတော် ဦးကေသရ ပျံလွန်တော်မူတဲ့ နှစ်ကတည်းကပဲ။ အဲတုန်းက မိုးခေါင် လိုက်တာ လွန်ရော၊ မိုးကျရမယ့် အချိန် မကျ၊ အနှံသီးချိန်လည်း အောင်ရေလေးမှ မရ၊ ပဲပေါ်ချိန်ကျမှ တအုန်းအုန်း ထရွာလို့၊ တပေါင်း၊ တန်ခူး သူ စိတ်ရှိလို့ ရွာရင် လည်း ဒီမယ် မဆန်းတော့ပါဘူးအေ"

ကြီးတော် စကားကြောင့် ပိုပြီး စိတ်ပင်ပန်းရပြန်သည်။ ဆယ်စုနှစ် တစ်ခုစာမျှသော ကာလအပိုင်းအခြားသည် အရာရာကို အမှန်ပဲ ပြောင်းလဲစေ ခဲ့သည်။ ဝတ်ရုံဟောင်းကို ခွာချ၍ ဝတ်ရုံသစ် ခြုံလွှမ်းလိုက်ခြင်းမျိုးတော့ မဟုတ်။ သည်မနက် ရွာကိုရောက်တော့ နွေ တွေ့မြင်ရသည့် အသွင်အပြင်၊ မြင်ကွင်း အဖုံဖုံ သည် ဟောင်းနွမ်းမှုန်မှိုင်းလျက်။ ရုပ်ဝတ္ထုပစ္စည်းတွေသာ အသွေးအရောင် မတောက်ပြောင်တော့သည်သာမက ရွာဆွေ ရွာမျိုးတို့၏ အပြုံးအရယ်ကိုသော် တောင်မှ တိတိပပ လင်းလင်းထင်းထင်း မတွေ့မိခဲ့။ ခါတိုင်း တပေါင်း၊ တန်ခူးဆို လျှင်တောင်သူတို့ ငွေစကြေးစ ရှင်ချိန်မို့ သည်ရွာတွင် ဆိုင်းသံ၊ ဗုံသံ တညံညံ

နှင့် ထမင်းရည် ချောင်းစီး မောင်းတီးပြီး အလှူပေးနေကျ။ ခုတော့ကား တိတ်ဆိတ် ခြောက်ကပ်နေသော ရွာကလေးတွင် လင်မယား ရန်ဖြစ်၍ ဆဲဆိုသံများ၊ ကလေး ငိုသံများနှင့်သာ စီညံ နေတော့သည်။

"ညည်းကိုလည်း ငါ အံ့ဩတယ် သိလား၊ မိန်းမကြိုက်တော့ စိုက်စိုက် လာဆိုသလို ဣန္ဒြေမရလိုက်တာ၊ ဟိုကဖြင့် အိမ်ထောင် ဘယ်နှဆက်မှန်းမသိ ကျနေပေါ့ဟာ၊ သင်းလို လူမျိုး မိုးကြိုးတင်လည်း ပစ်၊ မြေတင်လည်း မျိုမှ အေးမယ်"

ကြီးတော် စကားသံပင် မဆုံးသေး။ နွေတို့ နှစ်ထပ် ပျဉ်ထောင်အိမ် ကြီး သိမ့်ခနဲ တုန်သွားလောက်သည်အထိ ကျယ်လောင် ပြင်းထန်သော မိုးခြိမ်း သံကြောင့် အသည်းငယ်သွားမိသည်။ ဒါ နိမိတ်ပြတာလား။ နွေ လက်မခံချင်။ ပိုးခနဲ ပက်ခနဲ ဟောဟောဒိုင်းဒိုင်း ပြောချလိုက်သည့် ကြီးတော်ကိုပင် စိတ်ခုချင် မိသည်။ သည်လောက်တော့ မပြောသင့်ပါဘူးလေ။ အဖြစ်အပျက်မှန်သမျှကို ကံဇာတ်ဆရာ အလိုကျဟူ၍ နွေ ပုံမချချင်သော်လည်း အခြေအနေအကြောင်း အမျိုးမျိုးကြောင့် အမှောင်ထဲကိုမှ ဇွတ်တိုး ဝင်လိုက်မိရသူများလည်း ရှိပေမည်။ ကိုကို့အပေါ် ထားရှိသော နွေ့မေတ္တာသည် ဘာအစွန်းအထင်းမှ မပါ။ အုပ်လုံးပင် မသိမ်းတတ်သေးသော အရွယ်တွင် စတင်နှောင်ဖွဲ့ခဲ့သည့် သံယောဇဉ်တွင် ဘယ်လို မျှော်ကိုးချက်တွေ ပါနေနိုင်မှာမို့လဲ။

မိုး၏ ရှေ့ပြေးအဖြစ် တဒုန်းဒုန်း တဒိုင်းဒိုင်းနှင့် လေကြမ်းက စတင် ဆော်သွေးပြီမို့ ပြတင်းတံခါးများ အားလုံး လိုက်ပိတ်ရပါပြီ။ တစ်ရွာလုံး အမှောင် အတိကျလျက်။ လရောင်အလင်းသည်ကား တိမ်မှောင်ဖုံး၍ ပျောက်ကွယ်ရ ချေပြီ။ နွေတို့ အိမ်လို ဘတ္တရီမီးချောင်း ထွန်းနိုင်သူ အိမ် သုံး၊ လေးအိမ်သာ မှိတ်တုတ် မှိတ်တုတ် မီးရောင်ရှိနေတော့သည်။ ထိုစဉ် ခပ်ကြမ်းကြမ်း သရမ်း လိုက်သည့် လေနှင့်အတူ နွေ အနံ့တစ်ခုကို ရှူရှိုက်မိသည်။ သည်အနံ့… သည် အနံ့။ နွေ သိပ်မှတ်မိတာပေါ့။ ဘယ်လိုအနံ့ပဲ ဖြစ်ဖြစ် မွှေးပျံ့ကြိုင်သင်းလျှင် တော့ "ရနံ့" ဟုသာ သုံးနှုန်းမည်။ သို့တည်းမဟုတ် မနှစ်မြို့ဖွယ်အနံ့ ဆိုလျှင် မူကား "အနံ့"၊ "နံသည်" ဟု ပြောတတ်သည်။ သို့သော် သည်လို အော်ဂလီ ဆန်စရာ အနံ့ကိုနွေသည် ရင်းရင်းနှီးနှီး၊ လွမ်းလွမ်းဆွေးဆွေး ရှူရှိုက်နေမိသည်။ နွေ့လိုပင် သည်အနံ့ကို ဘယ်သူမှ မကြိုက်။ ကြီးတော်လည်း မကြိုက်။

"ပြတင်းပေါက်တွေ ပိတ်စမ်းပါ မြန်မြန်၊ လက်ခုပ်ပန်း အနံ့တွေ နံလွန်းတယ်အေ" ဟူသော ကြီးတော်၏ ကပျာကယာ လောဆော်သံကို ကြားလိုက်ရသည်။

(၃)

"ကြီးတော် ... ကြီးတော်... ကိုကို မကောင်းဘူး၊ ဘာပန်းကြီးမှန်း မသိဘူး၊ နွေ့ကို လာပေးတယ်၊ အီးစော်နံတယ်"

ကြီးတော်က ချည်မျှင်ရှင်းနေရာမှ နွေ့ကို လှမ်းကြည့်ပြီး ရယ်သည်။ ပန်းကြိုက်လှပါသည် ဆိုသော ကလေးမ၊ ဘယ်ပန်းမြင်မြင် အငမ်းမရလှသည့် ကလေးမ မှတ်စမ်းဟဲ့ဟု ဆိုတော့မယောင်။

"အဲဒါ လက်ခုပ်ပန်းလို့ ခေါ်တယ် မိနွေရဲ့၊ ဒီလောက်နံတဲ့ ပန်းကို ဒီကလေးကလည်း..."

ကိုကို့ဘက်သို့ လှည့်ကာ ကြိမ်းရင်း "ကိုကိုက နှမလေးကို ချစ်လို့ ပြောင်တာပါကွယ်၊ ဒီပန်းက ပန်လို့ မရဘူး" ဟု နွေ့ကို ချော့လေသည်။

သည်လောက် နံသည့် ပန်းကို ပန်ချင်လှပါသည်ဟူ၍ နွေ ဖွတ်အတင်း ပူဆာမှာကို ကြီးတော် စိုးရိမ်နေဟန် ရှိသည်။

နွေက ပြောရသည် မဟုတ်။ သရက်ဖူးတွေကိုတောင် ပန်မည် တကဲကဲ လုပ်တတ်သေးသည်ကိုး။ နွေတို့ ဝိုင်း ထဲက စံပယ်ရုံကြီး ဖွေးဖွေးလှုပ်အောင် ပွင့်ပြီဆိုလျှင် ပွင့်သမျှ ပန်းအားလုံး နွေ့ခေါင်းပေါ်သို့ တင်ချင်သည်။ ကြီးတော်က ပန်းတချို့ကို ဘုရားသို့ ကပ်သည်။ ကျန်တာတွေကိုတော့ ကြိုးဖြင့် သီပြီး အိုမီဂါဆံပင်လို ကုပ်ပေါ်ဝဲကျနေသော နွေ၏ ဆံနွယ်လေးများ အထက်၌ ဝိုင်းပတ်ပေးလိုက်သည်။ ပန်းပွင့်တာ နည်းလျှင်တော့ အနည်းအကျဉ်းလောက်ကိုသာ ကလစ်ဖြင့် ညှပ်ပြီး ပန်ပေးတတ်သည်။

ကိုကိုကလည်း ပန်းကြိုက်သော နွေ့အတွက် ဦးကေသရကျောင်းဝင်းထဲတွင် မနက်တိုင်း ခရေပန်းကောက်ပြီး ပေးတတ်လေသည်။ ခရေပန်းခြောက်များကိုတော့ ကြီးတော်က အုန်းဆီထဲတွင် ထည့်စိမ်လေသည်။ ခရေပန်းရနံ့သင်းသော အုန်းဆီဝနေသည့် နွေ၏ ကေသာကြော့အထက်တွင် ပန်းတစ်မျိုးမဟုတ်တစ်မျိုး အမြဲနေရာ ယူနေတတ်လေသည်။

သည်လက်ခုပ်ပန်းက လွဲလျှင်ပေါ့။ အဆုပ်လိုက် ပွင့်သော နီညိုရောင် ခပ်ရင့်ရင့် လက်ခုပ်ပန်းပွင့်ကြီးများသည် အဝေးကပဲ ကြည့်ကြည့်၊ အနီးကပ်ပဲ ကြည့်ကြည့် လိုချင်တပ်မက်ဖွယ်ရာ မရှိပါချေ။

"ကြီးတော်ကလည်း ဒီလောက် ရုပ်ဆိုးပြီး နံတဲ့ ပန်းကို နွေက ပန်ပ့ါ မလား။ ပန်းဆိုတာ လှရမယ်၊ မလှရင်တောင် အနံ့မွှေးမှ ဘုရားတင်ရင်လည်း တင်၊ ပန်ချင်လည်း ပန်လို့ ရတော့မှာပေ့ါ။ ဒီပန်းက ဘာသုံးလို့ ရလဲဟင်"

လက်ပံပွင့်တွေလို ချဉ်ရည်ချက်လို့ရရင်လည်း ကောင်းသားဟု တွေး ရင်း မေးလိုက်ခြင်း ဖြစ်သည်။

"စကားကလည်း တတ်လိုက်တာအေ၊ ဘာမှ သုံးလို့မရပါဘူး၊ အပွင့် လည်း သုံးမရဘူး၊ အသီးလည်း သုံးမရဘူး၊ သူ့အပင် ခုတ်လိုက်ရင်တောင် အသား ကို ဘယ်နေရာမှ သုံးမရဘူး၊ အခေါက်တော့ မပြောတတ်ပေါင်အေ၊ သွေးလိမ်းရင် လေနာပျောက်သလိုလို ရှေးလူကြီးများ ပြောတာ ကြားဖူးရဲ့၊ ဟုတ်မဟုတ်တော့ စမ်းမကြည့်လို့ မသိပေါင်"

"ဟင်... ဒါဆိုရင် ဒီအပင်ကြီးကို ဘာလို့ စိုက်ထားတာလဲ ကြီးတော်၊ နွေတို့လည်း နားခေါင်းပိတ်ထားရတယ်။ လေအောက်ဘက်ကျတဲ့ အရီးတင်တို့ အိမ်ဘက်ဆိုရင်လည်း နံလွန်းလို့တဲ့ တံခါးတွေ ပိတ်ထားကြတယ်"

"ဩော်.. ဒီကလေးမနှယ်၊ အမေးအမြန်း ထူရန်ကော၊ တခြားနေရာ သုံးမရပေမယ့်အေ.. အရိပ်တော့ ရတာပဲ မှတ်လား၊ နေပူထဲကနေ လာလို့ ဒီလို ကြီးကြီးမားမား အပင်အောက်ကို ခဏပဲ ခိုလိုက်ရတယ်ပဲထားဦး၊ နည်းလားအေ့ ကိုင်း.."

နွေ့သဘောဆိုလျှင်တော့ ပန်းဖြစ်ပြီး ပန်းဂုဏ်အင် ဘာတစ်ခုမျှ မရှိ သည့် လက်ခုပ်ပန်းကို နည်းနည်းလေးမှ မလိုလားမိ။ နွေဦးကျလျှင် အဆုပ်လိုက် ပွင့်တတ်သည့် ပေါက်ပန်းတွေသော်တောင်မှ အချင်းမရှိသော်ငြား အဆင်းရှိ၍ အဝေးမှကြည့်လျှင် တစ်ပင်လုံး ခြင်းခြင်းနီနေသည့် ပေါက်ပန်းနီနှင့် တစ်ပင်လုံး ဖွေးဖွေးလွှင်နေသည့် ပေါက်ပန်းဖြူတို့ကြောင့် ရှစ်ခွင်တိုင်း ပတ်လည်မှာ အလှချင်း ပြိုင်လျက် ရှိတော့သည်။ သည်လိုဆိုလျှင် ပေါက်ပန်းက လက်ခုပ်ပန်း ထက် တန်ဖိုး ပိုရှိတာပေ့ါနော်။ ဘာပဲဖြစ်ဖြစ် လက်ခုပ်ပန်းကို အကြောင်းပြု၍ ကိုကိုနှင့် နွေတို့ ပိုရင်းနှီးခဲ့ရသည်။

ချင်းတောင်သို့ တာဝန်ဖြင့် ပြောင်းရွှေ့သွားသော ဖေဖေသည် မိတဆိုး သမီးလေး နွေ့ကို ကြီးတော်၏ အုပ်ထိန်းမှုအောက်တွင် ရှိစေလို၍ သည်ရွာသို့ ပို့ခဲ့ခြင်း ဖြစ်သည်။ ဖေဖေနှင့် ခွဲရခါစက တမှိုင်မှိုင် တတွေတွေနှင့် လွမ်းနာကျ နေသော နွေသည် ကိုကို့ အကြွင်နာတွေကြောင့် လန်းဆန်းခဲ့ရပါသည်။ ကိုကို သည် နေရာတကာ နွေ့ကို ညှာလွန်းသည်။ ပြီးတော့ သူ့နှမလေးကို မခံချင် အောင် စတတ်၊ နောက်တတ်သေးသည်။ နွေ စိတ်ဆိုးလို့ သူ့ ကျောပြင်ကို တဗုန်းဗုန်း ထုရိုက်တိုင်းလည်း စိတ်မဆိုးတတ်။ နွေ အနိုင်ကျင့်သမျှကို ခံလေ သည်။

နွေပေါက်ပြီ ဆိုလျှင် နွေတို့ ကလေးတစ်သိုက် လက်ပံပွင့်ကောက်၊ ဆီးသီးကောက် ထွက်ကြသည့်အခါ တစ်ယောက်နှင့် တစ်ယောက် အပြိုင် အဆိုင် ယှဉ်ပြိုင်ကောက်လေတိုင်း နွေ နိုင်အောင် ကိုကိုက မသိမသာ ကူညီပေး တတ်သည်။ ဇီးသီးကောက်ရင်း တစ်အောင့်နေလို့ ချွေးလေးစို့လာပြီဆိုလျှင် မန်ကျည်းပင်အောက် သွားထိုင်ပြီး ကိုကို ချိုးလာပေးသော ပြောင်းဖူးများကို မောမောနှင့် သည်အတိုင်း တဖိဖိ မြည်အောင် နှစ်ယောက်သား စားကြလေသည်။ ပြီးလျှင် ယောချောင်းထဲ နေကုန် နေခန်း ဆင်းဆော့။ ချောင်းထဲတွင် ဆော့ရတာ အားရ သည်ရှိမှ ကမ်းပေါ်ပြန်တက်လာပြီး သဲသောင်ပြင်တွင် တွင်းတူးကာ မြှုပ်ခဲ့သည့် နွေ့ မန်ကျည်းစေ့တွေကို ပြန်ဖော်ပြီး နှစ်ဦးသား ပြန်လည် ရေတွက် ကြလေသည်။

နွေက မန်ကျည်းစေ့တောက်တမ်း ကစားတိုင်း အနိုင်ရနေကျမို့ သည် မန်ကျည်းစေ့များနှင့် ပတ်သက်လာလျှင် အစွဲအလမ်းကြီးလွန်းသည်။ သူအနိုင် ရသည့် မန်ကျည်းစေ့များကို သောင်ပြင်မှာ မြှုပ်လျှင် တိုးပွားလာတတ်သည်ဟု ကိုကိုက နောက်လိုက်သည်ကို ယုံကြည်ပြီး လာမြှုပ်ထားသည်။ ပြီးတော့ သူ့မှာ နေ့တိုင်း မန်ကျည်းစေ့ ရေရတာ အမော။ ကိုကိုက နွေမသိအောင် မန်ကျည်းစေ့ များ ခိုးထည့်ပေးထားလျှင် မန်ကျည်းစေ့တွေ အမှန်တကယ် ဆပွားလာသည်ဟု ထင်ပြီး ပျော်နေတတ်လေသည်။ ကိုကိုသည် နွေ ပျော်အောင် ထိုသို့ ကြံဖန် ပေးတတ်သူရယ်ပါ။

တစ်ခါကလည်း မိုးတွင်းကြီး ကျောင်းမှ အိမ်သို့ ပြန်လာချိန်တွင် ချောင်းရေကျချိန်နှင့် တိုးသဖြင့် ကိုကိုက နွေ့ကို ကုန်းပိုးပြီး ဖြတ်ရာ ချောင်းလယ် ရောက်မှ နွေက ရုတ်တရက် သတိရပြီး ပြောတော့သည်။

"ကိုကို... နွေတို့ မန်ကျည်းစေ့တွေကောဟင်။ ရေထဲ မျောကုန်ပြီ ထင်တယ်။ ဟင့်အင်း မရဘူး ပြန်ဆယ်မယ်"

"မဖြစ်ဘူး နွေရဲ့။ ခဏနေ ချောင်းရေသန်လာတော့မှာ ဟိုဘက် ရောက်အောင် မြန်မြန်ကူးထားရမယ်။ မန်ကျည်းစေ့တွေက ရေနဲ့ မမျောပါဘူး။ ရေကျသွားရင် ဒီအတိုင်း ကျန်ရစ်ခဲ့မှာ"

ကိုကိုက ဘယ်လိုပဲ ချော့ချော့ နွေက ခေါင်းမာသည်။

"ကိုကို မရှာချင်ရင် ထားခဲ့။ နွေ တစ်ယောက်တည်း ဆင်းရှာမယ်"

ဟူ၍ ပေကတ်နေသဖြင့် နောက်ဆုံး နှစ်ယောက်သား ချောင်းထဲတွင် ဟိုစမ်းစမ်း၊ သည်စမ်းစမ်းနှင့် မန်ကျည်းစေ့ ရှာပုံတော် ဖွင့်နေခိုက် အိမ်ပြန် နောက်ကျ၍ စိုးရိမ်နေသော ကြီးတော်ကြီး လိုက်လာကာ တစ်ဘက်ကမ်းမှ လှမ်းအော် သတိပေးမှပင် မပြန်ချင့် ပြန်ချင်နှင့် ပြန်ခဲ့ရလေသည်။

တစ်ခါတလေ ကျောင်းသို့ တန်းတန်းမတ်မတ်မသွားဘဲ ရေယဉ်ရွာ အလွန်ရှိ စပါးခင်းများ ကြားတွင် လယ်ပိုင်ရှင်၏ ကလေးများနှင့်အတူ စာ ခြောက်ပေးသေးသည်။ သည်ဘက် ကလေးတစ်သိုက်က "ဝေး" ဟု အသံကို ခပ်ကျယ်ကျယ် ဆွဲပြီး အော်လိုက်လျှင် တစ်ဘက်ကလည်း "လာလာလာလာ" ဟူ၍ အသံကိုမြှင့်၍ တစ်လှည့်အော်ပေးသည်။ ငှက်ကလေးများကား ရင့်မှည့်စ ပြုနေသော စပါးခင်းအထက်တွင် ဝဲကာ ပျံကာလုပ်လျက် အသံရပ်သွားသည်နှင့် တစ်ပြိုင်နက် ထိုးဆင်းလာကာ စပါးစေ့လေးများကို ဆွဲယူသည်။ နွေက ထိုသို့ ငှက်ခြောက်ရသည့် အလုပ်ကို အတော်ပျော်လေသည်။

သည်တစ်ခုတည်းကြောင့်ရယ်တော့ မဟုတ်။ လယ်ကွင်းများကိုဖြတ်သန်း တိုက်ခတ်လာသော စပါးနံ့သင်းသည့် လေကို ရှူရှိုက်ရတာကြောင့်လည်း ပါ သည်။ ဘယ်လို လတ်ဆတ်မှုမျိုးနှင့်မှ မယှဉ်နိုင်သည့် သန့်စင်လှသော လေ ဖြစ် သည်။ တောနေ တောထိုင် သဘာဝကို နွေ အလွန်ပျော်မွေ့ပါသည်။ ကိုကို တောထဲသို့သွားပြီး နွားစာရိတ်သွားလျှင်လည်း တကောက်ကောက် လိုက် သည်ပင်။ ကြီးတော်ကြီးက ပေါင်တွင်းကြော ဆွဲလိမ်ပြီး "မိနွေရဲ့၊ ညည်းက မနက်ဖြန် သန်ဘက်ခါဆိုရင် အပျိုဖြစ်တော့မှာ။ မိန်းကလေးဆိုတာ အသက် ကြီးကြီးငယ်ငယ် ယောက်ကျၤေ (ယောကျ်ားတွေ)နဲ့ ထွေးရောယှက်တင် နေရတာ

မှုတ်ဘူး။ ငါတော့ ခက်ရချည်သေးရဲ့” ဟူ၍ တဖျစ်တောက်တောက် ပြောတာကိုပင် မနာခံ ခဲ့ပေ။ ကိုကိုတို့ သားအဖက ကြီးတော်၏ ယာတွင် ခိုင်းဖော်ခိုင်းဖက်ဖြစ်နေခြင်းကြောင့် ကိုကိုနှင့် အပေါင်းအသင်း မလုပ်စေလို၍ ပြောခြင်းဖြစ်သည်ဟုသာ ထင်ခဲ့မိသည်။

တကယ်ပဲ နွေတို့ ခွဲခွာဖို့ အချိန်တန်ခဲ့ပြီလား။ ထိုခွဲခွာမှုသည် ကြီးတော်ပြောသလို မသင့်တော်၍ ခပ်ခွာခွာ နေရမည့် ပဝါတစ်ကမ်း လက်တစ်ကမ်း ဝေးကွာခြင်းမျိုး မဟုတ်။ တစ်ဘဝလုံးစာအတွက် ခွဲခွာခြင်းမျိုး ဖြစ်သည်ဟု ထိုအချိန်ကတည်းက နွေ ရိပ်မိဖို့ သင့်သည်။ ဖေဖေ ရန်ကုန်ကို ပြောင်းရွှေ့ဖို့ တာဝန်ကျသည်ဟု ကြီးတော် ပြောစဉ်က နွေ့မှာ ဝမ်းနည်းရမည်လား၊ ဝမ်းသာရမည်လား ယောင်နနနှင့်။ နွေ့ထက် ပိုပြီး ခံစားရမည့်သူက ကိုကိုပါ။

“ကိုကို နောက်နှစ် ကျောင်းဆက် မတက်တော့ဘူး နွေ၊ ဒီနှစ်လည်း စာမေးပွဲ အောင်မှာ မဟုတ်ဘူး”

“ဘာလို့လဲ ကိုကို၊ ပိုက်ဆံ မရှိရင် နွေ ကြီးတော်ကို ပြောပေးမှာပေါ့။ ဖေဖေ့ကိုလည်း ပြောပေးမယ်လေ၊ ကြီးတော် မပေးရင်တောင် ဖေဖေက ကိုကို့ကို ပေးမှာပါ”၊ ကိုကိုက ခပ်ယဲ့ယဲ့ပြုံးသည်၊ ပြီးမှ နွေ့ ဆံနွယ်လေးတွေကို ပွတ်သပ်ရင်း ညင်သာတိုးတိတ်သည့် အသံလေးဖြင့် .... “မဖြစ်ဘူးလေ ညီမလေးရယ်၊ ကိုကို စာလည်း ဆက်မသင်ချင်တော့ဘူး၊ ခုနစ်တန်းကိုပဲ ကျတာ နှစ်ခါရှိနေပြီ၊ အောင်ခဲ့ ရင်တောင်မှ ရှေ့လျှောက်စာသင်နိုင်ဖို့ စဉ်းစားရမှာတွေက အများကြီး၊ ကိုကို ကုသိုလ်ကံ ကောင်းလွန်းလို့ ဘွဲ့ရရင်တောင် ဒီရွာမှာ တောင်သူ့သား တောင်သူပဲ ပြန်ဖြစ်ရတာပါပဲ၊ ကိုကိုက ထိုင်းတယ်၊ အဲလောက်ထိလဲ ဖြစ်မှာ မဟုတ်ဘူး”

ကိုကိုက လူကြီးဆန်ဆန် လေးလေးနက်နက် ပြောနေလေတော့ နွေ့မှာ ဘယ်လို ချေပရမည်မှန်း မသိ။ တကယ်ဆို ကိုကို ပြောသလို အလုပ်အကိုင် အခွင့်အလမ်း မရှိ၍ တောင်သူ့သား တောင်သူပဲ လုပ်ရသည်ထားဦး၊ ပညာတစ်ခု၏ တန်ဖိုးမှာ တစ်ချိန်ချိန်တွင် အသုံးဝင်လာနိုင်ကြောင်း စသဖြင့် သိုင်းသိုင်းဝိုင်းဝိုင်း နွေ ရှင်းပြသင့်ခဲ့သည်။ သို့ပေမဲ့ လေးတန်းကျောင်းသူအရွယ် နွေ့မှာ ထိုသို့

ရှင်းပြဖို့ နေနေသာသာ ကိုကို ပြောသည့် ဘဝ၏ အဘိဓမ္မာများကိုပင် ရေလည် အောင် သဘောမပေါက်။

နွေတို့ ပြန်ကြမည့်နေ့က ကိုကို ပြောသည့် စကားတစ်ခွန်းကိုဖြင့် စွဲနေအောင် မှတ်ထားမိသည်။

"နွေ စာကြိုးစားနော်၊ ဒါပေမဲ့ နွေက တက္ကသိုလ် ကျောင်းသူကြီး ဖြစ်ရင် ကိုကိုတို့ကို မေ့သွားမှာပါ"

"ဘာလို့ မေ့ရမှာလဲ၊ နွေက ကိုကို့ ကို စာလာသင်ဦးမှာ၊ အဲဒီအခါကျမှ ထွက်မပြေးနဲ့"

ထိုသို့ ပြောတုန်းကတော့ ပြုံးပြုံးရွှင်ရွှင် ရယ်ရယ်မောမော။ ကလေး စိတ် မပျောက်သေးသည့် နွေမို့ ပြန်ကြဖို့ လှည်းပေါ်ရောက်သည်း တက်ရော ကြူကြူပါ အောင် ငိုတော့သည်။ ထိုအခါ ကိုကိုက တစ်ထွာကျော်မျှသော ပုဆိုးနံငယ်ပိုင်း လေးဖြင့် စည်းနှောင် ထုပ်ထားသည့် လက်ဆောင်ကို နွေ့အတွက် ဆိုပြီး ပေးသည်။ လမ်းကျမှ ဖွင့်ကြည့်ဟုလည်း မှာသည်။ သူ့လက်ဆောင်က ပျော့စိစိနှင့်။ ရွာနှင့် ဝေးသွားသည့်အခါကျမှ နွေ ဖွင့်ကြည့်လိုက်တော့ ခပ်နွမ်းနွမ်း လက်ခုပ် ပန်းပွင့် လေးကို တွေ့လိုက်ရသည်။ နွေဖြင့် စိတ်ဆိုးလိုက်တာ။

ကိုကိုကတော့ နွေ့ကို နောက်ဆုံးအချိန်အထိ ပျော်စေချင်၍ စနောက်ခဲ့ဟန် တူ၏။ တစ်စတစ်စ ကုန်ဆုံးလာခဲ့သော အချိန်သည် ကြာတော့ စကား ပြောလာတော့သည်။ "မေ့မှာပါ" ဟု နွေ့အား ခနဲ့ခဲ့သော ကိုကိုသည် နွေ့ကို အရင်မေ့သွား ခဲ့သည်။ နွေ ပါးလိုက်သော သဝဏ်လွှာများသည်လည်း ဘယ်ဆီ ဘယ်ဝယ် နေသည် မသိ။ ယာတောထဲမှာလား၊ ချောင်းထဲမှာလား တစ်နေရာရာမှာ ကျပျောက်သည်ထင့်။ စာမလာ၊ သတင်းမကြား နွေ့မှာသာ လူကြုံတိုင်း ကိုကို့ အကြောင်း စနည်းနာ၍သာ နေရတော့သည်။

"တမြို့စီခြားပေမယ့် ငယ်ကချစ်သူ သူ့ကိုသာလေ ကျန်းမာတော်မူပါစ... လေလှိုင်းကြားက ခွန်းဆင့်ပါရဲ့ဆွေ၊ ချစ်သူမောင်ရေ... ချစ်သူမောင်ရေ... ငယ်စဉ်ခါတုန်းကလေ တောရွာတောဝေ့ တို့တွေအတူနေ၊ ခုများတော့ မေ့အား... မေ့ထားနိုင်ရက်ပေ... မောင့်ကိုချစ်တာ တစ်ခုပဲသိတယ်လေ၊ မေတ္တာ အသေချို... ဝေးတစ်မြေ ခြားသူ မောင်ရေ"

ကိုကိုသည် နွေနှင့် အတွေးရော၊ အမြင်ရော၊ ဘဝပါ အမှန်ပင် ကမ္ဘာခြားခဲ့ချေပြီ။

(၄)

တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး အသံများကြောင့် နွေ နိုးလာသည်။ နိုးနိုးချင်း ပထမဆုံး သတိရမိသည်က မောင်ချော။ မောင်ချော မနေ့ညက အိမ်ပြန်လာသေးသလား၊ ကိုကို့နှင့်တွေ့ခဲ့သေးလား ဆိုသည်ကိုသိချင်လှသည်။ အောက်ထပ်တွင် တစ်ယောက်နှင့် တစ်ယောက် အသံခပ်အုပ်အုပ် ပြောနေသည့်အထဲမှ တစ်ချက်တစ်ချက် ဟိန်းထွက်လာသော အသံက မောင်ချောအသံနှင့် တူသလိုလို။ သည်ကြားထဲ ကြီးတော်၏ အလန့်တကြား ရေရွတ်သံများကိုလည်း မသဲမကွဲ ကြားရသည်။

"ဘာဖြစ်နေတာလဲ ကြီးတော်"

ရုတ်တရက် ကြားလိုက်ရသော နွေ့အသံကြောင့် ကြီးတော် မလုံမလဲ ဖြစ်သွားသည်ကို တွေ့လိုက်ရသည်။ ကြီးတော် မျက်ဝန်းတွေက တစ်ခုခုကို ဖုံးကွယ် ထားလိုဟန်နှင့်။

"အေးအေ၊ ခဏ ထိုင်ဦး ငါ့တူမ"

ကြီးတော်က ဘယ်က စပြောရမည်မှန်း မသိ၍သာ အချိန်ဆွဲလိုက်ခြင်း ဖြစ်သည်။ ဆေးပေါ့လိပ်ဖွာလိုက်၊ သက်ပြင်းချလိုက်ဖြင့် နွေ့ကို ပြောသင့်၊ မပြောသင့် ချိန်ဆလျက် ဂနာမငြိမ်ဖြစ်နေသော ကြီးတော်ကို ကြည့်ရင်း တစ်စုံတစ်ရာကို နွေ စိုးရိမ်မိလာသည်။

"မင်းအောင် ညက ဓားခုတ်ခံရတယ်တဲ့။ အလောင်းကို ဒီမနက် ပြောင်းခင်းထဲမှာ တွေ့တာပဲ"

ကြားလိုက်ရသော မယုံနိုင်စရာ စကားလုံးများသည် နားဝမှ တစ်ဆင့် နွေ့ အသည်းနှလုံးကို အရှိန်ပြင်းပြင်း ဝင်ဆောင့်သည်။ အကွေ့အဝိုက် မပါသော ကြီးတော်၏ စကားလုံးများကို ပြတ်ပြတ်သားသား ရှင်းရှင်းလင်းလင်း ကြားနေရပါလျက် နားကြားမှားတာပါဟုသာ ထင်နေမိသည်။ "အလောင်း" တဲ့။

"ဓားခုတ် ခံရတယ်" တဲ့။ "ပြောင်းခင်းထဲမှာ" တဲ့။ အို... ဘာတွေ ဘယ်လို ဖြစ်ကုန်တာလဲ။ နွေ တွေ့ချင်လွန်းလှတဲ့ ကိုကိုက နွေ ရွာကိုရောက်သည့် ညမှာပဲ သူများ သတ်လို့ သေပြီတဲ့လေ။ အိပ်မက်တစ်ခုသာ ဖြစ်လိုက်စမ်းပါတော့။

"မဖြစ်နိုင်ဘူး" ဟုနွေစူးစူးဝါးဝါး အော်လိုက်မိသည်။ တစ်ကိုယ်လုံးလည်း တုန်ယင်လျက်။

"မဖြစ်နိုင်တာ ကြီးတော်ရယ်၊ ဘယ်သူကများ ကိုကို့ကို ဘယ်လို အငြိုးအတေးနဲ့ အခုလို ရက်ရက်စက်စက် သတ်ရတာလဲ။ မဟုတ်သေးဘူး ထင်တယ်။ ကိုကိုကော ဟုတ်ရဲ့လားဟင်"

သည်တော့လည်း ကြီးတော်က နွေ့ရှိုက်သံကို မကြားယောင်ပြုကာ ခုနစ်သံချီ အော်တော့သည်။

"ဟုတ်လိုက်သမှအေ၊ ဒီလိုအကောင် ဒီလမ်းကြောင်းပဲ သွားရမှာ။ ဒီလောက်မိုက်ရိုင်း စော်ကားနေတဲ့အကောင်၊ ဟိုတုန်းက ကျေးဇူးတွေမှ မထောက်။ တစ်ရွာလုံးကို ဒုက္ခပေးပြီး သူများ သားပျို၊ သမီးပျိုကို ဖျက်ဆီးတဲ့အကောင်၊ သူခိုး၊ ဓားပြ၊ သေသင့်တာ ကြာလှပေါ့ဟာ"

"ထွေးလေးကလဲ တိုးတိုး ပြောပါဗျ။ ပုလိပ်တွေ ကြားသွားမှဖြင့် စစ်လား၊ ဆေးလား လုပ်နေပါဦးမယ်"

မောင်ချော သတိပေးသည်ကိုပင် ဂရုမစိုက်ဘဲ ...

"ကြား ကြားတော်။ အရေးစိုက်လို့၊ ခုမှ ငတို့ ရွာကလူတွေလည်း ကျီးလန့်စာစားရတဲ့ ဘဝက ကျွတ်တော့တယ်၊ သတ်သွားတဲ့ မောင်မင်းကြီးသား ကိုတောင် ငါက ကျေးဇူးတင်သေးတာ" ဟု ဒေါ်နှင့် မောနှင့် ဆိုနေသေးတော့သည်။

"ညည်း ဘာမှ ဝမ်းနည်းပက်လက် ဖြစ်နေစရာမလိုဘူး" တဲ့။ နွေ နားခါးလိုက်တာ။ ကိုကိုဟာ နွေနှင့် မတွေ့လိုက်ရသည့် ဆယ့်ငါးနှစ်အတွင်းမှာပင် သည်လောက်တောင် တစ်ရွာလုံး၏ အော့ကြောလန် ဖြစ်နေပြီတဲ့လား။ နွေ မယုံချင်။ နွေ သိခဲ့ဖူးသော စာနာညှာတာတတ်သော ကိုကိုမှ ဟုတ်ပါလေစ။

အခင်းဖြစ်ရာ ပြောင်းခင်းထဲသို့ နွေ ရောက်တော့ ကိုကို့မျက်နှာကို ဖျာဖြင့် အုပ်ထားသည်ကို တွေ့ရသည်။ ခေါင်းပြတ်ဖို့ တဲတဲလေးသာ လိုတော့သည်တဲ့။ မျက်နှာတစ်ခုလုံး ဓားနှင့် မွှန်းသွားသည်မှာ ရစရာ မရှိတဲ့။ တရားခံ

မှာ ဘယ်လောက်တောင်မှ နာကြည်းနေသလဲ မသိ။ မျက်နှာကို မမြင်ရသော်လည်း ကိုယ်လုံးကိုယ်ထည် တုတ်တုတ်ခိုင်ခိုင်၊ အသားညိုညိုနှင့် ထိုသူသည် နွေ့ကိုကိုပါဟု ဆိုသည်ကို မည်သို့ ယုံကြည်ရပါမည်လဲ။

ညက မိုးရွာထားသဖြင့် မြေပြင်က နူးအိနေသည်မို့ တရားခံ၏ သဲလွန်စ ကို ရဲများက ရှာဖွေနေသည်။ အလောင်းနား မည်သူ့ကိုမျှ ကပ်ခွင့်မပေး။ ရွာထဲက လူတွေကလည်း ဟိုနားတစ်ဖွဲ့ သည်နားတစ်ဖွဲ့ ရှန်းစု ရှန်းစုနှင့်။

"ကျုပ်တော့ ကိုလှသန်းကြီးများလားတောင် သံသယဖြစ်မိရဲ့။ တစ်မြန်နှစ် က သူ့နွားလေးကို မင်းအောင် ခိုးပြီး တစ်ဖက်ရွာကို ရောင်းစားတော့လေ ခများမယ် ဒေါသထွက်လွန်းလို့ တုန်နေတာပဲ၊ သူ့မယ် သိသိကြီးနဲ့ လက်ဆုပ်လက်ကိုင်လည်း မပြနိုင်၊ မင်းအောင်တို့ဘက်ကလည်း အုပ်စုတောင့်တော့ သည်လိုပဲ ငြိမ်ခံလိုက်ရတာ၊ ကျုပ်မှာ နွားမရှိတော့ရင် ဘာနဲ့ လုပ်ကိုင်စားသောက်မလဲလို့ ငိုရှာတာ"

"မပြောတတ်ပေါင်အေ၊ အဲလို ယိုးစွပ်ရမယ် ဆိုရင်ဖြင့် ကျုပ်တို့ တစ်ရွာလုံး အချုပ်ထဲ အကုန်ရောက်ကုန်ဖို့ ရှိတော့တာပဲ။ သူကြာခိုဖူးတဲ့ လှလှမြင့် ယောက်ျား ထွန်းပ သတ်တာကော မဖြစ်နိုင်ဘူးလား"

ကိုကိုသာ ယနေ့မနက်အထိ သက်ရှိထင်ရှား ရှိနေဦးမည်၊ နွေနှင့်လည်း တွေ့ခွင့်ရဦးမည် ဆိုလျှင် သည်အကြောင်းအရာများအတွက် ကိုကို့ထံမှ ဖြေရှင်းချက် တောင်းမိမှာ အမှန်။ ကြီးတော်ကတော့ ရွာစဉ်တစ်လျှောက် နွားလှည့်ခိုးပြီးရသည့် ပိုက်ဆံဖြင့် တောင်သူတွေကို စိုက်ပျိုးငွေ ကြိုထုတ်ပေး၊ ပဲပေါ်ချိန်ကျတော့ မတန်တဆ ဈေးချပြီး အကြွေးနှင့် နှိမ်၊ တစ်ရွာလုံးမှာလည်း သူနှင့်မကင်းနိုင်သဖြင့် ဂုတ်သွေးစုပ်မှန်း သိသိရက်နှင့်ပင် ဆက်ဆံနေရသည်မို့ မရဏာလမ်း မြန်မြန် မြန်းတာ ကောင်းသတဲ့လေ။ ဘဝတူချင်း စာနာရိုင်းပင်းရမည့် စိတ်တွေ ပျောက်ဆုံးကုန်လောက်အောင် ဘယ်အရာတွေကများ ကိုကို့နှလုံးသားကို ခက်ထန်စေခဲ့သလဲ ဆိုတာ နွေ သိချင်လွန်းလှသည်။

အခုတော့ ကိုကို့ အလောင်းနားတွင် မည်သူမှ ငိုကြွေးမည့်သူ၊ ကြေကွဲမည့်သူ မရှိ။ နွေ ရင်နာလှပါတယ် ကိုကို။ ဟိုတုန်းက အချိန်တွေနှင့် ဟိုတုန်းက ကိုကို့ကိုသာ နွေ တမ်းတမိသည်။ ယမန်နေ့ညက ဘဝတစ်ပါးသို့ ပြောင်းသွား

သော ကိုကို့ကိုတော့ အများသူငါလို နာနာကြည်းကြည်း မုန်းသင့်သည် ထင်ပါသည်။ ညက လေရော မိုးရော ပါသဖြင့် လက်ခုပ်ပန်းတချို့ ကြွေကျကုန်သည်ဟု ဦးကေသရကျောင်းရှေ့က ဖြတ်ခိုက် ကိုရင်လေးများ ပြောသည်ကို ကြားလိုက်ရသည်။ နွေ့ လှမ်းကြည့်လိုက်တော့ လက်ခုပ်ပွင့်တွေဝေဝေဆာဆာ ပွင့်နေဆဲပါပဲ။ နွေ့ ကိုကို့ကို လွမ်းရပြန်လေသည်။

(မျက်ရှုဝက်ဘ်ဆိုက်၊ နိုဝင်ဘာ၊ ၂၀၁၀)

✿